www.burmeseclassic.com

# ဝဏ္ဏအောင်

ဝမ်အင်း၏ချိုးရွှေဖျောက်

ဒေါင်းစိမ်းဧကြာ



www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏအောင်

ဒေါင်းစိမ်းခြေရာ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃-ခုနှစ်

ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး — နိုင်ငံရေး
☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — နိုင်ငံရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — နိုင်ငံရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
☆ [illegible] ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com



ခမ်းနားကြီးကျယ်သော အဆောက်အအုံတစ်ခု ...

ထိုအဆောက်အအုံ၏အပေါ်ထပ်လေသာဆောင်၌ လူကြီးတစ်ယောက် ရပ်နေ၏။ ထိုလူသည်ကား ...

ခန့်ကျင်းမြို့၏ အချမ်းသာဆုံးသော သူဌေးကြီး ဝမ်အင်းပင် ဖြစ်ပါသည်။ သူဌေးကြီးဝမ်အင်းမှာ အလွန်ချမ်းသာသော်လည်း ဝံ့ကြွားမောက်မာခြင်း မရှိပါ။ သူသည် သဘောကောင်းသူတစ်ယောက် ဖြစ်၏။ အလှူအတန်းလည်း ရက်ရော၏။

ထို့ကြောင့် ခန့်ကျင်းနယ်ရှိလူများက သူဌေးကြီးဝမ်အင်းအား ရိုသေလေးစားချစ်ခင်ကြပေသည်။

သူဌေးကြီးဝမ်အင်းမှာ လေသာဆောင်တွင် ရပ်ရင်းမှ သက်ပြင်းတစ်ချက် အသာချလိုက်၏။ ထို့နောက် ခေါင်းအသာခါယမ်းလိုက်၏။

"မဖြစ်ဘူး ... မဖြစ်ဘူး"

"ဘာတွေမဖြစ်တာလဲ သခင်ကြီး"

သူဌေးကြီးဝမ်အင်း၏နောက်ဘက်မှ အသံထွက်ပေါ်လာသည်။ ဝမ်အင်းက လှည့်ကြည့်လိုက်ရာ သူ၏လူယုံတော် ဘဏ္ဍာစိုး ချိုယုံချင်းအား တွေ့လိုက်ရ၏။ ဝမ်အင်းက မေးငေါ့ပြရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာကြည့်လေ"

နှိုယ့်ချင်းက ဝမ်အင်း မေးငေါ့ပြရာသို့ လှမ်းကြည့်ရာ ...

မြက်ခင်းပြင်တွင် သိုင်းလေ့ကျင့်နေသော လူငယ်အား တွေ့လိုက်ရ၏။ သခင်ကြီးဝမ်အင်းသည် သားဖြစ်သူ သိုင်းပညာသင်ကြားလေ့ကျင့်ခြင်းကို မည်သည့်အခါမျှ သဘောကျနှစ်ခြိုက်ခဲ့သည် မဟုတ်ပါ။

"ဒီကောင် အတော်ခက်တယ်၊ စီးပွားရေးလုပ်ငန်းကို လုံးဝစိတ်မဝင်စားဘူး"

နှိုယ့်ချင်းက ...

"သခင်လေးအသက် ငယ်ပါသေးတယ်၊ သူ အရွယ်ရောက်လာတဲ့အခါ သခင်ကြီးရဲ့ လုပ်ငန်းတွေကို ဦးစီးနိုင်တဲ့ အရည်အချင်း သူ့မှာ ရှိပါတယ်"

ဝမ်အင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကျုပ်မှာက သားတစ်ယောက်ပဲရှိတာ၊ ကျုပ် မျက်စိမမှိတ်ခင် သူက စီးပွားရေးလုပ်ငန်းတွေ ဦးစီးနိုင်တာကို တွေ့ချင်တယ်ဗျ၊ နှိုယ့်ချင်း ..."

"အမိန့်ရှိပါ သခင်ကြီး"

"သူ့ကို စီးပွားရေးလုပ်ငန်းတွေမှာ စိတ်ဝင်စားလာအောင် စည်းရုံးပါ၊ ဖျောင်းဖျပါ"

နှိုယ့်ချင်းက ခေါင်းညိတ်လိုက်၏။



"ဟုတ်ကဲ့ သခင်ကြီး"

ညနေဆည်းဆာချိန် ခန့်ကျင်းမြို့ ကလေး၏ညနေဈေးတန်းသည် အတော်ပင် စည်ကားလျက် ရှိနေသည်။ အဝါရောင်ဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက်သည် ဈေးလမ်းအတွင်း ခပ်မှန်မှန်လျှောက်ရင်း လူအများကို မသိမသာ အကဲခတ်ကြည့်နေသည်။

ထိုအခိုက် ကုန်သည်တစ်ယောက်က မြင်းကိုဆွဲကာ ဈေးတန်းအတွင်း ဝင်ရောက်လာသည်။ အဝါရောင်ဝတ်စုံနှင့်လူ၏ မျက်လုံးများ တောက်ဝသွားသည်။ သူသည် ကုန်သည်အနီး တိုးဝှေ့ကာ ချဉ်းကပ်သွားသည်။

ခဏအကြာတွင် အဝါရောင်ဝတ်စုံနှင့်လူသည် ကုန်သည်၏ ငွေအိတ်ကို ကျွမ်းကျင်စွာ နှိုက်ယူလိုက်ပြီး ဖြစ်သွား၏။ သူသည် မှောင်ရိပ်သန်းသော လမ်းကြားတစ်ခုအတွင်း ချိုးကွေ့ပြီး ငွေအိတ်ကလေးအား ဖွင့်ကြည့်လိုက်သည်။

"ငွေတွေ အများကြီးပါလား၊ ဒီတစ်ခါတော့ မွပြီ"

ထိုစဉ် သူ၏လက်တွင်းမှ ငွေထုပ်မှာ ရုတ်ခြည်းပျောက်ကွယ်သွားလေတော့သည်။

"ဟင်"

www.burmeseclassic.com



အဝါရောင်ဝတ်စုံနှင့်လူက ထိတ်လန့်သွားပြီး နောက်လှည့်ကြည့်လိုက်သည်။ လူငယ်တစ်ယောက် ရပ်နေပြီး သူ၏လက်ထဲတွင် ငွေအိတ်ကလေး ကိုင်ထားသည်ကို တွေ့မြင်လိုက်ရသည်။

အဝါရောင်ဝတ်စုံနှင့်လူက မဲ့လိုက်ပြီး ...

"မင်းက မိုက်ကြေးခွဲချင်တဲ့ သဘောလား။ ကျားကြီးကို ဘယ်သူမှ ဒီလိုကြောလို့မရဘူး"

လူငယ်က ...

"ကျားကြီး ဟုတ်လား။ ဒီငွေအိတ်ဟာ ခင်ဗျားရဲ့အိတ်မှ မဟုတ်ဘဲ"

"ဟေ့သူငယ် ပြန်ပေးစမ်း။ ကျုပ် ဒေါသထွက်ရင် မင်း ဒုက္ခတဖြစ်သွားမယ်"

လူငယ် လှောင်ရယ် ရယ်လိုက်သည်။

"ကောင်းပြီ၊ ဘယ်သူ ဒုက္ခတဖြစ်မှာလဲ၊ သိချင်ရင် စမ်းကြည့်လိုက်ပါလား"

ကျားကြီးမှာ ဒေါသ အလွန်ထွက်သွားသည်။

"မင်းလို မလောက်လေး မလောက်စားကောင်လေးကများ ကျားကြီးအကြောင်း သိစေရမယ်"

သူသည် ပြောပြီးသည်နှင့် လူငယ်၏မျက်နှာသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ သို့သော် ... လူငယ်၏လက်က သူ့ထက် များစွာမြန်နေသည်။



"ဖြန်း ... ဖြန်း"

ကျားကြီး ခေါင်းတစ်ဖက် လည်သွားသည်။ သူ၏ပါးပြင်နှစ်ဖက်စလုံး ထူပူသွားသည်။ ထိုစဉ် ခြေသံများ ကြားလိုက်ရပြီး ခါးပိုက်နှိုက်ခံရသော ကုန်သည်နှင့် အာဏာသားနှစ်ယောက် ရောက်ရှိလာသည်။ အာဏာသားများက ခါးပိုက်နှိုက်အား ခေါ်ဆောင်သွားပြီး လူငယ်ကလည်း ကုန်သည်အား ငွေအိတ်ပြန်ပေးလိုက်လေသည်။ ကုန်သည်က ကျေးဇူးတင်စကားပြောရာ လူငယ်က ပြုံးလိုက်ပြီး...

"မလိုပါဘူးဗျာ၊ ကူညီရမှာ ဝတ္တရားပါ"

ကုန်သည်က ...

"မိတ်ဆွေလေးရဲ့သိုင်းပညာ အတော်ကို အဆင့်မြင့်တယ်ဗျ၊ မိတ်ဆွေလေးရဲ့အမည်"

"ကျုပ်နာမည် ဝမ်လွေပါ၊ ခင်ဗျားပြောသလို ကျုပ်ရဲ့သိုင်းပညာက ဒီလောက် မဟုတ်သေးပါဘူးဗျာ"

"အို ... ကျုပ်က မြှောက်ပြောတာ မဟုတ်ပါဘူး၊ ကျုပ်က ခရီးသွားနေတဲ့ လူပဲ၊ သိုင်းလောကသား အတော်များများနဲ့လည်း ရင်းနှီးပါတယ်၊ မိတ်ဆွေလေးရဲ့ သိုင်းပညာဟာ အမှန်ကို ကောင်းတာပါ"

ဝမ်လွေ ကျေနပ်သွား၏။ သူသည် သိုင်းလောကအကြောင်း အလွန်သိချင်သူဖြစ်သောကြောင့် ကုန်သည်အား မေးမြန်းမိရာ ထိုကုန်သည်ကလည်း စိတ်ရှည်လက်ရှည်ဖြင့် သိုင်းလောက

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းများကို ပြောပြလိုက်လေသည်။

သူနေထိုင်ရာ နိုင်ဖုံးမြို့သည် သိုင်းလောကသားများ ကျက်စားရာဖြစ်ကြောင်း ပြောပြသည့်အခါ ဝမ်လေ့သည် ကုန်သည်နှင့်အတူ နိုင်ဖုံးမြို့သို့ လိုက်ပါလည်ပတ်ရန် ဆုံးဖြတ်လိုက်လေတော့၏။

❂

ကုန်သည်သည် ဝူမျိုးနွယ်ဖြစ်၏။ ဝမ်လေ့သည် ကုန်သည်ဝူ၏မြင်းလှည်းနှင့် လိုက်ပါလာခဲ့သည်။ သူသည် မြင်းလှည်းပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်း မျှော်ကြည့်နေလေသည်။

ထိုစဉ် အရှေ့ဘက်မှ အလံများ တလွင့်လွင့်ထူကာ လာနေသော မြင်းလှည်းတန်းတစ်ခုကို တွေ့လိုက်ရ၏။ ဝမ်လေ့က ကုန်သည်ဝူဘက်လှည့်ကာ ...

"နောင်ကြီးဝူ ... ရှေ့ကလာနေတာ ကုန်သည်တွေပဲလား"

ကုန်သည်ဝူက အရှေ့ဘက်လှမ်းကြည့်လိုက်ပြီး ...

"သြော် ... မားနစ်လက်အာမခံဌာနဗျ"

ဝမ်လေ့က မျက်မှောင်ကုတ်သွား၏။

"မားနစ်လက်အာမခံဌာန ဟုတ်လား"

ကုန်သည်ဝူက ..



"ဟုတ်တယ်"

သူသည် အာမခံဌာနအကြောင်းများ ပြောပြလိုက်၏။ ပြီးမှ

"မားနစ်လက်အာမခံဌာနခေါင်းဆောင် တုကျူးဟာ သိုင်းလောကမှာ အတော်နာမည်ရတဲ့ လူတစ်ယောက်ပဲ၊ သူ့ရဲ့သိက္ခာသမာဓိနဲ့ သိုင်းပညာဟာ အများက လေးစားကြရတယ်"

ဝမ်လေ့က စိတ်ဝင်စားသွားသည်။

"ကျုပ် တုကျူးနဲ့ မိတ်ဆွေဖြစ်ချင်လိုက်တာ"

"သာမန်ခရီးဆိုရင် တုကျူးကိုယ်တိုင် မပါဘူးဗျ။ ရှေ့မြို့မှာ သူတို့နားမှာပါ၊ အဲဒီမှာဆုံတော့မှ ကျုပ် မိတ်ဆက်ပေးပါ့မယ်၊ မားနစ်လက်အာမခံဌာနက သူတွေနဲ့ ကျုပ် ရင်းနှီးပါတယ်"

ဝမ်လေ့ အလွန်ဝမ်းသာသွားလေသည်။ မကြာမီ စားသောက်ဆိုင်တစ်ဆိုင်သို့ ရော က်ခဲ့ကြသည်။ ထိုဆိုင်တွင် မားနစ်လက်အာမခံဌာနမှ လူများလည်း ဝင်ရောက်စားသောက်ကြသဖြင့် ကုန်သည်ဝူသည် မားနစ်လက်အာမခံဌာနမှလူများနှင့် မိတ်ဆက်ပေးလိုက်လေသည်။ ဝမ်လေ့ သည် ဌာနခွဲမှူးယန့်တနှင့် သိကျွမ်းခင်မင်ခွင့်ရရှိ ခဲ့လေသည်။

❂

ဝမ်လေ့တို့သည် ခရီးလမ်းဆုံးဖြစ်သော နိုင်ဖုံးမြို့သို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိလာကြလေသည်။ နိုင်ဖုံးမြို့မှာ အလွန်ကြီးကျယ်ခမ်းနားလေသည်။

ဝမ်လွေသည် ကုန်သည်ဂူအိမ်တွင် လိုက်လံတည်းခိုခဲ့၏။ နောက်တစ်နေ့တွင် ကုန်သည်ဂူက ...

"ဝမ်လွေ ... ခင်ဗျား သိပ်ကံကောင်းတာပဲ"

"ဘာဖြစ်လို့လဲ နောင်ကြီးဂူ"

ကုန်သည်ဂူက ...

"ခရေကျေးရွာမှာ သိုင်းပြိုင်ပွဲ ကျင်းပမယ်လို့ သတင်းရတယ်ဗျ"

ဝမ်လွေက အလွန်စိတ်ဝင်စားသွား၏။ ကုန်သည်ဂူက ...

"ခရေကျေးရွာက သုံးနှစ်တစ်ကြိမ် သိုင်းပြိုင်ပွဲ ပြုလုပ်ပြီး ပထမ၊ ဒုတိယ၊ တတိယ ရတဲ့လူတွေကို ဆုချီးမြှင့်တယ်၊ နေပြည်တော်မှာ အမှုထမ်းချင်ရင် အမှုထမ်းခွင့်ရအောင် ဆောင်ရွက်ပေးတယ်၊ ခင်ဗျားတို့လိုလူငယ်တွေ အများဆုံး လာပြိုင်ကြတယ်ဗျ"

"အော်ဪ၊ ကျွန်တော် သွားကြည့်ချင်တယ်"

ဝမ်လွေက ဝမ်းသာအားရပြောလိုက်ရာ ...

"မပူနဲ့၊ ကျုပ် လိုက်ပို့ပါ့မယ်ဗျာ"

❂

လဆန်းသုံးရက်။ နံနက်နေထွက်ချိန်မှာပင် ပြိုင်ပွဲစင်မြင့်ရှေ့တွင် ပရိသတ်များ အတော်စုံနေပြီ ဖြစ်၏။ ဝမ်လွေမှာ ပြိုင်ပွဲကို စိတ်ဝင်စားစွာ ကြည့်နေ၏။ သို့သော် ယှဉ်ပြိုင်သူ လူငယ်များအား ကြည့်ရင်း အားမလို အားမရစိတ်များ ဖြစ်ပေါ်မိ၏။

တစ်ကြိမ်တွင် သိုင်းသမားလူငယ်တစ်ယောက်သည် ပြိုင်ဘက်အား အနိုင်ယူနိုင်ပါလျက် သိုင်းကွက်ကို အသုံးမချတတ်သောကြောင့် လက်လွှတ်နေရသည်ကို တွေ့သောအခါ အားမလို အားမရဖြစ်ကာ ဝေဖန်မိလေသည်။

"နလိုက်တာ၊ ကျိုင်းဖြူတောင်ပံဖြန့် သိုင်းကွက်သာသုံးရင် နိုင်သွားပြီ"

ထိုစဉ် ...

"ဟုတ်တာပေါ့။ ညီလေး ဝမ်လွေက ဘယ်ဆိုးလို့လဲ"

ဟူသောအသံက ဝမ်လွေ၏နောက်ကျောမှ ထွက်ပေါ်လာ၏။ ဝမ်လွေက လှည့်ကြည့်လိုက်ရာ ဓားနှစ်လက်အာမခံဌာန ယန့်တဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ယန့်တက ပြုံးပြလိုက်ပြီး ...

"ကျုပ် ကုန်သည်ဂူအိမ်ရောက်တယ်၊ ညီလေး ဒီသွားတယ်ဆိုလို့ လိုက်လာတာ"

"ဟုတ်ကဲ့ ... သိုင်းပြိုင်ပွဲရှိတယ်ဆိုလို့ လာကြည့်တာပါ"

"ကြည့်ရုံတင်ပဲလား"

ဝမ်လွေက ကြောင်သွားပြီး ...

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ဝင်မပြိုင်ဘူးလား"

ဝမ်လှေကြ ပြုံးလိုက်ပြီး ...

"မပြိုင်ပါဘူး"

"တကယ်ဆိုရင် ညီလေး ပြိုင်သင့်တယ်"

"ဘာဖြစ်လို့လဲ"

"သိုင်းလောကဗဟုသုတလိုချင်ရင်၊ တိုက်ပွဲအတွေ့အကြုံလိုချင်ရင် အခုလို ပြိုင်ပွဲမျိုးက အတွေ့အကြုံကို အရင်ယူသင့်တယ်"

ဝမ်လှေ တွေဝေသွား၏။ ယန့်တာက ...

"ကဲ ... ဘယ်လိုလဲ ညီလေး ပြိုင်မလား"

"အစ်ကိုကော"

ယန့်တာက ရယ်မောလိုက်ပြီး ...

"အစ်ကိုက ပထမအကြိမ်ပြိုင်ပွဲမှာ ဒုတိယရခဲ့တယ်၊ ဝင်ပြိုင်ဖို့ မလိုတော့ဘူး"

"ဘယ်သူ့မဆို ပြိုင်လို့ရသလား"

"သိပ်ရတာပေါ့၊ ကဲ ... အစ်ကို သွားပြီး စာရင်းသွင်းလိုက်မယ်"

သူသည် ပြောပြောဆိုဆိုနှင့် ထွက်သွားရာ ဝမ်လှေမှာ ဟန့်တားရန်ပင် အချိန်မရလိုက်တော့ချေ။



သိုင်းပြိုင်ပွဲ နောက်ဆုံးနေ့။ နောက်ဆုံးနေ့ဖြစ်သည့်အတွက် ပရိသတ်က ပို၍များပြားနေ၏။ စင်မြင့်ပေါ်တွင် လူလေးယောက်သာ ကျန်တော့၏။ ထိုလူလေးယောက်မှာ နှစ်ပွဲယှဉ်ပြိုင်ကြရမည်ဖြစ်၏။ နောက်ဆုံးကျန်သူတစ်ဦးက ပထမဆုရှင်ဖြစ်ပြီး ကျန်သုံးဦးတည်းမှ နှစ်ဦးက ဒုတိယနှင့်တတိယ ရကြမည်ဖြစ်၏။

ယခုလေးဦးမှာ ခရေကျေးရွာမှ ကျန်လောက်ခန်း၏တပည့် ကျန်းယု၊ ခိုင်ဖုံးမြို့မှ ရဲ့နိုင်၊ ဝါးတစ်ရာဂေဟာမှ စုပိုက်နှင့် ဝမ်လှေတို့ပင် ဖြစ်၏။ နေထွက်လာပြီဖြစ်၏။ ယှဉ်ပြိုင်မည့်သူ လေးယောက်စင်ပေါ်သို့ ရောက်ရှိလာကြပြီး ဒိုင်များကို ဂါရဝပြုလိုက်ကြ၏။

အိမ်ရှင်ဖြစ်သူ ကျန်းယုမှာ ပရိသတ်၏အားပေးမှု အခံရဆုံးပင် ဖြစ်ပေသည်။

"ပြိုင်ပွဲတစ် ကျန်းယုနဲ့ ရဲ့နိုင်၊ ပြိုင်ပွဲနှစ် စုပိုက်နဲ့ ဝမ်လှေ"

ပြိုင်ပွဲနှစ်ပွဲစလုံး တစ်ပြိုင်တည်း ကျင်းပလိုက်လေသည်။

ဝမ်လှေမှာ စုပိုက်နှင့်ယှဉ်ပြိုင်မိသည်နှင့် လွယ်ကူစွာ အနိုင်ယူနိုင်ကြောင်း သိလိုက်၏။ သူသည် နောက်တစ်ပွဲ ယှဉ်ရဦးမည်ဖြစ်သောကြောင့် အချိန်ဆွဲမနေဘဲ ပွဲကို မြန်မြန်သိမ်းကာ အနိုင်ယူလိုက်၏။ ကျန်းယုနှင့်ရဲ့နိုင်ပွဲမှာမူ အတော်ပင် ကြည့်ကောင်းပေသည်။ သိုင်းကွက်တစ်ရာကျော် ယှဉ်ပြိုင်ပြီးမှ ကျန်းယုက အနိုင်ရရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နောက်ဆုံးပြိုင်ပွဲအဖြစ် ဝမ်လွေနှင့်ကျန်းယု ဝမ်လွေနှင့်ကျန်းယုတို့ ယှဉ်ပြိုင်ရသည်။

ကျန်းယုသည် ဝမ်လွေအား သိုင်းကွက်သုံးဆယ်အတွင်း အနိုင်ယူသွားရာ ပရိသတ်၏ဩဘာသံများ ခရေကျေးရွာအတွင်း ဟိန်းထွက်သွားလေတော့သည်။

ထိုနေ့ည စားသောက်ဆိုင်တစ်ခုအတွင်း ယန့်တာတို့ ထိုင်နေကြ၏။ ယန့်တာက ...

"ညီလေး ... ကျန်းယုကို ဘာကြောင့် အရှုံးပေးလိုက်တာလဲ"

ဟု ရုတ်တရက် မေးလိုက်၏။ ဝမ်လွေက ...

"အရှုံးပေးတာ မဟုတ်ပါဘူး။ ကျန်းယုရဲ့ သိုင်းပညာကိုက ကျွန်တော့်ထက် သာနေလို့ပါ"

ယန့်တာက မဲ့လိုက်၏။

"ညီလေး ... ကျုပ်က သိုင်းလောကထဲ ကျင်လည်ခဲ့တာ ခုနစ်နှစ် ရှိပြီ၊ တိုက်ပွဲအတွေ့အကြုံလည်း မနည်းတော့ဘူး။ အမှားအမှန်ကို ကောင်းကောင်း ခွဲခြားနိုင်ပါတယ်"

ဝမ်လွေ ပါးစပ်ပိတ်သွား၏။



မှန်သည်။ သူသည် တမင်ပင် ပထမဆု မယူလိုသဖြင့် ကျန်းယုအား အရှုံးပေးလိုက်ခြင်း ဖြစ်၏။ သူ့အတွက် သိုင်းလောက အတွေ့အကြုံ ရလိုခြင်းကြောင့် သာ တမင်ဝင်ပြိုင်ခြင်းဖြစ်သည်။

ကျန်းယုကား ထိုပြိုင်ပွဲမှတစ်ဆင့် အမှုထမ်းဘဝ တက်မည် ဖြစ်သောကြောင့် သူက တမင် ကျန်းယုအား အရှုံးပေးလိုက်ခြင်း ဖြစ်၏။ ဝမ်လွေက အမှန်အတိုင်း ပြောပြလိုက်ရာ ယန့်တာက ခေါင်း ညိတ်လိုက်၏။

"ညီလေးရဲ့ စိတ်ထားကို ချီးကျူးပါတယ်၊ ဪ ... ဒါထက် ညီလေးကို ကျုပ် တစ်ခါတည်း နှုတ်ဆက်ခဲ့မယ်"

ဝမ်လွေ မျက်မှောင်ကုတ်သွားပြီး ...

"အစ်ကိုက သွားတော့မလို့လား"

"ဟုတ်တယ်၊ အစ်ကိုတို့ဌာနချုပ် ခုံမင်းဆီက သတင်းလာတယ်၊ အမြန်ပြန်ရမယ် ခရီးထွက်စရာရှိလို့တဲ့"

"ကျွန်တော် လိုက်ချင်လိုက်တာ"

"အစ်ကိုလည်း ခေါ်ဖို့ စိတ်ကူးထားပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လို့လဲ"

"ဒီတစ်ခေါက် အရေးကြီးလို့ နှစ်ဖွဲ့ ပေါင်းသွားရမယ်တဲ့၊ ဒါကြောင့် နောင်ကြုံတဲ့အခါမှာ အစ်ကို ခေါ်ပါ့မယ်"

ဝမ်လွေလည်း အလိုက်သိစွာဖြင့် ပါးစပ်ပိတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားနှစ်လက်အာမခံဌာနအလံသည် လေထဲတွင် တလူလူ လွင့်နေ၏။ မကြာမီ ဓားနှစ်လက်အာမခံဌာနသားများသည် ချန်ကုန်းမြို့အတွင်းသို့ ဝင်ရောက်လာလေသည်။

မြို့အနောက်ဘက် ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ရောက်သောအခါ ခြံဝင်းကျယ်တစ်ခုရှေ့တွင် ဓားနှစ်လက်အာမခံဌာနအလံတစ်ခု စိုက်ထူထားသည်ကို တွေ့လိုက်ရ၏။

ယန့်တကို့လူစု ခြံဝင်းထဲသို့ ဝင်သွားကြလေသည်။ ခြံဝင်းထဲတွင် ဓားနှစ်လက်အာမခံဌာနသား သုံးလေးဦး သူတို့အား စောင့်ကြိုနေ၏။

"ဆရာယန့်တ ... ခေါင်းဆောင်ကြီး အထဲမှာ စောင့်နေပါတယ်"

အဖွဲ့သားတစ်ဦးက သတင်းပို့လိုက်၏။ ယန့်တက မြင်းပေါ်မှဆင်းပြီး အဆောက်အအုံအတွင်းသို့ လှမ်းဝင်သွားလေသည်။

သူ့အား ခေါင်းဆောင်ကြီးတုကျူးက အမြန်လိုက်လာရန် မှာလိုက်သောကြောင့် ကိစ္စအရေးကြီးမည်ဟု တွက်ဆထား၏။ ယန့်တသည် ရှည်လျားသောစင်္ကြံကို ဖြတ်ကျော်ကာ အခန်းတစ်ခုအတွင်းသို့ လှမ်းဝင်လိုက်၏။ အခန်းထဲတွင် တုကျူးကို တွေ့လိုက်ရသည်။

"ကျွန်တော် ယန့်တ ရောက်လာပါပြီ ခေါင်းဆောင်ကြီး"

တုကျူးက ...



"အချိန်မီပဲ၊ ခဏနေရင် ကျုပ်တို့ ပစ္စည်းလက်ခံရမယ်"

"အရေးကြီးတဲ့ပစ္စည်းထင်တယ်"

တုကျူးက ပြုံးလိုက်ပြီး ...

"ပို့ဆောင်ခဟာ ကျုပ်တို့ရဲ့ တစ်နှစ်ဝင်ငွေထက်မက ရမှာပဲလေ"

ယန့်တ အံ့သြသွား၏။

"ဒါ ... ဒါဆို တစ်သော ်းကျော်တာပေ့ါ"

"ဟုတ်တယ်"

ယန့်တ၏ရင်ထဲ ေလးလံသွားလေသည်။ ပို့ဆောင်ငွေ ဤမျှများပြားလျှင် ပို့ဆောင်ေပးရမည့်ပစ္စည်း တန်ဖိုးမှာလည်း နည်းမည်မဟုတ်ပါ။ ဤသတင်းသာ ပေါက်ကြားလျှင် ရန်သူအား ဖိတ်ခေါ်သည်နှင့် တူပေတော့မည်။

"ဒါကြောင့်လည်း မင်းနဲ့ဆရာဟိုကို အမြန်မှာလိုက်တာ"

"ဆရာဟို ရော ်ပြီလား"

"အခုပဲရောက်တယ်၊ သူက စန့်ကျူးယန်နဲ့ စကားပြောနေတယ်"

ယန့်တ မျက်မှောင်ကုတ်သွားသည်။ စန့်ကျူးယန်ကို သူကောင်းစွာသိ၏။ စန့်ကျူးယန်သည် သူတို့အာမခံဌာနနှင့်အပြိုင် ရွှေနဂါးအာမခံဌာနမှ လူတစ်ယောက် မဟုတ်ပါလော။

"စန့်ကျူးယန် ဘာလာ ုပ် ာလဲ ခေါင်းဆောင်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



"သူလည်း ပစ္စည်းပို့ဖို့ တာဝန်ယူရမယ်လေ"

"ခင်ဗျာ"

ယန့်တမှာ အလွန်အံ့သြသွား၏။ တုကျူးက ...

"စန့်ကျူးယန့်တင်မကဘူး၊ ဇေ့တင်ကွမ်းလည်း ရောက်နေတယ်၊ မင်း သွားတွေ့လိုက်ဦး"

ယန့်တ၏မျက်လုံးများ ဝိုင်းပြူးကျယ်သွား၏။ သူသည် ကြားရသောစကားများကိုပင် မယုံကြည်နိုင်အောင် ဖြစ်နေမိလေသည်။ ဇေ့တင်ကွမ်းကိုလည်း သူ ကောင်းစွာသိ၏။ ဇေ့တင်ကွမ်းသည် ကျားနက်အာမခံဌာနမှ ဌာနခွဲမှူးတစ်ယောက်ဖြစ်သည်။

သာမန်အားဖြင့် ပစ္စည်းပို့ဆောင်ရာတွင် အာမခံဌာနတစ်ခုတည်းကသာ လျှို့ဝှက်စွာ ဆောင်ရွက်လေ့ရှိ၏။ ယခုလို အာမခံဌာနနှစ်ခုသုံးခု ပူးပေါင်းပို့ဆောင်ပေးခြင်းမျိုးကား မဖြစ်စဖူး ဖြစ်ရပ်တစ်ခုသာ ဖြစ်ပေသည်။ လူများလျှင် စကားများသည်။ စကားများခြင်းသည် လျှို့ဝှက်ချက်ကို ပေါက်ကြားစေသည် မဟုတ်ပါလော။

ယန့်တက ခေါင်းဆောင်ကြီး တုကျူးအား မော့ကြည့်လိုက်ပြီး ...

"ပစ္စည်းရှင်က သူတို့တွေကိုပါ ရောပြီးအပ်တာလား"

"မဟုတ်ဘူး"

"ဒါဆို သူတို့က"

တုကျူးက သက်ပြင်းချလိုက်ရင်း ...



"ဒီတစ်ကြိမ် ခရီးဝေးတယ်၊ တန်ဖိုးကြီးတယ်၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် သူတို့ကို အကူအညီတောင်းခံလိုက်တာပါ"

ယန့်တက ...

"ဘာပစ္စည်းများမို့လဲ ခေါင်းဆောင်ကြီး"

"ဒါဟာ လျှို့ဝှက်ချက်ပဲ၊ ဌာနခေါင်းဆောင်တွေဖြစ်တဲ့ ကျုပ်တို့တောင် ပစ္စည်းလက်ခံတဲ့အချိန်ကျမှ သိရမယ်"

"ပစ္စည်းရှင်ကကော"

"သူဌေးကြီး ချူယီဖုံး"

"ပစ္စည်းက ဘယ်တော့ လက်ခံရမှာလဲ"

တုကျူးက ...

"ဒီနေ့ည၊ ကဲ ... ကဲ ... မင်းလည်း ခရီးပန်းလာတယ်၊ သွားပြီ အနားယူလိုက်ပါဦး"

ယန့်တက တုကျူးအား အရိုအသေပြုကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။ ခြံဝင်းအတွင်း မီးများ ထိန်လင်းနေအောင် ထွန်းညှိထား၏။ ခြံဝင်းအတွင်း၌ အာမခံဌာနသုံးဖွဲ့မှ အမှုထမ်းများက သတိနှင့် စောင့်ကြပ်နေကြလေသည်။ ဧည့်ခန်းတွင်း၌ လူလေးယောက်ထိုင်နေ၏။

ယန့်တ၊ ဆရာဟိုနှင့် ရွှေနဂါးဌာနခွဲမှူး စန့်ကျူးယန့်၊ ကျားနက်ဌာနခွဲမှူး ဇေ့တင်ကွမ်းတို့ပင် ဖြစ်၏။ သူတို့သည် တွေ့ရာလေးပါး ပြောဆိုနေကြသော်လည်း မျက်လုံးများကမူ မကြာခဏဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဖျစ်ညှစ်ကြည့် နေကြသည်။ ထိုစဉ်မှာပင် ...

'ခွပ် ... ခွပ် ... ခွပ်'

မြင်းခွာသံနှင့်အတူ မြင်းလှည်းဘီးသံကို ကြားလိုက်ရ၏။ ဇွတင်ကွမ်း၏ခန္ဓာကိုယ် ဆတ်ခနဲဖြစ်သွားပြီး ...

"ပြန်လာကြပြီ"

ဆရာယိုက ...

"ယန်တ ... ထွက်ကြိုလိုက်"

ယန်တက ချက်ချင်း ထွက်လာခဲ့၏။

မြင်းလှည်းက အဆောက်အအုံရှေ့တည့်တည့်တွင် ရပ်တန့်သွား၏။ မြင်းလှည်းပေါ်မှ တုကျူး၊ ဖေ့ပွား၊ မော်ကျန်တို့ ဆင်းလာကြသည်။

ထို့နောက် အလွန်ဝဖြိုးသော လူတစ်ယောက်က အောက်ဆင်းလာ၏။ တုကျူးက မြင်းလှည်းပေါ်မှ သေတ္တာအား အောက်သို့ ချရာ ယန်တက ကူညီချပေးလိုက်၏။ သေတ္တာမှာ သံမဏိသေတ္တာဖြစ်ပြီး သော့ခလောက်သုံးလုံးဖြင့် ခတ်ထားသည်ကို တွေ့ရ၏။ လူဝကြီးက ...

"ကဲ ... ကျုပ်သွားမယ်၊ နှစ်ဆယ့်ရှစ်ရက်နေ့အရောက် ကျုပ်ဂေဟာကို ပို့ဆောင်ပေးပါ"

"စိတ်ချပါ သူဌေးကြီး"

ထိုလူဝကြီးမှာ သူဌေးကြီး ချူယီဖုံးပင် ဖြစ်ပါသည်။



ချူယီဖုံးက ...

"ကျုပ်ပစ္စည်းတွေ မပျောက်ဆုံးရအောင် ဂရုစိုက်ပါ"

"စိတ်ချပါ သူဌေးကြီး၊ နှစ်ဆယ့်ရှစ်ရက်နေ့အရောက် ကျုပ်တို့ ပို့ဆောင်ပေးပါ့မယ်"

ချူယီဖုံးမှာ ဘာမှမပြောတော့ဘဲ မြင်းလှည်းပေါ် ပြန်တက်သွား၏။ ထို့နောက် မြင်းလှည်းသည် ခြံဝင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

❀

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာ၏။ ယန်တတို့လေးယောက်မှာ ညှော်နံ့တွင်းဝယ် ထိုင်နေကြ၏။ ယနေ့ည သူတို့ အိပ်ရမည်မဟုတ်ပါ။ ပစ္စည်းထည့်ထားသော သေတ္တာကို စောင့်ပေးရမည် မဟုတ်ပါလား။

ယန်တမှာ စိတ်လှုပ်ရှားနေ၏။ ဤတစ်ခေါက် အလွန်အရေးကြီးလှ၏။ ပစ္စည်းပို့ဆောင်ခတွေ မြိုးမြိုးမြက်မြက်ရသလို တာဝန်လည်း ကြီးလှ၏။ အကယ်၍ ပစ္စည်းပျောက်ဆုံးခဲ့ပါလျှင် ... ယန်တ တွေးပင် မတွေးရဲပါ။

သူတို့အားနှစ်လက်အာမခံဌာနအား ရောင်းချ၍ လျော်ကြေးပေးရန်ပင် လောက်မည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူက လုံးဝမပေါ့ဆရဲဘဲ သတိအပြည့်နှင့် စောင့်ကြပ်နေခြင်း ဖြစ်ပါသည်။

သို့သော် ယန္တတစိတ်ပွသလို မည်သည့်အန္တရာယ်မှ ကျရောက်ခဲ့ခြင်းမရှိဘဲ အရဏ်တက်ချိန်သို့ပင် ရောက်ရှိလာလေတော့သည်။ ခြံဝင်းအတွင်း မြင်းလှည်းရှစ်စီးက နေရာယူထားပြီး ဖြစ်၏။

ပစ္စည်းသေတ္တာအား တုကျူးက စတုတ္ထမြင်းလှည်းပေါ်တင်ကာ သူကိုယ်တိုင် မြင်းလှည်းပေါ် တက်လိုက်၏။ ရွှေနဂါးအာမခံဌာနခေါင်းဆောင် ပေ့ဟွားနှင့် ကျားနက်အာမခံခေါင်းဆောင် မောက်ကျန့်တို့က တုကျူးအား နှုတ်ဆက်လိုက် သည်။ တုကျူးက...

"ခင်ဗျားရဲ့ ကူညီမှုကို ကျုပ် မမေ့ပါဘူး"

မောက်ကျန်က ရယ်မောလိုက်ပြီး ...

"မလိုပါဘူးဗျာ၊ အချင်းချင်းတွေပဲ၊ ကျုပ်လူတွေ ခင်ဗျားရဲ့ အမိန့်အတိုင်း နာခံလိုက်နာဖို့ မှာကြားပြီးပါပြီ"

တုကျူးက အားလုံးကို နှုတ်ဆက်လိုက်၏။ ထို့နောက် ခရီးစထွက်ရန် အမိန့်ပေးလိုက်လေတော့သည်။

အာမခံဌာနမှ မြင်းသည်တော် ခုနစ်ယောက် လျင်မြန်စွာ ဖြတ်သန်းသွားလေသည်။ ထိုမြင်းသည်တော် ခုနစ်ဦးမှာ ရှေ့ပြေး



အဖွဲ့ ဖြစ်၏။ ထိုမြင်းသည်တော် ခုနစ်ဦး ဖြတ်သန်းသွားပြီး မကြာမီပင် လမ်းပေါ်သို့ မြင်းလှည်းတန်းက ရောက်ရှိလာသည်။

မြင်းလှည်း ရှစ်စီးက ရှေ့ဆင့်နောက်ဆင့် တစ်ဆက်တည်း လိုက်ပါလာလေသည်။ မြင်းလှည်းတစ်စီး၏နံဘေးတွင် မြင်းသည်တော်နှစ်ဦးစီက လိုက်ပါ၍ စောင့်ကြပ်နေသည်။

မြင်းလှည်းတန်းနောက်တွင်မူ မြင်းသည်တော် နှစ်ဆယ်ကလေးယောက်တန်းစီ၍ စီးနင်းလိုက်ပါလာသည်။ လမ်းကွေ့တစ်ခုကျော်လွန်ပြီးသောအခါ ရှေ့တွင် မြို့တစ်မြို့ကို လှမ်းမြင်လိုက်ရသည်။ မြင်းသည်တော်အားလုံး စိတ်လက်ပေါ့ပါးသွားကြသည်။

သူတို့၏ခရီးဆုံးရာ တင်းပေါက်မြို့ကို လှမ်းမြင်နေရပြီ မဟုတ်ပါလော။ အားလုံး စိတ်လက်ပေါ့ပါးသွားသော်လည်း သတိမလွှတ်ကြပါ။ သူတို့သည် တင်းပေါက်မြို့တွင်း မရောက်မချင်း သတိအပြည့်အဝထားရမည်ကို ကောင်းစွာ သိရှိထားသောသူများပင် မဟုတ်ပါလော။

စတုတ္ထမြင်းလှည်းပေါ်တွင် တုကျူး လိုက်ပါလာ၏။ တုကျူးအနီးတွင် မြင်းလှည်းမောင်းသမား ရှိ၏။ ထိုမြင်းလှည်းမောင်းသမားမှာ အခြားသူမဟုတ်ပါ။ ဓားနှစ်လက်အာမခံဌာနမှ ဆရာဟိုပင် ဖြစ်သည်။

ဆရာဟိုမှာ တုကျူးနှင့် အသက်ရွယ်တူခန့်ဖြစ်ပြီး သူတို့နှစ်ဦးမှာ ညီအစ်ကိုများသဖွယ် ချစ်ခင်ကြသူများလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဟိုက မြင်းလှည်းမောင်းရင်း သူတို့ခရီးထွက်ခဲ့သည်မှာ တစ်ဆယ့်နှစ်ရက်မျှသာ ရှိသေးသည်ကို သတိပြုမိ၏။

မူလက ခရီးစဉ်ကို တစ်ဆယ့်ငါးရက်ဟု တွက်ဆထားသည်။ သို့သော် လုံခြုံရေး အစီအစဉ်ကောင်းမွန်၍ အန္တရာယ်လည်း မရှိသောကြောင့် ခရီးတွင်ခဲ့ပြီး ဆယ့်နှစ်ရက်မျှနှင့် ဤနေ့အထိ ရောက်လာခဲ့ရာ ပိုင်ရှင်လက်သို့ သုံးရက်ပင်စော၍ အပ်နိုင်တော့မည်ဖြစ်၏။

"ကျုပ်တို့ စိတ်အေးရပြီ"

ဆရာဟိုက ပြောလိုက်သည်။ ကုကျူးက ...

"ဝတ္ထုပစ္စည်းရှင်လက်ထဲ မရောက်မချင်း စိတ်မချနဲ့ဦးဗျ"

"တင်းပေါက်ကြီး ကို လှမ်းမြင်နေရပြီလေ၊ ပြီးတော့ ... လမ်းတစ်လျှောက် ရှင်းနေတာပဲ မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် ... ပိုင်ရှင်လက်ထဲရောက်အောင် ပို့ပြီးမှပဲ စိတ်ချရမှာဗျ"

"ဟုတ်ကဲ့၊ ဒါနဲ့ ... ကျုပ် တစ်ခုမေးပါရစေ"

"မေးပါ ... မေးပါ"

"ဒီတစ်ခါ ခရီးစဉ်က အင်မတန် လျှို့ဝှက်တယ်၊ ပို့ဆောင်ပေးရတဲ့ပစ္စည်းက ဘာလဲဆိုတာ သိခွင့်မရတာတော့ အတော်ကို ဆိုးလွန်းတယ်ဗျာ"

"သူတို့က သူတို့ရဲ့တပည့်တွေကို မပြောပြဘဲ နေမလား"

ကုကျူးက မျက်မှောင်ကုတ်သွားပြီး ...



"ဒါတော့ ကျုပ်လည်း မပြောတတ်တော့ဘူး"

"သူသာပြောပြခဲ့ရင် ... ဒီကိစ္စဟာ လျှို့ဝှက်ထားတဲ့ကိစ္စ မဟုတ်တော့ပါဘူး"

ကုကျူး တွေးဝေသွား၏။ ဆရာဟိုက ...

"ခရီးလမ်းဆုံးလည်း ရောက်တော့မယ်၊ ဒီကိစ္စကို ခေါင်းဆောင်ကြီး လျှို့ဝှက်ထားလည်း ပြဿနာမရှိနိုင်တော့ပါဘူး"

"မှန်ပါတယ်"

"ကျွန်တော်တဲ့လူတွေသိနိုင်တဲ့ ကိစ္စတစ်ခုကို ကျုပ်လည်း သိသင့်တယ်လို့ ခေါင်းဆောင်ကြီး မထင်ဘူးလား"

ကုကျူး သက်ပြင်းချလိုက်၏။

"ခင်ဗျား ဒီကိစ္စကို အတော်စိတ်ဝင်စားနေပါလားဗျ"

"ကျုပ်အားနှစ်လက်အမခံဌာနမှာလုပ်ခဲ့တဲ့ သက်တမ်းဟာ ဓားနှစ်လက်အာမခံဌာနရဲ့ သက်တမ်းနဲ့ အတူတူပါပဲ၊ ဒီတစ်ကြိမ်ပဲ ပို့ဆောင်ပေးရတဲ့ပစ္စည်းကို စိတ်ဝင်စားဖူးတယ်"

"ခင်ဗျား သိချင်တယ်ပေါ့"

"ဟုတ်ကဲ့"

"သိုင်းလောကထဲ ခင်ဗျားရောက်နေ ဘယ်လောက်ကြာခဲ့ပြီလဲ"

ဆရာဟိုက တစ်ချက်စဉ်းစားလိုက်ပြီးမှ ...

"နှစ် ... နှစ်ဆယ်ကျော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



*"ဒါဆို သိုင်းလောက ရတနာသုံးမျိုးကို ကြားဖူးမှာပေါ့"*

ဆရာဟိုက ခေါင်းညိတ်လိုက်၏။

"ဘာတွေလဲ၊ ပြောပါဦး"

"လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က သိုင်းသမားကြီး ရှောင်ပင်း ကိုင်ဆောင်ခဲ့တဲ့ လိပ်ပြာဓား"

"ဟုတ်ပြီ၊ နောက်တစ်မျိုးကော"

"နောက်တစ်ခုက ... ကျားသစ်ဝူကျိန်းရဲ့ ဓားတစ်ရာ ကြေ ပန်းချီဆိုတဲ့ ကြွေအိုး"

"နောက်ဆုံးတစ်မျိုးကကော"

"ဘုရင့်ကိုယ်ရံတော် ဟွားလုံကိုင်ဆောင်ခဲ့တဲ့ ရတနာ ပုဆိန်"

"မှန်တယ်၊ ခင်ဗျား ဒီပစ္စည်းတွေကို မြင်ဖူးသလား"

ဆရာဟိုက ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ဘယ်လိုလုပ်မြင်ဖူးမှာလဲ၊ အဖိုးတန်ပြီး အင်မတန်ရှားပါး တဲ့ ဒီပစ္စည်းသုံးမျိုးကို မြင်ဖူးဖို့ဆိုတာ ဝေးလာဝေးပဲ"

တုကျူး၏မျက်နှာ တည်ကြည်သွားပြီး ...

"ကောင်းပြီ၊ ခင်ဗျား ဒီပစ္စည်းသုံးမျိုးကို မမြင်ဖူးပေမယ့် ဒီပစ္စည်းတွေကို တစ်ဆယ့်နှစ်ရက်တိုင်တိုင် စောင့်ရှောက်ပေးခဲ့တယ်လို့ မှတ်ထားလိုက်ပေတော့"

"ဗျာ"



ဆရာဟိုမှာ အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ထို့နောက် စကားတပြောပြောနှင့် ခရီးဆက်လာခဲ့ရာ တင်းပေါက်မြို့ရိုးအနီးသို့ပင် ရောက်ရှိလာ၏။ ထိုစဉ် ကုန်သည်ဟန် တူသော လူသုံးယောက် လမ်းပေါ်တက်လာလေသည်။ ဆရာဟို ရင်ထိတ်သွား၏။

"ရန်သူထင်တယ်"

ဆရာဟို ဣန္ဒြေပျက်သွားသော်လည်း တုကျူးကမူ အလွန် ပင် တည်ငြိမ်လှပေသည်။ ကုန်သည်သုံးယောက်က ဦးညွှတ်ရင်း...

"ဓားနှစ်လက်အာမခံဌာန ဘေးရန်ကင်းပါစေ၊ ကျုပ်တို့ ကုန်တွေကို စင်းဟွာမှာထားတယ်၊ အမြန်သယ်နိုင်ရင် သယ်ပေးပါ"

တုကျူး ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ"

ကုန်သည်သုံးယောက်က လမ်းပေါ်မှ ပြန်ဆင်းသွား၏။

"တော်တော် ရှုပ်တာပဲ၊ အလုပ်အပ်တာ မြို့ထဲရောက်မှ လာတွေ့ပြီး အပ်လည်းရတာပဲ"

ဆရာဟိုက ပြောလိုက်သည်။ တုကျူးက ...

"ဒီလောက် စိတ်ပူမနေပါနဲ့၊ အားလုံး ဘေးကင်းတယ်၊ ကျုပ်တို့နားမယ်ဆိုရင် စင်းဟွာမှာနားဖို့ အသင့်ပြင်ထားတယ်ဆိုတာ လာသတင်းပေးတာပါဗျာ"

ဆရာဟိုမှာ ယခုမှပင် တုကျူးက ခရီးစဉ်အစအဆုံးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်စီစဉ်ထားကြောင်း ရိပ်စားမိသွား၏။ ထိုအချိန်တွင် သူတို့မြင်းလှည်းတန်းသည် တင်းပေါက်မြို့တွင်းသို့ တရွေ့ရွေ့ ဝင်ရောက်လာခဲ့ပြီ ဖြစ်ပါသည်။

⊛

သူဌေးကြီးချူယီဖုံး။ သူဌေးကြီးချူယီဖုံးသည် တင်းပေါက်မြို့၏အချမ်းသာဆုံးသော သူဌေးတစ်ယောက်ဖြစ်၏။ သို့သော် ... ကျန်းနန်နယ်၏အချမ်းသာဆုံး သူဌေးဆယ်ယောက်တွင်တော့ ပါဝင်နိုင်သူတစ်ယောက် မဟုတ်ပါ။

သူသည် တစ်ချိန်က သိုင်းလောကတွင် မထင်မရှား ကျင်လည်ကျက်စားခဲ့သူတစ်ယောက် ဖြစ်၏။ ယခု သူသည် သိုင်းလောက၏ရတနာသုံးပါးကို ရှိသမျှ ငွေကြေးပုံပေးကာ ဝယ်ယူခဲ့သည်။

ထိုသို့ ဝယ်ယူနိုင်ရန် ဆက်သွယ်ပေးသူမှာ ပွဲစား စိဝမ်ဖေးပင် ဖြစ်သည်။ ပစ္စည်းဝယ်ယူမှုကိုလည်း ပွဲစားစိဝမ်ဖေးမှတစ်ပါး အခြားသူ မသိပါ။ ချူယီဖုံးကလည်း ထိုကိစ္စအား မည်သူမျှ အသိမပေးပါ။ သို့သော် သူသည် ချန်ကုန်းမှ တင်းပေါက်အထိ ထိုပစ္စည်းများကို သယ်ဆောင်မသွားဝံ့သည့်အတွက် တားနစ်လက်အာမခံဌာနကို ငှားရမ်းသည့်အခါ တုကျူး သိခွင့်ရသွား၏။

တုကျူး သိပြီးသည့်နောက် တဖြည်းဖြည်း သိသူအတော်များသွား၏။ မည်သို့ဆိုစေ ပြဿနာမရှိပါ။ သိသူတိုင်းသည် နှုတ်လုံကာ စိတ်ချရသူများ မဟုတ်ပါလား။ ချူယီဖုံးမှာ ပစ္စည်းများကို တားနစ်လက်အာမခံဌာနအား အပ်နှံပြီးနောက် သူက တင်းပေါက်သို့ အမြန်ပြန်လာခဲ့၏။

ထို့နောက် ပစ္စည်းရောက်လာလျှင် လက်ခံရန် စိတ်အေးချမ်းသာစွာ စောင့်နေလိုက်၏။ အချိန်တန်လျှင် တားနစ်လက်အာမခံဌာနမှ သူ၏ပစ္စည်းအား အရောက်လာပို့မည်ဟု ကောင်းစွာ ယုံကြည်ထားပေသည်။

⊛

တားနစ်လက်အာမခံဌာနမှ သိုင်းသမားများသည် တင်းပေါက်မြို့တွင်းသို့ ခြေချမိသည်နှင့် အတော်ပ ပျော်ရွှင်သွားကြလေသည်။ မကြာမီ အချိန်အတွင်း သူတို့၏တာဝန်ဝတ္တရားများ ပြီးဆုံးတော့မည် မဟုတ်ပါလား။

ထိုအခါ ဆယ့်နှစ်ရက်လုံးလုံး အရက်သေစာ သောက်စားခြင်း၊ နှစ်ခြိုက်စွာ အိပ်ခြင်း၊ အစားအသောက်ကောင်း စားခြင်းများ မပြုခဲ့ရပေ။ လုပ်ငန်းပြီးမှသာ သူတို့ စိတ်လွတ်ကိုယ်လွတ် နေနိုင်တော့မည်ဖြစ်ပေသည်။ တုကျူးကလည်း တင်းပေါက်မြို့တွင် သူ၏အဖွဲ့သားများကို တစ်ညနားခွင့်ပေးပြီး စားသောက်ပွဲ ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com



ပေးရန် စိတ်ကူးလိုက်၏။

ထိုသို့ တာဝန်ပြီးဆုံးတိုင်း စားသောက်ပွဲ ကျင်းပလေ့ရှိသည်မှာ ခါးနှစ်လက်အာမခံဌာန၏ အစဉ်လိုပင် ဖြစ်နေခဲ့သည်။ အားလုံးမှာ တာဝန်ပြီးဆုံးတော့မည့် အချိန်ကို တွေးတောကာ စိတ်ပေါ့ပါးနေကြ၏။

တင်းပေါက်မြို့တွင်း ဝင်မိမှ ဘာရန်သူမျှ ပူနေစရာမလိုတော့ပြီ မဟုတ်ပါလား။ တုကျူးတို့လူစု သူဌေးကြီးချူယီဖုံး၏ခြံဝသို့ရောက်သောအခါ မှောင်ရိပ်သန်းစပြုနေပြီဖြစ်၏။

တုကျူး တွေးထင်ထားသည့်အတိုင်း သူတို့က သတ်မှတ်ရက်ထက် သုံးရက်စော၍ ရောက်လာသောကြောင့် သူဌေးကြီးချူယီဖုံးက ကြိုဆိုရန် အစီအစဉ်ချထားခြင်းမရှိသည်ကို တွေ့လိုက်ရ၏။

တုကျူးတို့လူစု ချူယီဖုံး ခြံဝင်းအဝသို့ရောက်သောအခါ အစောင့်များ၏တားဆီးခြင်းကို ခံလိုက်ရလေသည်။ သို့သော် တုကျူး၏ခါးနှစ်လက်အာမခံဌာနကို တွေ့သောအခါ ချက်ချင်းပင် ဝင်ခွင့်ပြုလိုက်လေတော့သည်။

⊛

တုကျူးတို့လူစု သူဌေးကြီးချူယီဖုံး၏ခြံဝသို့ရောက်သည့်အခါ မှောင်ရိပ်သန်းစပြုလို့နေပြီ။ တုကျူးက မြင်းလှည်းရှစ်စီးပေါ်မှ



သေတ္တာရှစ်လုံးအား ချ လိုက်၏။ သေတ္တာတိုင်းက တစ်ပုံစံတည်းပင်ဖြစ်၏။ ရတနာသုံးမျိုး ထည့်ထားသောသေတ္တာမှာ တစ်လုံးသာဖြစ်၏။ လမ်းတွင် လုယက်သူများနှင့် တွေ့ပါက မျက်စိလှည့်စားရန်သူက ပုံစံတူသေတ္တာများ ထပ်၍ပြုလုပ်ထားခြင်း ဖြစ်သည်။ ထိုအစီအစဉ်မှာ သူဌေးကြီး ချူယီဖုံး၏အစီအစဉ်ဖြစ်ပါ သည်။

"ဆရာဟို သေတ္တာတွေ အထဲသွင်းခဲ့"

တုကျူးက အမိန့်ပေးလိုက်ပြီး အတွင်းသို့ ဝင်ရောက်သွားသည်။

⊛

အချိန်များ တရွေ့ရွေ့ကုန်သွား၏။ အထဲဝင်သွားသော တုကျူးနှင့်ဆရာဟိုတို့ကား ပြန်လည် ထွက်လာကြခြင်း မရှိသေးပါ။

အာမခံဌာနသားများမှာ စောင့်ရင်းမှ ဆာလောင်နေကြ၏။ ယန့်တမှာလည်း စိတ်ပူနေသည်။ ထိုစဉ် ဝေ့တင်ကွမ်းနှင့် စန့်ကျူး ယန့်တို့က ယန့်တအနီးသို့ ရောက်ရှိလာသည်။

"ခေါင်းဆောင်ကြီး ဝင်သွားတာ အတော်ကြာပြီ"

"ဟုတ်ကဲ့ ... ခုထက်ထိ ပြန်ထွက်မလာသေးတော့ ဘာများဖြစ်နေသလဲ မသိဘူး"

ဝေ့တင်ကွမ်း မျက်မှောင်ကုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာ ရှိနိုင်လို့လား"

ယန္တာက ...

"ပြဿနာမရှိဘူးဆိုရင် ဘာလို့ သူတို့က ဒီလောက် ကြာနေကြမှာလဲ"

စန့်ကျူးယန်က ...

"ဘာပြဿနာများလဲ"

ယန္တာ ခေါင်းခါယမ်းလိုက်၏။

"ကျုပ်လည်း မပြောတတ်ဘူး"

"ကျုပ်တို့ ဘာလုပ်ကြမလဲ"

ယန္တာက ...

"ကျုပ် အထဲလိုက်ဝင်သွားမလား စဉ်းစားနေတာ"

ဇွေတင်ကွမ်းက တံခါးဝတွင် စောင့်ကြပ်နေသော အစောင့်များဘက် တစ်ချက်လှမ်းကြည့်ပြီး ...

"သူတို့က ဝင်ခွင့်ပြုပုံမရှိဘူးဗျ"

ယန္တာ ဆုံးဖြတ်လိုက်၏။

"နောင်ကြီး ဇွေတင် ... ဒီကလူတွေကို ကျွန်တော့်ကိုယ်စား အုပ်ချုပ်ထားပါ"

ဇွေတင်ကွမ်း မျက်မှောင်ကုတ်သွားပြီး ...

"ခင်ဗျား ဘယ်သွားမလို့လဲ"

"အထဲဝင်ကြည့်မှ ဖြစ်တော့မယ်ဗျ"



ယန္တာသည် တံခါးဝသို့ လျင်မြန်စွာ လျှောက်သွား၏။ သူက အကျိုးအကြောင်းပြော၍ ဝင်ခွင့်တောင်းရန် စိတ်ကူးမထားပါ။ လျှပ်တစ်ပြက် အထဲဝင်ရန်သာ စိတ်ကူးထား၏။

ထို့ကြောင့် တံခါးအနီးအရောက်တွင် လျှပ်တစ်ပြက် အတွင်းသို့ ခုန်ဝင်မည်အပြု အထဲမှထွက်လာသော လူရိပ်ကြောင့် ကိုယ်ရှိန်သပ်လိုက်ရသည်။ နှုတ်မှလည်း ...

"ခေါင်းဆောင်ကြီး ပြန်လာပြီကိုး"

ဟု ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။ ထွက်လာသူမှာ တုကျူးပင် ဖြစ်၏။ တုကျူးမှာ ယန္တာ၏အမေးအား ကြားဟန်ပင်မတူပါ။ ငူငူငေါင်ငေါင်ဖြင့် ထွက်လာနေ၏။ သူ၏နောက်မှ ဆရာဟိုက ကပ်၍ပါလာ၏။ ဆရာဟိုက ယန္တာကို လှမ်းမေးလိုက်သည်။

"အပြင်မှာ ဘယ်လိုလဲ ယန္တာ"

ယန္တာက ...

"အားလုံးစောင့်နေပါတယ်၊ ဆရာဟိုတို့ ကြာလိုက်တာဗျာ၊ ကိစ္စကော ပြီးပြတ်သွားပြီ မဟုတ်လား"

ဆရာဟိုက သက်ပြင်းချရင်း ...

"တို့ကိစ္စ ပြီးပြတ်သွားပြီ၊ ကျုပ်တို့ အာမခံဌာနလည်း ဒီတစ်ကြိမ် ပျက်စီးသွားပြီ"

"ဗျာ"

ယန္တာသည် အံ့အားသင့်လွန်း၍ ဘာမေးရမှန်းမသိ ဖြစ်

www.burmeseclassic.com



နေ၏။ ဆရာဟိုက စိတ်ပျက်ဟန်ဖြင့် ...

"ကျုပ်တို့သယ်လာတဲ့ပစ္စည်း ပျောက်သွားပြီ"

"ဗျာ"

ယန့်တာ မျက်လုံးများ အလွန်ပင် ပြူးကျယ်သွားလေတော့၏။

⊛

စင်းဟွာစားသောက်ဆိုင်။ စင်းဟွာစားသောက်ဆိုင်သည် တင်းပေါက်မြို့တွင် နာမည်အကြီးဆုံး စားသောက်ဆိုင်တစ်ဆိုင် ဖြစ်ပေသည်။ ယန့်တာ၏လူများသည် စင်းဟွာစားသောက်ဆိုင်အပေါ်ထပ်တစ်ခုလုံးကို ကြိုတင်ဌားရမ်းထား၏။

ထို့ကြောင့် စင်းဟွာစားသောက်ဆိုင်သို့ ရောက်ရှိသောအခါ အပေါ်ထပ်တစ်ခုလုံးတွင် စားသောက်ရန် အသင့်ပြင်ထားပြီး ဖြစ်သည်ကို တွေ့ရ၏။

တုကျူးက စားပွဲရှည်ထိပ်တွင် နေရာယူလိုက်ရာ လူအားလုံးကလည်း ကိုယ်စီကိုယ်ငှ နေရာယူလိုက်၏။

တုကျူးသည် ယော်သားများ မရိပ်မိအောင် စိတ်ပျက်မှုကို အတတ်နိုင်ဆုံး ဖြေဖျောက်ကာ အရက်ခွက်ကို မြှောက်ပြီး ...

"ကဲ ... ကျုပ်တို့ ညီအစ်ကိုတွေအားလုံး ပင်ပန်းနေကြပြီ၊ ဒီခရီးရှည်ပြီးဆုံးတဲ့အနေနဲ့ အားလုံး လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး စားသောက်ကြပါစို့"

တုကျူး၏စကားအဆုံးတွင် အားလုံးက ပျော်ရွှင်စွာ လက်ခုပ်ဩဘာ တီးကြပြီး စတင် စားသောက်လိုက်ကြလေသည်။

စားသောက်ခန်းမတစ်ခုလုံး စကားသံများဖြင့် ဆူညံသွားလေတော့သည်။ အာမခံဌာနအဖွဲ့သားများမှာ ပင်ပန်းဆာလောင်နေသမျှ အတိုးချကာ စားသောက်ကြ၏။

သို့သော် ဆရာဟိုနှင့်ယန့်တတို့မှာမူ အားရပါးရ စားသောက်ခြင်း မရှိပါ။ ပြဿနာအဝဝကို သိရှိထားသူများဖြစ်သည့်အလျောက် အစားအသောက်များကို မျိုမကျဘဲ ဖြစ်နေလေသည်။

ဝေ့တင်ကွမ်းနှင့် စန့်ကျူးယန်တို့မှာမူ အားရပါးရ စားသောက်နေ၏။ တစ်ခဏအကြာတွင် ခေါင်းပါးလှသော ဝေ့တင်ကွမ်းသည် ဆရာဟို အမူအရာပျက်နေသည်ကို ချက်ချင်း ရိပ်စားမိသွားလေသည်။

"ဆရာဟို ... ခင်ဗျား ဘာဖြစ်နေတာလဲ"

ဆရာဟိုက ...

"ဘာမှမဖြစ်ပါဘူးဗျာ"

ဟု ကမန်းကတန်း ပြန်ဖြေလိုက်၏။ ဝေ့တင်ကွမ်းက ခေါင်းအသာယမ်းလိုက်ပြီး ...

"ဆရာဟို ... ကျုပ်တို့အချင်းချင်းတွေပါ၊ တစ်ယောက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ထိန့်ပွက်ထားရမယ့်ကိစ္စ မရှိဘူး ထင်ပါတယ်၊ အားလုံး မပျော်ပျော်ရွှင်ရွှင် စားသောက်နေချိန်မှာ ခင်ဗျား မူပျက်နေတာ သဘာဝမကျဘူး"

ဆရာဟိုသည် ဖုံးကွယ်ထား၍မရမှန်း သိလိုက်၏။

"ပြီးတော့ ပြောပါ့မယ်ဗျာ၊ ကဲ ... ကဲ ... အေးအေးဆေးဆေး စားသောက်ကြပါဦး"

ဇော်တင်ကွမ်း ရင်ထိတ်သွား၏။ ဆရာဟို၏အမူအရာကို ကြည့်ကာ အလွန်ကြီးကျယ်သော ပြဿနာတစ်ရပ် ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း ရိပ်စားမိလိုက်လေသည်။

ရုတ်ခြည်းပင် တုကျူးဘက်လှမ်း၍ အကဲခတ်ကြည့်လိုက်၏။ တုကျူး၏မျက်နှာသည် အလွန်ဖြူလျော့နေ၏။ နာရီပိုင်းအတွင်း မှာပင် ဆယ်နှစ်စာခန့် အိုစာသွားသကဲ့သို့ ရှိနေ၏။ ဇော်တင်ကွမ်းက တုကျူးဘက်လှည့်ကာ အသံတိုးတိုးဖြင့်–

"ခေါင်းဆောင်ကြီး ပြဿနာတစ်ခုရှိနေတာ အမှန်ပဲမဟုတ်လား၊ အခြေအနေကို အမှန်အတိုင်း ပြောပြပါ၊ ဒါမှ ကျုပ်တို့အားလုံး စုဝေးပြီး နည်းလမ်းရှာဖွေလို့ရမယ်၊ ကုန်ကုန်ပြောမယ်၊ ပစ္စည်း ပျောက်ဆုံးသွားရင်တောင်မှ ကျုပ်တို့ လိုက်ရှာကြတာပေါ့၊ ဘာမှ စိတ်ပျက်စရာမရှိပါဘူး"

တုကျူးက သက်ပြင်းချလိုက်ပြီး ...

"ကဲ ... ကဲ ... အားလုံး ဆက်ပြီးစားကြပါ၊ စားသောက်ပြီးမှ



စကားပြောကြတာပေါ့"

သူသည် ပြောရင်း ကိုယ်တိုင်လည်း ထမင်းနှင့်ဟင်းများကို စားသောက်လိုက်ရာ အားလုံးက ပြန်လည်စားသောက်ကြလေတော့ သည်။

"ကျုပ်တို့ သယ်ဆောင်လာတဲ့ပစ္စည်း ပျောက်ဆုံးသွားပြီ"

"ဟာ"

"ဟင်"

အားလုံး အံ့ဩထိတ်လန့်သွား၏။ တုကျူးက လက်ကာ လိုက်ရာ အားလုံးငြိမ်ကျသွား၏။

"ကျုပ် ရှင်းပြပါ့မယ်"

တုကျူးက အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက် တော့သည်။

❁

ချူယီဖုံး၏သီးသန့်ခန်း။ တုကျူးနှင့်ဆရာဟိုတို့က ရတနာ သုံးမျိုးထည့်ထားသော သေတ္တာကို ချူယီဖုံးရှေ့သို့ ချပေးလိုက်၏။

"ခင်ဗျားတို့က မျှော်လင့်ထားတာထက် စောရောက်လာ တာကိုးဗျ"

ချူယီဖုံးက ဝမ်းသာအားရ ပြောလိုက်၏။ တုကျူးက ...

www.burmeseclassic.com

www.burmeseclassic.com



"လမ်းခရီး သာယာအေးချမ်းတဲ့အတွက် ခရီးတွင်သွားတာပါ။ ကဲ ... ပစ္စည်းတွေ စစ်ဆေးလက်ခံပါဦး"

ချူယီဖုံးက ခေါင်းညိတ်လိုက်၏။ ထို့နောက် အကျီကြားမှ သော့တွဲကို ထုတ်လိုက်၏။ သေတ္တာတွင်ခတ်ထားသော သော့ခလောက်သုံးလုံးအား တစ်လုံးပြီးတစ်လုံး ဖွင့်ကာ သေတ္တာအဖုံးအားလှန်လိုက်၏။ မူလထည့်ထားသည့်အတိုင်းပင် ကတ္တီပါအထုပ် သုံးထုပ်ကို တွေ့လိုက်ရလေသည်။

ချူယီဖုံးက ရှည်မျောမျော ကတ္တီပါထုပ်ကိုယူကာ ဖွင့်ကြည့်လိုက်၏။ ရှေးဟောင်းဓားတစ်လက် ထွက်ပေါ်လာ၏။ ချူယီဖုံးက ဓားကို အပြန်ပြန်အလှန်လှန် စစ်ဆေးလိုက်ပြီး

"မှန်တယ်၊ ဒါ လိပ်ပြာဓားအစစ်ပဲ"

တုကျူး ပြုံးပြရင်း ...

"ကျန်တဲ့ပစ္စည်းတွေ စစ်ဆေးပါဦး"

"မလိုတော့ပါဘူး"

တုကျူးက ...

"စစ်ဆေးပါ၊ ဒါဟာ အလုပ်ကိစ္စပဲ၊ ပြီးရင် ကျုပ်တို့ သွားမယ်"

"ခင်ဗျားကို ကျုပ် ယုံပါတယ်၊ ဒါပေမဲ့ စစ်ဆေးဆိုတော့လည်း စစ်ဆေးရမှာပေါ့"

ချူယီဖုံးသည် အထုပ်သေးကိုယူကာ ဖွင့်လိုက်၏။ အထဲမှ



ပန်းအိုးတစ်လုံး ပေါ်ထွက်လာ၏။ ကြွေပန်းအိုးကလေးပင် ဖြစ်၏။

ပန်းအိုးပေါ်တွင် ဓားကလေးများကို သရုပ်ဖော်ရေးဆွဲထား၏။ ချူယီဖုံးက ထိုကြွေပန်းအိုးကလေးများအား အသေအချာ စစ်ဆေးလိုက်၏။ တစ်စကာအတွင်း သူ၏မျက်နှာသည် သွေးမရှိသလို ဖြူလျော့လာ၏။ ချူယီဖုံး၏အမူအရာကြောင့် ...

"ဘာဖြစ်လို့လဲ၊ တစ်ခုခုမှားသွားပြီလား"

တုကျူးက မေးလိုက်သည်။ ချူယီဖုံးထံမှ အထိတ်တလန့်သံ ထွက်ပေါ်လာ၏။

"ဒါ ... ဒါ ... အတု ... အတုကြီးပဲ"

"ဗျာ"

တုကျူး၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွား၏။ ဆရာဟိုမှာလည်း ထိတ်လန့်သွား၏။ တုကျူးက ...

"သေသေချာချာ စစ်ဆေးကြည့်ပါဦး၊ ဒီပစ္စည်းက အတုဆိုတာ သေချာလို့လား"

သူ့ဒွေးကြီး ချူယီဖုံးက ထပ်မံစစ်ဆေးလိုက်၏။ ပြီးမှ ...

"သေချာတယ်၊ ဒါ အတုပဲ"

သူသည် တုကျူးအား စိုက်ကြည့်လိုက်ပြီး ...

"ဒီပစ္စည်းအပ်တဲ့အခါက ခင်ဗျားလည်း အမြင်ပဲ၊ ဒါကို သေသေချာချာကြည့်၊ အတုဆိုတာ အသိသာချည်းပဲ"

ကြွေပန်းအိုးမှာ သာမန်ပန်းအိုး သာ ဖြစ်သည်။ လမ်းသွား

www.burmeseclassic.com

www.burmeseclassic.com



တွင် အလွယ်တကူရနိုင်သော ကြွေပန်းအိုးတစ်အိုးသာ ဖြစ်ပေသည်။ တုကျူး၏မျက်နှာ ဖြူလျော်သွားလေသည်။ ချူယီဖုံးသည် နောက်ထပ်တစ်ခုကို လျှင်မြန်စွာ ထုတ်ကြည့်လိုက်သည်။ ရတနာပုဆိန်ဖြစ်သည်။

ဆရာဟို ကြားဖူးသည်က ရတနာပုဆိန်၏အရိုးတွင် ပုလဲလုံးတစ်ဆယ့်ရှစ်လုံးတိတိ စီခြယ်ထားသည်ဟု ကြားဖူး၏။ ယခုပုဆိန်မှာ ရိုးရိုးပုဆိန် ဖြစ်သည်။ လက်ကိုင်ရိုးတွင်လည်း မည်သည့်ပုလဲမျှ မပါပါချေ။ ချူယီဖုံးက ပုဆိန်ကို ကြမ်းပေါ် ပစ်ချလိုက်သည်။

“ဘယ်လိုလဲ ပစ္စည်းအစစ်တွေ ဘယ်ရောက်သွားပြီလဲ၊ ဘယ်လိုလုပ်အတုတွေက ဒီအထဲ ရောက်လာရတာလဲ”

တုကျူးမှာ မျက်လုံးပြူးနေသည်။ သူ ဘာပြန်ပြောရမှန်း မသိ ဖြစ်နေသည်။ ချူယီဖုံးက ...

“ခင်ဗျားတို့ပစ္စည်း အတုနဲ့အစစ် အလဲခံရတာကိုတောင် မသိကြဘူးလားဗျ”

တုကျူး ခေါင်းခါယမ်းလိုက်သည်။

“မလဲဘူး၊ ဘယ်သူမှမလဲနိုင်ဘူးဗျ၊ တစ်လမ်းလုံး ဘယ်သူမှ ကျုပ်တို့အနီးကို မကပ်နိုင်ဘူး၊ ဘယ်လိုလုပ် ဘယ်သူက လာပြီး ယူနိုင်မှာလဲ”

“သေချာသလား”

“သေချာတယ်”



ချူယီဖုံးက ...

“ဒီလိုဆိုရင် ပစ္စည်းချင်း လဲလှယ်ယူနိုင်တဲ့လူဟာ အပြင်လူထဲက မဖြစ်နိုင်တော့ဘူး”

တုကျူးမျက်နှာ ကွက်ခနဲပျက်သွားသည်။ သူ့ခွေးကြီး ချူယီဖုံး၏စကားသည် သူတို့၏အဖွဲ့သားများအား စွပ်စွဲလိုက်ခြင်းပင် မဟုတ်ပါလား။ ချူယီဖုံးက ...

“ကျုပ် ဒီပစ္စည်းတွေ ပျောက်ဆုံးမှာစိုးလို့ ကျုပ်ကိုယ်တိုင်တောင် မသယ်သွားရဲလို့ ခင်ဗျားတို့ရဲ့ အာမခံဌာနကို ငှားရမ်းခဲ့တာ၊ ပြီးတော့ တန်ဖိုးကြီးလွန်းတာကြောင့် သယ်ဆောင်ခကိုလည်း ကျုပ်ဘက်က ထိုက်ထိုက်တန်တန် ပေးခဲ့တယ်”

တုကျူး ပါးစပ်ပိတ်ထားသည်။ ချူယီဖုံးက ဆက်ပြောသည်။

“အခု ကျုပ်ရဲ့ပစ္စည်းပျောက်သွားပြီဆိုတော့ ကတိအတိုင်း ဆက်ပြီး လုပ်ကြတာပေါ့”

ပြောပြီး အင်္ကျီအိတ်အတွင်းမှ ကတိစာချုပ်ကို ဆွဲထုတ်လိုက်၏။ တုကျူး၏မျက်နှာ မြင်မကောင်းအောင်ပင် ပျက်ယွင်းသွားလေသည်။

ထိုစာချုပ်တွင် အကယ်၍ ပစ္စည်းပျောက်ဆုံးပါက ပစ္စည်းတစ်ခုအတွက် ငွေသား တစ်သိန်းတိတိ ပေးလျော်ရမည်ဟု ပါရှိသည်။ ယခုအတိုင်းဆိုလျှင် ငွေနှစ်သိန်းတိတိ ပေးလျော်ရမည်ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ ထိုစာချုပ်သည် တုကျူး၏လည်မျိုအား တစ်စစနှင့် ရစ်ပတ်လာသော ကြိုးကွင်းတစ်ခုနှယ်ဖြစ်နေသည်။

သို့သော် သူ ဘာများတတ်နိုင်မည်နည်း။ သူ့ဘက်မှ ချွတ်ယွင်းချက်ကြောင့် ပစ္စည်းပျောက်ဆုံးခဲ့ရပြီ ဖြစ်သည်။ အလျော်တောင်းသော ချူယီဖုံးအား အံပြစ်တင်၍မရပါ။ သူဌေးကြီး ချူယီဖုံးက ဆက်ပြောလိုက်သည်။

"ဒီအကြောင်း ကျုပ်က အာဏာပိုင်တွေကို တိုင်တန်းမယ်ဆိုရင် ခင်ဗျား အဖမ်းခံရမယ်၊ ဒါ့အပြင် ကျုပ်တို့ တန်ရာတန်ဖိုး ပေးလျော်ရဦးမှာပဲ"

"ဟုတ်ပါတယ်၊ သူဌေးကြီး ဘယ်လိုလုပ်ချင်သလဲ"

ချူယီဖုံးက စိတ်ပျက်ဟန်ဖြင့် ခေါင်းတစ်ချက် ယမ်းလိုက်လေ၏။

"ခင်ဗျား အာမခံ၍ငွေနကို ရောင်းချပြီး ပေးလျော်ရင်လည်း ကျုပ်ရဲ့တန်ရာတန်ကြေးကို ရမယ်မထင်ပါဘူး"

တုကျူး ဘာမျှပြန်မပြောပါ။ ဆဲရာဟိုက မနေနိုင်ဘဲ ဝင်မေးလိုက်၏။

"သူဌေးကြီး ဘ [illegible] ်ချင်သလဲ၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

ချူယီဖုံးက ...

"ကျုပ်ဆန္ဒထက် ဖြစ်သင့် [illegible] ကို ကျုပ် စဉ်းစားနေတယ်၊



အခုအချိန်မှာတော့ သူဌေးကြီး စိတ်တိုင်းကျ ဆောင်ရွက်ပါလို့ပဲ ပြောရတော့မှာပဲ"

"ဒီသတင်းပေါက်ကြားသွားခဲ့ရင် ခင်ဗျားတို့ အာမခံ၍ာနဟာ ဆက်ပြီး ရပ်တည်လို့ရမှာ မဟုတ်တော့ဘူး"

"မှန်ပါတယ်"

"ပြီးတော့ ကျုပ်မှာလည်း ငွေကြေးများစွာ ဆုံးရှုံးနစ်နာရမယ်၊ ဒီတော့ ..."

"ပြောပါ သူဌေးကြီး"

"ခင်ဗျားတို့ဆီက လျော်ကြေးငွေ အပြည့်အဝမရနိုင်တဲ့ အတူ ကျုပ်ပစ္စည်း ပြန်ရအောင်သာ လုပ်ပေးပါ"

တုကျူးက ...

"တကယ်လို့ ပြန်မရရင်ကော"

ချူယီဖုံး၏မျက်လုံးများ အေးစက်သွားသည်။

"ပြန်မရရင်တော့ ကျုပ်က ဘာကိုမှ ထောက်ထားငဲ့ညှာနေမှာမဟုတ်ဘူး"

တုကျူးမှာ ဒေါသထွက်သွား၏။ အံကို တင်းတင်းကြိတ်လိုက်ပြီး ...

"ဒီကိစ္စမှာ ကျုပ်က တာဝန်အရှိဆုံးပါ၊ ဒီတော့ ... ကျုပ် အသက်ကိုပဲ ယူလိုက်ပါတော့ဗျာ"

သူဌေးကြီး ချူယီဖုံးက ခေါင်းခါလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မှာလဲ၊ ပျောက်ဆုံးသွားတဲ့ ပစ္စည်းတန်ဖိုးက ခင်ဗျားအသက်ထက်ပိုပြီး တန်ဖိုးရှိတယ်"

ဆရာဟိုမှာ သူဌေးကြီးချူယီဖုံး၏စော်ကားသောစကားကို ကြားသောအခါ ဒေါသမထိန်းနိုင်ဘဲ ဖြစ်သွားသည်။

"ခင်ဗျား စကားပြော ဆင်ခြင်စမ်း"

အော်ငေါက်ရင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ဆရာဟို မလုပ်နဲ့"

တုကျူးက အလျင်အမြန် ဟန့်တားလိုက်ရလေသည်။ ဆရာဟိုမှာ မကျေမနပ်ဖြင့် နောက်သို့ဆုတ်သွားသည်။ တုကျူးက သူဌေးကြီးချူယီဖုံးအား စေ့စေ့ကြည့်လိုက်ပြီး

"ခင်ဗျား ဘာလုပ်ချင်သလဲဆိုတာ ရှင်းရှင်းပြောပါ"

"ကျုပ်ပစ္စည်း ပြန်လိုချင်တယ်၊ နှစ်လအတွင်းရအောင် ပြန်ရှာပေးပါ၊ နှစ်လပြည့်ရင် ကျုပ်က သက်ဆိုင်ရာကို တိုင်ကြားပြီး လုပ်စရာရှိတာ လုပ်ရမယ်"

ထိုစကား ကြားလိုက်ရသောအခါ တုကျူးနှင့်ဆရာဟိုမှာ အသက်ရှူ အနည်းငယ် ချောင်သွားသလို ခံစားလိုက်ရလေသည်။

တုကျူးက ...

"ကျုပ်ကို အခုလို နှစ်လအချိန်ပေးတာ ကျေးဇူးတင်တယ်"

"ကျေးဇူးတင်ရင် ကျုပ်ပစ္စည်းကို အမြန်ဆုံးပြန်ရအောင် ရှာဖွေပေးပါ"



"ကျုပ် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ ကျုပ်ကို ခွင့်ပြုပါဦး"

ချူယီဖုံးက လက်ကာပြလိုက်၏။

"နေဦး၊ ဒီအတိုင်း သွားလို့မရသေးဘူး"

"ဘာကိစ္စများ ကျန်သေးလို့လဲ"

ချူယီဖုံးက ...

"ခင်ဗျားက ကျုပ်ပစ္စည်းကို နှစ်လအတွင်းရှာဖွေပြီး အပ်နှံပါ့မယ်ဆိုတဲ့ ကတိစာချုပ် ရေးပေးခဲ့ပါ"

တုကျူးက သူဌေးကြီး ချူယီဖုံး သဘောကျ ကတိစာချုပ် တစ်စောင် ထပ်မံရေး၍ လက်မှတ်ထိုးပေးလိုက်သည်။ ချူယီဖုံးက

"နှစ်လအတွင်း ကျုပ်ပစ္စည်းကို ပြန်လာပို့နိုင်ပါစေလို့ ကျုပ် ဆုတောင်းပါတယ်"

တုကျူး ဘာမျှပြန်မပြောတော့။ ဆရာဟိုနှင့်အတူ ချူယီဖုံး၏အခန်းတွင်းမှ ပြန်လည်ထွက်လာခဲ့လေတော့သည်။

တုကျူးက မောသွားဟန်ဖြင့် အရက်ခွက်ကို ကောက်ယူကာ မော့သောက်လိုက်၏။ တုကျူး ရှင်းပြသောစကားများကို ကြားပြီးနောက် အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက် ဝမ်းနည်းကြေကွဲသွားကြ၏။ ဝေ့တင်ကွမ်းက ...

"ဒီပစ္စည်းတွေကို ခေါင်းဆောင်ကြီးကိုယ်တိုင် စစ်ဆေးပြီး လက်ခံခဲ့တာလား"

"ဟုတ်တယ်၊ ကျုပ်ကိုယ်တိုင် လက်ခံခဲ့တာ"

ဝေ့တင်ကွမ်းက ...

"ပစ္စည်းလက်ခံပြီးတဲ့နောက်မှာ လဲယူဖို့ဆိုတာ သိပ်မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် ရတနာတွေ အပ်တဲ့အချိန်မှာပဲ လဲလှယ်လိုက်တာလား၊ စဉ်းစားစရာရှိတယ်"

တုကျူးက ...

"မဖြစ်နိုင်ဘူး၊ ပစ္စည်းအပ်တဲ့အချိန်မှာ သူတို့ ဘယ်လိုမှ လဲယူဖို့ မလွယ်ပါဘူး၊ ပစ္စည်းကို ကျုပ်ရှေ့မှာတင် သူဌေးကြီး ချူယီဖုံးက သေတ္တာထဲထည့်ပြီး သော့ခတ်လိုက်တယ်၊ အဲဒီနောက် သော့ကို လုံးဝမဖွင့်တော့ပါဘူး"

ဝေ့တင်ကွမ်းက အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး ...

"ဘာကြောင့် ဒီလိုမေးခွန်းတွေ မေးနေရသလဲဆိုတော့ ကျုပ်တို့စောင့်ကြပ်လာတဲ့ ကြားထဲကပဲ ပစ္စည်းက ပျောက်ဆုံးသွားခဲ့တယ်၊ ဒီတော့ ရှိသမျှလူအားလုံးဟာ သံသယဖြစ်စရာ ကောင်းနေပါတယ်၊ ကျုပ် အပါအဝင် အားလုံးပေါ့လေ၊ ဘယ်သူ့ကိုမှ ယုံကြည်စိတ်ချရမှာမဟုတ်တော့ဘူး"

ဝေ့တင်ကွမ်း၏စကားကြောင့် အားလုံးသောလူများမှာ



ထိတ်လန့်တုန်လှုပ်သွားကြသည်။ တုကျူးက ...

"ဒီလိုမပြောပါနဲ့ဗျာ၊ ကျုပ် လူတွေအားလုံးနဲ့ ခင်ဗျားတို့ ရွှေနဂါးအာမခံဌာနက လူတွေရယ်၊ ကျားနက်အာမခံဌာနလူတွေရယ်၊ ကျုပ်ရယ် ကျုပ် ဘယ်သူ့ကိုမှ သံသယမရှိဘူး လုံးဝ ယုံကြည်ပါတယ်၊ ဒါဟာ ကျုပ်တို့ကို အကြောင်းသိတစ်ဦးက လှလှပပတစ်ပတ်ရိုက်သွားတာမျိုးပဲ ဖြစ်ရမယ်"

တုကျူး၏စကားကြောင့် ဝေ့တင်ကွမ်းနှင့် စန့်ကျူးယန်တို့မှာ စိတ်သက်သာရာ ရသွားသည်။ ပြဿနာဖြစ်လာသည့်အခါ အကူအညီလိုက်လာခဲ့သော သူတို့ အာမခံဌာနနှစ်ခုမှ လူများအပေါ် အားလုံးက သံသယဝင်နိုင်သည်။

ထိုအချက်ကို ဝေ့တင်ကွမ်းက တွေးမိ၍ ကြိုတင်ပြောလိုက်ခြင်းဖြစ်သည်။ ယခု တုကျူးက သူတို့အား ယုံကြည်သည်ဟု ပြောဆိုလာသဖြင့် စိတ်သက်သာရာ ရသွားခြင်း ဖြစ်ပါသည်။

စန့်ကျူးယန်က တုကျူးအား ဂါရဝပြုလိုက်ပြီး ...

"ခေါင်းဆောင်ကြီးက ကျုပ်တို့ကို ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့ ရွှေနဂါး အာမခံဌာနဟာ မတရားတဲ့အမှု ဘယ်တော့မှ မပြုပါဘူး၊ အသက်နဲ့ထပ်ပြီး သစ္စာပြုရပါတယ်"

တုကျူးက ...

"ကျုပ်နဲ့ပါလာတဲ့ လူတွေအပေါ် ကျုပ် ခြွင်းချက်မရှိ ယုံကြည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဇေ့တင်ကွမ်းက ...

"ဒါဆို အားလုံး တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်ကြပြီဆိုရင် အဖြေကို ရအောင်ရှာနိုင်မှာပါပဲ"

တုကျူးက ...

"ကျုပ်လည်း ဒီအတိုင်း ယုံကြည်ပါတယ်"

ဇေ့တင်ကွမ်းက ...

"ကျုပ် သိချင်တာလေးတွေ မေးခွင့်ပြုပါ ခေါင်းဆောင်ကြီး"

တုကျူးက ခေါင်းညိတ်လိုက်၏။

"မေးပါ၊ သိချင်တာ မှန်သမျှ မေးနိုင်ပါတယ်"

"ပစ္စည်းတွေ လက်ခံစဉ်က အနီးမှာ ဘယ်သူတွေများ ရှိပါသလဲ"

တုကျူးက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ကျုပ်ရယ်၊ သူဌေးကြီး ချူယီဖုံးရယ်၊ ပြီးတော့ ပွဲစားရယ်၊ ဒီသုံးယောက်ပဲ ရှိပါတယ်"

"ကျန်တဲ့ သေတ္တာခုနစ်လုံးကကော"

"ကျန်သေတ္တာတွေက သူဌေးကြီးချူယီဖုံးရဲ့ အစီအစဉ်နဲ့ အသင့်ပိတ်ထားတာပါ"

ဇေ့တင်ကွမ်းက ...

"သေတ္တာတွေက အရွယ်အစားအတူတူပဲ မဟုတ်လား"

"သေတ္တာရှစ်လုံးစလုံးကို တစ်ပုံစံတည်းပြုလုပ်ထားတာပါ"



"ဒါဆိုရင် ပစ္စည်းထည့်ထားတဲ့ သေတ္တာကို ဘယ်လိုလုပ်ရွေးချယ်မှာလဲ"

တုကျူးက ...

"သေတ္တာမှာ အမှတ်အသားပြုထားပြီး ကျုပ်ကိုယ်တိုင်မှတ်သားခဲ့ပါတယ်"

ဇေ့တင်ကွမ်းက ...

"ဒီသေတ္တာကို ဘယ်သူတာဝန်ယူ စောင့်ရှောက် ..."

သူ့စကားမဆုံးခင် တုကျူးက ဖြတ်ပြောလိုက်၏။

"တစ်လမ်းလုံး ဒီသေတ္တာဟာ ကျုပ်နဲ့အတူ ရှိနေပါတယ်"

ဇေ့တင်ကွမ်း မျက်မှောင်ကုတ်သွားသည်။ ပစ္စည်းပါသော သေတ္တာသည် တုကျူး၏လှည်းတွင် ကင်းဆောင်လာခြင်းဖြစ်သည်။ ထို့ကြောင့် ပျောက်ဆုံးသွားရန်မှာ မည်သည့်နည်းနှင့်မျှ လွယ်ကူမည် မဟုတ်ပါ။ သိုင်းပညာအဆင့်မြင့်သော တုကျူးမသိရအောင် မည်သူမျှ မြင်းလှည်းအနီးကပ်လာနိုင်မည်မဟုတ်ပါ။

ဇေ့တင်ကွမ်းမှာ အတန်ကြာ စဉ်းစားနေပြီးမှ ...

"ဒါထက် ပစ္စည်းအတုနှစ်ခုကကော"

"သူဌေးကြီးချူယီဖုံးထံမှပဲ ကျန်ခဲ့တယ်"

ဇေ့တင်ကွမ်းက ...

"ပစ္စည်းအစစ်ဟာ သူနဲ့ဆိုင်ပါတယ်၊ ပစ္စည်းအတုကတော့ သူနဲ့ မဆိုင်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဟိုက ...

"ခင်ဗျား ဆိုလိုတာက ..."

"ဒီပစ္စည်းအတုနှစ်ခုကို ပြန်ယူရမယ်"

"ဘာကြောင့်လဲဗျ"

ငွေတင်ကွမ်းက ...

"ဒီပစ္စည်းအတုနှစ်ခုမှာ သဲလွန်စများ ရှိလိုရှိငြား ကြည့်ချင်လို့ပါဗျာ"

တုက္ကူးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒီတစ်ချက်ကို ကျုပ် မေ့လျော့သွားခဲ့တယ်၊ ဒီပစ္စည်းမှာ သဲလွန်စရှိချင်ရှိမှာဗျ"

"ဒါဆို ဒီပစ္စည်းတွေ ပြန်ယူမှဖြစ်မှာပေါ့"

"သွားယူရမှာပေါ့"

ဆရာဟိုက ချက်ချင်းထရပ်လိုက်၏။

"ကျုပ်ပဲ သွားယူလိုက်ပါ့မယ်"

"ကောင်းတယ်၊ ယန့်တပါ လိုက်သွား၊ ဘာပြောပြော ဒီအချိန်မှာ တတ်နိုင်သမျှ သည်းခံကြဖို့ မှာကြားပါရစေ"

"စိတ်ချပါ ခေါင်းဆောင်ကြီး"

ယန့်တနှင့်ဆရာဟိုတို့မှာ ချက်ချင်းပင် စင်းဟွာစားသောက်ဆိုင်မှ ထွက်ခွာသွားလေတော့သည်။

❂



ညဥ့်နက်နေပြီ ဖြစ်၏။ ယန့်တနှင့် ဆရာဟိုတို့သည် သူဌေးကြီးချူးယီဖုံး၏ဂေဟာအနီး ရောက်ရှိလာ၏။ ချူယီဖုံးဂေဟာ ဝင်းတံခါး ပိတ်ထား၏။ အိမ်တစ်ခုလုံး မီးမှိတ်ထားပြီဖြစ်၏။ ယန့်တက ဆရာဟိုအား လှမ်းကြည့်လိုက်၏။ ဆရာဟိုက ပခုံးတွန့်လိုက်ပြီး...

"အိပ်နေလည်း နှိုးရမှာလဲ"

ယန့်တက ... ခြံဝင်းတံခါးမှ သံကွင်းကို လှုပ်ယမ်းလိုက်၏။

'ဂျောက် .. ဂလောက် .. ဂျောက်'

တစ်ခဏအကြာတွင် ...

"ဘယ်သူတွေ လာသောင်းကျန်းနေတာလဲ"

ဝေါက်ငမ်းသံနှင့်အတူ မှောင်ရိပ်ထဲမှ အစောင့်တစ်ယောက် ထွက်ပေါ်လာလေသည်။

ဆရာဟိုက ...

"ကျုပ်တို့စားနှစ်လက်အာမခံဌာနကပါ"

"ဘာကိစ္စရှိလို့လဲ"

"သူဌေးကြီးနဲ့ အရေးတကြီး တွေ့စရာရှိလို့ပါ"

အစောင့်က ခေါင်းတစ်ချက် ကုတ်လိုက်ပြီး ...

"သူဌေးကြီး အိပ်နေပြီထင်တယ်၊ မနက်မှ လာကြပါလား"

"ကျုပ်တို့ မနက်စောစော ဒီက ထွက်သွားကြတော့မှာဆိုတော့ အချိန်မရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အစောင့်က တစ်ခဏမျှ စဉ်းစားပြီး ဝင်းတံခါးဖွင့်ပေးလိုက်၏။

"လာ … လာ … ကျုပ်သွားပြီး အကြောင်းကြားပေးပါ့မယ်"

ဆရာဟိုနှင့် ယန့်တ အထဲဝင်လာခဲ့၏။ မကြာမီ ဧည့်ခန်းဆီသို့ ရောက်ရှိလာ၏။ အစောင့်က ဧည့်ခန်းတွင်းမှ မီးအိမ်ကို ထွန်းညှိလိုက်ပြီး…

"ဒီမှာ ခဏစောင့်နေကြပါ၊ ကျုပ် သွားပြီး အကြောင်းကြားလိုက်ပါ့မယ်"

ဟု ပြောပြီး အတွင်းဘက်သို့ ဝင်ရောက်သွားလေသည်။ ယန့်တနှင့် ဆရာဟိုတို့မှာ ဧည့်ခန်းတွင်းထိုင်ကာ စောင့်နေလိုက်ကြ၏။

အချိန်အတန်ကြာသည်အထိ သူဌေးကြီးချူယီဖုံးထွက်ပေါ်လာခြင်း မရှိသေးပါချေ။ ယန့်တမှာ သည်းမခံနိုင်သလို ဖြစ်လာ၏။

ဆရာဟိုမှာလည်း စိတ်မရှည်နိုင်သလို ဖြစ်လာမိလေသည်။ ထိုစဉ် ခြေသံကို ကြားလိုက်ရ၏။ မကြာမီ ဧည့်ခန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။ ဝင်လာသူမှာ သူဌေးကြီးချူးယီဖုံး မဟုတ်ပါ။ ချူးယီဖုံး၏ဘဏ္ဍာစိုးသာ ဖြစ်၏။

ချူးယီဖုံးက ဆရာဟိုအား တွေ့သောအခါ အံ့သြသွားဟန်ဖြင့် …



"ခင်ဗျားတို့ ညကြီးမိုးချုပ် ဘာလာလုပ်တာလဲ၊ ပျောက်သွားတဲ့ပစ္စည်း ပြန်ရပြီလား။ ဒီလောက်အချိန်အတွင်း ရအောင်ရှာနိုင်တာ ခင်ဗျားတို့ တကယ်တော်ပါလား"

ဆရာဟိုက လက်ကာပြပြီး …

"နေဦး၊ ခင်ဗျားပြောတာ တစ်ခုမှမဟုတ်သေးဘူးဗျ"

"ဒါဆို ဘာလို့ရောက်လာတာလဲ"

"ကျုပ်တို့ ရှာဖွေမှု စတင်နေပါပြီ၊ ဒီကိုလာတာကလည်း ပစ္စည်းပြန်ရှာပေးဖို့ကိစ္စနဲ့ ဆိုင်ပါတယ်"

"ဪ … ဟုတ်လား၊ ပြောပြော ဘာကိစ္စရှိသလဲ"

"အလဲခံရတဲ့ပစ္စည်းအတု နှစ်မျိုး လိုချင်လို့ပါ"

"အတု ဟုတ်လား၊ ဘာလုပ်ဖို့လဲဗျ၊ ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲ၊ ခင်ဗျားတို့ …"

ဆရာဟိုက လက်ကာပြလိုက်၏။

"သူဌေးကြီးရဲ့ပစ္စည်းက အစစ်ပဲ၊ ဒီအတုတွေက သူဌေးကြီးရဲ့ပစ္စည်းမှ မဟုတ်တာ၊ ခင်ဗျားတို့နဲ့ ဘာမှမပတ်သက်ပါဘူး။ ဒါကြောင့် ပြန်လာယူတာပါ"

ဘဏ္ဍာစိုးမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။ ဆရာဟိုပြောသည်မှာ မှန်၏။ ထိုပစ္စည်းအတုသည် သူတို့နှင့် ဘာမျှမပတ်သက်ပါ။ အကယ်၍ ပြန်မပေးလျှင် ထိုပစ္စည်းများသည် အစစ်ပင်လောဟုပင် သံသယဝင်နိုင်သည်ကို တွေးလိုက်မိ၏။ ထို့ကြောင့် …

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဒါထက် ဒီအတုတွေကကော ပန္နည်းအစစ်ရှာဖွေဖို့နဲ့ ပတ်သက်လို့လား"

"ပန္နည်းအတုမှာ သဲလွန်စ ရလိုရငြား ရှာဖွေကြည့်ချင်လို့ပါ"

"ကောင်းပြီလေ၊ ဒီအတုတွေ မြင်နေရင် သူဌေးကြီး ပိုပြီး စိတ်ထိခိုက်နေဦးမယ်၊ ခင်ဗျားတို့လိုချင်ရင် ပေးလိုက်ပါ့မယ်၊ ခဏစောင့်ပါ"

ဘဏ္ဍာစိုးသည် ပြောပြောဆိုဆိုနှင့် ဧည့်ခန်းတွင်းမှ ပြန်ထွက်သွား၏။ ခဏအကြာတွင် အထုပ်တစ်ထုပ် ဆွဲယူလျက် ပြန်လည်ရောက်ရှိလာသည်။ ဘဏ္ဍာစိုးက အထုပ်ကို ဖွင့်ပြကာ ...

"ကဲ ... ဒီမှာယူသွားနိုင်ပါတယ်"

ယန်္တရက အထုပ်ကို ပြန်ပိတ်ကာ ထရပ်လိုက်သည်။

ဘဏ္ဍာစိုးက ...

"ဪ ... ခဏနေဦး"

သူသည် အိတ်ထဲမှ စာရွက်တစ်ရွက် ဆွဲထုတ်ကာ ဆရာဟိုး၏ ရှေ့သို့ ချပေးလိုက်သည်။ ဆရာဟိုးက စာရွက်ကို လှမ်းကြည့်လိုက်သည်။ စာရွက်ပေါ်တွင် ...

*"ဓားနှစ်လက်အာမခံဌာနမှ ဆရာဟိုးက ပို့ဆောင်ပေးသည့် ပန္နည်းအနက် ... အတုဖြစ်နေသော ကြွေဝန်းအိုးနှင့် ပုဆိန်ကို စစ်ဆေးရန် ပြန်လည်ယူဆောင်သွားသည်"*



ဟု ရေးသားထားသည်ကို တွေ့လိုက်ရသည်။ ဆရာဟိုး၏ရင်ထဲ၌ တင်းခနဲဖြစ်သွားသည်။ သူသည် ဘဏ္ဍာစိုးအား စိုက်ကြည့်လိုက်ပြီး ...

"ပန္နည်းအတု ပြန်ယူတာတောင် လက်မှတ်ထိုးပေးရဦးမှာလား"

ဘဏ္ဍာစိုးက သွားဖြဲပြလိုက်ပြီး ...

"ဘယ်အရာမဆို သေချာတာက ကောင်းပါတယ်"

ဆရာဟိုးက ဘာမျှမပြောတော့ပါ။ စာရွက်ကိုဆွဲယူကာ လက်မှတ်ထိုးလိုက်သည်။ ဘဏ္ဍာစိုးက ထိုစာရွက်အား ခေါက်ကာ သိမ်းဆည်းလိုက်ပြီး ...

"ဒီနေ့ တစ်နေ့လုံး ကျုပ်လည်း မနားရသေးဘူး ပင်ပန်းနေတာ၊ ညဦးနက်တော့ အနားယူချင်လာပြီ၊ ကဲ ... ကဲ ခင်ဗျားတို့လည်း သွားနိုင်ပါပြီ"

ဆရာဟိုးက သက်ပြင်းချကာ ထိုင်ရာမှ ထလိုက်သည်။ ယန်္တရက အထုပ်ကို ကောက်ယူလိုက်ပြီး ...

"ဒါထက် ကျုပ် တစ်ခုမေးပါရစေ"

ဘဏ္ဍာစိုးက မျက်မှောင်ကုတ်သွားပြီး ...

"ဘာမေးမလို့လဲ"

"သူဌေးကြီး ဒီမှာ ရှိရဲ့လား"

ဘဏ္ဍာစိုးက တစ်ချက် ရယ်မောလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်၊ ပစ္စည်းတွေ ပျောက်သွားလို့ စိတ်ထိခိုက်ပြီး စောစောပဲ အိပ်ရာဝင်သွားတယ်၊ ဘာကိစ္စများ ရှိသေးသလဲ ပြောစရာရှိရင် ကျုပ်ကို ပြောခဲ့ပါ၊ မနက်ကျ ကျုပ် ဆက်ဆက်ပြန်ပြောပေးပါ့မယ်"

"မမှာတော့ပါဘူး၊ ပစ္စည်းအစစ်ပြန်ရှာတွေ့မှပဲ ခင်ဗျားတို့ သူဌေးနဲ့ စကားပြောတော့မယ်"

ယန်တသည် စကားဆုံးသည်နှင့် ဆရာဟိုကိုပင် စောင့်မနေတော့ဘဲ ခြေလှမ်းကျဲကျဲနှင့် ထွက်လာခဲ့လေတော့သည်။

❂

ညတာသည် အလွန်ရှည်လျားလွန်းလှသည်ဟု ထင်မိသည်။ ဖြစ်နိုင်လျှင် ယနေ့ညတွင်းချင်းပင် ခရီးထွက်လိုလှပေသည်။ နှစ်လဟူသောအချိန်မှာ အင်မတန် တိုတောင်းလှသည်ဟု သူက ထင်နေမိသည်။ နှစ်လအတွင်း ပစ္စည်းအစစ်ကို ပြန်ရှာတွေ့ဖို့ ဆိုသည်မှာ မလွယ်လှပါ။

"ယန်တ မင်း သက်ပြင်းခဏခဏချနေတာ ဘာဖြစ်လို့လဲ"

ဆရာဟိုက လှမ်းမေးသဖြင့် ယန်တက ...

"ကျုပ်တို့ ဒီကနေ့ ညတွင်းချင်း ခရီးထွက်ရင် ကောင်းမလားလို့ပါ"



"ဘာဖြစ်လို့လဲ"

"နှစ်လဆိုတဲ့အချိန်ဟာ အလွန်တိုတောင်းပါတယ်၊ ကျုပ်တို့ အိပ်ရင်း အချိန်ဖြုန်းမယ့်အစား ရသမျှအချိန်ကို အလုပ်လုပ်ကြတာ ကောင်းမယ်၊ ပစ္စည်းပြန်တွေ့မှ စိတ်တိုင်းကျအနားယူတာ ပိုကောင်းမယ် ထင်တယ်ဗျာ"

ဆရာဟိုက ခေါင်းညိတ်လိုက်၏။

"မင်းပြောတာ ဟုတ်တယ်၊ ကျုပ်လည်း မင်းလိုပဲ၊ ဒါပေမဲ့ ကျုပ်တို့ တစ်ခုမေ့ထားလို့ မရဘူး"

"ဘာများလဲဗျ"

"အဖွဲ့သားတွေ ပင်ပန်းနေကြပြီ"

ဝေ့တင်ကွမ်းက ဝင်ပြောသည်။

"ဒီညနားပြီး ကျုပ်တို့ မနက်စောစောခရီးထွက်ရင် ကောင်းမယ်ထင်တယ် ခေါင်းဆောင်ကြီး"

တုကျူး မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ကျုပ် တစ်ခုစဉ်းစားမိလို့ပါ"

"ဘာစဉ်းစားမိလို့လဲ ပြောပါဦး"

ဝေ့တင်ကွမ်းက ...

"အာမခံပစ္စည်းဟာ တင်းပေါက်မြို့ကိုရောက်မှ ပျောက်သွားတာ မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီမြို့ရောက်မှ ပျောက်တာ မဟုတ်တာတော့ ကျုပ် လက်ခံတယ်"

"ပစ္စည်းအပ်တဲ့အခါ အသေအချာစစ်ပြီး လက်ခံယူတယ်၊ ပြီးတော့ ... တစ်လမ်းလုံး ပစ္စည်းကို ဂရုတစိုက် စောင့်ရှောက်သယ်ဆောင်လာခဲ့တဲ့ကြားက ပျောက်ဆုံးသွားတာဟာ အလွန်ထူးဆန်းနေတယ်၊ ဘယ်နေရာမှာ သတိလစ်ပြီး ပျောက်သွားနိုင်သလဲဆိုတာ ပြန်စဉ်းစားကြည့်ရမယ်"

"မလွယ်ဘူး၊ ပြန်စစ်ဆေးဖို့ဆိုတာမှာ ကျုပ်တို့လာခဲ့တဲ့ ခရီးက မနီးလှဘူး"

ဖေ့တင်ကွမ်းက ...

"ဟုတ်ကဲ့ ... ခရီးရှည်တဲ့အတွက် အသေအချာပြန်စဉ်းစားရှာဖွေရမှာပဲ၊ ကျုပ်တို့ လာလမ်းအတိုင်း ပြန်ကြမယ်၊ လမ်းတစ်လျှောက် အခြေအနေစစ်ဆေးသွားမယ်၊ ဘယ်နေရာမှာ ပျောက်ဆုံးသွားသလဲ၊ ဘယ်နေရာမှာ အလဲခံရသလဲဆိုတာကို သေသေချာချာ ပြန်စစ်ဆေးရမယ်"

တုကျူးမှာ တွေဝေသွားသည်။ သူသည် အတန်ကြာအောင် စဉ်းစားပြီးမှ ...

"ကျုပ်လည်း ဘာမှမစဉ်းစားနိုင်အောင် ဖြစ်နေတယ်၊ မင်းတို့[illegible]ထက် ကောင်းတာလည်း မရှိတော့ မင်းပြောသလိုပဲ လာလမ်းအတိုင်း ပြန်စစ်ဆေးတာပေါ့"



ဟု သဘောတူလိုက်လေသည်။

❂

ခိုင်ဖုံးမြို့။ ခုံမင်းနယ်တွင် အကြီးဆုံးသောမြို့မှာ ခိုင်ဖုံးမြို့ဖြစ်၏။ ခိုင်ဖုံးမြို့သည် ခုံမင်းနယ်၏ အမိကမြို့ဖြစ်သည်နှင့်အညီ အလွန်စည်ကားလှပေသည်။ ခိုင်ဖုံးမြို့တွင် ကျော်ကြားသော အရာလေးခုရှိသည်။

ပထမကျော်ကြားမှုကား ရွှေငါးကြင်း စားသောက်ဆိုင်ဖြစ်သည်။ ရွှေငါးကြင်း စားသောက်ဆိုင်၏လက်ရာမှာ အလွန်ကောင်းမွန်ပေသည်။ ခိုင်ဖုံးမြို့ရောက်လျှင် ရွှေငါးကြင်း စားသောက်ဆိုင်ရောက်မှသာ ပြည့်စုံသည်ဟု ပြောစမှတ်ပြုကြ၏။

ဒုတိယ ကျော်ကြားမှုကား ကိုးထပ်စေတီဖြစ်၏။ ကိုးထပ်စေတီသည် ခိုင်ဖုံးမြို့၏တောင်ဘက်ယွန်းယွန်းတွင် ဘည်ရှိသည်။ တန်မင်းဆက်လက်ထက်ကဟည်းက တည်ထားခြင်းဖြစ်ပြီး ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ထားပေသည်။

တတိယကျော်ကြားမှုကား စီးဂူရေကန်ပင် ဖြစ်သည်။ ခုံမင်းနယ်တွင် ခိုင်ဖုံးမြို့က အလှပဆုံးဖြစ်၏။ ထို့အတူ ခိုင်ဖုံးမြို့တွင် အလှပဆုံးသော နေရာပြပါဆိုလျှင် စီးဂူရေကန်ကို ပြရသည် ဖြစ်ပေသည်။ စီးဂူရေကန်၏သဘာဝအလှများကို ခေတ်အဆက်ဆက်မှ

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကျော်များ ရေးဆွဲခဲ့ကြသည်။ သို့သော် မူလအပြင်ဘက်ရှိ စီးပွားရေးကန့်၏အလှအပကို စိုးစဉ်းမျှပင် မမီနိုင်ပါချေ။

စတုတ္ထကျော်ကြားမှုကား လျှူပင်းဖြစ်၏။ နိုင်ဖုံးမြို့အကြောင်းပြောလျှင် လျှူပင်းအကြောင်း ချန်ထားခဲ့၍မရပေ။ လျှူပင်းသည် နိုင်ဖုံးမြို့ရှိ အချမ်းသာဆုံးသော သူဌေးကြီး တစ်ယောက်ပင်ဖြစ်သည်။ နံမင်းနယ်တွင် ချမ်းသာကြွယ်ဝသူ ပေါများသော်လည်း လျှူပင်း၏ချမ်းသာကြွယ်ဝမှုကို မမီကြပါ။

သူဌေးကြီးလျှူပင်း ပိုင်ဆိုင်သော ပစ္စည်းဥစ္စာရတနာများကား နံမင်းနယ်တွင် လက်ညှိုးထိုးမလွဲနိုင်အောင် ရှိနေပေသည်။ နိုင်ဖုံးမြို့၏အမိပတိမျက်နှာဖုံးကား သူဌေးကြီးလျှူပင်းပင် ဖြစ်ပါသည်။

❂

သူဌေးကြီးလျှူပင်း။ လျှူပင်းမှာ အသက်ငါးဆယ်ကျော်ခန့်ရှိပြီး နိုင်ဖုံးမြို့ရှိ အချမ်းသာဆုံးသော သူဌေးကြီးတစ်ဦးဖြစ်သည်။

သူသည် အသက်နှစ်ဆယ်ကျော်ခန့်က လျင်မြန်ဖျတ်လတ်သော သိုင်းသမားလူငယ်တစ်ယောက်ဖြစ်ပြီး သူ၏ဖခင် ကွယ်လွန်သည့်အခါ သိုင်းလောကမှထွက်ကာ ဖခင်၏လက်ငုတ်လက်ရင်း စီးပွားရေးလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ခဲ့၏။



သိုင်းလောကတွင် ကျင်လည်ခဲ့သည့် ငါးနှစ်အတွင်း သူ၏ဖော်ရွေသော ဆက်ဆံမှုကြောင့် မိတ်ဆွေအလွန်ပေါများခဲ့၏။ သူသည် စီးပွားရေးလုပ်ဆောင်ရာတွင်လည်း အလွန်ပင် အကွက်မြင်လှသောကြောင့် မိဘလက်ထက်ကထက်ပင် ပို၍ချမ်းသာကြွယ်ဝ၏။

ချမ်းသာကြွယ်ဝသည်နှင့်အမျှ စည်းစိမ်ယစ်မူးကာ တစ်နေ့တခြား လူဝကြီးတစ်ယောက် ဖြစ်လာခဲ့လေပြီ။ သူ သိုင်းပညာအသုံးချရန် မလိုအပ်တော့ပါ။

ယခု သူသည် အဆင့်မြင့်သိုင်းသမားလေးယောက်နှင့် သိုင်းသမားနှစ်ဆယ်ခန့်အား သူ၏လုံခြုံရေးအတွက် ငှားရမ်းထားနိုင်ခဲ့ပြီ မဟုတ်ပါလား။

❂

လျှူပင်းသည် နံနက်ခင်း အိပ်ရာမှထသည်နှင့် ပန်းဥယျာဉ်အတွင်း အညောင်းအညာပြေစေရန် လမ်းလျှောက်၍ နေလေသည်။ ထို့နောက် သူသည် မြေတိုက်ခန်းသို့ သွား၏။ နေ့လယ်ခင်းမှသာ မြေတိုက်ခန်းမှပြန်ထွက်ပြီး သူ၏စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်၏။

သူဌေးကြီး လျှူပင်းသည် အဘယ်ကြောင့် မြေတိုက်ခန်းတွင် နေ့ဝက်မျှ အချိန်ဖြုန်းနေရပါသနည်း။ အကြောင်းရင်း တစ်ခုသာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြေတိုက်ခန်းတွင် သူပိုင်ဆိုင်သမျှ ရွှေ ငွေ ရတနာ ဥစ္စာများ ထားရှိပြီး သူ၏များပြားသော စည်းစိမ်ကို နေ့စဉ်ကြည့်ရှု ပီတိ ပွားရင်း ရှေ့လုပ်ရမည့် လုပ်ငန်းများကို စဉ်းစားဆုံးဖြတ်လေ့ရှိခြင်းပင် ဖြစ်၏။

❂

ယနေ့လည်း ခါတိုင်းကဲ့သို့ပင် သူဌေးကြီးလျှုပင်းသည် နံနက်စာ စားသောက်ပြီးနောက် မြေတိုက်ခန်းသို့ဝင်ရန် သီးသန့်ခန်းထဲသို့ ဝင်လာခဲ့သည်။

သူဌေးကြီး လျှုပင်း ဝင်လာသည်နှင့် အစောင့်သိုင်းသမားလေးဦးက အရိုအသေပြုကာ အခန်းထဲမှ ထွက်သွား၏။ သူဌေးကြီးလျှုပင်းက သီးသန့်တံခါးကို ပိတ်၍ မြေတိုက်အဝင်တံခါးကိုဖွင့်ကာ အောက်သို့ ဆင်းလာခဲ့သည်။

မြေတိုက်ခန်းတံခါးအထိ ဆယ်ပေခန့် လမ်းကလေးအတိုင်း လျှောက်သွား၏။

ထို့နောက် မြေတိုက်ခန်းတံခါးသော့ကို ဖွင့်လိုက်လေသည်။ လျှို့ဝှက်နံပါတ်များအတိုင်း ဖွင့်ရခြင်း ဖြစ်သည်။ လျှို့ဝှက်နံပါတ်မသိဘဲ ရမ်းဖွင့်ပါက အချက်ပေးသံများ ဆူညံစွာ ထွက်ပေါ်လာအောင်လည်း စီစဉ်ထား၏။



သူဌေးကြီးလျှုပင်းက အခန်းဝံခါးကို တွန်းဖွင့်ကာ မြေတိုက်ခန်းအတွင်း လှမ်းဝင်လိုက်သည်။ သူ၏မြေတိုက်ခန်းတွင်း မြေချမိလိုက်သည်နှင့် သူ၏ပါးစပ်မှာ အဟောင်းသား ပွင့်သွားရလေတော့၏။

သူ၏မြေတိုက်ခန်းတွင်း၌ ရတနာ၊ ရွှေငွေများစွာ ထည့်သိပ်ထားသော သေတ္တာငယ်ကလေးများ တစ်ခုမျှ မတွေ့ရတော့သောကြောင့်ဖြစ်သည်။ အလွန်များပြားသော သူ၏ရတနာရွှေငွေများ မည်ကဲ့သို့ ပျောက်ဆုံးသွားရပါသနည်း။

"ကုန်ပြီ ... ကျုပ်ပစ္စည်းတွေ ကုန်ပြီ"

နှမြောတသစိတ်၊ ထိတ်လန့်စိတ်များက ရုတ်ခြည်း ဆောင့်တက်လာပြီး သူဌေးကြီးလျှုပင်းမှာ သတိလစ်ကာ ကြမ်းပေါ် ပုံလျက်သား ကျသွားတော့၏။

❂

သူဌေးကြီးလျှုပင်း ပြန်လည်သတိရလာသည်။ သတိရလာသည်နှင့် အလွန်ဝမ်းနည်းကြေကွဲသော ခံစားချက်က တစ်ကိုယ်လုံး စိုးမိုးလာသည်။ သူ၏ခုတင်အနီးတွင် ရပ်နေသော သူ၏ဇနီးကို တွေ့လိုက်ရသည်။ သူ၏ဇနီးက ...

"ရှင် သတိရပြီနော်၊ စိတ်ထိန်းပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးလှျှုပင်း၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

"သွားစမ်း ... တုယန်ကျောင်းကို လွှတ်လိုက်"

သူဌေးကတော်မှာ ထိတ်လန့်သွားပြီး နောက်တစ်လှမ်း ဆုတ်သွားသည်။ သူဌေးကြီးလှျှုပင်းက ...

"ပြောနေတာ မကြားဘူးလား၊ အားလုံး ထွက်သွားကြ၊ တုယန်ကျောင်းကိုသာ လွှတ်လိုက်"

တုယန်ကျောင်းသည် သူဌေးကြီး လှျှုပင်း၏ သက်တော်စောင့် လူယုံတော်ဖြစ်ပါသည်။

ညနေ။ ညနေခင်းသည် လှပနေ၏။ သူဌေးကြီးလှျှုပင်းသည် လေသာဆောင်တွင်ထိုင်ကာ ပန်းဥယျာဉ်ဘက်သို့ ငေးကြည့်နေ၏။ ရောင်စုံဖူးပွင့်ဝေဆာနေသော ပန်းဥယျာဉ်ကလေးသည် အလွန်လှပနေ၏။

သို့သော် သူဌေးကြီးလှျှုပင်းမှာ ထိုအလှအပများကို လုံးဝခံစားမိခြင်း မရှိပါ။ ပျောက်ဆုံးသွားသော ရတနာများ စုဆောင်းမိလာအောင် နှစ်ပေါင်းများစွာ လုပ်ကိုင်စုဆောင်းလာရသည် မဟုတ်ပါလော။ သူသည် အတန်ကြာမှ မလှုပ်မယှက်ငြိမ်သက်ရာမှ သက်ပြင်းတစ်ချက် ချလိုက်လေသည်။



"တုယန်ကျောင်း အခုထိ ပြန်မလာသေးပါလား"

သူဌေးကြီးလှျှုပင်းသည် ခေါင်းကို အသာအယာ တစ်ချက်ခါယမ်းလိုက်၏။ သူ၏ဆန္ဒစောနေမှုကို ပြန်လည်ထိန်းချုပ်လိုက်၏။ တုယန်ကျောင်း သဲလွန်စရှာဖွေရန် ထိုက်သင့်သောအချိန် ပေးရမည် မဟုတ်ပါလား။ ညနေ နေလုံးပျောက်ကွယ်ခါနီးမှပင် တုယန်ကျောင်းသည် သူဌေးကြီးလှျှုပင်းရှေ့သို့ ပြန်လည်ရောက်ရှိလာသည်။

သူဌေးကြီးလှျှုပင်း မမေးမီပင် တုယန်ကျောင်းက သူစုံစမ်းသိရှိသမျှကို အစီရင်ခံလိုက်၏။

"ကျွန်တော် စုံစမ်းရတဲ့အထဲက တစ်ခုကတော့ ကျွန်တော်တို့ဂေဟာက မြည်းလှည်းအဖွဲ့ခေါင်းဆောင် ချန်တိတ်နဲ့ သူ့ရဲ့လက်ထောက် ချန်ဝှက်တို့ သေဆုံးသွားပါပြီ"

သူဌေးကြီးလှျှုပင်း၏မျက်လုံးများ ပြူးကျယ်သွား၏။ သူဌေးကြီးလှျှုပင်းသည် သူ၏ဂေဟာတွင် ကလေးအရွယ်မှ စတင်ကာ ရောက်ရှိခဲ့သူများဖြစ်၏။

ချန်တိတ်နှင့်ချန်ဝှက်တို့မှာ သူဌေးကြီးလှျှုပင်း၏ အလွန်စိတ်ချယုံကြည်ရသော ကျွန်ယုံများပင် ဖြစ်ပါသည်။ သူဌေးကြီးလှျှုပင်း၏ဂေဟာတွင် အစောင့်သိုင်းသမားများသာမက သူ၏ဂေဟာအမှုထမ်းနှင့် စီးပွားရေးလုပ်ငန်းများမှ အမှုထမ်းများ ပါရှိသည့်ရာ အားလုံး လူခုနစ်ဆယ်ခန့် ရှိပေသည်။

ထို့ကြောင့် လူခုနစ်ဆယ်အတွက် စားနပ်ရိက္ခာ အပတ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ဝေဒ်လျှ၍ သယ်ဆောင်ရန် မြင်းလှည်းအဖွဲ့ကို စီစဉ်ထား၏။ ယခု ထိုမြင်းလှည်းအဖွဲ့အား အုပ်ချုပ်သော ချန်တိတ်နှင့်ချန်ဝှက်တို့ အသတ်ခံရပြီဆို၏။ သူဌေးကြီးလျှူပင်းက လှုပ်ရှားသွားသောစိတ်ကို ထိန်းချုပ်လိုက်ပြီး တုယန်ကျောင်းအား မေးလိုက်၏။

"သူတို့ကို ဘယ်သူသတ်တာလဲ"

"ခုထက်ထိ တရားခံကို မသိရသေးပါဘူး၊ ဒါပေမဲ့ လူသတ်သမားဟာ ရတနာတွေ ခိုးယူသွားတဲ့လူပဲ ဖြစ်ရပါမယ်"

လျှူပင်း မျက်မှောင်ကုတ်သွားပြီး ...

"ဘယ် ... ဘယ်လို"

"ဟုတ်ကဲ့၊ သူခိုးတွေဟာ ချန်တိတ်နှင့်ချန်ဝှက်ဟန်ဆောင်ပြီးတော့ ဒီဂေဟာထဲက အလွယ်တကူထွက်ခွာသွားတဲ့ အခြေအနေတွေ့ရပါတယ်"

"မင်းအထင်ပဲလား၊ သေချာတဲ့ အထောက်အထား မရှိဘူးလား"

"အဖြေက ကောက်ချက်ချဖို့ ရှင်းပါတယ်၊ ချန်ကိတ်နဲ့ ချန်ဝှက်ဟာ သူတို့အခန်းထဲမှာ သေဆုံးနေပါတယ်၊ ဓားနဲ့ လုပ်ကြံခံရပြီး သေဆုံးတာ သုံးရက်လောက်ရှိပြီလို့ စစ်ဆေးသိရှိရပါတယ်"

"ဆက်ပြောပါဦး"

"သူခိုးတွေဟာ ချိန်တိတ်နဲ့ ချန်ဝှက်ဟန်ဆောင် ရုပ်ဖျက်ပြီး နေထိုင်ခဲ့တယ်၊ အခွင့်သာတာနဲ့ ညဘက်မြေတိုက်ခန်းကို ဖောက်ကြ



တယ်၊ ကနေ့မနက်ပဲ ဒီဂေဟာက ထွက်ခွာသွားပါတယ်"

လျှူပင်းက ...

"ကျုပ် နားမရှင်းသေးဘူး"

တုယန်ကျောင်းက ...

"သူခိုးတွေကို မသိတဲ့အစောင့်တွေက မနေ့မနက်စောစော ကဒီ ချန်ကိတ်နဲ့ချန်ဝှက်တို့မြင်းလှည်းအဖွဲ့ ရက္ခာသယ်ဆောင်ဖို့ ထွက်သွားတယ်လို့ ပြောပါတယ်"

သူခိုးများက သူ၏ရတနာများကို သူ၏မြင်းလှည်းများဖြင့် တင်ဆောင်ကာ အလွယ်တကူပင် ထွက်သွားကြသည် မဟုတ်ပါလား။ သူခိုးများ မနက်စောစောပိုင်းမှ ထွက်သွားကြသည်။ သွားချိန် ဘာမျှမကြာသေးပါ။ ကြိုးစားရှာဖွေလျှင် မကြာခင်အချိန်တွင် ဖမ်းဆီးနိုင်ခွင့် ရှိနေသေးသည်။

"မင်း ဘာလုပ်နေတာလဲ"

တုယန်ကျောင်း ကြောင်သွားပြီး ...

"ခင်ဗျာ"

သူဌေးကြီးလျှူပင်းက ...

"သူခိုးက ဘယ်လိုဘယ်ပုံနဲ့ ထွက်သွားတယ်ဆိုတာ မင်း သိနေပြီပဲ၊ မင်း ဘာလုပ်နေသလဲ၊ ခွဲဒီမြင်းလှည်းတွေနောက်လိုက်၊ အမြန်လိုက်ပါတော့လား"

"ဟုတ်ကဲ့ ... ကျွန်တော် လိုက်ရှာခဲ့ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးလှူပြင်းက အားမလို အားမရဖြစ်ကာ ...

"မြင်းလှည်းတွေကို တွေ့သလား"

"ဟုတ်ကဲ့ ... တွေ့ပါတယ်"

"သူခိုး ဘယ်သူလဲ၊ ရတနာခတွေကော ပြန်တွေ့သလား"

တုယန်ကျောင်းက ...

"သူခိုးကိုသိတဲ့နောက်တော့ ကျွန်တော် ရအောင် ဖမ်းဆီးလာခဲ့မှာပါ"

"ဒါ ... ဒါဆိုရင် ..."

တုယန်ကျောင်းက ...

"မြင်းလှည်းအဖွဲ့ပဲ ပြန်ရှာတွေ့ပါတယ်"

သူဌေးကြီးလှူပြင်းမှာ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်မိလေသည်။

သူ၏မျှော်လင့်ချက်များ ပြိုကွဲသွားရပြီ မဟုတ်ပါလား။

"မင်း အတော်ညံ့တာပဲ"

တုယန်ကျောင်း ပါးစပ်ပိတ်ထားလိုက်သည်။

သူဌေးကြီးလှူပြင်းက မေးလိုက်သည်။

"မြင်းလှည်းကို ဘယ်မှာတွေ့သလဲ"

"မြို့ထဲမှာပါ"

"မြို့ထဲမှာ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျင်ဖုံးကုန်စုံဆိုင်ရှေ့မှာ မြင်းလှည်းတွေကို



ရပ်ထားခဲ့ပါတယ်"

"ဒါဆိုရင် ကုန်စုံဆိုင်ရှင် ကျင်ဖုံးနဲ့ သူခိုးတွေဟာ တစ်နည်းမဟုတ်တစ်နည်းတော့ အဆက်အသွယ်ရှိမယ် ထင်ရတယ်"

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ဒီလိုပဲ ယူဆမိပါတယ်"

"မင်း ဒီလိုထင်ရင်လည်း သေသေချာချာ ထပ်ပြီးမစုံစမ်းခဲ့ဘူးလား"

"ဟုတ်ကဲ့ ... စုံစမ်းခဲ့ပါတယ်၊ ကျင်ဖုံးဟာ လွန်ခဲ့တဲ့ဆယ့်တစ်ရက်လောက်ကပဲ စုတင်းဆိုတဲ့ လူတစ်ယောက်ကို သူ့ရဲ့ကုန်စုံဆိုင်ကို ရောင်းချခဲ့ပါတယ်"

"စုတင်း ဟုတ်လား"

"ဟုတ်ကဲ့"

"ဒီလူ ဘယ်သူလဲ၊ ဘယ်ကလဲ"

"ကျွန်တော် မသိပါဘူး"

သူဌေးကြီးလှူပြင်းက ...

"ဒီစုတင်းဆိုတဲ့လူဟာ သူခိုးတွေရဲ့ အဆက်အသွယ်တစ်ယောက် ဖြစ်နိုင်တယ်၊ သူ့ကို မေးပြီး စုံစမ်းကြည့်ရင်ကောင်းမယ်"

တုယန်ကျောင်းက ...

"ဟုတ်ကဲ့ ... ကျွန်တော်သည်း ဒီလိုပဲ ရှာဖွေမိပေမယ့် စုတင်းဆိုတဲ့လူက မရှိတော့ပါဘူး"

"စုတင်း မရှိတော့ဘူး ဟုတ်လား"

www.burmeseclassic.com



"ဟုတ်ကဲ့၊ သူက ကုန်စုံဆိုင်ဖိတ်ပြီး ထွက်ပြေးသွားပါပြီ၊ ကုန်စုံဆိုင်ကို ခွန်မဆိုပြီး ခြေရာပျောက်သွားတာ ဖြစ်မယ်လို့ ယူဆရပါတယ်"

သူဌေးကြီးလှူပြင်းမှာ အလွန်အမင်း စိတ်ဓာတ်ကျသွားလေသည်။ အတန်ကြာမှ ...

"တုယန်ကျောင်း"

"အမိန့်ရှိပါ သူဌေးကြီး"

"ဒီကိစ္စ မင်းဆက်ပြီး စုံစမ်းပါ"

တုယန်ကျောင်းက သက်ပြင်းချလိုက်၏။

"သူခိုးတွေဟာ စနစ်တကျ အကွက်ချ ကြိုတင်စီစဉ်ပြီးမှ ခိုးယူသွားတာ ဖြစ်ပါတယ်"

"အဲဒီတော့ ..."

"အဲဒီတော့ ဒီကိစ္စကို ကျွန်တော် စုံစမ်းရင် အချိန်တွေ ပိုကြာသွားနိုင်ပါတယ်"

သူဌေးကြီးလှူပြင်းက မျက်မှောက်ကုတ်ကာ စဉ်းစားလိုက်၏။ ပြီးမှ ...

"အချိန်ကြာလည်း ကြာပါစေ၊ မင်းဆက်စုံစမ်းပါ"

"ဟုတ်ကဲ့ ... မဖြစ်နိုင်ပါဘူး"

သူဌေးကြီးလှူပြင်းက ...

"မင်းက အားလျော့တာက အရင်ပါလား"



ဟု မကျေမနပ်နှင့် ပြောလိုက်၏။ တုယန်ကျောင်းက ...

"ကျွန်တော် အားလျော့တာ မဟုတ်ပါဘူး။ ကျွန်တော်က လက်မလျှော့ဘဲ ဆက်စုံစမ်းနေရင် သူခိုးတွေအတွက် ထွက်ပြေးဖို့ အချိန်ပိုရသွားမယ့်အပြင် ရတနာတွေကိုလည်း သိုဝှက်ဖို့ အချိန်ရသွားလိမ့်မယ်၊ ပြီးတော့ သူခိုးဟာ အလွန်ဉာဏ်ကောင်းပြီး အစစအရာရာ ကြိုတင်အကွက်ချထားတာဆိုတော့"

သူဌေးကြီးလှူပြင်းက ...

"သူခိုးက တော်နေရုံနဲ့ ကျူပ်က ထိုင်နေရမှာလား။ ဒီကိစ္စကို ဆက်လုပ်မှ ဖြစ်မှာပေါ့"

"ဒီကိစ္စနဲ့ပတ်သက်ပြီး သူဌေးကြီးကို ကျွန်တော် အကြံတစ်ခုလောက် ပေးချင်ပါတယ်"

"ဘာများလဲ ပြောပါဦး"

တုယန်ကျောင်းက ...

"ဒီကိစ္စကို သက်ဆိုင်ရာအာဏာပိုင်တွေထံမှာ အမှုဖွင့်လိုက်ပါ၊ အာဏာသားတွေက ဒီကိစ္စကို လိုက်ပြီး စုံစမ်းရှာဖွေပေးနိုင်ပါတယ်"

သူဌေးကြီးလှူပြင်းက တွေဝေသွား၏။ အတန်ကြာမှ ခေါင်းကိုအသာခါယမ်းလိုက်ပြီး ...

"မဖြစ်ဘူး"

"သူဌေးကြီး၏ငြင်းပယ်မှုကြောင့် တုယန်ကျောင်းမှာ အံ့အား

www.burmeseclassic.com

www.burmeseclassic.com



သင့်သွားလေသည်။ သူဌေးကြီးလျှပြင်းက ...

"ဒီကိစ္စကို မြို့တော်စန်ထဲ အကြောင်းကြားလိုက်တာနဲ့ ကျုပ်မှာ ငွေကြေးမရှိတော့တာ ဟိုလေးတကြော်ကြော် ဖြစ်သွားမှာ ပေါ့။ ဒီလိုအဖြစ်မျိုး အရောက်မခံနိုင်ဘူး။ ဒီကိစ္စကို လျှို့လျှို့ဝှက်ဝှက် လုပ်ပေးနိုင်မယ့်လူမျိုးကိုပဲ ရှာမှဖြစ်မယ်"

တုယန်ကျောင်းက ခေါင်းတစ်ချက် ကုတ်လိုက်၏။ အတန် ကြာမှ သူက လူတစ်ယောက်အား သတိရသွား၏။

"တုတ်ပြီ သူ့ဆီက အကူအညီတောင်းရမယ်"

ဟု ဝမ်းသာအားရ ရေရွတ်လိုက်၏။

သူဌေးကြီးလျှပြင်းက ...

"ဘယ်သူလဲ"

"အာဏာသား ခေါင်းဆောင် လောက်ချစ်၊ သိမ်းငှက် လောက်ချစ်ဆိုတဲ့လူပါ"

"မဖြစ်ဘူး၊ ကျုပ်က အာဏာသားတွေနဲ့မှ မပတ်သက်ချင် ပဲ သတင်းအပေါက်မခံနိုင်ဘူး"

တုယန်ကျောင်းက ...

"သိမ်းငှက်လေးလောက်ချစ်တာ၊ ခင်ဗျားထင် သလိုမြည်တောက်တဲ့ လူတော်လောက်ပါ၊ အခုထိ သူ မဖြေရှင်းပေးနိုင်တဲ့အမှု တစ်ခုမှ မရှိ ပါဘူး။ ပြီးတော့ သူဟာ အလွန်ဖြောင့်မတ်ပြီး စိတ်ချရတဲ့ လူတစ်ယောက် လည်း ဖြစ်ပါတယ်၊ လူမသိစေချင်တဲ့ကိစ္စဆိုရင် ဘယ်သူ့ကိုမှ အသိ



မပေးပါဘူး"

"သေချာရဲ့လား"

"သေချာပါတယ်၊ သူဟာ သူဌေးကြီးရဲ့ကိစ္စကို ဖြေရှင်းပေး နိုင်မယ့် တစ်ယောက်တည်းသော ပုဂ္ဂိုလ်ပါပဲ"

"ကောင်းပြီလေ၊ ဒါဆိုလည်း သူ့ကို ကျုပ်ဆီ အမြန်ဆုံး ခေါ်လာခဲ့ပါ"

တုယန်ကျောင်းသည် အရိုအသေပြုလိုက်ပြီးနောက် ချက် ချင်းပင် အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

နေ့လယ်ခင်းအချိန်။ အလွန်ပူလှသော နေပူရှိန်ကြောင့် လမ်းမတစ်ခုလုံးလူသွားလူလာ ကင်းရှင်းနေသည်။ ထိုအချိန်တွင် အဝေးမှ ဖုန်လုံးများ တလိပ်လိပ်နှင့် တက်လာသည်ကို တွေ့လိုက်ရ လေသည်။ မကြာမီပင် မြင်းခွာသံများ တဖျောင်းဖျောင်း ထွက်ပေါ် လာပြီး မြင်းစီးသမားတစ်စုကို တွေ့မြင်လိုက်ရလေသည်။

အပူရှိန်ပြင်းလှသော နေရောင်အောက်ဝယ် အမိုးအကာ ဆောင်းစရာ မပါဘဲ ခရီးပြင်း နှင်လာကြခြင်း ဖြစ်သည်။

သေရေးရှင်ရေးတမျှ အရေးကြီးသောကိစ္စမရှိပါက မည်သူမျှ ဤလိုပူလောင်သောနေ့လယ်ခင်းတွင် ခရီးဆက်ကြမည်မဟုတ်ပါ။

www.burmeseclassic.com



'ခွပ် … ခွပ် … ခွပ်'

မြင်းစီးသမားများသည် မြင်းများကို လျှင်မြန်စွာ မောင်းနှင်သွားနေရင်း ချက်လိုင်းများအလည်း လမ်းမတစ်ခုလျှောက်လုံးအား မလွှတ်တမ်း အကဲခတ် သွားကြလေသည်။ မြင်းစီးသမား စုစုပေါင်း နှစ်ဆယ်ခန့်မျှ ရှိသည်။ သူတို့သည် မြို့တွင်းလမ်းအတိုင်း ဒုန်းစိုင်း စီးသွားရာ လမ်းပေါ်တွင် လူရှင်းနေ၍ ခံတားသေးသည်ဟု ဆိုရပေမည်။

ထို့နောက် မြင်းစီးသမားများသည် အိမ်တစ်အိမ်ရှေ့အရောက်တွင် မြင်းကို တုံ့ခနဲ ရပ်တန့်လိုက်ကြသည်။ မြင်းစီးသမားများထဲမှ ခေါင်းဆောင်ဖြစ်သူက …

"ဟေ့ … တစ်ယောက်တံခါးသွားခေါက်စမ်း"

မြင်းစီးသမားတစ်ယောက်က ဖျတ်လတ်စွာပင် မြင်းပေါ်မှ ခုန်ဆင်းပြီး အိမ်တံခါးရှေ့သို့ ပြေးသွားသည်။ ထို့နောက် အိမ်တံခါးအား လေးငါးချက်မျှ ဆက်တိုက်ခေါက်လိုက်လေသည်။

သို့သော် အထဲမှ တုံ့ပြန်မှုမရှိပါ။ မြင်းစီးသမားက တံခါးကို နောက်တစ်ကြိမ် ထပ်မံ၍ ကျယ်လောင်စွာ ခေါက်လိုက်ပြန်သည်။ အထဲမှ တုံ့ပြန်မှုကား နတ္ထိပင်။ မြင်းစီးသမားက ခေါင်းဆောင်ဘက် လှည့်ကာ …

"ခေါင်းဆောင်ကြီးခင်ဗျာ … အိမ်ထဲမှာ လူတစ်ယောက်မှ မရှိဘူး ထင်မှတ်တယ်"



မြင်းစီးသမားခေါင်းဆောင်မှာ အခြားသူမဟုတ်ပါ။ မားနှစ်လက်အာမခံဌာနခေါင်းဆောင် တုကျူးပင် ဖြစ်၏။ တုကျူးနှင့်အတူ ဆရာပဟို၊ ယန့်တာ၊ ငွေတင်ကွမ်းနှင့် စန့်ကျူးယန်တို့ပါ လိုက်ပါလာ၏။

သူတို့သည် ပစ္စည်းပို့ဆောင်ပေးရာ လမ်းကြောင်းအတိုင်း ပြန်လှည့်ကာ သဲလွန်စကို ရှာဖွေနေကြခြင်း ဖြစ်သည်။ လမ်းတစ်လျှောက် နှံ့နှံ့စပ်စပ် ရှာဖွေစစ်ဆေးခဲ့ပြီး ဖြစ်ပေသည်။ သို့သော် သဲလွန်စဟူ၍ တစ်ခုမျှ မတွေ့ရပါ။

နောက်ဆုံး သူတို့ပစ္စည်း စတင်လက်ခံရာမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ သူတို့လူစုသည် သုံးစုခွဲပြီး သဲလွန်စ ရှာဖွေခဲ့ကြခြင်းဖြစ်သည်။ ကျန်နှစ်စုမှာ ဌာနချုပ်သို့ ပြန်ရောက်လောက်ပြီ ဖြစ်သည်။

သူတို့ကမူ ပစ္စည်းစတင်လက်ခံရာ ပွဲစား စိဝမ်ဖေး၏အိမ်သို့ ဆက်၍လာခဲ့ခြင်း ဖြစ်ပေသည်။ သိုင်းလောက ရတနာသုံးမျိုးကို သူဌေးကြီးချူယီဖုံး ဝယ်ယူနိုင်ရန် ပွဲစားစိဝမ်ဖေးက ဆက်သွယ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ပစ္စည်းပို့ဆောင်ရေးအတွက် သူတို့အား စိဝမ်ဖေးက သက်သေဖြစ်သည်။ တုကျူးသည် မြင်းပေါ်မှ ပေါ့ပါးသွက်လက်စွာ ဆင်းလိုက်၏။

"အိမ်ထဲမှာ လူမရှိရင် တံခါးကို အပြင်က သော့ခတ်ထားရမယ်၊ အခု သော့မှ ခတ်မထားဘဲ အထဲမှာ လူတစ်ယောက် ရှိနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဇော့တင်ကွမ်းလည်း မြင်းပေါ်မှ ဆင်းလိုက်၏။

"အထဲမှာ လူရှိနေရင် ဒီလောက် တံခါးခေါက်နေတာ ဘာလို့ လာမဖွင့်ပေးတာလဲ"

"မကြားလို့ ဖြစ်ပါလိမ့်မယ်"

ဇော့တင်ကွမ်းက မဲ့လိုက်၏။

"နားပင်းတဲ့လူတောင် ကြားလောက်ပါတယ်၊ သူတို့ ဖွင့်မပေးရင်လည်း ကျွန်တော်တို့က ဖွင့်ဝင်ရမှာပေါ့"

သူသည် အိမ်တံခါးဝသို့ ခပ်သွက်သွက် လျှောက်သွား၏။ တံခါးရှေ့ရောက်သည်နှင့် တံခါးရက်အား ခြေထောက်နှင့် ကန်ချလိုက်လေသည်။

'ဝုန်း'

တံခါးရွက် ပွင့်ထွက်သွားသည်။ ဇော့တင်ကွမ်းက တုကျူး ဘက်လှည့်ကာ ...

"ဒီလောက်ဆိုရင်တော့ အိမ်ထဲကလူတွေ ကြားလောက်ပြီထင်ပါတယ် ခေါင်းဆောင်ကြီး"

တုကျူးက ဘာမျှပြန်မပြောပါ။ သူသည် ပွင့်သွားသော အိမ်တံခါးဝအထိ လျှောက်လာပြီးမှ အပေါက်ဝတွင် ရပ်တန့်လိုက်၏။

အိမ်အတွင်း၌ ပြတင်းပေါက်များပါ အလုံပိတ်ထားသော ကြောင့် အလင်းရောင်မရှိဘဲ မှောင်မည်းနေ၏။ တုကျူးက အိမ်တွင်းသို့ တစ်ချက်အကဲခတ်ကြည့်လိုက်ပြီးမှ ...



"မိတ်ဆွေ ... ဓားနှစ်လက်အာမခံဌာန ရောက်လာပါတယ်၊ အရေးကြီးတဲ့ကိစ္စရှိလို့ ဝင်ခွင့်ပြုပါ"

အိမ်အတွင်းဘက်မှ တုံ့ပြန်သံထွက်မလာချေ။ တုကျူးက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ကောင်းပြီလေ၊ မိတ်ဆွေ အိမ်ပြင်ထွက်လာဖို့ အခက်အခဲ ရှိနေရင် ကျုပ်ပဲ ဝင်လာပါ့မယ်"

ထို့နောက် မှောင်မည်းနေသော အိမ်အတွင်းသို့ သတိထား ပြီး လှမ်းဝင်လိုက်လေသည်။ တုကျူး၏နောက်မှ ဆုရာဟို၊ ယန့်တ နှင့်ဇော့တင်ကွမ်းတို့ က ထက်ကြပ်မကွာ လိုက်ဝင်ခဲ့ကြလေသည်။

❁

ဧည့်ခန်း။ ကျယ်ဝန်းသော ဧည့်ခန်းဖြစ်၏။ ဧည့်ခန်းတွင်း၌ သူတို့ပစ္စည်းလက်စရယူခဲ့ခြင်း ဖြစ်၏။ ဧည့်ခန်းတွင်းရှိ စားပွဲပေါ်တွင် ပန်းအိုးတစ်လုံး ရှိ၏။

ထိုပန်းအိုးအတွင်း ထိုးစိုက်ထားသောပန်းတို့မှာ ညှိုးနွမ်း ရုံမက ခြောက်သွေ့၍ပင် နေပြီဖြစ်၏။ သူတို့ ဧည့်ခန်းတွင်း ဝင်လာ သည့်အချိန်အထိ အိမ်တွင်းမှ မည်သူတစ်ဦးတစ်ယောက်မျှ ထွက် မလာသေးပါ။ တုကျူးက ဧည့်ခန်းတစ်ခုလုံးအား အကဲခတ်ကြည့် လိုက်ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေက တစ်မျိုးပဲ၊ တစ်ခုခုထူးခြားနေသလိုပဲ၊ ကျုပ်တို့အိမ်ထဲ ဝင်ရှာကြည့်ကြမယ်"

ဟု အသံတိုးတိုးဖြင့် ပြောလိုက်၏။ သူတို့သည် ဧည့်ခန်းတွင်းမှ ထွက်လာခဲ့ကြ၏။ ဧည့်ခန်းတစ်ဖက်တွင် လှေသွားစင်္ကြံလမ်းကလေးတစ်ခု ရှိ၏။ စင်္ကြံလမ်းအဆုံးတွင် အဆောင်တစ်ခုရှိ၏။

တုကျူးက ထိုအဆောင်ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွား၏။ အဆောင်၏တံခါးဝတွင် လူတစ်ယောက် ရှိနေသည်ကို တွေ့လိုက်ရသည်။ ထိုလူသည် တုကျူးတို့လူစု လာနေသည်ကို မလှုပ်မယှက် ရပ်ကာ ကြည့်နေ၏။

သူ၏လက်ထဲတွင် ဓားတစ်လက် အသင့်ကိုင်ထား၏။ ထိုလူအား တွေ့လိုက်ရသောအခါ တုကျူး၏ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားလေသည်။ ဆရာဟိုက တုကျူးအား လေသံဖြင့် သတိပေးလိုက်၏။

"ခေါင်းဆောင်ကြီး ... ဒီလူဟာ ပွဲစားစိဝမ်ဖေးရဲ့ကိုယ်ရံတော်ပဲ၊ သူ့ရဲ့သိုင်းပညာ အတော်ကောင်းတယ်လို့ ကြားတယ်"

တုကျူး ခေါင်းညိတ်လိုက်၏။

"သူ့ရဲ့ကိုယ်ရံတော်ရှိနေတဲ့နောက်တော့ ပွဲစားစိဝမ်ဖေးလည်း ရှိမှာသေချာတယ်"

ယန့်တာက ရှေ့သို့ တစ်လှမ်းတိုးလိုက်၏။ ထို့နောက် လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...



"မိတ်ဆွေ ... ကျုပ်တို့ ဓားနှစ်လက်အာမခံဌာနကပါ။ အရေးကြီးတဲ့ကိစ္စရှိလို့ ခင်ဗျားရဲ့သခင်နဲ့ တွေ့ခွင့်ပြုပါ"

ယန့်တာ၏အသံမှာ ကျယ်လောင်ခြင်းမရှိပါ။ သို့သော် ခြေလှမ်းနှစ်ဆယ်မျှသာ ကွာဝေးသော ထိုလူအနေနှင့် ကောင်းစွာကြားနိုင်ပေသည်။ ပွဲစားစိဝမ်ဖေး၏ ကိုယ်ရံတော်ကား ယန့်တာစကားကို မကြားသည့်အလား ရပ်မြဲရပ်နေ၏။ သူသည် ယန့်တာတို့ဘက်သို့ ကြည့်မြဲကြည့်နေ၏။ ယန့်တာက အံ့သြသွား၏။ သူသည် လက်နှစ်ဖက်ဆုပ်ကာ ...

"မိတ်ဆွေ ... ကျုပ်ပြောတာ ကြားရဲ့လား"

ဟု ထပ်ပြောလိုက်၏။ ထိုလူကား လုံးဝမလှုပ်ရှားပါချေ။ ယန့်တာမှာ ဒေါသထွက်သွား၏။ ထိုလူက သူတို့အား ဂရုမစိုက်သည့်ပုံသဏ္ဌာန် သက်ရောက်နေသည် မဟုတ်ပါလား။ ယန့်တာက ဓားရိုးကို လက်နှင့်ဆုပ်ကိုင်လိုက်ပြီး ...

"ခင်ဗျားက ဘာသဘောလဲဗျ၊ ကျုပ်တို့ကို ..."

သူ့စကားမဆုံးလိုက်ပါ။ တုကျူး၏အသံ ထွက်ပေါ်လာ၏။

"ဒီလူ သေနေပြီဗျ"

တုကျူးက ပြောပြောဆိုဆို ရှေ့သို့ တိုးထွက်သွား၏။ ထို့နောက် တံခါးဝကို မှီရပ်နေသော ထိုကိုယ်ရံတော်ပစ်းအား အသာ တို့လိုက်လေသည်။

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်မှာ ယိမ်းယိုင်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။ အားလုံးမှာ အံ့အားသင့်သွားကြလေသည်။ ယန်တမှာလည်း အံ့သြသွားပြီး ...

"ဒီလူ ဘယ်လိုဖြစ်သွားတာလဲ"

ဟု မေးလိုက်၏။ တုကျူးက ဘာမျှပြန်မပြောပါ။ သူသည် သေဆုံးနေသောကိုယ်ရံတော်၏အလောင်းအား စစ်ဆေးကြည့်ရှု၏။

အတန်ကြာမှ ...

"ဒီလူဟာ သွေးကြောပိတ်ခံရပြီး သေဆုံးသွားတာဗျ"

ဟု ရှင်းပြလိုက်၏။ ဝေတင်ကွမ်း မျက်နှာပျက်သွား၏။

"ကိုယ်ရံတော် သေဆုံးပြီးတဲ့နောက်တော့ ပွဲစား စီဝမ်ဖေးလည်း အသက်ရှင်ဖို့ မလွယ်ဘူး"

သူ၏စကားကြောင့် အားလုံး ထိတ်လန့်သွား၏။ ဆရာဟိုမှာ ချက်ချင်းပင် ကိုယ်ရံတော်၏အလောင်းကို ခွကျော်ကာ အခန်းတံခါးအား တွန်းဖွင့်လိုက်၏။

အခန်းတံခါးမှာ စေ့ရုံစေ့ထားသောကြောင့် အလွယ်တကူပင် ပွင့်သွားလေသည်။ အခန်းတံခါးပွင့်သွားသည်နှင့် အခန်းတွင်းမှ ဆိုးရွားသော အပုပ်နံ့တို့က တိုးထွက်သွားကြလေသည်။ တုကျူးတို့လူစု နှာခေါင်းရှုံ့သွား၏။ အားလုံး အခန်းတွင်း အလျင်အမြန်ဝင်လိုက်၏။ အခန်းတွင်းကြမ်းပြင်ပေါ်တွင် လဲကျနေသော လူသုံးယောက်အား တွေ့လိုက်ရလေသည်။



ပွဲစားစီဝမ်ဖေးနှင့် အိမ်ဖော်နှစ်ယောက်ပင် ဖြစ်၏။ သူတို့သုံးယောက်စလုံး ဓားဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့လိုက်ရလေသည်။ ယန့်တမှာ သက်ပြင်းချလိုက်၏။

သိုင်းလောက၏ရေတာနာပစ္စည်း အတုနှင့်အစစ် လဲလှယ်ခိုးယူသွားသူကာ အလွန်ပင် စေ့စပ်သေချာလှပေသည်။ သူသည် ဟာကွက်၊ မှားကွက် တစ်ခုမျှမကျန်ရလေအောင် ခြေရာလက်ရာ ဖျောက်ပစ်နိုင်ခဲ့၏။

ယန့်တသည် ထိုကိစ္စဖြစ်ပေါ်သည်နှင့် ပွဲစားစီဝမ်ဖေးသည် သူခိုးနှင့် ကြံရာပါဖြစ်နိုင်သည်ဟု တွေးထင်မိ၏။ သို့သော် သူ့ထက် အလွန်နောက်ကျသွားခဲ့ပြီဖြစ်၏။ ပွဲစားစီဝမ်ဖေးတစ်ယောက် နှုတ်ပိတ်ခံရပြီး မဟုတ်ပါလော။

တုကျူးက ...

"အားလုံး အခန်းထဲက ထွက်ကြ"

ဆရာဟိုက နားမလည်ဟန်ဖြင့် မော့ကြည့်လိုက်၏။ တုကျူးက ...

"အားလုံး အထဲမှာလျှောက်နေရင် သဲလွန်စ အထောက်အထားတွေ ပျက်စီးကုန်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဟို၊ ယန့်တနှင့် ဝေတင်ကွမ်းတို့ အခန်းပြင်သို့ ပြန်ထွက်၏။ တုကျူးကလည်း အခန်းထဲမှ ပြန်ထွက်လာ၏။ ဝေ့တင်ကွမ်းက ...

"ခေါင်းဆောင်ကြီး ... ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ"

ဟု မေးလိုက်၏။ တုကျူးက တစ်ချက် စဉ်းစားလိုက်ပြီး

"ဒီကိစ္စဟာ အဆင့်မသင့်ရင် ကျုပ်တို့အပေါ် ဘောင်မှ အမှုပတ်လာနိုင်တယ်"

ဆရာဟိုက ...

"အလောင်းအနေအထားအရ အသတ်ခံရတာ အနည်းဆုံး သုံးရက်ရှိနေပြီ၊ ကျုပ်တို့ ဒီမှာမရှိတာ သက်သေအထောက်အထား နိုင်လုံတာပဲ၊ အမှုပတ်စရာမရှိပါဘူး ခေါင်းဆောင်ကြီး"

တုကျူးက ...

"ဆရာဟိုက ဘယ်လိုလုပ်ချင်လို့လဲ"

ဆရာဟိုက ...

"ဒါ ... လူသတ်မှုပဲ အာဏာသားတွေကို အကြောင်းကြားရမှာပေါ့"

ဝေ့တင်ကွမ်းက ...

"ဟုတ်တယ်၊ ကျုပ်တို့ ဒီကိစ္စကို မသိချင်ဟန်ဆောင်နေလို့ ဘယ်ဖြစ်မလဲ၊ အာဏာသားတွေကို အကြောင်းကြားသင့်ပါတယ်"

တုကျူးက ...



"အခုအချိန်မှာ ကျုပ်တို့ပြဿနာကို အာဏာသားတွေ သိပြီး လူသိရှင်ကြားဖြစ်သွားမှာ ကျုပ်က စိုးရိမ်တယ်ဗျ"

ဆရာဟိုက ...

"ဒီကိစ္စကိုတော့ လျှို့ဝှက်ပေးဖို့ မေတ္တာရပ်ခံရမှာပေါ့၊ အခု ကိစ္စကတော့ အာဏာသားတွေကို အကြောင်းမကြားဘဲ နေလို့တော့ မဖြစ်ဘူးထင်ပါတယ် ခေါင်းဆောင်ကြီး"

တုကျူးက ...

"ကောင်းပြီလေ၊ ဆရာဟိုပဲ ဆက်သွယ်လိုက်ပါ"

ဆရာဟိုမှာ သူ့အား ခေါင်းဆောင်ကြီးက နာမည်အပြည့်အစုံ ခေါ်ပြန်ပြီဟု တွေးမိလိုက်၏။ သူသည် တုကျူးအား မော့ကြည့်လိုက်၏။ တုကျူးမှာ အလွန်စိတ်ဓာတ်ကျနေဟန်ရှိ၏။

ဆရာဟိုက ဘာမျှဆက်မပြောတော့ဘဲ အာဏာသားများ ထံသို့ သွားရောက် အကြောင်းကြားရန် ထွက်သွားလေတော့သည်။

✇

အိမ်တွင်း၌ အလောင်းများ မရှိတော့ပါ။

အာဏာသားအချို့က သယ်ဆောင်သွားကြပြီဖြစ်၏။ အာဏာသားခေါင်းဆောင်က တုကျူးတို့လူစုအား ဌာနချုပ်သို့ ခေါ်ဆောင်သွား၏။ သူတို့လူစုအား တရားခံဟု မသတ်မှတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ယနေ့ နေလယ်မှ မြို့ထဲမှ ပြန်ရောက်လာသည်ကို တွေ့မြင်ရသူ အများအပြားရှိသည် မဟုတ်ပါလား။ နေ့ခင်း နေပူပြင်းပြင်းအောက်ဝယ် အရေးတကြီး ခရီးဆက်လာသော ဟုကျူးတို့လူစုအား ကောင်းစွာမှတ်မိသူအများအပြားရှိခဲ့ရာ ထိုအထဲတွင် သူတို့အာဏာသားအမှုထမ်းအချို့ပင် ပါဝင်နေသေးပေသည်။

ထို့ကြောင့် သူတို့အားခေါ်သည်က မေးမြန်းစရာရှိသော အချက်အလက်များကို မေးမြန်းပြီးနောက် ပြန်လွှတ်လိုက်လေသည်။

❂

'တောက်'

ဆရာဟိုက မကျေမနပ်နှင့် တက်တစ်ချက် ခေါက်လိုက်၏။ သူတို့သည် အချိန်ဆယ်ရက်ခန့် ကုန်ခဲ့ပြီဖြစ်၏။ မည်သည့်သဲလွန်စမျှ ရှာမတွေ့ဘဲ ခြေရာပျောက်ခဲ့သည် မဟုတ်ပါလား။

ဝေ့တင်ကွမ်းမှာလည်း ဆရာဟိုနည်းတူ ခံပြင်းဒေါသထွက်နေ၏။ သူသည် ယန့်တာဘက် လှည့်လိုက်ပြီး ...

"ပွဲစားစီဝမ်ဖေးဟာ သိုင်းလောကရတနာတွေကို ဝယ်ပေးခဲ့တဲ့လူပဲ၊ ဒီပစ္စည်းတွေအကြောင်း ကောင်းကောင်းသိသလို၊ အစစ်နဲ့ အတုလဲလှယ်ဖို့ အခွင့်အရေးရထားတဲ့ လူတစ်ယောက်ပဲ"

ယန့်တာက ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်၊ ဒီကိစ္စမှာ ပွဲစားပွဲစားစီဝမ်ဖေးကိုယ်တိုင် ပါဝင်မှာ သေချာတယ်၊ ဒါကြောင့်လည်း အခုလို နှုတ်ပိတ်ခံရတာ ဖြစ်ရမယ်ဗျ"

ဝေ့တင်ကွမ်းက ...

"မှန်တာပေါ့ဗျာ၊ စီဝမ်ဖေးကို သတ်တဲ့လူဟာ ပစ္စည်းအတုနဲ့အစစ် လဲယူသွားတဲ့လူပဲ ဖြစ်ရမယ်"

ယန့်တာက ...

"အဲဒီလူ ဘယ်သူလဲ"

ဝေ့တင်ကွမ်းက ပခုံးတွန့်လိုက်၏။

"သူ ဘယ်သူဘယ်ဝါဆိုတာ သိရင် ဒီလိုဘယ်နေမလဲ၊ ဒီလူ့နောက် လိုက်ပြီပေါ့"

ဆရာဟိုက ...

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့အားလုံး ဖွဲ့မလျှော့ဘဲ တတ်နိုင်သလောက် ကြိုးစားရမယ်"

ဟုကျူးက ...

"ကျုပ်တို့ ကြိုးစားရင် နှစ်လအတွင်း ပစ္စည်းပြန်ရနိုင်ပါ့မလား၊ အားလုံးပင်ပန်း ..."

ဆရာဟိုက ကြားဖြတ်ပြောလိုက်၏။

"စိတ်ပျက်ပြီး ထိုင်နေရင်တော့ နှစ်လဆိုတဲ့အချိန်ဟာ ဓာလေ့ကုန်သွားပြီး အားလုံးဘဝပျက်မှာပဲ၊ ပင်ပန်းတယ်ဆိုတာ ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ဖျက် သိက္ခာကျရတာထက် အများကြီးတော်ပါသေးတယ် ခေါင်းဆောင်ကြီး”

သူ၏လေသံမှာ အလွန်မာကျောပြတ်သားနေ၏။ တုကျူးက ...

“ကျုပ်အဖွဲ့သားတွေရဲ့ ခွဲဝီရိယကို ကျုပ် ယုံကြည်ပါတယ်၊ ဒါပေမဲ့ တရားခံဟာ ညဏ်သွားလွန်းတဲ့အတွက် ကျုပ် ရှာဖွေရုံနဲ့ လိုလောက်ပါ့မလား။ အကူအညီရယူရင်လည်း ယူရမယ်ဗျ”

ငွေတင်ကွမ်းက ...

“ကျွန်တော်တို့ ခေါင်းဆောင်ကို ပြောပြပါ့မယ်၊ သူကလည်း ကူညီမှာပါ”

တုကျူးက ...

“ကျုပ်က မောက်ကျန်အကြောင်း ကောင်းကောင်းသိပါတယ်၊ သူ့ကို အထင်လည်း မသေးပါဘူး။ ဒါပေမဲ့ ... ဒီကိစ္စကို သူကော ဖြေရှင်းနိုင်ပါ့မလား”

ဟု ပြန်မေးလိုက်၏။ ငွေတင်ကွမ်းမှာ ထိုစကားကြောင့် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားရလေသည်။ တုကျူးက ခေါင်းကို စုံကုတ်လိုက်သည်။

“ဒုက္ခပဲ၊ တို့အခက်အခဲကို ကူညီဖြေရှင်းပေးနိုင်တဲ့လူမှ ရှိပါ့မလား”

ဟု ညည်းတွားလိုက်၏။ အားလုံး ပါးစပ်ပိတ်ထားကြသည်။



အားလုံး၏စိတ်အလျဉ်တွင် မိမိအား မည်သူက ကူညီနိုင်ပါမည်နည်း တွေးတောနေလေသည်။ အတန်ကြာမှ ဆရာဟိုက ...

“ကျွန်တော်တို့ လူတစ်ယောက်ဆီက အကူအညီတောင်းရင် ကောင်းမယ်”

ငွေတင်ကွမ်းက ...

“ဘယ်သူလဲ”

ဆရာဟိုက ...

“သိမ်းငှက်လောက်ချစ်”

ငွေတင်ကွမ်း၏မျက်လုံးများ အရောင်ဝင်းလက်သွားသည်။

“အာဏာသားခေါင်းဆောင် သိမ်းငှက်လောက်ချစ်ကို ပြောတာလား”

ဆရာဟိုက ...

“ဟုတ်တယ်၊ လောကမှာ သိမ်းငှက်လောက်ချစ်ဆိုတာ တစ်ယောက်ပဲ ရှိပါတယ်”

စန့်ကျူးယန်က ...

“ကောင်းတယ်၊ ကျုပ်တို့ သူ့ကို မေ့နေလိုက်တာ၊ သူမှသာ ကျုပ်တို့ အခက်အခဲကို ကူညီနိုင်မှာပဲ”

တုကျူးက ...

“ကျုပ်တို့ ... အာဏာသားတွေနဲ့ ပတ်သက်လို့ ဖြစ်ပါ့မလား”

www.burmeseclassic.com

www.burmeseclassic.com



စန့်ကျူးယန်က ...

"ဖြစ်တယ်၊ သူ့ဘဝတစ်လျှောက်လုံးမှာ မဖြေရှင်းနိုင်တဲ့ အမှု မရှိပါဘူး"

တုကျူးက ...

"ကောင်းပြီလေ၊ ကျုပ်တို့ သူ့ဆီက အကူအညီတောင်းကြတာပေါ့"

ဆရာဟိုက ...

"ကျုပ်တို့ အကူအညီတောင်းတာတော့ ဟုတ်ပါပြီ၊ သူက ကူညီနိုင်ပါ့မလား မသိဘူး"

တုကျူးက မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ"

ဆရာဟိုက ...

"သိမ်းငှက်လောက်ချစ်ဟာ တာဝန်အလွန်များပြားတယ်၊ ဒီတော့ ကျွန်တော်တို့ရဲ့ နည်းပါးတဲ့အချိန်အကွင်း သူက ကူညီနိုင်ပါ့မလား မသိဘူး"

တုကျူးက ...

"ခက်တာပဲ"

ဆရာဟိုက ...

"ဒါပေမဲ့ သူဟာ အလွန်တော်တဲ့ လူတစ်ယောက်ပါ၊ သူ့ဆီက အကူအညီ မရရအောင် တောင်းပါလို့ ခေါင်းဆောင်ကြီးကို ကျုပ်



တိုက်တွန်းပါရစေ"

တုကျူးက ...

"ကျုပ် နားလည်ပါတယ်၊ ဒီကိစ္စဟာ မဖြေရှင်းနိုင်ရင် ကျုပ်တို့ အာမခံဌာန ပြိုကွဲပြီ၊ အဲဒီအခါ မိသားစုအားလုံး ဒုက္ခရောက်ကြမှာပါပဲ၊ ဒီအခက်အခဲကို သူတွေးမိကာနဲ့ ကျုပ်တို့ကိစ္စကို သူက ကူညီနိုင်မှာပါဗျာ"

အဖွဲ့သားအားလုံး၏ ကျဆင်းနေသော စိတ်ဓာတ်များ ပြန်လည်တက်ကြွလာကြလေတော့သည်။ တုကျူးက ...

"ဒါထက် ကျုပ်တို့က သိမ်းငှက်လောက်ချစ်ကို ဘယ်မှာ သွားပြီး တွေ့ရမလဲ"

ဆရာဟိုက ...

"သူ ချန်ကုန်းမြို့ထဲမှာပဲရှိတယ်၊ ဟန်ပြအဖြစ် သူက လုပ်ငန်းခွဲတစ်ခု ဖွင့်ထားတယ်၊ အဲဒီကနေပြီးတော့ ပြဿနာမှန်သမျှ ကူညီဖြေရှင်းပေးနေပါတယ်"

တုကျူးက ...

"ကောင်းပြီလေ၊ ဆရာဟို ကျုပ်တို့ကို သူ့ဆီအရောက်သာ ခေါ်သွားပေတော့"

❂

www.burmeseclassic.com

www.burmeseclassic.com



အခေါက်အအုံတစ်ခု။ နှစ်ထပ်အခေါက်အအုံဖြစ်၏။ ဝင်းတံခါးဝတွင် ကြီးမားသော သိမ်းငှက်တစ်ကောင်ပုံကို ရေးဆွဲထားလေသည်။ ဝင်းတံခါးမှာ ပိတ်ထားသည်။ ဆရာဟိုမှာ ခြံဝင်းတံခါးပိတ်ထားသည်ကို တွေ့သောအခါ စိတ်ဓာတ်ကျသွား၏။ ထိုသို့ ဝင်းတံခါးပိတ်ထားခြင်းသည် ဤနေရာတွင် သိမ်း ငှက်လောက်ချစ် မရှိဟု ဆိုလိုခြင်းပင် မဟုတ်ပါလော။ တုကျူးက ပိတ်ထားသော ဝင်းတံခါးအား တစ်ချက်ကြည့်လိုက်ပြီး ...

"ဝင်းတံခါးပိတ်ထားပါလား။ တန်တော့ သိမ်းငှက်လောက်ချစ် မရှိဘူးနဲ့တူတယ်"

ဆရာဟိုက ...

"ဟုတ်ကဲ့၊ ဝင်းတံခါးပိတ်ထားရင် သိမ်းငှက်လောက်ချစ် မရှိဘူးဆိုတဲ့ သင်္ကေတပဲ"

တုကျူးက ...

"ဒုက္ခပဲ၊ သူမရှိတော့လည်း နောက်မှ ပြန်လာကြတာပေါ့"

ဟု ပြောရင်း ပြန်လှည့်ရန် ဟန်ပြင်လိုက်၏။ ဆရာဟိုက

"ခဏနေပါဦး ခေါင်းဆောင်ကြီး"

ဟု ဟန့်တားလိုက်၏။ တုကျူးက ...

"ဘာလုပ်ဦးမလို့လဲ"

ဆရာဟိုက ...

"သိမ်းငှက်လောက်ချစ် မရှိပေမယ့် သူ့တပည့်နှစ်ယောက်



တော့ ရှိပါလိမ့်မယ်၊ သူတို့ကို အကျိုးအကြောင်း ပြောပြရင် ကောင်းမလားလို့ပါ"

တုကျူးက မျက်မှောင်ကုတ်သွား၏။

"လောက်ချစ်မှာ တပည့်နှစ်ယောက် ရှိတယ်မဟုတ်လား"

ဆရာဟိုက ...

"ဟုတ်ပါတယ်"

တုကျူးက ...

"ဘယ်သူတွေလဲ"

ဆရာဟိုက ...

"သံပေသီး ရှောင်ဟွာခန့်နဲ့ တောင်ဖြူလက်ဝါး လုတုံးယန်တို့ပါ"

"ဟင်"

တုကျူးမှာ အတော်ပင် အံ့အားသင့်သွား၏။ သံပေသီး ရှောင်ဟွာခန့်နဲ့ တောင်ဖြူလက်ဝါး လုတုံးယန်တို့သည် သိုင်းလောကတွင် အတော်ပင် ကျော်ကြားသော သိုင်းသမားနှစ်ယောက်ပင် ဖြစ်ပါသည်။

ထိုသို့ ကျော်ကြားလှသူများပင် သိမ်းငှက်လောက်ချစ်၏ တပည့်များ ဖြစ်နေကြပေသည်။ ထို့ကြောင့် သိမ်းငှက်လောက်ချစ် ကိုယ်တိုင်ဆိုလျှင် အလွန်ထူးချွန်သူတစ်ယောက် ဖြစ်မည်ဟု တုကျူးက တွေးလိုက်မိ၏။ တုကျူးက ဝေ့တင်ကွမ်းတို့ဘက်လှည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကော ဘယ်လိုသဘောရသလဲ"

ဟု မေးလိုက်၏။ ဇော်တင်ကွမ်းက ...

"ဆရာဟိုပေးတဲ့အကြံ သင့်မြတ်ပါတယ်"

ဟု ချက်ချင်း ပြောလိုက်၏။ တုကျူးက ဘာမှဆက်မပြောတော့ပါချေ။ ဆရာဟိုက ဝင်းတံခါးရှေ့ လျှောက်သွားပြီး တံခါးမကြီးမှ ကြေးကွင်းကို လှုပ်ယမ်းလိုက်၏။

'ဂျောက် .. ဂလွောက်'

အသံတစ်ချက် ထွက်ပေါ်လာ၏။ အသံအဆုံးတွင် အဆောက်အအုံအတွင်းမှ လူတစ်ယောက် ထွက်ပေါ်လာပြီး ဝင်းတံခါးအား ဖွင့်ပေးလိုက်၏။ တုကျူးက တံခါးဖွင့်ပေးသူအား ကြည့်လိုက်၏။ အသက်သုံးဆယ်နီးပါးခန့် လူရွယ်တစ်ယောက် ဖြစ်၏။ လူရွယ်၏မျက်နှာပေါ်တွင် ချိုကြည်သောအပြုံးကို တွေ့ရ၏။ လူရွယ်က တုကျူးတို့လူစုအား ကြည့်လိုက်ပြီး ...

"ဘာကိစ္စများ ရှိပါသလဲ ခင်ဗျာ"

တုကျူးက ...

"ဒါဟာ သိမ်းငှက်အကျိုးဆောင်ဌာနပဲ မဟုတ်လား"

လူရွယ်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျုပ်တို့ဟာ သိမ်းငှက်အကျိုးဆောင်ဌာနကပါပဲ ခင်ဗျာ"

တုကျူးက ...



"မိတ်ဆွေရဲ့အမည် သိပါရစေ"

လူရွယ်က ...

"ကျုပ်က ရှောင်ဟွာခန့်ပါ။ တချို့ကတော့ သံပေသီးလို့လည်း ခေါ်ကြပါတယ်"

ဟု ဖော်ရွေစွာ ပြန်ဖြေလိုက်၏။ ဆရာဟိုတို့လူစုမှာ ထိုလူရွယ်သည် နာမည်ကျော် သံပေသီးရှောင်ဟွာခန့်ဖြစ်ကြောင်း သိလိုက်လျှင် ချက်ချင်းပင် လေးစားသောအမူအရာများ မျက်နှာပေါ်တွင် ပေါ်ထွက်လာ၏။ တုကျူးက လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"လက်စသတ်တော့ မိတ်ဆွေက နာမည်ကျော်သံပေသီးရှောင်ဟွာခန့်ကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ဟု ပြောလိုက်၏။ သံပေသီးရှောင်ဟွာခန့်က တုကျူးတို့လူစုအား တစ်ချက်မျှ အကဲခတ်ကြည့်လိုက်ပြီးနောက် ...

"မိတ်ဆွေတို့မှာ အရေးကြီးတဲ့ကိစ္စ ရှိတယ်ထင်တယ်"

ဟု မေးလိုက်၏။ တုကျူးက ...

"ဟုတ်ပါတယ်"

သံပေသီးရှောင်ဟွာခန့်က ...

"ကိစ္စက အတော့်ကို အရေးကြီးသလား"

တုကျူးက ...

"ဟုတ်ကဲ့၊ လူအတော်များများအတွက် သေရေးရှင်ရေးကိစ္စလို့ ပြောလို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သံပေသီးရှောင်ဟွာခန့်၏မျက်နှာ လေးနက်တည်ကြည်သွား၏။ ခဏကြာမှ ...

"သိပ်အရေးကြီးတဲ့ကိစ္စဆိုရင် ကျွန်တော်နဲ့ ဖြစ်မှာမဟုတ်ဘူး။ ဆရာလာမှ တစ်ခေါက်လာကြပါလားဗျာ"

ဆရာဟိုက ...

"သူက ဘယ်သွားသလဲဗျ"

ဟု ဝင်မေးလိုက်၏။ သံပေသီးရှောင်ဟွာခန့်က ...

"ဆရာက သူ ဘယ်သွားမယ်ဆိုတာကို ဘယ်တော့မှ ပြောမသွားဘူး ခင်ဗျာ"

တုကျူးက ...

"ဒုက္ခပဲ၊ ကျုပ်တို့က သူနဲ့အမြန်ဆုံးတွေ့ရမှ ဖြစ်မယ်ဗျ"

သံပေသီးရှောင်ဟွာခန့်က ...

"ကျုပ် အမှန်အတိုင်း ပြောပြတာပါ။ ဒါထက် မိတ်ဆွေတို့က ဘယ်သူများလဲ"

ဟု ပြန်မေးလိုက်၏။ တုကျူးက ...

"ကျုပ်တို့က စားနှစ်လက်အာမခံဌာနကပါ၊ ကျုပ်ရဲ့နာမည်က တုကျူးပါ"

သံပေသီး ရှောင်ဟွာခန့်၏မျက်လုံးများ တောက်ပသွား၏။

"ဪ မိတ်ဆွေက စားနှစ်လက်အာမခံဌာနက တုကျူးကိုး။ တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ ခင်ဗျားဟာ လေးစားကြည်ညိုဖို့ကောင်းတဲ့ လူတစ်ယောက်ပါပဲ၊ ခင်ဗျားရဲ့နာမည်ကို ကြားဖူးနေတာကြာပါပြီ"

တုကျူးက ...

"ဒီလောက်လည်း မဟုတ်ပါဘူးဗျ"

သံပေသီးရှောင်ဟွာခန့်က ...

"ခင်ဗျားရဲ့ပြဿနာဟာ တော်တော်ကြီးမားသလား"

တုကျူးက ...

"ဟုတ်တယ်"

သံပေသီးရှောင်ဟွာခန့်က တစ်ချက်စဉ်းစားလိုက်ပြီးနောက်

"ကဲ ... ဒါဆို အထဲကိုဝင်ကြပါဦး"

ဟု ဖိတ်ခေါ်လိုက်လေတော့သည်။

☮

ဆရာဟိုက အဖြစ်အပျက်များကို အကျဉ်းချုံး၍ ပြန်လည်ပြောပြလိုက်လေသည်။ သံပေသီးရှောင်ဟွာခန့်က ...

"ဒါဟာ အလွန်ရှုပ်ထွေးတဲ့ အနေအထားပါ။ ဒီကိစ္စကို ဆရာမှပဲ ဖြေရှင်းပေးနိုင်မယ် ထင်တယ်"

ဟု ပြောလိုက်၏။ ဆရာဟိုက ...

"ဟုတ်ကဲ့၊ ဒါကြောင့်လည်း ကျုပ်တို့ ဒီကိုထွက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

သံပေသီးရှောင်ဟွာခန့်က ...

"ခင်ဗျားတို့ ဘယ်လိုခံစားနေရမယ်ဆိုတာ ကျုပ် ကိုယ်ချင်းစာမိပါတယ်၊ ဒါကြောင့် ... ဆရာပြန်လာရင် ခင်ဗျားတို့ကိစ္စကို အရင်ဆုံးဖြေရှင်းပေးလို့ ကျုပ် တိုက်တွန်းပေးပါ့မယ်ဗျာ"

ဟု နှစ်သိမ့်လိုက်၏။ ဆရာဟိုက ...

"ခက်တာက ကျုပ်တို့မှာ အချိန်မရှိဘူး"

သံပေသီးရှောင်ဟွာခန့်က ...

"ဘာဖြစ်လို့လဲ"

ဆရာဟိုက ...

"ကျုပ်တို့က ပစ္စည်းအစစ် ပြန်ရှာပေးဖို့ နှစ်လပဲ အချိန်ရထားလို့ပါ"

သူဌေးကြီး ချူယီဖုံးက သူတို့အား နှစ်လတာမျှသာ ရှာဖွေရန် အချိန်ပေးခဲ့ကြောင်းနှင့် ယခုပင် ဆယ်ရက်ခန့် အချိန်ကုန်သွားခဲ့ပြီးဖြစ်ကြောင်းတို့ကို ပြောပြလိုက်လေသည်။

ဝေ့တင်ကွမ်းက ...

"ကျုပ်တို့အတွက် အချိန်ဟာ ရက်ငါးဆယ်ပဲ ရှိပါတော့တယ်၊ ဒီတော့ သိမ်းငှက်လောက်ချစ် ဘယ်မှာရှိတယ်ဆိုတာ ပြောပြနိုင်ရင် ပြောပြပါလား၊ ကျုပ်တို့ သူ့ကိုလိုက်ရှာပြီး အကူအညီတောင်းချင်လို့ပါ"



ဟု တောင်းပန်လိုက်လေသည်။ သံပေသီရှောင်ဟွာခန့်မှာ တွေဝေသွား၏။ အတန်ကြာမှ ...

"အင်း ဓားနှစ်လက်အာမခံဌာနတစ်ခုလုံးရဲ့အရေးဆိုတော့ ကျုပ် ပြောပြပါ့မယ်၊ ဆရာအပြစ်တင်ရင်လည်း တင်ပါစေတော့ဗျာ"

ဆရာဟိုတို့မှာ ဝမ်းသာသွား၏။ ဝေ့တင်ကွမ်းက ...

"ပြောပါဗျာ၊ သိမ်းငှက်လောက်ချစ် ဘယ်မှာရှိသလဲ"

သံပေသီရှောင်ဟွာခန့်က ...

"ဆရာ ... ရွှေကျားရဲ့တိုက်မှာ ရှိပါလိမ့်မယ်"

ဟု ပြောလိုက်လေတော့သည်။ ဆရာဟိုတို့လူစုမှာ သိမ်းငှက်လောက်ချစ်ရှိသောနေရာကို သိသောအခါ အလွန်ဝမ်းသာသွားသည်။ ဝေ့တင်ကွမ်းက သံပေသီရှောင်ဟွာခန့်အား အထပ်ထပ်အခါခါ ဦးညွှတ်လိုက်ပြီး ...

"ခင်ဗျားရဲ့ကူညီမှုကို ကျေးဇူးတင်ပါတယ်၊ ဘယ်တော့မှ မမေ့နိုင်မှာမဟုတ်ပါဘူးဗျာ"

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။ တုကျူးက ...

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

ဆရာဟိုက ...

"ရွှေကျားရဲ့တိုက်ကို ဆက်လိုက်ကြရုံပေါ့ ခေါင်းဆောင်ကြီး"

တုကျူးက ...

"ကောင်းပြီလေ၊ အားလုံး ရွှေကျားရဲ့တိုက်ကို ခရီးဆက်စို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ပေးလိုက်လေတော့သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ အာမခံဌာန ပစ္စည်း ပျောက်ဆုံးသွားသည်မှာ တစ်ဆယ့်ငါးရက်တိတိ ရှိပြီဖြစ်သည်။

ဓားနှစ်လက်အာမခံဌာန တာဝန်ယူပို့ဆောင်ပေးသော ပစ္စည်းများ ပျောက်ဆုံးသွားသော သတင်းသည် မည်သည့်နေရာမှ မည်သို့ပေါက်ကြားသွားသည်မသိပါ။ ထိုသတင်းသည် သိုင်းလောကအတွင်းသို့ ပျံ့နှံ့သွားလေသည်။

အဆောက်အအုံတစ်ခု။ အဆောက်အအုံရှေ့တွင် အပြာရောင်အလံတစ်လက် စိုက်ထူထားသည်။ ထိုအပြာရောင် အလံပေါ်ဝယ် နဂါးတစ်ကောင်ပုံကို ရွှေချည်ဖြင့် ရက်၍ ဖော်ထားပေသည်။ ထိုအလံကိုမြင်သည်နှင့် ရွှေနဂါးအာမခံဌာန၏အလံဖြစ်ကြောင်း သိသာပေသည်။

ရွှေနဂါးအာမခံဌာနအတွင်း ဝင်သူထွက်သူများဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြလေသည်။ ထိုအခိုက် မြင်းခွာသံက ဆူညံစွာ



ထွက်ပေါ်လာသည်။ မကြာမီ မြင်းလှည်းတစ်စီးသည် လျှင်မြန်သော အရှိန်အဟုန် ဖြင့် ရွှေနဂါးအာမခံဌာနရှေ့သို့ ရောက်ရှိလာ၏။

'ကျွီ'

မြင်းလှည်းမှာ ရွှေနဂါးအာမခံဌာနရှေ့သို့ရောက်မှ တုံ့ခနဲ ရပ်တန့်သွား၏။ မြင်းလှည်းဘီး အရှိန်မသေခင်မှာပင် မြင်းလှည်းပေါ်မှ လူတစ်ယောက် လွှားခနဲ ခုန်ဆင်းလာလေသည်။ ထိုလူမှာ အသက်ငါးဆယ်ကျော်ခန့် ရှိ၏။ အနက်ရောင် ပိုးထည်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခါးတွင် ဓားတစ်လက် ချိန်တွဲထားလေသည်။

ထိုလူသည် မြေပေါ်ခြေကျသည်နှင့် မပြေးရုံတမယ် ခြေကို အမြန်လှမ်းကာ ရွှေနဂါးအာမခံဌာနအတွင်းသို့ လှမ်းဝင်လာသည်။ ရွှေနဂါးအာမခံဌာနအစောင့်များသည် ထိုလူအား တွေ့သောအခါ ချက်ချင်းအရိုအသေ ပြုလိုက်ကြသည်။

ထို့နောက် အစောင့်တစ်ဦးက ထိုလူအား ဦးဆောင်ကာ အတွင်းဘက်အခန်းသို့ ခေါ်ဆောင်သွားလေသည်။

"ကျားနက်ခေါင်းဆောင်ကြီး ရောက်ရှိလာပါတယ်"

အစောင့်များ၏ သတင်းပို့သံက သီးသန့်ခန်းအတွင်းသို့ ဖျံ့လွင့်လာသည်။ ရွှေနဂါးအာမခံဌာနခေါင်းဆောင် ပေ့ဟွားမှာ

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် အခန်းထဲမှထွက်ကာ ဆီးကြိုးလိုက်၏။ မောက်ကျနိကက အခန်းတွင်းရောက်သည်နှင့် ...

"ပေ့ဟွား ... ခင်ဗျား ကြာပြီးပြီ မဟုတ်လား"

ဟု မေးလိုက်သည်။ ပေ့ဟွားက ...

"ဟုတ်ကဲ့ ... ဒီသတင်း အမှန်ပဲလားဆိုတာ စစ်ဆေးနေပါတယ်"

မောက်ကျနိကက ...

"စစ်ဆေးမနေနဲ့တော့၊ ကျုပ်တပည့် ငေ့တင်ကွမ်းဆီက သတင်းရပြီးပြီ၊ ဒီကိစ္စဟာ အမှန်ပဲ"

ပေ့ဟွား၏မျက်နှာ ဖြူလျော်သွားသည်။ တားနစ်လက်အာမခံဌာနနည်းတူ သူတို့ အာမခံဌာနလည်း ထိခိုက်တော့မည် မဟုတ်ပါလား။ ပေ့ဟွားက ဘယ်လိုလုပ်ကြမလဲ။

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

ဟု မေးလိုက်၏။ မောက်ကျနိကက ...

"တားနစ်လက်အာမခံဌာန ပျက်စီးရင် ကျုပ်တို့လည်း အနည်းနဲ့အများဆိုသလို ထိခိုက်မှာပဲ"

ပေ့ဟွားက ...

"ဟုတ်တယ်၊ ကျုပ်တို့လည်း တာဝန်မကင်းပါဘူး"

မောက်ကျနိကက ...

"မှန်တယ်၊ ဒီတော့ ကျုပ်တို့ သူတို့နောက်လိုက်သွားမှ ဖြစ်မယ်ဗျ"



ပေ့ဟွားက ...

"တားနစ်လက်အာမခံဌာနမှာ သူတို့ ခုထက်ထိ ပြန်မရောက်သေးဘူး၊ ဘယ်ရောက်နေမှန်းလည်း မသိဘူးဗျ"

မောက်ကျနိကက ...

"သူတို့ သိမ်းငှက်လောက်ချစ်နောက်ကို လိုက်သွားတယ်ဗျ"

ပေ့ဟွားက မျက်မှောင်ကုတ်သွားသည်။

"သိမ်းငှက်လောက်ချစ်က ဘယ်သွားလို့လဲ"

မောက်ကျနိကက ...

"ရွှေကျားရဲတိုက်"

ပေ့ဟွားက ...

"ဒါဆို"

မောက်ကျနိကက ...

"ဒါဆို လုပ်မနေနဲ့၊ သူတို့ထက် အရင်ရောက်အောင် ကြိုသွားကြမယ်"

ပေ့ဟွားက ...

"ကောင်းပြီ"

သူသည် ချက်ချင်းပင် ခရီးထွက်ရန် ပြင်ဆင်လိုက်လေတော့သည်။

❀

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လျှော်မှာ ချန်ကုန်းမြို့တွင် နေထိုင်ရင်း သိုင်းလောကအကြောင်းများကို လေ့လာနေ၏။ သူသည် ယခုရက်ပိုင်းအတွင်း ကြားနေရသောသတင်းများကို အတော်ပင် စိတ်ဝင်စားနေ၏။

ဓားနှစ်လက်အာမခံဌာနမှ သယ်ယူပို့ဆောင်ပေးသော ပစ္စည်း ပျောက်ဆုံးသည့်သတင်း၊ သူဌေးကြီးလျှိုပင်း၏ ရွှေငွေရတနာများ ပျောက်ဆုံးသည့် သတင်း။

သူခိုးသည် အလွန်ဉာဏ်ကောင်းသူတစ်ယောက် ဖြစ်မည်ဟု ဝမ်လျှောက တွေးမိ၏။ သူသည် အားလပ်သည့်အချိန်အတွင်း ထိုကိစ္စများကို ကြိုး စားဖြေရှင်းရန် စိတ်ကူးမိသည်။

သိုင်းလောကသားတစ်ယောက်သည် အများအကျိုးဆောင်ရွက်ရန် တာဝန်ရှိသည်ဟု သူက ခံယူထားသည် မဟုတ်လား။

'ဒေါက် ... ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာမှပင် ဝမ်လျှောမှာ အတွေးစများ ပြတ်တောက်သွားလေသည်။ ဝမ်လျှောက ချက်ချင်းပင် တံခါးဖွင့်ပေးလိုက်သည်။ ကုန်သည်ဂူက အခန်းတွင်းသို့ ဝင်လာ၏။

"ညီလေး ... ပျင်းနေပြီလား"

ဝမ်လျှောက ပြုံးလိုက်ပြီး ...

"အတော်ပဲ၊ ကျွန်တော်တောင်မှ အစ်ကိုကြီးဆီကို အလည်လာတော့မလို့"



ကုန်သည်ဂူက ...

"ဘာကိစ္စရှိလို့လဲ"

ဝမ်လျှောက ...

"ကျွန်တော် ချန်ကုန်းမှာ နေထိုင်တဲ့ရက်အတွင်း အစ်ကိုကြီးရဲ့ ဧည့်ဝတ်ကျေမှုကို ကျေးဇူးတင်ကြောင်း ပြောမလို့ပါ"

ကုန်သည်ဂူက မျက်မှောင်ကုတ်သွား၏။

"ညီလေးက သွားတော့မလို့လား"

ဝမ်လျှောက ...

"ဟုတ်ကဲ့၊ သိုင်းလောကထဲကို ဝင်ပြီးတော့ ကိုယ်တိုင်လှုပ်ရှားကြည့်မလို့ပါ"

ကုန်သည်ဂူက ...

"ညီလေးက အခုတစ်လော သောင်းကျန်းနေတဲ့ သူခိုးကို စိတ်ဝင်စားနေတယ်ထင်တယ်"

ဝမ်လျှောက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ဒီသူခိုးဟာ ကြိုတင်အကွက်ချပြီးမှ ဝိဝိရိရိစီစဉ်ခဲ့တာပဲ၊ သူခိုးဟာ တစ်ယောက်တည်း မဖြစ်နိုင်ဘူး၊ အုပ်စုရှိရမယ်"

ကုန်သည်ဂူက ...

"ညီလေး ဘယ်ကစပြီး စုံစမ်းမှာလဲ"

ဟု ရုတ်တရက် မေးလိုက်၏။ ဝမ်လျှောမှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ သူသည် ထိုကိစ္စအား စိတ်ဝင်စားခဲ့သော တတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သမျှ စုံ စမ်းမည်ဟု စိတ်ကူးထားသော်လည်း မည်သည့်နေရာက စတင်စုံစမ်းရမည်ကို မသိပါ။ ဓားနှစ်လက်အာမခံဌာနမှ ယန္တတနှင့် သူ မိတ်ဆွေဖြစ်ခဲ့သည်။ ဝမ်လွေက ...

"ဓားနှစ်လက်အာမခံဌာန လောလောဆယ် ပိတ်ထားတယ်၊ ယန္တာလည်း သူတို့ခေါင်းဆောင်နဲ့ အတူပါသွားတယ်"

ဝမ်လွေမှာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေသည်။ ကုန်သည်ဝူက ...

"တစ်ခုတော့ရှိတယ်၊ အဲဒီကိုသွားရင်တော့ သိုင်းလောကသား စုံမယ်၊ ညီလေး စုံစမ်းလို့ ရချင်လည်း ရမယ်"

ဝမ်လွေက မျက်မှောင်ကုတ်သွားသည်။

"ဘယ်လိုလဲ"

ကုန်သည်ဝူက ...

"ညီလေး အော့ဝါးဆိုတဲ့အမည် ကြားဖူးသလား"

"သိပ်ကြားဖူးတာပေါ့၊ ကျွန်တော် အလွန်လေးစားတဲ့ သိုင်းသမားကြီးတစ်ယောက်ပဲ"

ကုန်သည်ဝူက ...

"အော့ဝါးဟာ ရွှေကျားရဲတိုက်တည်ထောင်ပြီး နေထိုင်ခဲ့တယ်၊ အခု သူက သိုင်းလောကသားတွေကို ဧည့်ခံပွဲကျင်းပဖို့ ဖိတ်ကြားထားခဲ့တယ်၊ အဲဒီကို ညီလေးသွားရင် သတင်းလေ ဘာလေးလည်း ရနိုင်မယ်"



ဝမ်လွေက ...

"ကျွန်တော် သွားချင်လိုက်တာ၊ ဒါပေမဲ့ ဖိတ်စာမပါဘဲ သွားလို့ရပါ့မလား"

ကုန်သည်ဝူက ...

"ညီလေး သွားချင်တယ်ဆိုရင် ကျုပ်က ဖိတ်စာရအောင် ဖန်တီးပေးပါ့မယ်"

ဝမ်လွေမှာ အလွန်ဝမ်းသာသွား၏။

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီး"

ကုန်သည်ဝူက ...

"ကျုပ်တို့ကြားမှာ ကျေးဇူးဆိုတာ မလိုအပ်တဲ့ အရာပဲ၊ ညီလေးက ကြိုးစားပြီးတော့ ဒီကိစ္စကို စုံစမ်းပါ၊ ဓားနှစ်လက်အာမခံဌာန မပြိုကွဲအောင်သာ ကူညီပေးလိုက်ပါဗျာ"

ဝမ်လွေက ...

"စိတ်ချ အစ်ကိုကြီး၊ ကျွန်တော် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပါ့မယ်"

ကုန်သည်ဝူက ...

"ဒါဆို မနက်ခရီးထွက်ဖို့သာပြင်ထား၊ ကနေ့ဖိတ်စာရဖို့ အစ်ကိုကြီး ကြိုးစားလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားရဲတိုက်ပိုင်ရှင်။ ရွှေကျားရဲတိုက်မှာ ဟိုပေနယ်ထဲတွင် တည်ရှိသည်။ ဟိုပေနယ် ဟိုကျင်းမြို့၏တောင်ဘက် မိုင်နှစ်ဆယ်အကွာ တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည်။

ရွှေကျားရဲတိုက်ကြောင့် ဟိုကျင်းမြို့ကလေး နာမည်ကျော်လာခြင်းဟုဆိုလျှင် မှားမည်မထင်ပါ။ ရွှေကျားရဲတိုက်ပိုင်ရှင် အော့ဝါးသည် အလွန်ကျော်ကြားသူ တစ်ယောက်ဖြစ်သည်မဟုတ်ပါလား။ ထို့ကြောင့် အော့ဝါးကို အကြောင်းပြုကာ ဟိုကျင်းမြို့သည်လည်း ကျော်ကြားလာရခြင်းဖြစ်သည်။

အော့ဝါး။ သိုင်းလောကတွင် အော့ဝါးအား မသိသူ အလွန်နည်းပါးပေလိမ့်မည်။ အော့ဝါးအား မမြင်ဖူးလျှင်သာ ရှိမည်။ အော့ဝါး၏အမည်အား မကြားဖူးသူ ရှိမည်မထင်ပါ။ အော့ဝါးသည် သိုင်းပညာထူးချွန်၏။ အော့ဝါး ကျော်ကြားလူသိများခြင်းမှာ သူ၏ သိုင်းပညာထူး ချွန်မှုတစ်ခုတည်းကြောင့် မဟုတ်ပါ။ အော့ဝါးသည် ဆက်ဆံရေးအလွန်ကောင်း၏။ စိတ်ထား ရိုးသားဖြူစင်၏။

သူသည် သိုင်းလောကတွင် ကျင်လည်ခဲ့သည့် နှစ်သုံးဆယ်အတွင်း၌ မည်သူ့ကိုမျှ သတ်ဖြတ်ခြင်းမပြုခဲ့ပါ။ နှစ်သုံးဆယ်အတွင်း



တိုက်ပွဲပေါင်းများစွာကို ဆင်နွှဲခဲ့ရလေသည်။ သူသည် မည်မျှဆိုးသွမ်းသော ရန်သူဖြစ်ပါစေ သုတ်သင်သည်အထိ အပြစ်မပေးပါ။

သူ တတ်နိုင်သမျှဆုံးမပြီး ဒုစရိုက်လုပ်ငန်း စွန့်လွှတ်ပြီးလူ့ လူကောင်းဖြစ်လာအောင် စည်းရုံးတတ်၏။ အော့ဝါး၏သနားကြင်နာညှာတာမှုကြောင့် ဒုစရိုက်သမားဘဝမှ လူကောင်းဖြစ်လာသူ အရေအတွက်မှာ မနည်းလှပါ။

သူ၏စွမ်းဆောင်မှုကြောင့် သိုင်းလောကသားများ သူ့ကို အလွန်ပင် လေးစားကြည်ညိုကြပေသည်။ သိုင်းလောက၏အထင်ကရဂိုဏ်းကြီးများဖြစ်သည့် ရှောင်လင်၊ ဝူတန်း စသော ဂိုဏ်းများမှ ဂိုဏ်းချုပ်များပင် အော့ဝါးအား လေးစားစွာ ဆက်ဆံကြသည်။

အော့ဝါးအား လေးစားကြည်ညိုသော သိုင်းသမားများထဲတွင် သိန်းငှက်လောက်ချစ်လည်း တစ်ယောက်အပါအဝင်ဖြစ်၏။

ထို့ကြောင့် အော့ဝါးထံမှ ညှော်ခံပွဲသို့တက်ရောက်ရန် ဖိတ်စာ ရောက်ရှိလာသောအခါ သူက ချက်ချင်းပင် ရွှေကျားရဲတိုက်သို့ ရောက်ရှိလာသည်။

နေဝင်ဆည်းဆာအချိန်။ ကောင်းကင်တစ်ခုလုံးတွင် ပန်းနုဆီရောင် သန်း၍နေလေသည်။ တိမ်တောက်ချိန်တွင် ဝေဝေဆာဆာ ပွင့်ဖူးနေသော ချယ်ရီပင်များကြောင့် တောင်ကုန်းတစ်ခုလုံး အလွန်ပင် လှပနေလေတော့သည်။ တောင်ခြေမှ တောင်ပေါ်တက်ရန် ကျောက်လှေကားထစ်များ ပြုလုပ်ထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်မှာ ပေသုံးထောင်နီးပါးမျှ မြင့်လေသောကြောင့် ကျောက်လှေကားထစ်မှာ မျက်စိတဆုံး ရှည်လျားလှသည် ထင်ရပေသည်။ တောင်ခြေတွင် အဆောင်တစ်ခုရှိပြီး ရွှေကျားရဲတိုက်မှ အမှုထမ်းများက ဧည့်သည်များအား တောင်ခြေတွင် ခေတ္တအနားယူပြီးမှ တောင်ပေါ်သို့ တက်စေ၏။

ကျောက်လှေကားတစ်လျှောက်တွင်မူ အပေါ်သို့ တက်သွားနေသောဧည့်သည်များကို ဟိုတစ်စု၊ ဒီတစ်စုနှင့် တွေ့နေရသည်။ တောင်ခြေအဆောက်အအုံအနီး ကွက်လပ်တွင် မြင်းလှည်းများ၊ မြင်းများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပေးထားသည်ကိုလည်း တွေ့နေရသည်။

ထိုမြင်းစီးသမားတစ်စုက တောင်ခြေအနီးသို့ ရောက်ရှိလာသည်။ တုကျုံးတို့လူစုပင် ဖြစ်သည်။ ဆရာဟိုမှာ တောင်ခြေအနီးရောက်မှ သတိရပြီး ...

"ဟာ ... ဒုက္ခပဲ"

ဟု အလန့်တကြား ရေရွတ်လိုက်၏။ တုကျုံးက ...

"ဆရာဟိုကျင်း ဘာဖြစ်လို့လဲ"

ဆရာဟိုက ...

"ကျုပ်တို့က သိမ်းငှက်လောက်ချစ်ကို တွေ့ချင်ဇောနဲ့ ထွက်လာတော့ ရွှေကျားရဲတိုက်ရှင်အတွက် ဘာလက်ဆောင်မှ မပါဘူးဗျ"

တုကျုံးက နဖူးကို လက်ဝါးနှင့် အသာရိုက်လိုက်ပြီး ...



"ဟုတ်ပါရဲ့ဗျာ၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

ဆရာဟိုက ပခုံးတွန့်လိုက်၏။

"အခုမှတော့ ဘာမှမတတ်နိုင်တော့ဘူး၊ မျက်နှာပူပူနဲ့ပဲ တက်ရတော့မှာပေါ့"

သူတို့လူစုက ဧည့်ကြိုစခန်းသို့ရောက်သောအခါ မည်သည့်လက်ဆောင်မျှ မပါသော်လည်း ကြိုဆိုရေးတာဝန်ခံများကမူ ပျူငှာစွာပင် ကြိုဆိုကြသဖြင့် စိတ်သက်သာရာ ရသွားကြလေသည်။ သူတို့တွင် ဖိတ်စာလည်း မပါ။ သို့သော် ဓားနှစ်လက်အာမခံဌာနဟု သိသည်နှင့် ဧည့်ခံပွဲတက်ရောက်ခွင့်ပြုပေသည်။

ဧည့်ကြိုစခန်းရောက်သည်နှင့် နေရာထိုင်ခင်းနှင့်စားသောက်ဖွယ်ရာများကို လိုလေသေးမရှိအောင် စီမံပေး၏။ အော့ဝါးသည် အလွန်မှ သန့်ပြန့်မှုကို ကြိုက်သူဖြစ်ရာ ဧည့်ကြိုများကလည်း သန့်ရှင်းမှုကို အထူးဂရုစိုက်၏။

တုကျုံးတို့လူစုမှာ ခရီးကို မနားတမ်း ဆက်ခဲ့သူများဖြစ်၍ ပေရေညစ်ပတ်နေ၏။ ထို့အပြင် ဆာလောင်မွတ်သိပ်၍လည်း နေကြ၏။

ဧည့်ကြိုစခန်းရောက်လျှင် သူတို့က ခေတ္တအနားယူ အမောဖြေပြီး ရေချိုးကာ ကိုယ်လက်သန့်စင်လိုက်၏။ တဖန် ချကျွေးသော အစားအသောက်များကို အားပါးတရ စားသောက်ကြ၏။ ပြီးမှ တောင်ပေါ်တက်ရန် ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ညှေ့်ကြီးတစ်ယောက် တုကျူးတို့လူစုအား လာနှုတ်ဆက်ရင်း ...

“မကြာခင် ကျားနက်အာမခံဌာနခေါင်းဆောင်နဲ့ ရွှေနဂါးအာမခံဌာနခေါင်းဆောင်တို့ ရောက်လာမယ်လို့ သတင်းရတယ်၊ ခင်ဗျားတို့ အပေါ်ကျရင် တွေ့မှာပါ”

ဟု သတင်းပေးလိုက်၏။ အားလုံးမှာ ထိုသတင်းကြောင့် ဝမ်းသာသွား၏။ သူတို့သည် အတော်ပင် အားတက်သွားကြပြီး တောင်ပေါ်သို့ တက်လာခဲ့ကြသည်။

❂

တောင်ထိပ်သည် မြေပြန့်တစ်ခုနှယ် ကျယ်ဝန်းလှ၏။

တောင်ကလပ်ပုံဖြစ်သောကြောင့် ဤမျှကျယ်ဝန်းနေခြင်းဖြစ်သည်။ ရွှေကျားရဲတိုက်မှာ ကြီးကျယ်ခမ်းနားလှပေသည်။ ရွှေကျားရဲတိုက်တစ်ခုလုံးအား မီးများ လင်းထိန်နေအောင် ထွန်းညှိထား၏။

ရွှေကျားရဲတိုက်နှင့် မနီးမဝေးတွင် ယာယီတဲတန်းများဆောက်လုပ်ထားပြီး ညှေ့်သည်များအား နေရာချထားပေးလေသည်။ တုကျူးတို့လူစု တောင်ပေါ်ရောက်သောအခါ မိုးချုပ်နေပြီဖြစ်သည့်အတွက် ညှေ့်သည်များ နားနေဆောင်သို့သာ ဝင်လာခဲ့ကြ၏။



တဲတန်းရှည်အတွင်း အခန်းများဖွဲ့ကာ ငါးယောက်တစ်ခန်းနှုန်းဖြင့် တည်းခိုရပေသည်။ တုကျူးတို့လူစုအတွက်မူ ဆယ်ယောက်တစ်ခန်းပေးလျှင် ညည်းတွားမည်မဟုတ်ပါ။

နေရေးထိုင်ရေးထက် သူတို့၏ကိစ္စသာ အမြဲရှေ့တန်းရောက်နေသည် မဟုတ်ပါလော။ သူတို့အခန်းတွင်းဝင်၍ မကြာမီပင် မောက်ကျန်နှင့်မေ့ဟွားတို့က တုကျူးထံ ရောက်ရှိလာသည်။

သူတို့နှစ်ယောက်အား တွေ့လျှင် အားလုံးက ဝမ်းသာသွားကြတော့သည်။ တုကျူးက ...

“ခင်ဗျားတို့က ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲဗျ”

ဟု ဝမ်းသာသောလေသံနှင့် မေးလိုက်၏။ မောက်ကျန်က

“ခင်ဗျားနောက်ကို လိုက်လာရင်းနဲ့ ရောက်လာတာပါဗျာ”

တုကျူးက ...

“ဒါ ... ဒါဆိုရင် ခင်ဗျားက ကျုပ်တို့ အဖြစ်အပျက်တွေကို သိနေပြီပေါ့”

မောက်ကျန်က သက်ပြင်းတစ်ချက်ချရင်း ခေါင်းညိတ်၏။

“ဟုတ်တယ်”

တုကျူးက ...

“အမှန်တော့ ဒီကိစ္စဟာ ...”

မောက်ကျန်က လက်ကာပြလိုက်ပြီး ...

“နေဦး”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဟန့်တားလိုက်၏။ ပြီးမှ ဝေ့တင်ကွမ်းဘက်လှည့်ကာ

"ဝေ့တင်ကွမ်း ... အပြင်တစ်ချက်ကြည့်စမ်း"

ဟု အမိန့်ပေးလိုက်၏။ ဝေ့တင်ကွမ်းက ချက်ချင်းပင် အခန်းဝထွက်ကာ လူရိပ်လူ ခြည် အကဲခတ်ကြည့်လိုက်၏။ ချောင်းမြောင်းနားထောင်သူ မရှိမှန်း သေချာမှ အချက်ပြလိုက်၏။ မောက်ကျန်က ...

"ကဲ ... ပြောစရာရှိတာ ပြောနိုင်ပြီ"

တုကျူးက အဖြစ်အပျက်ကို အစအဆုံး အသေးစိတ် ပြောပြလိုက်လေသည်။ မောက်ကျန်နှင့်မေ့ဟွားတို့က ဂရုတစိုက် နားထောင်၏။ ထို့နောက် ဒုတိယအကြိမ် ထပ်ပြောခိုင်း၏။ တုကျူးကလည်း မဆိုင်းမတွပင် ထပ်ပြောပြ၏။

မောက်ကျန်နှင့်မေ့ဟွားတို့က ပြန်နားထောင်ရင် ခရီးစဉ်တစ်လျှောက် အားနည်းချက် ဟာကွက်များကို ရှာဖွေကြည့်၏။ သို့သော် ခရီးစဉ်တစ်လျှောက် သူတို့၏အစီအစဉ်များက သေချာ၏။ မည်သည့်ပျော့ကွက်၊ ဟာကွက်မျှမရှိပါ။ တုကျူးက ... ·

"အတော်ကို ဦးနှောက်ခြောက်စေတဲ့ အဖြစ်အပျက်ပဲ၊ ပန္နည်းတွေ ဘယ်နေရာမှာ အလဲခံရတယ်ဆိုတာကို ကျုပ်တော့ စဉ်းစားလို့ကို မရခဲ့ဘူး"

ဟု ပြောလိုက်၏။ မောက်ကျန်က ...

"အင်း ... ဟုတ်တယ်ဗျ၊ ခရီးစဉ်တစ်လျှောက် လုံခြုံရေး



အစီအမံကလည်း အလွန်ကောင်းမွန်လှတယ်၊ ဟာကွက်မရှိခဲ့ပါဘူး"

မေ့ဟွားက ...

"ကျုပ် စဉ်းစားကြည့်တဲ့အခါမှာ မသင်္ကာစရာကောင်းတဲ့ အချက်တစ်ချက် တွေ့မိတယ်"

ဟု ဝင်ပြောလိုက်၏။ အားလုံး စိတ်ဝင်စားသွား၏။ တုကျူးက ...

"ဘယ်လို မသင်္ကာစရာကောင်းတဲ့ အချက်လဲဗျ"

ဟု အလျင်အမြန် မေးလိုက်၏။ မေ့ဟွားက ...

"ကျုပ်မေးခွန်းတွေဖြေရင် ဒီအချက်ပေါ်လာမှာပဲ"

တုကျူးက ...

"မေးချင်တာမေးပါ"

မေ့ဟွားက ...

"ပန္နည်းတွေ သေတ္တာထဲ ထည့်တဲ့အချိန်မှာ ကျုပ်တို့က အပြင်မှာရှိတယ်"

"သူတို့က ခင်ဗျားရှေ့မှာပဲ ထည့်တာလား"

တုကျူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ ပန္နည်းတွေကို ကျုပ်ရှေ့မှာပဲ သူဌေးကြီးချူယီဖုံးက သေတ္တာထဲ ထည့်တာပါ"

မေ့ဟွားက ...

"အိမ်အပြင်ဘက်မှာ ဘာလှုပ်ရှားမှုမှမရှိတာ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး သိတယ်”

တုကျူးက …

“အဲဒီတော့”

ပေ့ဟွားက …

“သေတ္တာထဲ ပစ္စည်းထည့်ပြီးတော့ ခင်ဗျား သေတ္တာနားက ခွာလာတဲ့အချိန် ရှိသလား”

ဟု မေးလိုက်ပြန်၏။ တုကျူးက တစ်ချက်စဉ်းစားလိုက်ပြီး

“သေတ္တာကိုယူဆောင်ဖို့ ခင်ဗျားတို့ကို မြင်းလှည်းအသင့်ပြင်ဖို့ ထွက်ပြောတဲ့အချိန် ခွာခဲ့ပါတယ်”

ပေ့ဟွားက …

“အဲဒီအချိန်မှာ ပစ္စည်းတွေကို လဲလှယ်တာကော မဖြစ်နိုင်ဘူးလား”

တုကျူးက ခေါင်းခါယမ်းလိုက်၏။

“မဖြစ်နိုင်ဘူး”

ပေ့ဟွားက …

“ဘာဖြစ်လို့လဲ”

တုကျူးက …

“ကျွန်တော် ခင်ဗျားတို့ကို ထွက်ပြောတဲ့အချိန်ဟာ အလွန်တိုတောင်းလှပါတယ်၊ ဒီအချိန်လေးမှာ သူတို့က ပစ္စည်းအတုနဲ့ အစစ် လဲလှယ်ဖို့ အချိန်မရပါဘူး”



ပေ့ဟွားက …

“ခြေတစ်လှမ်းစာနဲ့ လဲလှယ်လို့ရတယ်နော်”

တုကျူးက …

“သေတ္တာဖွင့်ထားရင်တော့ ခင်ဗျားပြောတာ ဖြစ်နိုင်တယ်”

ပေ့ဟွားက …

“သေတ္တာပိတ်ထားလို့လား”

“ဟုတ်ကဲ့၊ ပစ္စည်းတွေကို သေတ္တာထဲ ထည့်လိုက်ပြီးတာနဲ့ အားလုံးရှေ့မှာပဲ သေတ္တာကိုပိတ်ပြီး သော့ခတ်လိုက်တယ်၊ သော့ခလောက်သုံးခုနဲ့ ခတ်တာပါ။ သော့မှာ တစ်ခါ အမှတ်အသားပြုထားတော့ ဖွင့်ဖို့မလွယ်ပါဘူး၊ ကျွန်တော် ထွက်တဲ့အချိန်မှာ သော့ရှိတဲ့လူတောင်မှ သော့ခလောက် သုံးခုစလုံးဖွင့်နိုင်မှာ မဟုတ်သေးပါဘူး”

ဟု ပြောလိုက်၏။ ပေ့ဟွားက မျက်မှောင်ကုတ်သွား၏။ ခဏနေမှ …

“နေဦးဗျ၊ တကယ်လို့ သေတ္တာလဲရင်ကော”

တုကျူးက နားမလည်သလို ဖြစ်သွားပြီး …

“ခင်ဗျား ဘာကိုဆိုလိုတာလဲ”

ပေ့ဟွားက …

“ပစ္စည်းအတု ထည့်ထားတဲ့သေတ္တာနဲ့ အစစ်ထည့်ထားတဲ့ သေတ္တာကို လဲလှယ်ယူမယ်ဆိုရင်တော့ ဒီအချိန်ဟာ လုံလောက်ပါတယ်လေ”

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ခေါင်းညိတ်လိုက်၏။ သေတ္တာချင်းလဲလှယ်ခြင်းက အချိန်ကြာရန် မလိုပါ။ သော့ဖွင့်စရာလည်း မလိုပါ။ မျက်စိတစ်မှိတ်အတွင်း ကောင်းစွာလဲလှယ်ယူနိုင်ပေသည်။ မောက်ကျန်က

"ဟုတ်တယ်၊ သေတ္တာချင်း လဲလိုက်ရင်တော့ တစ်ခဏအတွင်း လဲလို့ရတယ်ဗျ"

တုကျုံး ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

မောက်ကျန်က ...

"ဘာဖြစ်လို့လဲ၊ ဒီလိုလဲလှယ်မယ်လို့ ခင်ဗျား မထင်ထားလို့လား"

"မဟုတ်ပါဘူး၊ မလဲနိုင်တဲ့အကြောင်း ရှိတယ်"

"သေတ္တာချင်းသာ လဲယူခဲ့ရင် ပစ္စည်းအားလုံး အတုတွေပဲဖြစ်ရမယ်၊ အခုတော့ ... အစစ်တစ်ခုနဲ့ အတုနှစ်ခု ဖြစ်နေတယ်ဗျ"

ပေ့ပှားက ဘာဆက်မေးရမှန်းမသိ ဖြစ်သွား၏။ တုကျုံးပြောသည်မှာ မှန်၏။ သေတ္တာချင်းလဲမည်ဆိုလျှင် ပစ္စည်းအားလုံး အတုများသာ ဖြစ်နေရပေမည်။ ယခုမူ ပစ္စည်းအတုနှင့် အစစ် ရောထွေးနေ၏။ သေတ္တာချင်း လဲလှယ်မှုကား မည်သို့မျှ အဖြစ်နိုင်တော့ပါ။ ပေ့ပှား သက်ပြင်းချလိုက်၏။

"အင်း ... ဒါဆိုရင်တော့ ကျုပ် သံသယဝင်တဲ့အချက်ဟာ မဖြစ်နိုင်တော့ပါဘူး"



"ဒါကြောင့် ဘယ်လိုမှ အဖြေမရှာနိုင်ဘဲ ကျုပ် ခေါင်းခြောက်နေတာပေါ့"

အားလုံး အတန်ကြာအောင် ငြိမ်ကျသွား၏။ သူခိုးက မည်သို့မည်ပုံ အတုနှင့်အစစ် လဲလှယ်သွားသည်ကိုမူ သူတို့ မည်သို့မျှ စဉ်းစားမရခဲ့ပါချေ။ အတန်ကြာမှ မောက်ကျန်က ...

"အခု ... ခင်ဗျား ဒီကိုလာတာက ..."

တုကျုံးက ...

"ကျုပ်အဖွဲ့သားတွေက ဒီကိစ္စကို သိမ်းငှက်လောက်ချစ်ထံမှာ အကူအညီတောင်းချင်တယ်ဆိုလို့ ဒီကိုရောက်လာတာပါ၊ ကျုပ်စိတ်ထဲမှာတော့ သိမ်းငှက်လောက်ချစ်လည်း ကျုပ်တို့ကို ကူညီနိုင်မယ်လို့ မယုံကြည်ဘူး၊ ရက်ငါးဆယ်အတွင်း သူက ဘယ်လိုဖြေရှင်းနိုင်မှာလဲ"

ဟု စိတ်ပျက် အားလျော့သံနှင့် ပြောလိုက်၏။ ပေ့ပှားက

"အကူအညီ တောင်းကြည့်တာတော့ မမှားပါဘူးဗျာ၊ သိမ်းငှက်လောက်ချစ်ဟာ တကယ်တော်တဲ့ လူတစ်ယောက်ပဲ"

မောက်ကျန်က ...

"ကျုပ်တို့အားလုံး ဒီကိစ္စကို အဖြေရှာနိုင်တဲ့ အစွမ်းအစမရှိတာတော့ သေချာတယ်၊ ကဲ ... အားလုံး အပြင်ထွက်ကြစို့"

တုကျုံးက ...

"အပြင်ထွက်ပြီး ဘာလုပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မောက်ကျုန်က ...

"အပြင်ထွက်မှ လူစုံတွေ့မယ်၊ သတင်းစုံ ကြားရမယ်၊ ကျုပ်တို့အတွက် အကျိုးရှိနိုင်မှာပေါ့"

စကားဆုံးလျှင် ထိုင်ရာမှ ထလိုက်လေသည်။ မေ့ဟွား၊ တုကျူးနှင့် ဆရာယိုတို့ လူစုကလည်း ထရပ်လိုက်ကြ၏။ ထို့နောက် သူတို့အားလုံး ညွှံခန်းဆောင်ဘက်သို့ ထွက်လာခဲ့ကြတော့သည်။

❂

ညွှံခန်းဆောင်။ ညွှံခန်းဆောင်မှာ ကျယ်ဝန်းလှ၏။ ညွှံခန်းဆောင်အတွင်း ညွှံသည်အတော်များများ ရှိနေ၏။ ညွှံသည်များသည် ကိုယ့်အစုနှင့်ကိုယ် ဝိုင်းဖွဲ့ကာ စကားလက်ဆုံကျနေကြလေသည်။ တုကျူးတို့လူစုမှာ ညွှံဆောင်အတွင်းသို့ ရောက်ရှိလာကြ၏။

သူတို့သည် ညွှံသည်များအား တစ်ချက် အကဲခတ်ကြည့်လိုက်ပြီးနောက် ညွှံခန်းဆောင်အတွင်း လွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြ၏။

ယန့်တာမှာ ညွှံခန်းဆောင်အတွင်း အဝင်တွင် ညွှံခန်းဆောင်အတွင်းမှ ထွက်သွားသော လူငယ်တစ်ယောက်အား လှမ်းမြင်မိ၏။



"ဝမ်လေ့နဲ့ တူလိုက်တာ"

သူက လှမ်းခေါ် ရန်ပြင်ပြီးမှ ဝမ်လေ့ ဤနေရာသို့ ရောက်လာစရာအကြောင်းမရှိဟု တွေးလိုက်ပြီး မခေါ်တော့ပါ။

သူသည် တုကျူးနှင့်အနီးဆုံးစားပွဲတွင် ဆရာယိုနှင့်အတူတူ ဝင်ထိုင်နေလိုက်လေသည်။ တုကျူးတို့လူစုက ညွှံခန်းဆောင်တွင် ဝင်ရောက်နေရာယူပြီး မကြာမီပင် ညွှံခန်းဆောင်အနီးသို့ လူရွယ်နှစ်ယောက် ဝင်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရွယ်နှစ်ယောက်သည် အရပ်အလွန်ရှည်သဖြင့် ဓိန်သည်ဟု ထင်ရလေသည်။ လူရွယ်နှစ်ယောက်လုံး အစင်းကျားများပါသော ဝတ်စုံဆင်တူ ဝတ်ဆင်ထားကြပေသည်။

သူတို့၏အသားအရေမှာ မည်းသည်ဟု ဆိုရပေမည်။ မျက်လုံးပြူးလှပြီး နှာခေါင်းကောက်ကာ အတော်ပင် အကျည်းတန်သော လူရွယ်နှစ်ယောက်ပင် ဖြစ်ပါသည်။

ထိုလူရွယ်နှစ်ယောက်သည် ညွှံဆောင်အတွင်းသို့ ခြေသံပြင်းပြင်းနင်းကာ ဝင်လာကြလေသည်။ ထို့နောက် လွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်ကာ နေလိုက်ကြလေသည်။ မေ့ဟွားက

"ဟေ့ တုကျူး အဲဒီနှစ်ယောက်ကို သိတယ်မဟုတ်လား"

ဟု လှမ်းမေးလိုက်၏။ တုကျူးက ခေါင်းညိတ်လိုက်၏။

"သိပါတယ်"

မောက်ကျုန်က ...

www.burmeseclassic.com

www.burmeseclassic.com



"သွေးယက္ခနှစ်ဖော်ကို မြင်တာနဲ့ လူတိုင်း မှတ်မိကြပါတယ်ဗျာ"

ဟု ဝင်ပြောလိုက်၏။

"ဘယ်သိနိုင်မှာလဲ"

ပေ့ဟွားက သက်ပြင်းချလိုက်သည်။ သူသည် ဓားယက္ခနှစ်ဖော်ကို တွေ့ရသောအခါ အလိုလိုပင် ရင်ထဲ၌ လေးလံနေသလို ခံစားလိုက်ရလေသည်။ အကြောင်းမှာ သွေးယက္ခနှစ်ဖော်အား သိုင်းလောကတွင် မသိသူ အတော်နည်းပါးသည်။

သွေးယက္ခတို့သည် ကျော်ကြားသော သိုင်းသမားများ ဖြစ်ကြသည်။ ကောင်းသောကျော်ကြားခြင်းကား မဟုတ်ပါ။ အလွန်ရက်စက်ကြမ်းကြုတ်ဆိုးသွမ်းသော အနက်ရောင်သိုင်းသမားများအဖြစ် ကျော်ကြားခြင်း ဖြစ်ပါသည်။

သွေးယက္ခနှစ်ယောက်သည် သူတို့၏ထက်မြက်သော သိုင်းပညာအားကိုးဖြင့် သိုင်းလောကတွင် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြသည်။ ခိုင်လုံသော အကြောင်းအချက်မရှိဘဲ တွေ့သမျှ လူများအား အနိုင်ကျင့်ချင် ကျင့်တတ်သည်။ တစ်ခါတစ်ရံ အသက်ကိုပင် သတ်ဖြတ်တတ်ပေသည်။

ဤမျှဆိုးသွမ်းသော အနက်ရောင်သိုင်းသမားအား ဤနေရာတွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ပေ့ဟွား၏ရင်ထဲ၌ လေးလံသွားခြင်း ဖြစ်ပေသည်။



သွေးယက္ခနှစ်ဖော်သည် ဤနေရာသို့ မည်သည့်အတွက်ကြောင့် ရောက်ရှိလာပါသနည်း။ ပေ့ဟွားမှာ အဖြေမရှိသော မေးခွန်း၏အဖြေကို တွေးတောနေမိသည်။

ထိုစဉ် ဧည့်ခန်းဆောင်အတွင်းမှ လူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် သူက အဝင်ဝဘက်သို့ မသိမသာကြည့်လိုက်၏။ ဧည့်ဆောင်အတွင်းသို့ လူတစ်ယောက် ဝင်လာသည်။ ထိုလူသည် အသက်ငါးဆယ်ကျော်ခန့်ရှိသည်။ သူ၏နောက်တွင် လူရွယ်တစ်ယောက်လည်း ကပ်ပါလာလေသည်။

ထိုလူအား တွေ့သောအခါ ဧည့်ခန်းဆောင်တာဝန်ခံသည် ချက်ချင်း ထွက်လာပြီး အရိုအသေပြုကာ ကြိုဆိုလိုက်သည်။

ဤအချင်းအရာကို ကြည့်ခြင်းအားဖြင့် ထိုလူသည် ရွှေကျားရဲတိုက်ရှင်နှင့် ခင်မင်ရင်းနှီးသော သို့မဟုတ် လေးစားရသော လူတစ်ယောက်ဖြစ်ကြောင်း သိသာနေသည်။ ပေ့ဟွားမှာ ထိုလူအား မသိမသာ အကဲခတ်လိုက်သည်။

ထိုလူ၏မျက်နှာသည် အဖြူးအရယ် ကင်းမဲ့သည်။ မျက်လုံးများက စူးရှအေးစက်လွန်းသည်။ သိုင်းပညာ အလွန်အဆင့်မြင့်သူ တစ်ယောက်ဖြစ်နိုင်သည်ဟု တွက်ဆမိလိုက်သည်။

ထိုစဉ် ဧည့်ကြိုတာဝန်ခံ၏စကားသံကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးမြေဂိုဏ်းချုပ်ကို ကြိုဆိုပါတယ်"

သူသည် မိုးမြေဂိုဏ်းချုပ်အား ရိုသေစွာ ဂါရဝပြုလိုက်၏။ ပြီးမှ ...

"ဂိုဏ်းချုပ် အထဲကိုကြွပါခင်ဗျာ၊ ဧည့်သည်များအတွက် နေရာမလုံလောက်လို့ အခန်းတစ်ခန်းမှာ နေရာချထားပေးပါရစေ"

ဟု ပြောလိုက်၏။ မိုးမြေဂိုဏ်းချုပ် သူ၏နောက်ပါးမှ ကပ်ပါလာသော လူရွယ်အား လှည့်ပင်မကြည့်ဘဲ ခေါင်းညိတ်လိုက်သည်။ ဧည့်ကြိုတာဝန်ခံ ချက်ချင်းပင် နေရာထိုင်ခင်းပေးရန် ခေါ်ဆောင်သွားလေသည်။ မေ့ဟွားက ...

"တကျူး ... ဒီလူ ဘယ်သူလဲသိသလား"

ဟု လေသံနှင့် မေးလိုက်၏။ တကျူးက ...

"သိတယ်၊ ခင်ဗျားကော သိသလား"

မေ့ဟွားက ခေါင်းညိတ်လိုက်ပြီး ...

"သိပါတယ်၊ သူဟာ အနက်ရောင် သိုင်းလောကမှာ နာမည်ကြီးတဲ့ မိုးမြေဂိုဏ်းချုပ်ပဲ၊ သူ့ရဲ့သိုင်းပညာဟာ အတော်မြင့်မားတယ်၊ ရွှေကျားရဲ့တိုက်ရှင် အော့ဝါးနဲ့ အဆင့်တူလောက် ရှိမယ်လို့ အားလုံးခန့်မှန်းထားပါတယ်"

တကျူးက ...

"ညီလေးက အတော်သိထားတာပဲ"

ထိုစဉ် ဧည့်ခန်းဆောင်၏အပြင်ဘက်မှ ကျယ်လောင်သော



အသံ ထွက်ပေါ်လာလေသည်။

"ခွန်လွန်ဂိုဏ်းချုပ် ရောက်ရှိလာပါတယ်"

ထိုစကား ကြားလိုက်ရလျှင် မေ့ဟွား၊ တကျူးနှင့် မောက်ကျန်တို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေသည်။ အကြောင်းမှာ ခွန်လွန်ဂိုဏ်းချုပ်နှင့် မိုးမြေဂိုဏ်းချုပ်တို့သည် မဟာရန်သူများ မဟုတ်ပါလော။

သိုင်းလောကတွင် သူတို့နှစ်ဦး၏ရန်ငြိုးကား ကြီးမားလှကြောင်း လူတိုင်းလိုလို သိထားကြလေသည်။ မေ့ဟွားက ...

"ဒီတစ်ခါ ရွှေကျားရဲ့တိုက်ကို လူစုံတက်စုံ ရောက်လာကြတယ်ဗျ၊ အခြေအနေအရ ပွဲကြီးပွဲကောင်းတွေ တွေ့ကြုံရနိုင်တယ်"

ဟု မှတ်ချက် ချလိုက်၏။ ထိုစဉ် အပြင်ဘက်မှ ဧည့်သည်ကြိုဆိုရေး တာဝန်ခံများက ရောက်ရှိလာသော သိုင်းသမားများ၏ အမည်ကို ထုတ်ဖော်ကာ သတင်းပို့နေသည် မဟုတ်ပါလား။ ဤသို့ဖြင့် ရောက်ရှိလာသော သိုင်းသမားများအား ဂုဏ်ပြုလိုက်သည့် သဘောပင် ဖြစ်သည်။

"တကျူးက သိုင်းသမား တို့စံ"

"ကျန်လေက သိုင်းသမား ရှန်ဝေ"

"ချန်ကုန်းက သိုင်းသမား လိပ်ပြာကျူး"

"ချန်ကုန်းက သိမ်းငှက်လောက်ချစ်"

အစရှိသည့် အမည်ကြေညာသံများက တစ်ခုပြီးတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာလေသည်။ ညှော်ခန်းဆောင်းအတွင်းသို့လည်း လူအများ တစ်ယောက်ပြီးတစ်ယောက် ၀င်လာကြသည်။

သိမ်းငှက်လောက်ချစ် ရောက်ရှိလာသည်ဟူသော အသံ ကြားရသောအခါ မေ့ဟွားတို့လူစုမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ လေသည်။ မောက်ကျန်က ...

"ဟော့ ... သိမ်းငှက်လောက်ချစ် ရောက်လာပြီတဲ့"

မေ့ဟွားက ...

"ဟုတ်တယ်၊ ကျုပ်တို့ ချက်ချင်းသွားပြီး တွေ့ဆုံကြရင် ကောင်းမယ်ထင်တယ်"

တုကျူးက ...

"သိပ်မလောကြပါနဲ့ဗျာ၊ အခြေအနေကြည့်ပြီးမှ လှုပ်ရှား တာ ပိုကောင်းမယ်၊ တစ်ရက်နဲ့တော့ ဘာမှထူးခြားလာမှာ မဟုတ် ပါဘူး"

မေ့ဟွား ပါးစပ်ပိတ်သွားသည်။ ထိုစဉ် ဧည့်သည်များကြား မှ အသက်ဆယ့်ရှစ်နှစ်ခန့်ရှိသော မိန်းကလေးတစ်ယောက် ၀င်လာ သည်ကို တွေ့လိုက်ရလေသည်။ ထိုမိန်းကလေးမှာ အတော်ပင် ချော မော၏။ ကိုယ်ကျပ်အင်္ကျီကို ၀တ်ဆင်ထားသဖြင့် ထိုမိန်းကလေး၏ လှပအချိုးကျသော ခန္ဓာကိုယ်အလှက ပေါ်လွင်နေ၏။

ဆရာဟိုမှာ ထိုမိန်းကလေးအား တွေ့သောအခါ အံ့အား သင့်သွားလေသည်။



"ခေါင်းဆောင်ကြီး ... တုလင်းလင်း လိုက်လာတယ်"

ဟု ကမန်းကတန်း ပြောလိုက်၏။ တုကျူးက မျက်နှာပျက် သွားပြီး ...

"ဒုက္ခပဲ၊ သူ ဒီကို ဘာလာလုပ်တာပါလိမ့်"

ဟု ရေရွတ်လိုက်သည်။ သူ၏အသံကြောင့် အားလုံးက တုလင်းလင်းဆိုသော မိန်းကလေးအား လှမ်းကြည့်လိုက်ကြလေ သည်။

တုလင်းလင်းမှာ ဧည့်ခန်းဆောင်အတွင်း ဟိုကြည့် ဒီကြည့် နှင့် ၀င်လာလေသည်။ မကြာမီ သူမသည် တုကျူးတို့လူစုအား တွေ့မြင်သွားလေသည်။ သူ၏မျက်နှာ ၀င်းလက်သွားသည်။

ချက်ချင်းပင် တုကျူးတို့ စားပွဲသို့ ရောက်ရှိလာသည်။

"ဖေဖေက ဒီမှာကိုး၊ ကျွန်မ လိုက်ရှာနေရတာ နေရာနှံ့နေ တာပဲ"

ဟု ပြောလိုက်ပြီး တုကျူးအနီးတွင် ၀င်ရောက်ထိုင်လိုက် လေသည်။ တုလင်းလင်းသည် တုကျူး၏တစ်ဦးတည်းသော သမီးပင် ဖြစ်သည်။ သူမသည် ဖခင်၏သိုင်းပညာကို အမွေရရှိထား သည်။

သူမသည် အမျိုးသမီး သိုင်းအကျော်အမော်များကို အလွန် အားကျသူတစ်ယောက် ဖြစ်၏။ သူမက သိုင်းလောကအတွင်း ၀င်ချင်သော်လည်း တုကျူးက တားမြစ်ခဲ့၍ ယခုထိ မ၀င်ခဲ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



တုကျူးအနေနှင့် သမီးဖြစ်သူ၏သိုင်းပညာကို စိတ်မချသေးပါ။ သူမ၏သိုင်းပညာသည် မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသော်လည်း အဆင့်မြင့်မားခြင်းကား မရှိပါချေ။ တုလင်းလင်းက သူ့အား ငေးကြည့်နေသော ဖခင်တုကျူးအား ပြုံးပြလိုက်ပြီး ...

"မေမေစန့်မှန်းတာ သိပ်မှန်တာပဲ"

တုကျူးက မျက်မှောင်ကုတ်သွားပြီး ...

"ဘာဖြစ်လို့လဲ"

တုလင်းလင်းက ...

"ပြန်ရောက်ချိန်တန်လို့ ဖေဖေ ရောက်မလာတော့ ရွှေကျားရဲ့တိုင်ရှင်ရဲ့ညှို့ခံပွဲကို ဆက်သွားနေတာဖြစ်ရမယ်လို့ ပြောတယ်"

"အိမ်မှာ ဘာဖြစ်နေသလဲ"

စိုးရိမ်မကင်းသောအသံနှင့် တုကျူးက မေးလိုက်သည်။ တုလင်းလင်းက ခေါင်းခါလိုက်သည်။

"ဘာမှမဖြစ်ပါဘူး"

"သမီးမေမေက တွေ့ချင်နေလို့လား"

တုလင်းလင်း ခေါင်းခါလိုက်၏။ တုကျူးက စိတ်မရှည်သံနှင့်

"ဒါဆို သမီးက ဘာကြောင့် ဖေဖေ့ကို လိုက်ရှာနေရတာလဲ"

"မေမေက စာတစ်စောင်ပေးခိုင်းလိုက်လို့ပါ"



တုကျူးမှာ အံ့သြသွားလေသည်။

"စာပေးခိုင်းတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်မှာလဲစာ"

တုလင်းလင်းက စာတစ်စောင်အား တုကျူးထံသို့ ကမ်းပေးလိုက်လေသည်။ တုကျူးက စာကို ဖွင့်ဖတ်လိုက်သည်။ စာဖတ်ပြီးသည်နှင့် မျက်နှာ ကွက်ခနဲပျက်သွားသည်။ အခြေအနေကိုစောင့်ကြည့်နေသော ပေ့ဟွားတို့လူစုမှာ မျက်နှာပျက်သွားသည်ကို ကောင်းစွာတွေ့လိုက်ရလေသည်။ တုကျူးက ...

"ဒါထက် ... သမီး ဘယ်မှာတည်းမှာလဲ"

ဟု မေးလိုက်၏။ တုလင်းလင်းက ...

"မမရိုပေစုစန်က သူ့ဆီလာနေဖို့ ခေါ်ထားပါတယ်"

ရိုပေစုစန်သည် သိုင်းလောကတွင် နာမည်ကျော်ကြားသော အမျိုးသမီး သိုင်းလောကသားတစ်ယောက် ဖြစ်သည်။ သူမသည် ငိုမိငိုဏ်းမှ ဌာနခွဲမှူးအဆင့်ရှိသူတစ်ယောက်ဖြစ်၍ သိုင်းလောကသားများက လေးစားကြရပေသည်။

"သူက သမီးကို တကယ်ခေါ်တာလား"

"တကယ်ပေါ့ ဖေဖေရဲ့"

"အင်း ရိုပေစုစန်နဲ့ဆိုရင်တော့ သမီးအတွက် စိတ်ပူစရာမရှိတော့ပါဘူး။ သမီးမမရဲ့စကားကို နားထောင်ပါ။ ကဲ သမီးသွားတော့"

www.burmeseclassic.com

www.burmeseclassic.com



တုလင်းလင်းသည် ဖခင်သာမက ပေ့ဟွားတို့လူစုကိုပါ နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားလေသည်။

☮

တုကျူး မျက်နှာပျက်နေ၏။ သူသည် အဝေးသို့ငေးမော ရင်း တွေးနေပုံရ၏။ ပေ့ဟွားမှာ တုကျူးအားကြည့်ရင်း မေးသင့် မမေးသင့် ချိန်ဆနေသည်။ အတန်ကြာမှ ...

"တုကျူး"

ယခုမှ တုကျူး သက်ဝင်လာပြီး ပေ့ဟွားဘက် လှည့်ကာ

"ဘာများလဲဗျ"

"ခင်ဗျားကို တူမလေး တုလင်းလင်းပေးသွားတာ ဘာစာ များလဲ"

တုကျူးက သက်ပြင်းချလိုက်သည်။ ထို့နောက် ဘာမှ မပြောမနေဘဲ စာရွက်ကလေးအား ပေ့ဟွားထံသို့ ကမ်းပေးလိုက်လေ သည်။ ပေ့ဟွားက စာရွက်ကိုဖြန့်ကာ ဖတ်ကြည့်လိုက်၏။

စာမှာ တို၏။ ရှင်းလင်းပြတ်သားလှ၏။ ပေးသူအမည် မပါဝင်ပါ။ ထို့အတူ မည်သူ့ထံဟူလည်း မပါပါချေ။

*"ကျုပ်အိမ်အနောက်ဘက်မှာ သေတ္တာရှိတယ်၊ အလျား နှစ်ပေခွဲ အနံတစ်ပေ၊ နှစ်လပိုင်း ဆယ့်ငါးရက်နေ့ထဲကပဲ"*



ပေ့ဟွားက ...

"တုကျူး ... မင်းတို့ သယ်ဆောင်သွားတဲ့ သေတ္တာတွေနဲ့ ပုံစံချင်း ..."

"ဟုတ်တယ်၊ ကျုပ်သယ်သွားတဲ့ သေတ္တာတွေနဲ့ ရှယ်တူပါ ပဲ"

မောက်ကျန်က ...

"ဒီစာ ဘယ်သူရေးတာလဲ"

တုကျူးက ပခုံးတွန့်လိုက်၏။

"ကျုပ်လည်း ဘယ်သိမှာလဲ"

မောက်ကျန်က ...

"ကိစ္စက တဖြည်းဖြည်း ရှုပ်ထွေးသထက် ရှုပ်ထွေးလာပြီ"

"ဟုတ်တယ်၊ ကျုပ်လည်း မဖြေရှင်းနိုင်မယ့်အတူတူ သေ သာ သေလိုက်ချင်တော့တယ်"

ပေ့ဟွားက နှစ်သိမ့်လိုက်၏။

"စိတ်မလျှော့ပါနဲ့ဗျာ၊ သိမ်းငှက်လောက်ချစ်ကို မရ ရအောင် အကူအညီတောင်းရမှာပေါ့"

မောက်ကျန်က ...

"သိမ်းငှက်လောက်ချစ်က အခုလိုကိစ္စမျိုး သိခြင်းအဝ်ရင် ဆောင်ရွက်ခကြေးငွေ ယူတတ်တယ်နော်"

"ဘယ်လောက်တောင်းတောင်း ပေးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



တုကျူးက ...

"သူက ကူညီပါ့မလားဗျာ"

ပေ့ဟွားက ...

"ကူညီမယ် မကူညီဘူးဆိုတာ အသာထားဦး၊ သူ့ကို အရင်ဆုံး တွေ့ခွင့်ရအောင် ကြိုးစားရမယ်၊ ဒီလောက် လူများနေတာ သူ့ကို တွေ့ဖို့တောင်မှ လွယ်မယ်မထင်ဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ"

ပေ့ဟွားက မောက်ကျန်ဘက် လှည့်ကြည့်လိုက်၏။

မောက်ကျန်က ...

"မပူပါနဲ့၊ ဒီကိစ္စ ကျုပ်တာဝန်ထားပါ၊ ကျုပ်ပဲ သူ့ကို မရရအောင် သွားတွေ့ပါ့မယ်"

"ကျေးဇူးပါပဲဗျာ"

မောက်ကျန်သည် သူတာဝန်ယူသည့်ကိစ္စဆိုလျှင် မဖြစ်မနေ ရအောင်ဆောင်ရွက်တတ်သူတစ်ယောက် ဖြစ်၏။

ဤအတိုင်းဆိုလျှင် မကြာမီပင် သူတို့၏အခက်အခဲအား သိမ်းငှက်လောက်ချစ်အား ပြောပြနိုင်တော့မည်ဖြစ်သည်။

❂

ယန့်တမှာ အိပ်မရပါ။ ထို့ကြောင့် သူသည် တောင်ပေါ်တွင်



လမ်းလျှောက်နေ၏။ သူ၏အာရုံများက ထွေပြားနေ၏။ သူ့ဘဝ ရှေ့ရေးကိုလည်း အလွန်ပင် ရင်လေးနေမိ၏။ သူသည် လူရွယ်တစ်ယောက်သာ ဖြစ်၏။ ရှေ့တက်လမ်းများစွာ ရှိ၏။

သူသည် အောင်မြင်သော ဓားနှစ်လက် အာမခံဌာနတွင် အငယ်ဆုံးသော ဌာနခွဲမှူး ရာထူးရခဲ့၏။ ယခု သူတို့၏ဓားနှစ်လက် အာမခံဌာနမှာ ပြိုကွဲပျက်စီးရန် အချိန်သိပ်မရတော့ပါ။

သူ ဘာလုပ်ရမည်နည်း။ ပြဿနာတက်ကာ ပြိုကွဲပျက်စီးသွားသော အာမခံဌာနသတင်းမှာ တစ်ခဏအတွင်း သိုင်းလောကတွင် ပျံ့နှံ့သွားပေမည်။ ထိုအခါ သူတို့တွင် သိက္ခာဆိုသည်မှာ ရှိတော့မည် မဟုတ်ပါ။

မည်သူကမျှလည်း သူတို့အား ယုံကြည်စိတ်ချစွာ အလုပ်ပေးတော့မည် မဟုတ်ပါ။ ဓားနှစ်လက်အာမခံဌာန ပြိုကွဲသည်နှင့် သူသည် သိုင်းလောကထဲမှ စွန့်ခွာ၍ လယ်သမားဘဝနှင့် ဇာတ်မြှုပ်နေရတော့မည်သာ ဖြစ်ပေသည်။

"တောက်"

ယန့်တမှာ ခပ်ပြင်းစွာ တက်ခေါက်လိုက်၏။ ထိုစဉ် သူ၏ အနောက်ဘက်မှ ပေါ့ပါးသောခြေသံကို ကြားလိုက်ရလေသည်။ ယန့်တက ချာခနဲ လှည့်ကြည့်လိုက်၏။

သူ့နောက် ခြေဆယ်လှမ်း မရှိတရှိခန့်တွင် လူငယ်တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။ ယန့်တ၏မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



များ ပြုံးကျယ်သွား၏။ အလွန်အံ့အားသင့်သော လေသံဖြင့် ...

"မင်း ... မင်း ဝမ်လွေမဟုတ်လား"

ဝမ်လွေက ပြုံး၍ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ယန့်တာက ...

"မင်း ရွှေကျားရဲ့တိုက်ရှင်နဲ့ ညှော်ခံပွဲကို လာတက်တာလား"

ဝမ်လွေက ...

"ဟုတ်ကဲ့ ... ဒါပေမဲ့ အစ်ကိုနဲ့တွေ့ချင်လို့ ရောက်လာတာ ဆိုရင် ပိုမှန်မယ်"

ယန့်တာက မျက်မှောင်ကုတ်သွား၏။

"ကျုပ်နဲ့ တွေ့ချင်လို့ ဟုတ်လား၊ ဘာကိစ္စများ ရှိသလဲ၊ အခုချိန်တော့ ကျုပ်လည်း အားမယ်မထင်ဘူး၊ မင်းကို အကူအညီ မပေးနိုင်တာကို ခွင့်လွှတ်ပါ"

ဝမ်လွေက ပြုံးလိုက်၏။

"ကျွန်တော်က ကူညီချင်လို့ပါ"

ယန့်တာမှာ အတော်အံ့အားသင့်သွား၏။ ဝမ်လွေက ဆက်ပြောလိုက်၏။

"အစ်ကိုတို့ ကြုံတွေ့နေရတဲ့ ပြဿနာကို ကျွန်တော် ကူညီချင်လို့ လိုက်လာတာပါ"

ယန့်တာက သက်ပြင်းချလိုက်၏။



"ညီလေးရဲ့ စေတနာကို ကျုပ် ကျေးဇူးတင်ပါတယ်၊ ညီလေး မတတ်နိုင်ပါဘူး"

ဝမ်လွေက စိတ်မပျက်ပါ။

"ကျွန်တော့်ဘက်က တတ်နိုင်သလောက် ကြိုးစားကူညီချင်ပါတယ်"

ယန့်တာက ...

"ကျေးဇူးတင်တယ်၊ အခုကိစ္စက ရှုပ်ထွေးလွန်းတယ်၊ ကျုပ်တို့ သိမ်းငှက်လောက်ချစ်ထံက အကူအညီယူဖို့ စီစဉ်နေကြပါတယ်"

ဝမ်လွေက ...

"သိမ်းငှက်လောက်ချစ် ဟုတ်လား"

"ဟုတ်တယ်"

"သူဟာ အလွန်တော်တဲ့ လူတစ်ယောက်ပဲ၊ သူသာဆိုရင် ကောင်းကောင်းကူညီနိုင်မှာ သေချာပါတယ်၊ ဒါထက် ဘယ်လိုဖြစ်ပျက်တာလဲဆိုတာ ကျွန်တော့်ကို ပြောပြနိုင်ရင် ပြောပြပါလား"

ယန့်တာမှာ တွေဝေသွား၏။ ဝမ်လွေသည် သူ့အား ကူညီချင်၍လိုက်လာ၏။ သူ၏အကူအညီမယူရုံမက သူ့အား ဘာမျှ မပြောလျှင် ဝမ်လွေ စိတ်မကောင်းဖြစ်သွားပေမည်။ ယန့်တာက သက်ပြင်းချလိုက်ပြီး ...

"ညီလေး ... ဒီကိစ္စကို လျှို့ဝှက်ထားပါ"

ဝမ်လွေက ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ"

ယန္တာက အဖြစ်အပျက်များကို အသေးစိတ်ပြန်ပြောလိုက်၏။ ဝမ်လွှေက အစအဆုံးနားထောင်ပြီးမှ မေးခွန်းများ တစ်ခုပြီး တစ်ခု မေးမြန်းလိုက်၏။ ယန္တာမှာ ဝမ်လွှေ၏မေးခွန်းများကို ဖြေရင်းမှ ဝမ်လွှေသည် ငယ်ရွယ်သော်လည်း ဉာဏ်ပညာထက်မြက်ပြီး စဉ်းစားဆင်ခြင်မှုလည်း တော်သူတစ်ယောက်ဖြစ်ကြောင်း ကောင်းစွာ သိရှိလိုက်ရလေသည်။ ယန္တာက ...

"ညီလေးက ကူညီချင်လည်း ကူညီပြီး စုံစမ်းပေးပါ"

ဟု ခွင့်ပြုလိုက်၏။

ဝမ်လွှေမှာ ဝမ်းသာသွား၏။

"ဟုတ်ကဲ့ ... ကျွန်တော် ဒီကိစ္စကို သေသေချာချာ စုံစမ်းပါမယ်"

ယန္တာက ...

"ကျူပ်ကို ခွင့်ပြုပါဦး"

သူသည် ဝမ်လွှေအား နှုတ်ဆက်ကာ ထွက်ခွာသွား၏။

⊛

သိမ်ငှက်လောက်ချစ်။ သူ၏အမည်ရင်းမှာ လောက်ချစ်ဖြစ်၏။ သိမ်းငှက်တစ်ကောင်းကဲ့သို့ လျင်မြန်ပါးနပ်သောကြောင့် သိမ်း



ငှက်လောက်ချစ်ဟု ခေါ်ခြင်းဖြစ်သည်ဟု အချို့က ဆို၏။ အချို့က လည်း သူ၏သိုင်းပညာသည် သိမ်းငှက်ထံမှ အခြေခံထားသောကြောင့် သိမ်းငှက်လောက်ချစ်ဟု ခေါ်သည်ဟုဆို၏။

အချို့ကလည်း လောက်၏နှာခေါင်းသည် သိမ်းငှက်နှုတ်သီးနှင့်တူ၍ သိမ်းငှက်လောက်ချစ်ဟု ခေါ်ခြင်းဖြစ်သည်ဟု ဆိုဟူ။

မည်သို့ဆိုစေ သိမ်းငှက်လောက်ချစ်သည် ထူးခြားသော လူတစ်ယောက်ဖြစ်၏။ သူသည် လူတော်လူကောင်း တစ်ယောက်ကဲ့သို့ နေထိုင်သည့်အခါရှိသလို စာရိတ္တမကောင်းဟု ထင်ရလောက်အောင် လုပ်ကိုင်သည့်အခါများလည်း ရှိသည်။ အာဏာသားများနှင့် မတူသော အာဏာသားတစ်ယောက် ဖြစ်သည်။

သူသည် မှုခင်းများဖြေရှင်းရာတွင် ဥပဒေအတိုင်း လုပ်ကိုင်နေသူမဟုတ်ပါ။ သူစိတ်ထင်ရာအတိုင်း စိတ်လွတ်ကိုယ်လွတ် ဆောင်ရွက်တတ်သူတစ်ယောက်ဖြစ်သည်။

ထို့ကြောင့်လည်း သူသည် ထောက်လှမ်းရေးမှူးချုပ်နေရာဆက်ခံရန် နှစ်ကြိမ်တိုင် အမည်စာရင်းတင်ပြီးမှ ဖျက်ခြင်းခံရသူဖြစ်၏။

သို့သော် သိမ်းငှက်လောက်ချစ်က ရာထူးကို ဂရုစိုက်သူတစ်ယောက်မဟုတ်ပါ။ သူသည် ဒုစရိုက်သမားများကို နှိမ်နင်းရေးပျော်မွေ့နေသူတစ်ယောက် ဖြစ်ပေသည်။

⊛

www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီသည် အရှေ့ဘက်မှ စတင်ထွက်ပေါ်လာ၏။ အလင်းရောင်သည် လောကတစ်ခုလုံး သာယာလှပစေ၏။ ရွှေကျားရဲတိုက် တည်ရှိရာတောင်ထိပ်မှာ နေရောင်ခြည်အောက်တွင် လှပစွာတည်ရှိနေ၏။ သဘာဝအလှအပများသည် မည်သည့်အခါမျှ ပျက်သုဉ်းသွားမည်မဟုတ်ပါ။

ရွှေကျားရဲတိုက်၏တောင်ဘက်တွင် လှပသော ပန်းဥယျာဉ်တစ်ခု စိုက်ပျိုးထားပေသည်။ နံနက်စောစော အိပ်ရာမှထလာပြီး ထိုပန်းဥယျာဉ်အတွင်းရောက်ရှိလာမည်ဆိုလျှင် အလွန်လှပသော နံနက်ခင်းနှင့် သဘာဝအလှအပများကို ကောင်းစွာ တွေ့မြင်ခံစားရမည်ဖြစ်၏။ စိတ်အေးလက်အေး အနားယူလိုသူတစ်ယောက်အတွက် အလွန်သင့်လျော်သော နေရာတစ်ခုဟု ဆိုရပေမည်။

မောက်ကျန်မှာ နံနက်စောစောပင် အိပ်ရာထကာ ပန်းဥယျာဉ်အတွင်းသို့ ရောက်ရှိလာသည်။ သူသည် လှပသော နံနက်ခင်း၏သဘာဝအလှအပများကို ကြည့်ရှုလို၍မဟုတ်ပါ။ စိတ်အေးလက်အေး အနားယူရန်လည်း မဟုတ်ပါ။

သဘာဝအလှအပများကို ခံစားရင်း စိတ်အေးလက်အေးနှင့် အနားယူလိုသူတစ်ယောက်ကို တွေ့ဆုံရန်ပင် ဖြစ်ပါသည်။

မောက်ကျန် တွေ့ဆုံလိုသောသူမှာ အခြားသူမဟုတ်ပါ။ သိမ်းငှက်လောက်ချစ်ပင် ဖြစ်ပါသည်။ မောက်ကျန်မှာ ပန်းဥယျာဉ်အတွင်း ဝင်ရောက်လာသည်။



သူသည် ပန်းဥယျာဉ်အတွင်း အတန်ကြာ လှည့်ပတ်သွားလာရင်း ရှာဖွေလိုက်သောအခါ အမှတ်မထင် လူရွယ်တစ်ယောက်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရွယ်မှာ အဖြူရောင်ဝတ်စုံကို သပ်သပ်ရပ်ရပ်ဝတ်ဆင်ထား၏။ ထိုလူ၏အသက်မှာ သုံးဆယ်ကျော်ခန့်ရှိ၏။ ထိုလူရွယ်၏ရုပ်ရည်မှာ ချောမောခြင်း မရှိသော်လည်း တည်ကြည်လှသည်ဟု ဆိုရပေမည်။ အထူးခြားဆုံးမှာ ထိုလူရွယ်၏နှာခေါင်းပင် ဖြစ်သည်။

ထိုလူရွယ်၏နှာခေါင်းသည် သိမ်းငှက်နှုတ်သီးနှင့် အတော်ပင် ဆင်တူသည် မဟုတ်ပါလား။ ထိုလူရွယ်သည် လက်နှစ်ဖက်နောက်ပစ်ကာ ပန်းဥယျာဉ်အတွင်း အေးအေးဆေးဆေး လမ်းလျှောက်နေသည်။ သူသည် ခြေလှမ်းနှစ်ဆယ်ခန့်အတွင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခြင်း ဖြစ်ပါသည်။

သူသည် အနီးသို့ မောက်ကျန် ရောက်ရှိလာသည်ကို သတိပြုမိဟန်မတူပါ။ မောက်ကျန်က ချောင်းတစ်ချက် ဟန့်လိုက်၏။

“အဟမ်း”

မောက်ကျန်၏ချောင်းဟန့်သံထွက်ပေါ်လာမှပင် လူရွယ်က မောက်ကျန်ဘက်သို့ လှည့်ကြည့်လိုက်သည်။ လူရွယ်မှာ မောက်ကျန်အား တွေ့လိုက်လျှင် အတော်ပင် အံ့အားသင့်သွားဟန် ရှိသည်။

“ကျားနက်အာမခံဌာနခေါင်းဆောင်ကြီးကလည်း စောစော

www.burmeseclassic.com

www.burmeseclassic.com



ထပြီး နံနက်ခင်းအလှအပကို ခံစားတတ်ပါလား"

ဟုနှုတ်ဆက်လိုက်၏။ မောက်ကျန်က ခေါင်းယမ်းလိုက်၏။

"မဟုတ်ပါဘူးဗျာ"

လူရွယ်က မျက်မှောင်ကုတ်သွားပြီး ...

"ဒါဆိုရင်"

မောက်ကျန်က ...

"ကျုပ်က မနက်စောစော သဘာဝအလှအပတွေကို ငေး မောခံစားတတ်တဲ့ လူတစ်ယောက်တွေ့မလားလို့ လာပြီးရှာတာပါ"

ဟု ပြောလိုက်၏။ လူရွယ်က မျက်မှောင်ကုတ်သွားပြီး ...

"ခင်ဗျားက ကျုပ်ကို ပြောတာလား"

ဟု မေးလိုက်၏။ မောင်ကျော်က တစ်ချက်ပြုံးလိုက်ပြီး

"မင်းဟာ သိမ်းငှက်လောက်ချစ်သာ ဆိုရင်တော့ မင်းကို ပြောတာပါပဲ"

လူရွယ်က ရယ်မောလိုက်၏။

"လက်စသတ်တော့ ခင်ဗျားက ကျုပ်ကို သိနေတာကိုး"

မောင်ကျော်က ...

"မင်းကတောင် ကျုပ် ဘယ်သူဆိုတာ ချက်ချင်းသိပြီးတော့ မင်းလိုလူကို ကျုပ် သိနေတာပဲ မဆန်းပါဘူးဗျာ"

လူရွယ်သည် သိုင်းလောကတွင် ကျော်ကြားနေသော သိမ်းငှက်လောက်ချစ်ပင် ဖြစ်၏။ သိမ်းငှက်လောက်ချစ်သည် ကျော်ကြား



လှသော်လည်း သူသည် ရိုးရိုးပင် ဝတ်စားဆင်ယင်တတ်သည်။ ထို့ အတူ စကားပြောဆိုရာတွင်လည်း မောက်မာခြင်း မရှိပါ။

သူ့အား ကြည့်ရသည်မှာ ဉာဏ်နေရာတွင် ကြွယ်သလိုနေတတ် သူတစ်ယောက်နှင့် တူသည်။ လောက်ချစ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"ခင်ဗျားက ကျုပ်ကို တွေ့ချင်နေတယ်ဆိုတော့ မိတ်ဆက်ဖို့ လောက် မဟုတ်ဘူးထင်တယ်"

ဟု ပြောလိုက်၏။ မောက်ကျန်က ...

"မင်းဆီကို ဘယ်သူကများ မိတ်ဆက်ဖို့အကြောင်း တစ်ခုခုနဲ့ လာမှာလဲဗျ။ ကျုပ်မှာ အလွန်အရေးကြီးတဲ့ ကိစ္စရှိနေလို့ လာတွေ့ တာပါ"

လောက်ချစ်က ...

"အင်း ... ကျုပ်ကို တွေ့တဲ့လူတိုင်းက ဒီစကားမျိုးပဲ ပြော တတ်ကြပါတယ်"

ဟု တုံ့ပြန်လိုက်၏။ မောက်ကျန်က ...

"ကျုပ်က အမှန်တကယ်ကို အရေးကြီးတဲ့ကိစ္စ ရှိနေလို့ လာ တွေ့တာပါ"

လောက်ချစ်က ...

"အင်း ... ကျုပ်ကို တွေ့တဲ့လူတိုင်းဟာ ဒီစကားမျိုးပဲ ပြော တတ်ကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တုံ့ပြန်လိုက်၏။ မောက်ကျန်က ...

"ကျူပ်က အမှန်တကယ်ကို အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါ"

လောက်ချစ်က ...

"ခင်ဗျားတို့က ကျူပ်ရဲ့အကူအညီ လိုနေတယ် ဟုတ်လား"

မောက်ကျန်က ခေါင်းကို သွက်လက်စွာ ညိတ်လိုက်၏။

"ဟုတ်ပါတယ်"

လောက်ချစ်က ...

"ကျူပ်ဆီက အကူအညီမရရင်ကော"

မောက်ကျန်က မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သူသည် သက်ပြင်းချလိုက်ပြီး ...

"ကျူပ်ရဲ့မိတ်ဆွေ ဓားနှစ်လက်အာမခံဌာနက တုကျူးနဲ့ သူ့ကို မှီခိုနေတဲ့အဖွဲ့သားတစ်ရာကျော်ဟာ ဒုက္ခအကြီးအကျယ် ရောက်ကြရပါမယ်၊ တုကျူးအနေနဲ့က အသက်အရွယ်အရ သေရမှာ မကြောက်တော့ပါဘူး။ ဒါပေမဲ့ အာမခံဌာနကို မှီခိုပြီး ဘဝရပ်တည်နေရတဲ့ အဖွဲ့သားတွေဟာ အားလုံး ဒုက္ခတွေ့ရမယ်၊ ဘဝဖျက်ကြရမယ်၊ ဘာကြောင့်လဲဆိုရင် ဓားနှစ်လက်အာမခံဌာနတစ်ခုလုံးဟာ ရောင်းချပစ်ရတော့မယ် အခြေအနေမို့ပဲ၊ ဒါကြောင့် ကျူပ်က မင်းဆီက အကူအညီလာရောက် တောင်းခံတာပါ"

ဟု ရှည်လျားစွာ ပြောပြလိုက်၏။ ထိုစကားကြားလိုက်ရသောအခါ သိမ်းငှက်လောက်ချစ်မှာ အလွန်စိတ်ဝင်စားလာ၏။



သူသည် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ချက်ချင်းပင် ရပ်တန့်လိုက်ပြီး ...

"အင်း ... အလွန်ကြီးကျယ်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရတာယ်ဆိုတာ အမှန်ပဲ၊ ဘာကြောင့်လဲ ဘာဖြစ်လို့လဲဆိုတာ ကျူပ်ကို ပြောပြပေတော့"

ဟု ပြောလိုက်လေသည်။ မောက်ကျန်က ပန်းဥယျာဉ်အတွင်း တစ်ချက်ဝေ့ကြည့် အကဲခတ်လိုက်လေသည်။

ပြီးမှ သူက အသံတိုးတိုးဖြင့် ...

"ဒီကိစ္စကို ကျူပ်မိတ်ဆွေ တုကျူးက ကျူပ်ထက် ပိုပြီး အသေးစိတ် ပြောပြနိုင်မှာပါ။ ဒါကြောင့် အချိန်ရရင် ကျူပ်နဲ့လိုက်ခဲ့ပါ၊ ကျူပ်မိတ်ဆွေ တုကျူးနဲ့ သွားပြီးတွေ့ရအောင်"

သိမ်းငှက်လောက်ချစ်က တစ်ချက်စဉ်းစားလိုက်ပြီး ပြီးမှ

"ဘယ်လိုလုပ်ရမှာလဲ"

မောက်ကျန်က ...

"တုကျူးဟာ ဧည့်သည်နားနေတဲ့အခန်းမှာ ရှိပါတယ်"

သိမ်းငှက်လောက်ချစ်က ...

"ကောင်းပြီ၊ ကျူပ်တို့သွားကြစို့"

ယင်းသို့ သဘောတူလိုက်လျှင် မောင်ကျန်မှာ အံ့သြသွားသာသွားလေသည်။ သိမ်းငှက်လောက်ချစ်အား ဤသို့ လွယ်လွယ်ကူကူ ခေါ်၍ ရမည်ဟု သူမထင်ခဲ့ပါ။ မောင်ကျန်က ဝမ်းသာအားရဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ ... ကျွန်ုပ်နောက်ကသာ လိုက်ခဲ့ပါ"

သူသည် သိမ်းငှက်လောက်ချစ်အား တုကျူးထံသို့ ခေါ်ဆောင်သွားလေတော့သည်။

❂

သိမ်းငှက်လောက်ချစ်မှာ အခန်းတွင်းသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ သိမ်းငှက်လောက်ချစ်အား တုကျူးနှင့် အဖွဲ့သားများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်လိုက်လေသည်။ ဆရာဟိုတို့လူစုမှာလည်း သိမ်းငှက်လောက်ချစ်တို့ ရောက် ရှိလာသည့်အတွက် ဝမ်းသာနေကြ၏။

သိမ်းငှက်လောက်ချစ်သည် သူတို့အခက်အခဲကို ကောင်းစွာ ဖြေရှင်းပေးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ယုံကြည်နေကြလေသည်။ ယင်းအချက်ကို သိမ်းငှက်လောက်ချစ်ကလည်း ကောင်းစွာ ရိပ်စားမိလိုက်၏။

သူ့အပေါ် အားကိုးတကြီးဖြင့် ကြည့်နေကြသော ဆရာဟိုတို့လူစုအား တွေ့သောအခါ ရင်ထဲတွင် မဖော်ပြတတ်သော ခံစားမှုတစ်ရပ်က ဝင်ရောက်လာလေသည်။ သူသည် ဓားနှစ်လက်အာမခံဌာနကြုံတွေ့နေရသောပြဿနာအခက်အခဲကို တတ်နိုင်သမျှ



ဖြေရှင်းပေးရန် ဆုံးဖြတ်လိုက်လေသည်။ တုကျူးက ကုလားထိုင်အား ညွှန်ပြလိုက်ပြီး ...

"ထိုင်ပါ ... ထိုင်ပါ"

သိမ်းငှက်လောက်ချစ်က ဝင်ထိုင်လိုက်၏။

မောက်ကျန်က အခန်းတွင်းရှိလူများနှင့် သိမ်းငှက်လောက်ချစ်အား မိတ်ဆက်ပေးလိုက်သည်။ သိမ်းငှက်လောက်ချစ်က ...

"အလုပ်အကြောင်းပဲ ပြောတာ ကောင်းပါတယ်ဗျာ၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါ"

ဟု စကားဦးမေးမြန်းလိုက်၏။ မောက်ကျန်က တုကျူးဘက်လှည့်ကာ ...

"ကဲ တုကျူး ... အဖြစ်အပျက်တွေကို အသေးစိတ်သာ ပြောပြလိုက်ပါ"

ဟု ပြောလိုက်၏။ တုကျူးက သက်ပြင်းချလိုက်သည်။ ထိုအဖြစ်အပျက်များကို သူပြန်ပြောရသည့်အကြိမ် မနည်းတော့ပါချေ။ ထပ်၍ မပြောချင်တော့ပါ။

သို့သော် သူက ငြီးငွေ့ခြင်းမပြုဘဲ အဖြစ်အပျက်များကို အစအဆုံး အသေးစိတ်ပြန်လည်ပြောလိုက်လေသည်။ သိမ်းငှက်လောက်ချစ်က တုကျူးပြောပြနေစဉ် တစ်လုံး တစ်ပါဒမျှ ဝင်မမေးဘဲ ဂရုတစိုက် နားထောင်နေသည်။ တုကျူးက သက်ပြင်းချရင်း...

"ပစ္စည်းတွေ ဘယ်လိုလုပ် အတုဖြစ်သွားတယ်ဆိုတာတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း မတွေးတတ်တော့ပါဘူးဗျာ"

ဟုပြောရင်း စကားအဆုံးသတ်လိုက်လေသည်။

သိမ်းငှက်လောက်ချစ်က ...

"အင်း ... ဒီအမှုဟာ အတော်ရှုပ်ထွေးတာပဲ၊ ဒါကြောင့် ကူညီနိုင်တယ်၊ မကူညီနိုင်ဘူးဆိုတာကို တိတိကျကျ မပြောပါရစေနဲ့"

ဟု ပြောလိုက်၏။ မောက်ကျွန်က ...

"ခင်ဗျား မကူညီနိုင်ဘူး မဟုတ်လား"

သိမ်းငှက်လောက်ချစ်က ...

"ဒီလိုလည်း မဟုတ်ပါဘူး"

မောက်ကျွန်က ...

"ခင်ဗျားစကားက ဘယ်လိုလဲဗျ"

သိမ်းငှက်လောက်ချစ်က ...

"ဒီကိစ္စကို ခင်ဗျားတို့တစ်တွေ ကိုယ်တိုင်ကိုယ်ကျ စုံစမ်းဖော်ထုတ်ရမယ်၊ ကျွန်တော်က အနီးကနေ တတ်နိုင်သလောက် ကူညီပေးမယ်၊ ဒါမှသာ ခင်ဗျားတို့ ပစ္စည်းတွေ ပြန်ရှာပြီး ကျဆင်းသွားတဲ့ ဂုဏ်သိက္ခာကို အဖတ်ဆယ်နိုင်မယ်ဗျ"

ဟု ပြောလိုက်၏။ တုကျူးက ...

"ကျုပ်က အသက်ကြီးပါပြီ၊ ဂုဏ်သိက္ခာက အရေးမဟုတ်ပါဘူး။ အဖွဲ့သားတွေ ဒုက္ခမရောက်ရင်ဘဲ ကျေးဇူးတင်ပါပြီဗျာ"



သိမ်းငှက်လောက်ချစ်က ...

"အမိက,ကတော့ ပစ္စည်းတွေပြန်ရဖို့ပဲ မဟုတ်လား"

တုကျူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

သိမ်းငှက်လောက်ချစ်က ...

"ကျုပ်သိချင်တာလေးတွေ နည်းနည်းလောက်မေးခွင့်ပြုပါခင်ဗျာ"

တုကျူးက ...

"မေးပါ ... မေးပါ"

သိမ်းငှက်လောက်ချစ်က ...

"သေတ္တာအတွင်းကို အာမခံပစ္စည်းတွေ ထည့်သွင်းစဉ်က ဘယ်သူရှိသလဲ"

တုကျူးက ...

"ကျုပ်ရယ်၊ သူဌေးကြီး ချူယီဖုံးရယ်၊ ပွဲစားစီဝမ်ဖေးရယ်၊ ဒီသုံးယောက်ပဲ ရှိပါတယ်"

သိမ်းငှက်လောက်ချစ်က အတန်ကြာ စဉ်းစားပြီးမှ ...

"ခင်ဗျားတို့ကိစ္စကို ကျုပ်တတ်နိုင်သလောက် ကူညီပါ့မယ်၊ ခင်ဗျားတို့ဘက်ကလည်း ကြိုးစားစုံစမ်းပါ၊ ထူးခြားမှုရှိရင် ကျုပ်ကို သတင်းပို့ပါ"

တုကျူးက မောက်ကျွန်အား လှမ်းကြည့်လိုက်၏။ မောက်

www.burmeseclassic.com

www.burmeseclassic.com



တချက်က သူ ခက်ပြင်းချလိုက်၏။ သူ့ဘို့က သိမ်းငှက်လောက်ချစ်သည် သဲလွန်စ ရနိုင်သောနေရာများကိုသွားကာ တရားခံလိုက်လံရှာဖွေ သင့်သည်ဟု တွေးထား၏။

ယခုမူ သိမ်းငှက်လောက်ချစ်က သူတို့အား နံဘေးမှ ပုံပိုးကူညီရုံသာ ကူညီမည်ဖြစ်သည်။ တရားခံကို မိမိတို့ဘာသာ မိမိတို့ ရှာဖွေရတော့မည် မဟုတ်ပါလား။ မောက်ကျန်မှာ အလွန်စိတ်ပျက်သွား၏။ ထို့အတူ ဆရာဟိုတို့လူစုမှာလည်း အားလျော့သွားကြလေသည်။ သိမ်းငှက်လောက်ချစ်က ပြုံးလိုက်၏။

"ခင်ဗျားတို့ စိတ်မပျက်ကြပါနဲ့၊ ခင်ဗျားတို့အဖွဲ့သားတွေ အားလုံးသာ ညီညီညွတ်ညွတ်နဲ့ ကြိုးစားလိုက်ရင် တရားခံရှာတွေ့ပြီး ပစ္စည်းတွေ ပြန်ရမှာလာမှာပဲ ကျုပ်ဟာ ကတိပေးပြီးရင် ဘယ်တော့မှ အေးအေးဆေးဆေး လက်ပိုက်ကြည့်မနေတတ်ဘူးဆိုတာ မိတ်ဆွေတို့အားလုံး နားလည်သင့်ပါတယ်"

သူသည် စကားဆုံးသည်နှင့် ထိုင်ရာမှထကာ အခန်းထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။ တုကျူးက ဟန့်တားလိုက်သည်။

"ခဏနေပါဦး"

သိမ်းငှက်လောက်ချစ်က ...

"ဘာများ ပြောစရာကျန်သေးလို့လဲ"

တုကျူးက ...

"မိတ်ဆွေကို အမှုအပ်တဲ့အခါ ပြင်ပအမှုဆိုရင် ငွေကြေး



ယူတယ်လို့ သိရပါတယ်၊ အဲဒီတော့ ဘယ်လောက်ပေးရမယ်ဆိုတာ သိပါရစေ"

ဟု မေးလိုက်၏။ သိမ်းငှက်လောက်ချစ်က ...

"ပျောက်ဆုံးသွားတဲ့ ပစ္စည်းတန်ဖိုးဟာ အတော်ကြီးမားလှပါတယ်၊ ကျုပ်အတွက် ထိုက်သင့်တဲ့ ဆောင်ရွက်ခ ခင်ဗျားပေးနိုင်မလား"

ဟု ပြန်မေးလိုက်၏။ တုကျူးက သက်ပြင်းချလိုက်၏။ သူ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။ သိမ်းငှက်လောက်ချစ်က ဆက်ပြောလိုက်၏။

"ဒီကိစ္စမှာ အချိန်ကန့်သတ်ချက်ကလည်း ရှိနေတယ်၊ လျော်ကြေးမှာပဲ နှစ်သိန်းလောက်ရှိတယ်၊ ဒီတော့ ကျုပ်ရဲ့ဆောင်ရွက်ခဟာ နှစ်သောင်းလောက် တောင်းသင့်တယ်၊ ဒါပေမဲ့ ခင်ဗျားကို မှီခိုနေရတဲ့လူက တစ်ရာလောက် ရှိနေတဲ့အတွက် ကျုပ်က လျှော့ပေါ့ပြီး ယူပါ့မယ်"

"ပြောပါ ... ခင် ... ခင်ဗျား ဘယ်လောက်ယူမှာလဲ"

သိမ်းငှက်လောက်ချစ်က လက်တစ်ချောင်း ထောင်ပြလိုက်၏။

"တစ်သောင်းလား"

သိမ်းငှက်လောက်ချစ်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို"

သိမ်းငှက်လောက်ချစ်က ...

"တစ်ကျပ်ပါ"

"ဗျာ"

တုကျူးအပါအဝင် အာမခံဌာန အဖွဲ့သားအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။ သိမ်းငှက်လောက်ချစ်က တုကျူးတို့လူစုအား သဘောကျစွာဖြင့် ရယ်မောလိုက်၏။ ထို့နောက် အခန်းတွင်းမှ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

---

ဝမ်လှေ့က ...

"အစ်ကိုကြီး အခြေအနေ ကောင်းတယ်ထင်တယ်"

သူသည် ပြုံးရွှင်နေသော ယန့်တာအား တွေ့လိုက်သည်နှင့် မေးမြန်းလိုက်လေသည်။ ယန့်တာက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ်"

"သဲလွန်စရလို့လား"

"သဲလွန်စကြောင့်မဟုတ်ပါဘူး"

"ဒါဆို ဘာကြောင့်လဲ"

"သိမ်းငှက်လောက်ချစ်က အစ်ကိုတို့ကို ကူညီမယ်လို့ ကတိ



ပေးလိုက်လို့ပါ"

"အစ်ကိုတို့ ကံကောင်းတာပဲ"

"ဟုတ်တယ်၊ သူသာ ကူညီမယ်ဆိုရင်၊ အစ်ကိုတို့ပစ္စည်းတွေ ပြန်ရမယ်လို့ ယုံကြည်ထားတယ်၊ ဒါထက် ညီလေးကော ဘာသဲလွန်စ ရှာတွေ့သလဲ"

ဝမ်လှေ့က ပြုံးလိုက်၏။

"ကျွန်တော် စဉ်းစားတွေးတောကြည့်သလောက် အပြင်လူတစ်ယောက် ဘယ်လိုမှ ခိုးဝှက်လို့မရအောင် အစ်ကိုတို့ရဲ့ လုံခြုံရေးအစီအမံက ကောင်းပါတယ်"

ယန့်တာက ...

"ဟုတ်တယ်၊ တန်ဖိုးကြီးတဲ့ပစ္စည်း ပို့ဆောင်ရတာဆိုတော့ အထူးဂရုစိုက်ခဲ့ပါတယ်"

ဝမ်လှေ့က ...

"ဒါကြောင့် ပစ္စည်းယူနိုင်တဲ့လူ အလွန်နည်းပါးပါတယ်"

ယန့်တာက ...

"ညီလေးက ဘယ်သူ့ကို သံသယရှိလို့လဲ"

ဝမ်လှေ့က ...

"အဖွဲ့သားတွေဟာ ဒီပစ္စည်းကို မြင်တွေ့ဖို့နေတောင် နေခဲ့ပါဘူး"

ယန့်တာက မျက်မှောင်ကုတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးထင်တာက"

ဝမ်လွေက ...

"အခုချိန်အထိ တွေးတောမိသမျှတော့ ပစ္စည်းလဲလှယ်နိုင်သူဟာ သူဌေးကြီးချူယီဖုံးနဲ့အစ်ကိုတို့ခေါင်းဆောင်တုကျူးတို့နှစ်ယောက်ပဲ"

ယန့်တက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

ဝမ်လွေက ...

"ဟုတ်ကဲ့၊ သူဌေးကြီးချူယီဖုံးက ကိုယ့်ပစ္စည်းကို ပြန်ခိုးမှာမဟုတ်သလို အစ်ကိုတို့ခေါင်းဆောင် တုကျူးကလည်း သူ့လည်ပင်းကို ကြိုးကွင်းစွပ်မှာတော့ မဟုတ်ပါဘူး"

ယန့်တက ...

"အဖြေရှာလေ ပိုဝေးလေပါပဲ"

ဝမ်လွေက ...

"ကျွန်တော်တော့ ပိုပြီးစိတ်ဝင်စားလာတယ်"

ယန့်တက ...

"ညီလေး ထူးခြားတာတွေ့ရင်တော့ ကျုပ်ကို သတင်းပို့ပါ"

ဝမ်လွေက ...

"ကောင်းပါပြီ၊ ကဲ ... ကျွန်တော် သွားလိုက်ဦးမယ်"

သူသည် ယန့်တအား နှုတ်ဆက်ကာ ဧည့်ခန်းဆောင်ဘက်



သို့ ပြန်ထွက်သွားလေတော့သည်။

✇

သိမ်းငှက်လောက်ချစ်သည် ပန်းဥယျာဉ်အတွင်းသို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာခဲ့၏။ ပန်းဥယျာဉ်အတွင်း ဝင်လိုက်မိသည်နှင့် လူတစ်ယောက်အား လှမ်းတွေ့လိုက်လေသည်။ ထိုလူမှာ သူ့အား စိတ်ရှည်လက်ရှည်နှင့် စောင့်ဆိုင်းနေဟန်ပေါ်၏။ ထိုလူအား သူကောင်းစွာသိ၏။ ထိုလူသည် သိုင်းလောကတွင် နာမည်ကျော် သိုင်းသမား တို့စံပင်ဖြစ်ပါသည်။

တို့စံသည် အသက်လေးဆယ်ကျော်ပြီ ဖြစ်၏။ သိုင်းလောကတွင် တစ်ကိုယ်တော်ကျင်လည်ကျက်စားသော သိုင်းသမားတစ်ယောက်လည်းဖြစ်သည်။ သူသည် တစ်ကိုယ်တော်ကျင်လည်သည့်အပြင် မိတ်ဆွေ အလွန်နည်းပါးသူတစ်ယောက်လည်း ဖြစ်ပေသည်။

သိုင်းသမား တို့စံတွင်ရှိသော မိတ်ဆွေများ လက်ချိုးရေတွက်နိုင်၏။ ထိုအထဲတွင် သိမ်းငှက်လောက်ချစ်လည်း တစ်ယောက်အပါအဝင်ဖြစ်ပါသည်။ သိမ်းငှက်လောက်ချစ်က ...

"ခင်ဗျားရောက်နေတာ အတော်ကြာပြီလား"

ဟု လှမ်းနှုတ်ဆက်လိုက်သည်။ တို့စံက ပြုံးပြလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်တွေ သဝေထိုးနေတာလဲ၊ မင်းကို လူတစ်ယောက်က အလွန်တွေ့ချင်နေတယ်ဗျ"

ဟု ပြောလိုက်သည်။ သိမ်းငှက်လောက်ချစ်က မျက်မှောက်ကုတ်သွားပြီး ...

"ဘယ်သူများလဲ"

တို့စံက ...

"တုယန်ကျောင်း"

သိမ်းငှက်လောက်ချစ်က ...

"ဒီလူကို ကျုပ် မသိပါလား"

တို့စံက ...

"သူ့သခင်ကိုတော့ ခင်ဗျား သိမှာသေချာတယ်"

သိမ်းငှက်လောက်ချစ်က ...

"သူ့သခင်က ဘယ်သူမို့လဲ"

တို့စံက ...

"သူဌေးကြီး လျှူပင်း"

သိမ်းငှက်လောက်ချစ်က သက်ပြင်းချလိုက်ပြီး ...

"သူတို့က ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်နေရတာလဲ"

တို့စံက ပခုံးတစ်ချက်တွန့်လိုက်၏။

"ဒါကတော့ ကျုပ်လည်း ဘယ်သိမှာလဲ၊ သူ့ကို သွားမေးမှ သိရမှာပေါ့"



သိမ်းငှက်လောက်ချစ်က ...

"တော်ပါပြီ၊ မေးလည်း မနေတော့ပါဘူး၊ သိလည်း မသိချင်တော့ပါဘူးဗျာ"

တို့စံက သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဘာပဲဖြစ်ဖြစ် ဒီလူတွေနဲ့ ဆက်ဆံရင် မင်း ကောင်းကောင်း အခကြေးငွေရမှာပဲ"

သိမ်းငှက်လောက်ချစ်က နှာခေါင်းရှုံ့လိုက်၏။

"တော်စမ်းပါဗျာ"

တို့စံက ...

"ကဲ ... ကျုပ်သွားမယ်၊ ညကျမှ ဆုံကြသေးတာပေါ့"

သိမ်းငှက်လောက်ချစ်အား နှုတ်ဆက်ကာ ဥယျာဉ်အတွင်းမှ ထွက်ခွာသွားလေသည်။ သိမ်းငှက်လောက်ချစ်မှာ ပန်းဥယျာဉ်အတွင်း ဆက်၍နေထိုင်လိုစိတ်မရှိသောကြောင့် သူ့အခန်းဘက်သို့ ပြန်လျှောက်လာခဲ့လေတော့သည်။

သိမ်းငှက်လောက်ချစ် မျက်မှောင်ကုတ်သွား၏။ သူ၏ အခန်းတံခါးအား တစ်စုံတစ်ယောက် ဖွင့်ခဲ့ကြောင်း ရှာကျက်သော အတွေ့အကြုံများအရ ရိပ်မိလိုက်သည်။ သိမ်းငှက်လောက်ချစ်က

www.burmeseclassic.com

www.burmeseclassic.com



မှဲလိုက်ပြီး အခန်းတံခါးဖွင့်ကာ အထဲသို့ လှမ်းဝင်လိုက်လေသည်။ အခန်းတွင်း၌ လူတစ်ယောက် ထိုင်နေသည်။

ထိုလူသည် သူ့အား စိတ်ရှည်လက်ရှည်နှင့်ထိုင်ကာ စောင့်နေဟန်ရှိပေသည်။ သိမ်းငှက်လောကချစ်က ထိုလူအား အကဲခတ်ကြည့်လိုက်လေသည်။ အသက်သုံးဆယ်ကျော်ခန့်ရှိပြီး အဖိုးတန်ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထား၏။

သူဌေးတစ်ဦးဟန်မျိုး ရှိသော်လည်း သိုင်းပညာ ထက်မြက်ကြောင်း ရိပ်မိလိုက်သည်။ သိမ်းငှက်လောက်ချစ်က ...

"မင်း ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်အခန်းထဲ ကျူးကျော်ဝင်နေရတာလဲ"

ဟု မေးလိုက်၏။ ထိုလူက ထိုင်ရာမှထကာ ရှိသေစွာ ဂါရဝပြုလိုက်သည်။

"ခင်ဗျားရဲ့အခန်းထဲကို ကျူးကျော်ဝင်နေခဲ့တာကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျုပ်က တုယန်ကျောင်းပါ"

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွား၏။

"ခင်ဗျားက သူဌေးကြီးလျူပင်းရဲ့ ..."

တုယန်ကျောင်းက ...

"ဟုတ်ကဲ့၊ ကိုယ်ရံတော်ချုပ်ပါ"

သိမ်းငှက်လောက်ချစ်က ...

"မဖိတ်ခေါ်ဘဲနဲ့ ရောက်လာရအောင် ဘာကြောင့် ကျုပ်ကို



ဒီလောက်တွေ့ချင်နေသလဲဆိုတာ ပြောပါ"

တုယန်ကျောင်းက ...

"ကျုပ်က သူဌေးကြီးလျူပင်းကိုယ်စား ရောက်ရှိလာတာပါ၊ မိတ်ဆွေထံက အကူအညီလိုချင်လို့ပါ"

သိမ်းငှက်လောက်ချစ်က ...

"အကူအညီ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်က ဘာအကူအညီများ ပေးရမှာလဲ"

တုယန်ကျောင်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ ...

"ကျုပ်တို့ သူဌေးကြီးလျူပင်းဟာ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးတစ်ယောက်ပါ၊ ရွှေငွေရတနာများစွာကို စုဆောင်းထားခဲ့ပါတယ်"

သိမ်းငှက်လောက်ချစ်က ...

"အဲဒီတော့ ဘာဖြစ်သလဲ"

တုယန်ကျောင်းက ...

"အခု သူ စုဆောင်းထားတဲ့ ရွှေငွေရတနာပစ္စည်းတွေအားလုံး ပျောက်သွားလို့ပါ"

"ဗျာ"

သိမ်းငှက်လောက်ချစ်မှာ မျက်လုံးပြူးသွားသည်။ သူသည် သိုင်းလောကသားတစ်ယောက် ဖြစ်သော်လည်း သူဌေးကြီးလျူပင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်းစွာသိ၏။ သူဌေးကြီးလျှုပြင်း အဘယ်မျှထိ ချမ်းသာကြွယ်ဝသည်ကိုလည်း သူက ကောင်းစွာသိထား၏။ သိမ်းငှက်လောက်ချစ်က မယုံကြည်နိုင်သောလေသံဖြင့် တုယန်ကျောင်းအား ပြန်မေးလိုက်လေသည်။

"ရွှေငွေရတနာပစ္စည်းအားလုံး ပျောက်ဆုံးသွားတယ် ဟုတ်လား"

တုယန်ကျောင်းက ...

"ဟုတ်ပါတယ်"

သိမ်းငှက်လောက်ချစ်က ...

"ကျုပ် သိသလောက်ဆိုရင်တော့ သူဌေးကြီးလျှုပြင်းဟာ အလွန်ချမ်းသာတယ်၊ သူ စုဆောင်းထားတဲ့ ရွှေငွေရတနာတွေဟာလည်း အလွန်များပြားတယ်၊ ပျောက်သွားတယ်ဆိုတော့ ဓားပြတိုက်ခံရတာလား၊ သူခိုး ခိုးခံရတာလား"

တုယန်ကျောင်းက ...

"ခိုးသွားတာပါ"

သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွား၏။ အမှန်ဆိုရလျှင် ဤမျှ များပြားသော ရွှေငွေရတနာများအား ခိုးယူသွားရန်မှာ လွယ်ကူမည် မဟုတ်ပါ။ မည်သူမျှမသိအောင် ခိုးယူသွားရခြင်းက ပို၍ခက်ခဲပေမည်။ သိမ်းငှက်လောက်ချစ်က ...

"အဖြစ်အပျက်ကို ပြောပါဦး"



တုယန်ကျောင်းက ရွှေငွေရတနာများ အခိုးခံရပုံကို သေချာစွာ ပြောပြလိုက်၏။ သိမ်းငှက်လောက်ချစ်က ...

"မြေတိုက်တံခါးသော့ကို ဘယ်လိုဖွင့်ဝင်သလဲ"

တုယန်ကျောင်းက ...

"ဘာမှလက်ရာခြေရာ မပျက်ပါဘူး၊ သော့တူနဲ့ ဖွင့်ဖို့ဆိုတာမှာလည်း ဒီမြေတိုက်ခန်းသော့ဟာ အထူးစီမံပြုလုပ်ထားပြီး သူဌေးကြီးလျှုပြင်းက နေ့ညမပြတ် ကိုယ်နဲ့မကွာဘဲ ထားလေ့ရှိပါတယ်"

သိမ်းငှက်လောက်ချစ်က ...

"သူခိုးက သေသေချာချာ အကွက်ချစီစဉ်ပြီးမှ ခိုးယူသွားတာပဲ"

တုယန်ကျောင်းက ...

"ဟုတ်ပါတယ်"

သိမ်းငှက်လောက်ချစ်က ...

"ကောင်းပြီလေ၊ ကျုပ် ဒီကိစ္စ စဉ်းစားပါမယ်"

တုယန်ကျောင်းက ...

"ခင်ဗျား အကူအညီမပေးနိုင်ဘူးလား၊ ကူညီပါဗျာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အစောင့်တွေ ဒုက္ခရောက်နေပါတယ်"

သိမ်းငှက်လောက်ချစ် တွေဝေသွား၏။ သူသည် တစ်ကိုယ်ကောင်းဆန်သော သူဌေးကြီးလျှုပြင်းအား ကြည့်မရပါ။ ကူညီချင်စိတ်လည်း မရှိပါ။ ထို့အပြင် သူက သူဌေးများနှင့်လည်း မပတ်သက်

www.burmeseclassic.com



ချင်ပါ။ သို့သော် ပစ္စည်းလုံခြုံရေးတာဝန်ယူထားရသူ အစောင့်များ ဒုက္ခရောက်ရမည်ကို ကိုယ်ချင်းစာမိ၏။ ထို့မှမကသေးပါ။ အလွန် ညတ်သွားလှသော သူခိုးကိုလည်း သူက စိတ်ဝင်စားနေမိ၏။ သိမ်းငှက်လောက်ချစ်က ...

"လောလောဆယ် ကျုပ်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိသေးတယ်၊ ဒီတော့ ဒီကိစ္စပြီးရင်တော့ ကူညီပါ့မယ်"

တုယန်ကျောင်းက ...

"ကျုပ်တို့ကိစ္စကို အရင် ..."

သိမ်းငှက်လောက်ချစ်က လက်ကာပြလိုက်၏။

"ကျုပ်အနေနဲ့ အစောင့်တွေကို ကိုယ်ချင်းစာလို့ အကူအညီပေးမယ် ပြောတာပါ၊ ခင်ဗျားတို့ အရေးကြီးနေရင် တခြားလူထံက အကူအညီသွားတောင်းပါ"

ဟု ပြတ်သားစွာ ပြောလိုက်၏။ တုယန်ကျောင်း မျက်နှာပျက်သွား၏။

"ဟာ ... မဟုတ်ပါဘူး၊ ခင်ဗျား ကူညီမယ်ဆိုရင်လည်း ကျေနပ်လှပါပြီဗျာ"

သိမ်းငှက်လောက်ချစ်က ...

"ကျုပ်အခန်းထဲက အမြန်ဆုံး ထွက်သွားဖို့ပါပဲ"

တုယန်ကျောင်းက သက်ပြင်းချလိုက်၏။

သူသည် သိမ်းငှက်လောက်ချစ်အား ဂါရဝပြုလိုက်ပြီး



နောက် အခန်းထဲမှ ထွက်သွားလေတော့သည်။

❀

သိမ်းငှက်လောက်ချစ်သည် အိပ်ရာထက်တွင် လဲလျောင်းလိုက်၏။ ယနေ့နံနက်ပိုင်းတွင်ပင် သူက မျှော်လင့်မထားသဲ့ အမှုနှစ်ခုကို လက်ခံလိုက်ရ၏။ ထိုနှစ်မှုစလုံးသည် အလွန်ထူးဆန်းနေ၏။ အဖြေရှာမရအောင် ရှုပ်ထွေးလွန်းလှ၏။ စနစ်တကျ အကွက်ချပြီးမှ ဝိရိစွာ ခိုးယူသွားခြင်း ဖြစ်၏။ ဒေးနစ်လက်အာမခံဌာနအမှုက ပို၍ ရှုပ်ထွေး၏။ စဉ်းစားလေ ရှုပ်လေပင်။

သိမ်းငှက်လောက်ချစ်က သက်ပြင်းချလိုက်ပြီး သူဌေးကြီးလျှုပင်းအမှုကို စဉ်းစားလိုက်၏။ သူဌေးကြီးလျှုပင်း၏များပြားသော ရွှေငွေရတနာများကို ခိုးယူသွားခြင်းကမှ ရိုးရှင်း၏။

တုယန်ကျောင်း၏တွေးတောချက်နှင့် စုံစမ်းချက်တို့ မဆိုးလှပါ။ သူခိုးခြေရာပျောက်သွား၍သာ တုယန်ကျောင်းလက်လျှော့သွားရခြင်းဖြစ်သည်။ သိမ်းငှက်လောက်ချစ်က အမှုကို အစအဆုံး တစ်ခေါက်ပြန်၍ စဉ်းစားပြန်၏။

သူဌေးကြီးလျှုပင်း၏မြေတိုက်ခန်းအား ဖောက်ထွင်း၍ ခိုးယူသွားခြင်း မဟုတ်ပါ။ အကျုံရိုက်ထားသော တံခါးကိုပင်ဖွင့်ကာ ခိုးယူသွားခြင်း ဖြစ်သည်။ ထိုရှေ့ည၏ [illegible]ချက်ကိုလည်း သူဌေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးလူ့ဗျူပင်းတစ်ယောက်သာ သိ၏။

လောက၌ လျှို့ဝှက်ချက်ဆိုသည်မှာ ကြာရှည် မတည်မြဲပါချေ။ သူ့ဒွေးကြီးလူ့ဗျူပင်း၏တံခါးသော့လျှို့ဝှက်ချက် ပေါက်ကြားသွား၍လော။ သို့တည်းမဟုတ် သော့ကိုဖွင့်နိုင်သော သော့ဝိဇ္ဇာတစ်ဦး၏လက်ချက်လော။

သိမ်းငှက်လောက်ချစ်မှာ ထိုသို့တွေးမိလိုက်သည်နှင့် လူတစ်ယောက်အား သတိရသွားသည်။ ထိုလူကား သော့ဝိဇ္ဇာမွန်ယုပင် ဖြစ်သည်။ သိမ်းငှက်လောက်ချစ်မှာ အိပ်ရာထက်မှ ဝေါက်ခနဲထထိုင် လိုက်၏။

သော့ဝိဇ္ဇာမွန်ယုသည် မည်မျှခိုင်မာသည့် တံခါးကိုမဆိုအလွယ်တကူဖွင့်နိုင်သည် မဟုတ်ပါလော။ ထိုမျှသာမကသေးပါ။ သော့ဝိဇ္ဇာမွန်ယုကို အထင်မှား၍လည်း မဖြစ်ပါ။

သော့ဝိဇ္ဇာမွန်ယုသည် အဖြူရောင်သိုင်းသမားစစ်စစ်တစ်ဦး မဟုတ်သော်လည်း နာမည်ပျက်ရှိသူတစ်ယောက်ကား မဟုတ်ပါချေ။ သိမ်းငှက်လောက်ချစ်က ဘာပဲဖြစ်ဖြစ် သော့ဝိဇ္ဇာမွန်ယုကိုလည်း သံသယရှိသူစာရင်းတွင် ထည့်သွင်းလိုက်၏။ ထိုစဉ် ...

'ဒေါက် .. ဒေါက် .. ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာ၏။ သိမ်းငှက်လောက်ချစ်က မျက်မှောင်ကုတ်သွား၏။

"ဝင်ခဲ့ပါ။ တံခါးဖွင့်ထားတယ်"



ဟု လှမ်းပြောလိုက်၏။ သူ၏အသံ ဆုံးသွားသည်နှင့် အခန်းတံခါးက ဖြည်းညင်းစွာ ပွင့်သွားသည်။ အခန်းတံခါးဝတွင် အညိုရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလူမှာ အသက်ခြောက်ဆယ်ခန့်ရှိသော အဘိုးအိုတစ်ဦး ဖြစ်၏။ ထိုအဘိုးအိုအား တွေ့လိုက်ရသောအခါ သိမ်းငှက်လောက်ချစ်၏မျက်လုံးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွားလေတော့သည်။ သိမ်းငှက်လောက်ချစ်က လက်နှစ်ဖက်ဆုပ်လိုက်ပြီး ...

"သော့ဝိဇ္ဇာမွန်ယုပါလား၊ ကြိုဆိုပါတယ်"

ဟု ပြောလိုက်၏။ တံခါးဝတွင် ရပ်နေသူမှာ သော့ဝိဇ္ဇာမွန်ယုပင် ဖြစ်ပါသည်။ သော့ဝိဇ္ဇာမွန်ယု၏မျက်နှာက ညှိုးနေ၏။ အဝတ်အစားများမှာလည်း သေသပ်မှုမရှိပါ။ ရပ်ရည်မှာလည်း ရှိရင်းစွဲအသက်ထက် ပို၍ကြီးရင့်နေသလို ထင်ရပေသည်။ သော့ဝိဇ္ဇာမွန်ယုက ...

"ကျုပ်ကို ဝင်ခွင့်ပြုပါ"

ဟု ခွင့်တောင်းလိုက်၏။ သိမ်းငှက်လောက်ချစ်က ...

"ဝင်ခဲ့ပါ"

သူသည် သော့ဝိဇ္ဇာမွန်ယုအား နေရာထိုင်ခင်း ပေးလိုက်လေ၏။ စောစောကပင် သူက မွန်ယုအကြောင်း တွေးတောနေရာယခု မမျှော်လင့်ဘဲ ရောက်ရှိလာသောကြောင့် အံ့အားသင့်သွားမိ၏။ တွေ့ဆုံခိုက်တွင် မွန်ယုအား မသိမသာအကဲခတ် စကားတောက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရန် ဆုံးဖြတ်လိုက်၏။ မွန်ယုက ...

"တော်ပါသေးရဲ့၊ ကျုပ်က မင်းနဲ့ တွေ့မှ တွေ့ပါ့မလားလို့"

ဟု စတင်ပြောလိုက်၏။ သိမ်းငှက်လောက်ချစ်က ...

"ကျွန်တော့်ကို တွေ့ချင်နေတာ ဘာကိစ္စများရှိလို့လဲ"

မွန်ယုက ...

"မင်းဆီက အကူအညီတောင်းချင်လို့ပါ"

သိမ်းငှက်လောက်ချစ်မှာ ထိုစကားကို ကြားရသောအခါ မျက်လုံးပြူးကျယ်သွား၏။

"ဗျာ ... ကျွန်တော့်ဆီက အကူအညီလိုချင်လို့ ဟုတ်လား"

မွန်ယုက ...

"ဟုတ်ပါတယ်၊ မင်းရဲ့ အကူအညီကို မဖြစ်မနေ ရယူဖို့ လိုအပ်နေလို့ပါ"

သိမ်းငှက်လောက်ချစ်က ...

"ကဲ ... ဘာများဖြစ်လာသလဲဆိုတာ ပြောပါဦး"

မွန်ယုက သက်ပြင်းချလိုက်၏။ သူသည် အတန်ကြာသည်အထိ ပြောမထွက်ဘဲ ရှိနေ၏။ သိမ်းငှက်လောက်ချစ်က ...

"ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောပါ"

ဟု ထပ်ပြောလိုက်၏။ မွန်ယုက ...

"ဒီကိစ္စကို မင်းအနေနဲ့ လျှို့ဝှက်ထားဖို့ ကျုပ်မေတ္တာရပ်ခံပါရစေ"



သိမ်းငှက်လောက်ချစ်က ပြုံးလိုက်၏။

"ဒါတွေကို ကျွန်တော် နားလည်ပါတယ်၊ ပြောမှာသာ ပြောပါ"

မွန်ယုက ...

"လောကမှာ ကျုပ် မဖွင့်နိုင်တဲ့တံခါး၊ သော့မရှိဘူးဆိုတာ မင်း သိမှာပါ"

သိမ်းငှက်လောက်ချစ် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

သော့ဝိဇ္ဇာ မွန်ယုက ...

"ကျုပ်လည်း ဒီပညာတွေကို ဘယ်သူ့ကိုမှ သင်ကြားမပေးခဲ့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ပညာအမွေ ဆက်ခံတဲ့သူဟာ ရိုးသားမှုမရှိရင် ပြည်သူတွေ ဒုက္ခရောက်ရဦးမယ်"

သိမ်းငှက်လောက်ချစ်က ခေါင်းညိတ်လိုက်၏။

"မှန်ပါတယ်"

မွန်ယုက ...

"စိတ်ချရတဲ့ တပည့်ရှာဖွေရင်းနဲ့ပဲ ကျုပ်အသက်အရွယ် ထောက်လာခဲ့ပြီ၊ တကယ်လို့များ ကျုပ်သာ သေဆုံးသွားခဲ့ရင် ကျုပ်ရဲ့ပညာတွေ ပျောက်ကွယ်ဆုံးရှုံးသွားမှာကို ကျုပ် မလိုလားဘူး"

သိမ်းငှက်လောက်ချစ်မှာ မွန်ယု၏ရှည်လျားသော စကား

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ရှည်ရှည်ထားကာ နားထောင်လိုက်၏။ မွန်ယုက ဆက်ပြောလိုက်၏။

"ဒါကြောင့် ကျုပ်မသေခင် ကျုပ်တတ်ကျွမ်းသမျှ ပညာရပ်တွေကို ကျမ်းတစ်စောင် ပြုစုခဲ့ပါတယ်၊ အခုတော့ ..."

သိမ်းငှက်လောက်ချစ်က ...

"အဲဒီကျမ်းစာအုပ် ပျောက်ဆုံးသွားတယ်ဆိုပါတော့"

မွန်ယုက မျက်လုံးပြူးသွားပြီး ...

"ဟင် ... ဒီ ... ဒီကိစ္စ မင်း ... မင်း ဘယ်လိုလုပ် သိတာလဲ"

ဟု အထိတ်တလန့်နှင့် မေးလိုက်၏။ သိမ်းငှက်လောက်ချစ်က ...

"ကျုပ်မသိပါဘူး၊ ခင်ဗျားပြောတာတွေနဲ့ ရောက်လာပုံကို ဆက်စပ်ပြီး မေးကြည့်တာပါ"

မွန်ယုက ...

"ဟုတ်တယ်၊ ကျုပ်ရဲ့ ကျမ်းစာအုပ်ဟာ ပျောက်ဆုံးသွားပါတယ်၊ ဒီကိစ္စကို မင်းကူညီစုံစမ်းပေးဖို့ ကျုပ် မေတ္တာရပ်ခံပါတယ်၊ ဒီကျမ်းစာအုပ်သာ မသမာသူလက်ထဲရောက်သွားရင် နေ့စဉ်နဲ့အမျှ လူတွေဒုက္ခရောက်ဖို့ပဲ ရှိပါတယ်"

သိမ်းငှက်လောက်ချစ်က ...

"ဟုတ်ကဲ့၊ ပျောက်ဆုံးသွားပုံကို ပြောပြပါဦး"



မွန်ယုက ...

"အဲဒီအချိန်က ကျုပ်က အိမ်မှာမရှိဘူး၊ ကျုပ်မိတ်ဆွေ တင်းပုကျီထံသွားဖို့ ထွက်လာခဲ့ပါတယ်၊ ကျုပ်ထွက်လို့မှ နှစ်ရက် မပြည့်သေးဘူး ကျုပ်အိမ်မှာ ပြဿနာဖြစ်ပွားတဲ့ သတင်းရလို့ ပြန်လာခဲ့ရတယ်"

"ဟုတ်ကဲ့ ပြောပါဦး"

"ကျုပ်အိမ်မှာ အစောင့်သုံးယောက်ရှိပြီး နှစ်ယောက်က ကျုပ်အိမ်မှာနေတယ်၊ နောက်တစ်ယောက်ကတော့ မြို့ဝန်အိမ်မှာ နေထိုင်ပါတယ်၊ အဲဒီညနေမှာ မသမာသူတစ်စုက ကျုပ်ရဲ့အိမ်ထဲ ကျူးကျော်ဝင်ခဲ့ပြီး ကျုပ်ရဲ့အစောင့်နှစ်ယောက်ကို သတ်ပြီး ကျုပ်ရဲ့ ကျမ်းစာအုပ်ကို ယူဆောင်သွားခဲ့တာပဲ"

သိမ်းငှက်လောက်ချစ်က ...

"တရားခံ ဘယ်သူလို့ ထင်သလဲ"

မွန်ယုက ...

"မြို့ဝန်ရဲ့အာဏာသားတွေ စစ်ဆေးချက်အရ သိုင်းလောကသားနှစ်ယောက်၊ ဒါမှမဟုတ် အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်တယ်လို့ ဆိုပါတယ်"

လောက်ချစ်က ...

"သေဆုံးသွားတဲ့ အစောင့်တွေကိုယ်ပေါ်က ဘာသဲလွန်စများ ရခဲ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com



မွန်ယုက ...

"သဲလွန်စအဖြစ် ခြေရာလက်ရာမရှိဘူး၊ ကျုပ် အစောင့်နှစ်ယောက်စလုံး သွေးကြောပိတ်ခံရပြီး သေဆုံးခဲ့တာပါ"

သိမ်းငှက်လောက်ချစ်က ...

"ခင်ဗျား အစောင့်တွေရဲ့ သိုင်းပညာအဆင့်အတန်းကကော"

သော့ဝိစ္စာမွန်ယုက ...

"သူတို့ဟာ တော်ရုံရန်သူကို ကောင်းကောင်းရင်ဆိုင်နိုင်ပါတယ်၊ အခု ကျုပ်ခန့်မှန်းရသလောက်က သူတို့အငိုက်မိသွားတာ မဟုတ်ရင်တော့ တရားခံရဲ့သိုင်းပညာဟာ အလွန်မြင့်မားလို့ပဲ ဖြစ်ရမယ်"

သိမ်းငှက်လောက်ချစ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ သူသည် ထပ်၍သိလိုသည်များ မေးမြန်းလိုက်သည်။ သော့ဝိစ္စာမွန်ယုကလည်း သိသမျှ ဖြေကြားလိုက်ပြီး ...

"ဒီကိစ္စကို ကျုပ်လည်း တတ်နိုင်သလောက် ကြိုးစားစုံစမ်းပေးမယ့် အခုထက်ထိ တရားခံကို မရှာနိုင်ခဲ့ပါဘူး၊ မင်းတစ်ယောက်ပဲ ကျုပ်ကို ကူညီနိုင်မယ် ထင်ပါတယ်"

သိမ်းငှက်လောက်ချစ်က ...

"ဟုတ်ကဲ့ ... ကျုပ် ကူညီချင်ပါတယ်။ ဒါပေမဲ့ ကျုပ်မှာ လက်ခံထားတဲ့အမှုတွေက ရှိနေတော့ ..."



သော့ဝိစ္စာမွန်ယုက ...

"ကျုပ်လောဘတာ မဟုတ်ပါဘူး၊ ဒီကျမ်းစာအုပ်ဟာ မသမာသူတွေလက်ထဲ တစ်ရက်ရှိရင် ပြည်သူတွေအတွက် အန္တရာယ်ရှိနေတာကို မမေ့စေချင်ပါဘူး"

သိမ်းငှက်လောက်ချစ် သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားလည်း ကြိုးစားစုံစမ်းပါ။ ကျုပ်လည်း တတ်နိုင်သလောက် ကြိုးစားစုံစမ်းပေးပါ့မယ်"

"ကျေးဇူးပါပဲဗျာ၊ တရားခံ အမြန်ဆုံး ရှာတွေ့ပါစေလို့ ကျုပ် ဆုတောင်းပါတယ်"

သူသည် သိမ်းငှက်လောက်ချစ်အား နှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

❂

ဤနေရာသည် အေးချမ်းသာယာပြီး တိတ်ဆိတ်သောနေရာတစ်ခု ဖြစ်သည်။ ဧည့်ခန်းဆောင်၏အနောက်ဘက် အတော်ပင် အလှမ်းကွာသော နေရာလည်းဖြစ်၏။

တိကျစွာဆိုရလျှင် ရွှေကျားရဲတိုက် အနောက်ဘက်တောင်ကုန်း ဆင်ခြေလျှောနေရာပင် ဖြစ်၏။ ရွှေကျားရဲတိုက်တည်ရှိသော မှတောင်ကုန်းသည် အတော်မတ်စောက်သော်လည်း အနောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



တွင်မှ ဆင်ခြေလျှောတစ်ခုရှိပြီး မြေအတော်ကျယ်ပေသည်။

ထိုဆင်ခြေလျှောပြီးလျှင်မှ မတ်စောက်သော ချောက်ကမ်းပါးသာ ကျန်ရစ်ပေတော့သည်။ ရုတ်တရက်ကြည့်လျှင် အနောက်ဘက်ကတက်ရန် လွယ်မည်ထင်ရသော်လည်း လက်တွေ့တွင်မူ မည်သို့မျှ မလွယ်ပါ။

ထို့ကြောင့်လည်း ရွှေကျားရဲတိုက်ရှင်နှင့်တကွ အားလုံးသောလူများသည် ဤအနောက်ဘက်လမ်းကို အသုံးမပြုကြပါချေ။ ရွှေကျားရဲတိုက်သည် တောင်စောင်းတွင် တင်လျက် ဆောက်လုပ်ထားခြင်း ဖြစ်လေသည်။ ဤဆင်ခြေလျှောမှကြည့်လျှင် ချောက်ကမ်းပါးထိပ်တွင် တည်ရှိနေသလို အသည်းယားဖွယ်ကောင်းလှ၏။

လေပြင်းပြင်းသာ တိုက်ခတ်ပါက ရွှေကျားရဲတိုက်တစ်ခုလုံး ချောက်ကမ်းပါးထဲသို့ လွင့်သွားနိုင်သည်ဟု ထင်ရပေသည်။ သိမ်းငှက်လောက်ချစ်မှာ ရွှေကျားရဲတိုက် အနောက်ဘက် ချောက်ကမ်းပါးထဲတွင် ရှိနေ၏။ ထိုချောက်ကမ်းပါးထဲတွင် သစ်ပင်ပန်းမန် ချုံနွယ်များ ရှုပ်ထွေးထူထပ်စွာ ပေါက်နေ၏။

သိမ်းငှက်လောက်ချစ်က အဘယ်ကြောင့် လူသူကင်းမဲ့သော ဤချောက်ကမ်းပါးအတွင်း ရောက်ရှိနေပါသနည်း။ အကြောင်းရင်းကား ရှိပါသည်။ သူ၏အခန်း၌ အေးအေးဆေးဆေးငြိမ်သက်စွာ နေထိုင်၍မရပါ။ ယခု သူက အလွန်ထူးဆန်းရှုပ်ထွေးသော မှုခင်းသုံးခုကို လက်ခံမိနေပြီ ဖြစ်၏။



ထိုမှုခင်းများကို မည်သို့ဖြေရှင်းရမည်ကို အေးအေးဆေးဆေး တွေးတောလိုသောကြောင့် ဖြစ်ပါသည်။ သိမ်းငှက်လောက်ချစ်မှာ ချောက်ကမ်းပါးအတွင်း ဆင်းလာခဲ့ပြီး တွေ့ရသောကျောက်တုံးတစ်တုံးပေါ် တက်ထိုင်လိုက်သည်။

ထို့နောက် ဓားနှစ်လက်အာမခံဌာနမှ ပစ္စည်းပျောက်ဆုံးသွားသည့်အကြောင်းကို တွေးတောဆင်ခြင်လိုက်၏။ ထိုစဉ်မှာပင်

"ကယ်ကြပါဦးရှင်"

စူးရှသော အသံတစ်ချက် ထွက်ပေါ်လာ၏။ မိန်းကလေးတစ်ယောက်၏ကြောက်လန့်တကြား အော်ဟစ်လိုက်သံ ဖြစ်ပါသည်။ သိမ်းငှက်လောက်ချစ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

သူသည် ကျောက်တုံးပေါ်မှ ခုန်ဆင်းကာ အသံလာရာသို့ ပြေးသွားရန် ဟန်ပြင်လိုက်၏။ ထိုအခိုက် သစ်ပင်ချုံနွယ်များကြားမှ တိုးဝှေ့ကာ ပြေးထွက်လာသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရလေသည်။ ထိုမိန်းကလေးအား တွေ့ရသောအခါ သိမ်းငှက်လောက်ချစ်၏ခြေလှမ်းများ ရပ်တန့်သွား၏။

သူ ကြည့်နေစဉ်မှာပင် ချုံနွယ်များကြားမှ လူတစ်ယောက် ခုန်ထွက်လာပြီး မိန်းကလေးအား ဖမ်းချုပ်လိုက်လေသည်။ သိမ်းငှက်လောက်ချစ်မှာ မျက်မှောင်ကုတ်သွား၏။ ထိုမိန်းကလေးကို သူသိ၏။ ထိုမိန်းကလေးသည် ဓားနှစ်လက်အာမခံဌာနပိုင်ရှင် ဦးဒေါင်းဆောင်တုကျူး၏သမီး တုလင်းလင်းပင် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်လောက်ချစ်က ထိုမိန်းကလေးအား သိသိမသိသိ အမြင်မတော်လျှင် ကူညီရမည်ဟု တွေးမိလိုက်၏။

ထို့ကြောင့် သူက ကူညီရန် ရှေ့သို့တိုးလိုက်၏။ ခြေနှစ်လှမ်းပင် မတိုးရသေးပါ။

"ဟေ့ မတရားမလုပ်နဲ့ မိန်းကလေးကို လွှတ်လိုက်စမ်း"

အော်ငေါက်သံတစ်ချက် ပေါ်ထွက်လာ၏။ အသံနှင့်အတူ လူရိပ်တစ်ရိပ်က သူတို့ရှေ့သို့ ပြုတ်ကျလာလေသည်။ ထိုလူမှာ အသက်နှစ်ဆယ်ကျော်ခန့်သာရှိသော လူရွယ်တစ်ယောက်ဖြစ်ပေသည်။ ရုပ်ရည်တည်ကြည်ခန့်ညားပြီး အဖိုးတန်ကတ္တီပါဝတ်စုံရှည်ကို ဝတ်ဆင်ထားပေသည်။

ထိုလူရွယ်အား တွေ့ရလျှင် တုလင်းလင်းအား ဖမ်းချုပ်ထားသောလူမှာ မျက်နှာတစ်ချက် ပျက်သွား၏။ ထိုလူရွယ်အား မကျေမနပ်ကြည့်လိုက်ပြီး ...

"သခင်လေး အော့စန်းပါလား"

အော့စန်းဟူသောအမည်ကိုကြားရလျှင် ထိုလူရွယ်သည် ရွှေကျားရဲတိုက်သခင် အော့ဝါး၏တစ်ဦးတည်းသော သားဖြစ်ကြောင်း သိမ်းငှက်လောက်ချစ်က သိလိုက်ရလေသည်။

အော့စန်းက တုလင်းလင်းအား ဖမ်းချုပ်ထားသောလူအား စိုက်ကြည့်လိုက်၏။ ထိုလူမှာ အသက်သုံးဆယ်ကျော်ခန့် ရှိ၏။ အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ သူ၏မျက်နှာမှာရှည်ပြီး



မျက်လုံးများက ကောက်ကျစ်သူတစ်ယောက်နှင့် တူ၏။ အော့စန်းက တစ်ချက်မဲ့လိုက်ပြီး —

"ကျုပ်ကို သိနေပါလား၊ ခင်ဗျား ဘယ်သူလဲ"

ဟု ခပ်မာမာ မေးလိုက်၏။ ထိုသူက ...

"ရှဖုံး"

ဟု အေးတိအေးစက် ပြန်ပြောလိုက်၏။ အော့စန်း ရင်ထိတ်သွား၏။ ရှဖုံးဟူသော အမည်ကိုကြားရသည်နှင့် သူသည် အဘယ်ကြောင့် ယခုလို ဤနေရာတွင် မိန်းကလေးတစ်ယောက်အား စော်ကားမော်ကားလုပ်ရဲသည်ကိုပါ ကောင်းစွာ နားလည်လိုက်၏။

ရှဖုံးသည် မိုးမြေဂိုဏ်းချုပ်၏နောက်ပါးမှ ကပ်လျှက်ပါလာသောလူပင် ဖြစ်၏။ မိုးမြေဂိုဏ်းချုပ်၏ ကိုယ်ရံတော်ဟုပြောလျှင် မှားမည် မဟုတ်ပါ။ သူသည် မိုးမြေဂိုဏ်းချုပ်၏အရှိန်အဝါအားကိုးဖြင့် ထင်သလိုပြုမူနေခြင်းပင် ဖြစ်ပါသည်။ အော့စန်းက လက်နှစ်ဖက် ဆုပ်လိုက်ပြီး ...

"လက်စသတ်တော့ နောင်ကြီးက ရှဖုံးကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ဒီမှာ ဘာပြဿနာများ ရှိနေပါသလဲ"

ဟု လေသံမမာရဲဘဲ မေးလိုက်၏။ ရှဖုံးက ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ...

"ကျုပ်မှာ ဘာပြဿနာမှ မရှိပါဘူး၊ အခု မင်းရောက်လာမှပဲ ပြဿနာရှိလာတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မကျေမနပ်နှင့် ပြောလိုက်၏။ အောင်စန်းက နားမလည်ဟန်ဖြင့် ...

"ခင်ဗျား ... ကျွန်တော် ရောက်လာမှ ပြဿနာရှိလာတယ် ဟုတ်လား"

ရှုဖုံးက ဒေါသထွက်သွား၏။

"ဟုတ်တယ်၊ မင်း ဒီကို ရောက်လာတာ ကျုပ်အလုပ်ကို လာပြီး နှောင့်ယှက်တာပဲ"

ထိုအချိန်တွင် ရှုဖုံး၏မျက်နှာသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင် တင်းမာခက်ထန်နေ၏။ တုလင်းလင်းမှာ ရှုဖုံး၏လက်တွင်းမှ မည်သို့မျှ ရုန်းထွက်မရဘဲ ရှိနေ၏။ သူမ၏ မျက်နှာ ဖြူလျော်နေ၏။ ကြောက်ရွံ့၍ အသားများပင် တဆတ်ဆတ်တုန်နေ၏။ ရှုဖုံး၏မောက်မာသောစကားကြောင့် အောင်စန်းမှာ မကျေ မနပ်ဖြစ်သွားလေသည်။

အိမ်ရှင်အား ဧည့်သည်က စော်ကားလိုက်သည် မဟုတ်ပါလား။ သို့သော် မိုးမြေဂိုဏ်းချုပ်၏မျက်နှာက ရှိနေ၏။ အောင်စန်း ဒေါသကို ချုပ်တည်းလိုက်ပြီး ...

"နောင်ကြီး ရှုဖုံး ... ဒီနေရာရောက်လာတဲ့သူတိုင်းဟာ ကျုပ်တို့ ရွှေကျားရဲတိုက်ရဲ့ဧည့်သည်တွေပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် အနှောင့်အယှက်မပြုဘဲနေကြရင် ကောင်းမယ် ထင်ပါတယ်"



ဟု ပြောလိုက်၏။ ထိုစကားကြောင့် ရှုဖုံးက ပို၍ဒေါသထွက်သွား၏။ သူသည် အောင်စန်းအား စိုက်ကြည့်လိုက်၏။

"မင်းက ကျုပ်ကို တရားဟောနေတာလား"

အောင်စန်းက ...

"တရားဟောတာ မဟုတ်ဘူး၊ ကျုပ်က အမှန်ပြောနေတာ ရှုဖုံး"

ရှုဖုံး၏မျက်လုံးတွင် အရောင်တစ်ချက် လင်းလက်သွား၏။ သူသည် လက်ထဲတွင် ချုပ်ကိုင်ထားသော တုလင်းလင်းအား လွှတ်ပေးလိုက်၏။ ထို့နောက် အောင်စန်းအား အေးစက်စွာ ပြုံးပြလိုက်ပြီး

"ကျုပ်ကို နှောင့်ယှက်ရင် ဆိုးမခံရလိမ့်မယ်"

ဟု ပြောရင်း အောင်စန်းထံသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်လေသည်။ အောင်စန်းက အံကြိတ်လိုက်၏။ မောက်မာလှသော ရှုဖုံးအား သူက သည်းညည်းမခံနိုင်တော့ပါ။ တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။ သိမ်းငှက်လောက်ချစ် ရပ်ကြည့်မနေနိုင်တော့ပါ။ သူသည် ရှုဖုံးနှင့်အောင်စန်းကြားသို့ လျှပ်တစ်ပြက် ခုန်ဝင်လိုက်ပြီး

"အားလုံး ရပ်ကြပါ"

ရှုဖုံးက ကြားဝင်လာသော သိမ်းငှက်လောက်ချစ်အား ဒေါသမျက်လုံးများဖြင့် ကြည့်လိုက်၏။

"မင်း ဘယ်သူလဲ၊ ဘာကြောင့် မဆိုင်တဲ့ကိစ္စထဲ ဝင်ရှုပ်ချင်တာလဲ၊ ကျုပ် နောက်ဆုံးပြောမယ်၊ မသေချင်ရင် ဒီက အမြန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားစမ်း”

သိမ်းငှက်လောက်ချစ်က ပခုံးတစ်ချက် တွန့်လိုက်သည်။

“ခက်တာပဲ၊ ကျုပ် မျက်စိရှေ့မှောက်မှာ မတရားမှုတွေ့နေရင် လက်ပိုက်ပြီး ကြည့်နေတတ်တဲ့အကျင့်မျိုး မရှိဘူးဗျ”

ရှုဖုံးမှာ သူ့အား ခွန်းတုံ့ပြန်ပြောလာသော သိမ်းငှက်လောက်ချစ်အား ဒေါသပိုထွက်သွား၏။ သူ၏ဒေါသများကို သိမ်းငှက်လောက်ချစ်အပေါ်သို့ ပုံချလိုက်လေသည်။

“မင်းကလည်း သေချင်နေတာကိုး”

သူသည် စကားဆုံးသည်နှင့် ရုတ်တရက် သိမ်းငှက်လောက်ချစ်အား ခုန်အုပ်ကာ တိုက်ခိုက်လိုက်သည်။ ရှုဖုံးက ဘယ်လက်သီးအယောင်ပြကာ ညာလက်သီးဖြင့် သိမ်းငှက်လောက်ချစ်၏မျက်နှာကို ထိုးချလိုက်၏။ သူ၏လက်သီးချက်က အလွန်ပင် လျင်မြန်လှ၏။

‘ဖတ်’

သို့သော် ရှုဖုံး၏လက်သီး သိမ်းငှက်လောက်ချစ်၏မျက်နှာအား မထိပါ။ သိမ်းငှက်လောက်ချစ်က လက်တစ်ဖက် အသာဖွေယမ်းကာ ရှုဖုံး၏လက်သီးကို ဖမ်းဆုပ်ထားလိုက်သည်။ ရှုဖုံးက လက်ကို အမြန်ပြန်ရုပ်လိုက်သည်။

သို့သော် သိမ်းငှက်လောက်ချစ်၏လက်အတွင်းမှ မည်သို့မျှ ပြန်ရုပ်၍မရ ဖြစ်နေ၏။ ရှုဖုံး၏မျက်နှာ ကွက်ခနဲပျက်သွားသည်။ သူ့အား တစ်ကွက်တည်းနှင့် အနိုင်ယူလိုက်သော သိမ်းငှက်လောက်



ချစ်အား မျက်လုံးပြူးကြည့်လိုက်ပြီး ...

“မင်း ... မင်း ... ဘယ်သူလဲ”

“ကျုပ် ဘယ်သူဆိုတာ အရေးမကြီးပါဘူး၊ ခင်ဗျားနောက်ဆိုရင် ဒီလိုအကျင့်မျိုး ဆင်ခြင်ပါ”

သူသည် ပြောပြီးသည်နှင့် ဖမ်းဆုပ်ထားသောလက်ကို ရှေ့သို့ ဆန့်ထုတ်လိုက်သည်။

‘ဝုန်း’

ရှုဖုံး၏ခန္ဓာကိုယ်မှာ ဒယီးဒယိုင်နှင့် နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် ပြန်ထိန်းလိုက်နိုင်သည်။

ရှုဖုံး၏မျက်နှာ နီရဲသွား၏။ သူသည် ရှက်သွားပြီး ဒေါသလည်း အလွန်ထွက်သွား၏၊ အံကြိတ်လိုက်ပြီး ...

“မင်း ... မင်း ... အခုပဲ ကျုပ်အကြောင်း သိစေရမယ်”

သူသည် ကြိမ်းမောင်းပြီးသည်နှင့် ချောက်ကမ်းပါးအပေါ်သို့ ခုန်တက်သွားလေတော့သည်။

ရှုဖုံး ထွက်ပြေးသွားပြီဖြစ်သည်။ ရှုဖုံးနှင့် ရင်ဆိုင်မှုသည် ပြဿနာအစပျိုးခြင်း ဖြစ်ကြောင်း သိမ်းငှက်လောက်ချစ်က ကောင်းစွာနားလည်လိုက်၏။ သို့သော် သူက အမှန်တရားဘက်မှ ရပ်တည်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းအတွက် မည်သူ့ကိုမျှ မကြောက်ပါချေ။ တုလင်းလင်းက …သိမ်းငှက်လောက်ချစ်နှင့်အော့စန်းတို့အား ဦးညွတ်အရိုအသေပြုပြီး …

"ကျွန်မကို လူယုတ်မာလက်ထဲက ကယ်တင်တာ ကျေးဇူးတင်ပါတယ်ရှင်"

အော့စန်းက …

"ကျုပ်တို့ရဲ့ညွှန်သည်မှန်သမျှ ကျုပ်တို့မှာ တာဝန်ရှိပါတယ်"

သိမ်းငှက်လောက်ချစ်ကမူ တုလင်းလင်းအား တစ်ချက်စိုက်ကြည့်လိုက်ပြီး …

"ဒီနေရာဟာ လူပြတ်တယ်၊ ရှုခင်းလည်း မကောင်းဘူး၊ မိန်းကလေးက ဒီနေရာကို ဘာကြောင့် ရောက်နေရတာလဲ"

"ဒီနေရာမှာ ရှားပါးတဲ့ ပန်းမျိုးပင်တွေ ရှိတယ်ဆိုလို့ ဆင်းလာကြည့်တာပါရှင်"

သူမစကားကြောင့် အော့စန်းက ပြုံးကာ …

"ညီမက ပန်းပင်တွေ စိတ်ဝင်စားလို့လား"

တုလင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

အော့စန်းက …

"ဒီနေရာမှာ ရှားပါးတဲ့ပန်းမျိုးပင် လုံးဝမရှိပါဘူး၊ ညီမကြည့်ချင်တဲ့ပန်းပင်တွေက ရွှေကျားရဲ့တိုက်အနီးမှာ ရှိပါတယ်၊



တကယ်လို့ ညီမကြည့်ချင်တယ်ဆိုရင် အစ်ကို လိုက်ပြပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

အော့စန်းသည် တုလင်းလင်းအား ရှားပါးသောပန်းမျိုးပင်များကို ပြသရန် ခေါ်ဆောင်သွားလေတော့သည်။ အော့စန်းနှင့် တုလင်းလှင်းတို့ ပျောက်ကွယ်သွားသည်အထိ ကြည့်နေပြီးမှ သိမ်းငှက်လောက်ချစ်လည်း သက်ပြင်းချရင်း တောင်ပေါ်သို့ ပြန်တက်လာခဲ့သည်။

သူသည် ညွှန်ခန်းဆောင်သို့ မသွားတော့ဘဲ သူ၏အခန်းသို့သာ ပြန်လျှောက်လာခဲ့၏။ သူ၏အခန်းအတွင်းသို့ ခြေချမိလျှင် အခန်းတွင်း၌ လူတစ် ယောက် ရှိနေသည်ကို တွေ့လိုက်ရလေသည်။ ထိုလူမှာ စောစောက သူနှင့် အချင်းများခဲ့သော ရှုဖုံးပင် ဖြစ်ပါသည်။

"ခင်ဗျား ဘာကြောင့် ကျုပ်အခန်းထဲ ဝင်နေရတာလဲ၊ ကျုပ်နဲ့ ထပ်ယှဉ်ဦးမလို့လား"

ရှုဖုံးက အေးစက်စွာ ရယ်မောလိုက်ပြီး …

"ခင်ဗျားကို ပြောစရာရှိလို့ပါ"

သိမ်းငှက်လောက်ချစ် မျက်မှောင်ကုတ်သွားပြီး …

"ဘာပြောစရာရှိလို့လဲ"

"ကျုပ်ဆရာရဲ့ အမှာစကားပါ"

သိမ်းငှက်လောက်ချစ်သည် ပို၍မျက်မှောင်ကုတ်သွား၏။ ရှုဖုံးက ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားသဘောတူရှိရင် ကျုပ်ဆရာဆီ သွားတွေ့ပါ၊ မတွေ့ရဲရင် ဒီရွှေကျားရဲ့တိုက်က အမြန်ဆုံးထွက်ခွာသွားပါလို့ မှာလိုက်ပါတယ်"

သိမ်းငှက်လောက်ချစ်မှာ ထိုစကားကြောင့် အံ့ဩသွားလေ၏။ ရှုဖုံးသည် ရှုံးနိမ့်သွားသည်ကို မကျေနပ်၍ သူ့ဆရာအား အကူအညီတောင်းခဲ့ပြီဖြစ်ကြောင်း ချက်ချင်း နားလည်သွားလေသည်။

"မင်းမဆိုးဘူး၊ မိုးမြေဂိုဏ်းချုပ်ကတောင် မင်းစကားကို လက်ခံနေပါလား"

ထိုစကားကြောင့် ရှုဖုံး၏မျက်နှာ ကွက်ခနဲပျက်သွား၏။ သူသည် ချက်ချင်း ရယ်မောလိုက်ပြီး ...

"ခင်ဗျား မလာရဲရင် ကျုပ်ဆရာက အရောက်လာမှာ သေချာတယ်၊ ကျုပ်ဆရာရောက်လာတဲ့အခါ ခင်ဗျား ဒီလိုစကားမျိုး ပြောနိုင်ပါစေလို့ ဆုတောင်းပါတယ်"

သူသည် စကားဆုံးသည်နှင့် သိမ်းငှက်လောက်ချစ်၏ အခန်းတွင်းမှ လှမ်းထွက်သွားလေသည်။

❂

သိမ်းငှက်လောက်ချစ်သည် ဤပန်းဥယျာဉ်အတွင်းသို့ ဒုတိယအကြိမ်ရောက်ရှိခဲ့စဉ်က သိုင်းသမား တို့စံနှင့် တွေ့ခဲ့၏။ တို့စံနှင့်သူသည် မိတ်ဆွေများဖြစ်၏။ သူက မိုးမြေဂိုဏ်းချုပ်နှင့်



ရင်ဆိုင်ရမည်ဆိုလျှင် တို့စံ၏အကူအညီ လိုလာပေမည်။

သူတစ်ယောက်တည်း မိုးမြေဂိုဏ်းချုပ်အား ရင်ဆိုင်နိုင်စွမ်း ရှိမည်မဟုတ်ဟု ယူဆထားသည်။ တို့စံနှင့်တွေ့လျှင် သူက အကူအညီတောင်းရန် စိတ်ကူးထားသည်။ ထို့ကြောင့် ပန်းဥယျာဉ်အတွင်း တို့စံအား တွေ့လိုတွေ့ငြား လှည့်ပတ်ရှာဖွေလေသည်။

ပန်းဥယျာဉ်မှာ တိတ်ဆိတ်နေ၏။ လူသူအတော်ပင် ကင်းမဲ့နေ၏။ ထိုအခိုက် ပန်းပင်များကြားမှ အေးစက်သော စကားသံ တစ်ချက် ထွက်ပေါ်လာလေသည်။

"မင်း ဘယ်သူ့ကို ရှာနေတာလဲ"

သိမ်းငှက်လောက်ချစ်မှာ ရင်ထိတ်သွား၏။ ချက်ချင်းပင် အသံလာရာသို့ လှည့်ကြည့်လိုက်ကာ ပန်းပင်များကြားမှ တိုးထွက်လာသော ရှုဖုံးနှင့်အတူ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုအနက်ရောင်ဝတ်စုံနှင့်လူမှာ အနက်ရောင်သိုင်းလောက တွင် အလွန်ကျော်ကြားသည့် မိုးမြေဂိုဏ်းချုပ်ပင် ဖြစ်သည် မဟုတ် ပါလား။

မိုးမြေဂိုဏ်းချုပ်က ရှေ့သို့ တိုးထွက်လိုက်၏။ ထို့နောက် သိမ်းငှက်လောက်ချစ်အား စိုက်ကြည့်လိုက်၏။ မိုးမြေဂိုဏ်းချုပ် ၏မျက်လုံးထဲတွင် လူသတ်လိုသော အရိပ်အယောင်များ ထွက်ပေါ် နေ၏။ သိမ်းငှက်လောက်ချစ်၏ရင်ထဲတွင် လေးလံနေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ဟန် မပြပါ။ ရှုံ့ဖုံ့နှင့် မိုးမြေဂိုဏ်းချုပ်အား တစ်လှည့်စီကြည့်လိုက်ပြီး...

"ခင်ဗျားနဲ့သူနဲ့ ဘယ်သူက ဆရာလဲ"

ထိုစကားကြောင့် မိုးမြေဂိုဏ်းချုပ်၏မျက်နှာမှာ မည်းခနဲဖြစ်သွားလေသည်။ သူသည် လောက်ချစ်အား စိုက်ကြည့်လိုက်ပြီး

"မင်းဘာသဘောနဲ့ မေးတာလဲ၊ ကျုပ်ကို မခန့်လေးစားလုပ်ရင် အသေးဆိုးနဲ့ သေရတတ်တယ်ဆိုတာ မင်းမသိဘူးလား"

လောက်ချစ်က ပခုံးအသာ တွန့်လိုက်ပြီး ...

"ကျုပ်အမှန်အတိုင်း ပြောတာဗျ၊ ခင်ဗျားတပည့်က အကျင့်မကောင်းဘူး၊ မိန်းကလေးတွေ့တိုင်း ဖျက်ဆီးချင်တယ်၊ သူ့ရဲ့မတရားတဲ့လုပ်ရပ်ကို ကျုပ်က ဟန့်တားလိုက်တာပဲဗျ"

မိုးမြေဂိုဏ်းချုပ် တွေဝေသွား၏။ လောက်ချစ်က ဆက်ပြောလိုက်သည်။

"ကျုပ်က ဟန့်တားတော့ သူက မကျေမနပ်ဖြစ်သွားတယ်၊ ဒါနဲ့ ခင်ဗျားကို လာတိုင်တာပဲ၊ ခင်ဗျားက သူ့စကားကြားရုံနဲ့ ကျုပ်ကို သတ်ဖို့ လိုက်ရှာတယ်၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက်မှာ ဘယ်သူက ဆရာလဲဆိုတာ စဉ်းစားစရာပဲ၊ ဘယ်သူက ဘယ်သူ့စကားကို နားထောင်ရတာလဲ"

လောက်ချစ်၏အချက်ပိုင်လှသော စကားကြောင့် မိုးမြေဂိုဏ်းချုပ်မှာ ဒေါသထွက်သွား၏။ အနာပေါ် တုတ်ကျသလို ဖြစ်ကာ



"တိတ်စမ်း စကားမရှည်နဲ့ မင်း ကျုပ်တပည့်ကို ဟန့်တားတာ ကျုပ်စိတ်မဝင်စားဘူး၊ ဒါပေမဲ့ မင်းဟာ အပြောနဲ့မညီတော့ ကျုပ်က သိချင်နေတယ်"

လောက်ချစ် မျက်မှောင်ကုတ်သွား၏။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"မင်းဟာ ရင်ဆိုင်တိုက်ပွဲတိုင်းမှာ အရှုံးမရှိဘူးတဲ့၊ ဒီတော့ မင်း အရှုံးပေးရမယ့်လူဟာ ကျုပ်ပဲလားဆိုတာ စမ်းကြည့်ဖို့ ဆုံးဖြတ်ပြီးပြီ"

လောက်ချစ်က ...

"တိုက်ပွဲတိုင်းနိုင်တဲ့ကျုပ်ကို ရှုံးမယ့်လူဟာ ခင်ဗျားပဲ ဖြစ်ရမယ်"

မိုးမြေဂိုဏ်းချုပ်မှာ ဒေါသထွက်သွား၏။ သူသည် လောက်ချစ်အား သုတ်သင်ပစ်ရန် ဆုံးဖြတ်ချက်က ပို၍ ခိုင်မာသွားလေသည်။

"ကောင်းပြီ ... မင်း သိထားပေတော့"

သူသည် စကားဆုံးလျှင်ဆုံးချင်း သိမ်းငှက်လောက်ချစ်အား တစ်ဟုန်ထိုး တိုက်ခိုက်လေသည်။ မိုးမြေဂိုဏ်းချုပ်၏တိုက်ခိုက်မှုမှာ အလွန်ပင် ပြင်းထန်လှပေသည်။ သိမ်းငှက်လောက်ချစ်မှာ မတော်သာတော့ဘဲ သတိကြီးစွာထား၍ ပြန်လည်တိုက်ခိုက် လိုက်ရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာ ပန်းဥယျာဉ်အတွင်း၌ ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။ အချိန်ကြာလာသည်နှင့်အမျှ တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာလေသည်။

သိမ်းငှက်လောက်ချစ်၏ အခြေအနေမှာလည်း တစ်စထက် တစ်စ ဆိုးရွားလာလေသည်။ မိုးမြေဂိုဏ်းချုပ်၏ခြေထောက်နှင့် လက်ဝါးများက သူ၏တစ်ကိုယ်လုံးအား လွှမ်းခြုံသွားလေသည်။

မိုးမြေလက်ဝါးဂိုဏ်းချုပ်က တိုက်စစ်ဆင်လိုက်သောအခါ တစ်ယောက်တည်းမဟုတ်ဘဲ လူဆစ်ယောက်ခန့်က သူ့အား ဝိုင်း၍ တိုက်ခိုက်နေသည်နှင့်လည်း တူနေတော့သည်။ ထိုစဉ်မှာပင် ...

"ရပ်လိုက်"

ဟန့်တားသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ တစ်ဆက်တည်းမှာပင် လူရိပ်တစ်ရိပ် လျှင်မြန်စွာ ပြေးလာပြီး တိုက်ပွဲအတွင်း ခုန်ဝင်လာသည်။

သိမ်းငှက်လောက်ချစ်သည် သူ့ဘက်မှ ဝင်ရောက်ကူညီသူကို တွေ့မြင်လိုက်ရသောအခါ မျက်လုံးပြူးသွား၏။ ထိုလူမှာ ရွှေကျားရဲ့တိုက်သခင်လေး အော့စန်းဖြစ်နေသည် မဟုတ်ပါလား။



အော့စန်းသည် တိုက်ပွဲအတွင်း ခုန်ဝင်လာ၏။ သူသည် မိုးမြေဂိုဏ်းချုပ်အား တရကြမ်း တိုက်ခိုက်နေ၏။ သို့သော် သူ၏အား ချက်များက မိုးမြေဂိုဏ်း၏အကျီစကိုပင် ထိမှန်နိုင်စွမ်း မရှိကြောင်း သူ မသိပါ။

ထို့အတူ မိုးမြေဂိုဏ်းချုပ်၏ တုံ့ပြန်တိုက်ခိုက်မှု အော့စန်းတွင် သူ၏အသက် သေဆုံးသွားရမည်ကိုလည်း သိဟန်မတူပါ။ မကြောက်မရွံ့ အတင်းဝင်တိုက်ခိုက်နေသော အော့စန်းအား တွေ့လျှင် လောက်ချစ်မှာ လန့်သွား၏။

"အော့စန်း ... နောက်ဆုတ်စမ်း"

သူသည် အော်ဟစ်ရင်း တိုက်ပွဲအတွင်း အတင်းဝင်လိုက်၏။ ယခုအတိုင်း ဆက်တိုက်ခိုက်လျှင် မိုးမြေဂိုဏ်းချုပ်၏လက်ချက်ဖြင့် အော့စန်း သေသွားနိုင်၏။ လောက်ချစ်လည်း မိုးမြေဂိုဏ်းချုပ်အား မယှဉ်နိုင်ချေ။

သို့သော် အော့စန်း ဘေးရန်မရှိအောင် သူက မိုးမြေဂိုဏ်းချုပ်နှင့် သူသေကိုယ်သေ တိုက်ခိုက်ရတော့မည် ဖြစ်၏။

ထို့ကြောင့် သူက အော့စန်း တိုက်ပွဲမှ ထွက်သွားနိုင်ရန်အတွက် အန္တရာယ်ကို အမှုမထားတော့ဘဲ မိုးမြေဂိုဏ်းချုပ်အား တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်ရလေတော့သည်။

သိမ်းငှက်လောက်ချစ် တိုက်ပွဲအတွင်း တရကြမ်းတိုးဝင်လာသည်ကိုတွေ့သောအခါ မိုးမြေဂိုဏ်းချုပ်က အေးစက်စွာပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အော့စန်းအား အရေးမစိုက်ပါ။

သိမ်းငှက်လောက်ချစ်ကိုသာ အပြတ်ရှင်းရန်အတွက် ပြင်းထန်စွာ တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။ တိုက်ပွဲမှာ အလွန်ပင် ရှုပ်ထွေးသွားလေသည်။ လောက်ချစ်၏အခြေအနေမှာ ပထမတိုက်ခိုက်စဉ်ကထက် နှစ်ဆမက ဆိုးရွားလာလေသည်။

အော့စန်း ဝင်ရောက်လာခြင်းသည် လောက်ချစ်အတွက် အကူအညီမဟုတ်ဘဲ ဆိုးကျိုးကိုသာ ဖြစ်စေသည် မဟုတ်ပါလား။ မိုးမြေဂိုဏ်းချုပ်က သိုင်းကွက်များ တစ်ကွက်ပြီးတစ်ကွက် ထုတ်ဖော်ကာ လောက်ချစ်အား တရကြမ်း တိုက်ခိုက်လေသည်။ သူ၏တိုက်ခိုက်မှုသည် အလွန်ပြင်းထန်၏။

အသုံးပြုလိုက်သော သိုင်းကွက်တိုင်းသည် လောက်ချစ်၏ အသက်ကို နှုတ်ယူရန်ပင် ဖြစ်သည်။ တစ်ကြိမ်တွင်မူ မိုးမြေဂိုဏ်းချုပ်၏လက်ဝါးက သိမ်းငှက် လောက်ချစ်၏ရင်ဝသို့ တိုးဝင်လာ၏။

သိမ်းငှက်လောက်ချစ်မှာ ခုခံကာကွယ်ရန် မည်သို့မျှ မမီတော့သည့်အတွက် ခန္ဓာကိုယ်အား စောင်းကာ ပခုံးနှင့်ခံပေးလိုက်၏။

မိုးမြေဂိုဏ်းချုပ်၏လက်ဝါးက လောက်ချစ်၏ပခုံးနှင့် ရင်ဝကြားသို့ ရိုက်ချမိသွားလေတော့သည်။

'ဝုန်း'

လောက်ချစ်၏ခန္ဓာကိုယ်သည် ကြိုးပြတ်သော စွန်တစ်ကောင်နှယ် နောက်သို့လွင့်စဉ်ထွက်သွား၏။ မိုးမြေဂိုဏ်းချုပ်က



ရှေ့သို့ခုန်တက်လာပြီး သိမ်းငှက်လောက်ချစ်အား အသေသတ် ရန် ဟန်ပြင်လိုက်၏။ မိုးမြေဂိုဏ်းချုပ်က ပြုံးလိုက်၏။

သူ၏အပြုံးတွင် လူသတ်လိုသော အရိပ်အယောင်များ ပေါ်လွင်နေပေသည်။ မိုးမြေဂိုဏ်းချုပ်က လက်ဝါးတစ်ဖက် အပေါ်သို့ မြှောက်တင်လိုက်၏။ သိမ်းငှက်လောက်ချစ်မှာ မည်သို့မျှ ခုခံနိုင်စွမ်းမရှိဘဲ ရိုက် ချလာမည့် လက်ဝါးကိုသာ ပြူးကြည့်နေ၏။

ထိုစဉ် လူရိပ်တစ်ရိပ် သူတို့နှစ်ယောက်ကြားသို့ ရုတ်ခြည်း ကျရောက်လာ၏။ ထိုလူရိပ်က မိုးမြေဂိုဏ်းချုပ်၏လက်ဝါးချက် အောက်မှ လောက်ချစ်အား ဆွဲထုတ်သွားလေသည်။

သိမ်းငှက်လောက်ချစ်က သူ့အား ကူညီလိုက်သူအား မော့ကြည့်လိုက်၏။ လူငယ်လေးတစ်ယောက်ဖြစ်သည်။ ထိုလူငယ်ကို သူ မသိပါချေ။ မိုးမြေဂိုဏ်းချုပ်က ဒေါသထက်သွား၏။ သူသည် ကြားဝင်လာသော လူငယ်အား အေးစက်စွာ ကြည့်လိုက်ပြီး ...

"မင်း ဘယ်သူလဲ၊ သေချင်လို့ ဝင်ရှုပ်တာလား"

ဟု အော်ဟောက်လိုက်၏။ လူငယ်က ပြုံးလိုက်၏။

"ဒီလောက် တိုက်ခိုက်ရ ကျေနပ်လောက်ပါပြီ"

မိုးမြေဂိုဏ်းချုပ်က နှာခေါင်းရှုံ့လိုက်ပြီး ...

"မလောက်လေးမလောက်စား သူငယ်လေးက ကျုပ်ကို ဘာရားလာမဟောနဲ့၊ မသေချင်ရင် အမြန်ဖယ်စမ်း"

လူငယ်က ဖယ်ရှားခြင်းမရှိပါ။ သူသည် တည်ငြိမ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေ၏။ မိုးမြေပိုက်ဆံချုပ်က လူငယ်အား စိုက်ကြည့်လိုက်ပြီး …

"မင်းကပါ သေချင်နေတာကိုး၊ ကောင်းပြီ မင်းရဲ့ဆန္ဒကို ကျုပ်က ဖြည့်ဆည်းပေးရတာပေါ့"

သူသည် စကားဆုံးသည်နှင့် လူငယ်အား လက်ဝါးတစ်ချက် ရိုက်ချလေသည်။ လူငယ်က လျင်မြန်လှ၏။ ရုတ်ခြည်းပင် သူ၏ လက်ထဲ ဓားရှည်တစ်လက် ရောက်ရှိလာပြီး မိုးမြေပိုက်ဆံချုပ်အား တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။ လူငယ်၏ဓားချက်က ကောင်းမွန်လှ၏။ မိုးမြေပိုက်ဆံချုပ်မှာ ထိတ်ခနဲဖြစ်သွားပြီး သူ၏လက်ဝါးရိုက်ချက်အား အလျင်အမြန် ရုပ်သိမ်းလိုက်ရ၏။

သူ့ရှေ့မှ လူငယ်သည် အသက်အလွန်ငယ်သော်လည်း သိုင်းပညာမြင့်မားသူတစ်ယောက်ဖြစ်ကြောင်း ချက်ချင်း ရိပ်စားမိလိုက်၏။ သူသည် အထင်မသေးဝံ့တော့ဘဲ သတိနှင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

လူငယ်ကလည်း ဓားကို အသင့်ပြင်ကာ ခုခံတိုက်ခိုက်ရန် ပြင်ထား၏။ လူငယ်မှာ မိုးမြေပိုက်ဆံချုပ်အား မကြောက်မရွံ့ ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ထားပုံရလေသည်။ ထိုစဉ် …

"အားလုံး ရပ်လိုက်ပါ"

အောင်မြင်ခန့်ညားသောအသံတစ်ချက် ထွက်ပေါ်လာ၏။ မိုးမြေပိုက်ဆံချုပ်က အသံလာရာသို့ လှမ်းကြည့်လိုက်၏။ ပန်းဥယျာဉ်အတွင်း ပြေးဝင်လာသော လူတစ်စုကို တွေ့မြင်လိုက်ရလေသည်။



ရှေ့ဆုံးမှလူမှာ ရွှေကျားရဲတိုက်ရှင် အော့ဝါးဖြစ်၏။ သူ၏နောက်တွင် သိုင်းသမားတို့စ်၊ ရှောင်လင်မှ ဝေ့ခုံးနှင့် ခွန်လွန်ဂိုဏ်းချုပ်တို့ ပါလာ၏။

ပန်းဥယျာဉ်အတွင်း တိုက်ပွဲဖြစ်နေသည်ဟု သတင်းကြားလိုက်သဖြင့် သူတို့ စကားပြောနေရာမှ ကမန်းကတန်း ထွက်လာခြင်းပင် ဖြစ်ပါသည်။ မိုးမြေပိုက်ဆံချုပ်က သက်ပြင်းချလိုက်၏။

သူက မည်သူ့ကိုမျှ မတိုက်ခိုက်တော့ပါ။ သူက တိုက်ခိုက်မည်ဆိုလျှင် သူ့အား ကျန်လူများက ဝိုင်းဝန်းတိုက်ခိုက်ဟန့်တားမည်ကို ကောင်းစွာသိလိုက်သည်။

ထိုစဉ် အခြားသိုင်းသမား အများအပြားလည်း ရောက်ရှိလာသည်ကို တွေ့ရသည်။ ခွန်လွန်ဂိုဏ်းချုပ်ကလည်း သူ့အား မကျေမနပ်နှင့် ကြည့်နေသည်ကို တွေ့ရလေသည်။

ခွန်လွန်ဂိုဏ်းချုပ်နှင့်သူသည် အမြဲတစေ ရန်ဘက်များ ဖြစ်ကြသည်။ တစ်ဦးက အဖြူရောင်သိုင်းလောကအား ကိုယ်စားပြု၏။ တစ်ဦးက အနက်ရောင်သိုင်းလောကအား ကိုယ်စားပြု၏။

သူတို့၏ရုပ်တည်ချက်ချင်းက ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။ သူတို့၏ရန်ငြိုးက မည်သည့်အခါမျှ မပြေပျောက်နိုင်ပါ။ မိုးမြေပိုက်ဆံချုပ်နှင့် ခွန်လွန်ဂိုဏ်းချုပ်တို့ ငါးကြိမ်ထက်မနည်း ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ဖူးသည်။

သူတို့နှစ်ယောက်စလုံး သိုင်းပညာအရာတွင် ထိပ်တန်း

www.burmeseclassic.com

www.burmeseclassic.com



အဆင့်သို့ ရောက်ရှိနေသူများဖြစ်သည်။ ယှဉ်ပြိုင်သမျှ တစ်ကြိမ်မှ အရှုံးအနိုင် မပေါ်ခဲ့ပါ။ ယခု သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စူးစိုက်စွာ ကြည့်နေကြသည်။

မိုးမြေကိုဏ်းချုပ်က ရန်ငြိုးကို မေ့လျော့ထားလိုက်သည်။ မမေ့၍လည်း မဖြစ်ပါ။ ယခုအချိန် သူက ခွန်လွန်ကိုဏ်းချုပ်နှင့် မည်သို့မျှ ရင်ဆိုင် နိုင်မည် မဟုတ်ပါချေ။

ခွန်လွန်ကိုဏ်းချုပ်အနီးတွင် သိုင်းသမားတို့စုံနှင့်ဆရာတော် ဇေခုံးတို့ ရှိနေသည်။ သူတို့နှစ်ဦးက ဝင်စွက်မည်သာ ဖြစ်သည်။ သူ့အတွက် အလားအလာမကောင်းပါ။

"ခင်ဗျားတို့က တရားမျှတတဲ့ အဖြူရောင်သိုင်းလောကသားတွေပဲ မဟုတ်လား"

မိုးမြေကိုဏ်းချုပ်က အလျှင်ဦးအောင် ပြောလိုက်၏။ သူ့စကားကို ဆရာတော်ဇေခုံးက ကောင်းစွာနားလည်သည်။ ဇေခုံးက...

"ဒကာကြီး ... ကျုပ်တို့က ရွှေကျားရဲ့တိုက်ရှင်ရဲ့ညှိခံပွဲကို တက်ရောက်ဖို့ လာခဲ့တာပါ၊ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ဖို့ မဟုတ်ပါဘူး၊ ဒီအချိန်မှာ ဘယ်သူမှလည်း တိုက်ခိုက်ဖို့ မသင့်ကြပါဘူး၊ ဒါကြောင့် ဒကာကြီးကလည်း ကိုယ့်အခန်းကို ပြန်ပြီး အေးအေးဆေးဆေးနေပါ"

ထိုစကားကြောင့် မိုးမြေကိုဏ်းချုပ်မှာ အတော်စိတ်သက်သာရာ ရသွားလေသည်။ ဇေခုံးအား ဂါရဝပြုလိုက်၏။



ထို့နောက် လဲကျနေသော လောက်ချစ်နှင့် သူ့အား ဟန့်တားခဲ့သော လူငယ်အား စူးစူးစိုက်စိုက် တစ်ချက်ကြည့်ပြီးနောက် ပန်းဥယျာဉ်အတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

❂

လောက်ချစ် သတိပြန်ရလာ၏။ သူ သတိပြန်ရလာသောအခါ ဆရာတော်ဇေခုံး၏အခန်းတွင်း ရောက်ရှိနေသည်ကို သတိပြုမိလိုက်သည်။ လောက်ချစ်က အနီးပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်၏။

သူ၏အနီးတွင် သိုင်းသမား တို့စုံ၊ ဆရာတော် ဇေခုံးနှင့် ခွန်လွန်ကိုဏ်းချုပ်တို့ ရှိနေသည်။ သိုင်းသမားတို့စုံ၏မျက်နှာမှာ ပြုံးရွှင်နေ၏။ ဆရာတော်ဇေခုံး၏မျက်နှာတွင်မူ အတော်ပင်ပင်ပန်းနွမ်းနယ်နေဟန် ပေါ်လွင်နေ၏။

လောက်ချစ်မှာ သူသည် မိုးမြေကိုဏ်းချုပ်၏လက်ဝါးတစ်ချက် မှန်ကာ ဒဏ်ရာရခဲ့သည်ကို သတိရလာ၏။ သူ၏ရင်ဝတွင် နာကျင်နေသော်လည်း အသက်ရှူရသည်မှာမူ အတော်ကောင်းမွန်နေ၏။ သူ့အား ဆရာတော်ဇေခုံးက အတွင်းအားဖြင့် ကုသပေးခဲ့ခြင်းဖြစ်မည်ဟု တွေးလိုက်မိ၏။ သိုင်းသမားတို့စုံက ...

"လောက်ချစ် ... မင်း သတိရပြီလား"

www.burmeseclassic.com

www.burmeseclassic.com



လောက်ချစ်က ...

"သတိရပါပြီဗျာ"

သူသည် ပြောရင်း ထတိုင်ရန် ဟန်ပြင်လိုက်၏။ ဇွေခုံးက

"ဒကာလေး ... မထနဲ့ မထနဲ့ ခဏ ငြိမ်ငြိမ်နေပါဦး"

ဟု ဟန့်တားလိုက်၏။ လောက်ချစ်က ပြန်လည် လဲလျောင်းရင်းမှ ဆရာတော်ဇွေခုံးအား လက်အုပ်ချီကာ ကန်တော့လိုက်၏။

"တပည့်တော်ရဲ့ဒဏ်ရာကို ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘုရား"

ဆရာတော်ဇွေခုံးက ...

"ကိစ္စမရှိပါဘူး။ ဒကာလေးက ဘာကြောင့် မိုးမြေဂိုဏ်းချုပ်နဲ့ ထိပ်တိုက်တိုးရတာလဲ"

လောက်ချစ်က ...

"မလွှဲမရှောင်သာလို့ အခုလို ရင်ဆိုင်ရတာပါ။ ဒီလူဟာ သိုင်းပညာမြင့်မားသလောက် စဉ်းစားချင့်ချိန်မှု နည်းပါးတယ်၊ အခုလည်း သူ့တပည့်ရဲ့စကားကို ယုံကြည်ပြီး ဖြစ်ရတာပါ"

ဇွေခုံးက ...

"လူဆိုး လူမိုက်တွေဟာ ဒီလိုပါပဲ၊ သူတို့က ဆင်ခြင်တုံတရား နည်းပါးလို့သာ လူဆိုးလူမိုက်တွေ ဖြစ်လာကြတာပေါ့"

လောက်ချစ်က ပါးစပ်ပိတ်ထားလိုက်၏။



ဇွေခုံးက ဆက်ပြောလိုက်၏။

"မိုးမြေဂိုဏ်းချုပ်ဟာ သိုင်းလောကရဲ့ ဆူးပြောင့်ခလုတ်တစ်ခုပဲ၊ သူ့ကို ဆုံးမပစ်သင့်ပြီ၊ ခွန်လွန်ဂိုဏ်းချုပ်အနေနဲ့ကလည်း ငါးကြိမ်ယှဉ်ဖူးပြီးပြီ၊ သူ့ကို အနိုင်ရဖွဲ့မလွယ်သေးဘူး၊ ရွှေကျားရဲ့ တိုက်ရှင်ကလည်း ဒီကိစ္စ စိတ်မဝင်စားဘူး၊ ကျုပ်ကလည်း တိုက်ပွဲတွေထဲ မပါဝင်တော့ဘူးလို့ ဆုံးဖြတ်ထားပြီးသား ဖြစ်နေခဲ့တယ်၊ အင်း ... တစ်နေ့နေ့တော့ မိုးမြေဂိုဏ်းချုပ်ကို အနိုင်ယူနိုင်မယ့်လူ ပေါ်လာမှာပါ"

မိုးမြေဂိုဏ်းချုပ်မှာ အလွန်ကြောက်စရာကောင်းသော သိုင်းပညာရှင်တစ်ယောက် ဖြစ်၏။ သိုင်းလောကတွင် မိုးမြေဂိုဏ်းချုပ်အား တစ်ဦးချင်းရင်ဆိုင် ယှဉ်ပြိုင်ကာ အနိုင်ယူနိုင်မည့်သူ အလွန် နည်းပါးလှပေသည်။

ဤအချက်ကိုသာ မိုးမြေဂိုဏ်းချုပ် နားလည်သွားပါက သိုင်းလောကတစ်ခုလုံး ပြဿနာများနှင့် ပြည့်နှက်သွားမည်သာ ဖြစ်ပေသည်။

တစ်သက်လုံး ရှုံးပွဲမရှိခဲ့သော သိမ်းငှက်လောက်ချစ်မှာလည်း မိုးမြေဂိုဏ်းချုပ်အား မရှုမလှ ရှုံးနိမ့်နိုင်ခဲ့ပေသည်။ သို့အတွက် လောက်ချစ်မှာ အတော်ပင် စိတ်ပျက်လက်ပျက်ဖြစ်သွားရလေသည်။ သူသည် သိုင်းလောကထဲ စဝင်ပြီးသည့်အချိန်မှစ၍ အမှုအခင်းများ တစ်ခုပြီးတစ်ခု ဖြေရှင်းနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



အာဏာသားခေါင်းဆောင် တာဝန်များကို ထမ်းဆောင်ရင်း အချိန်များ ကုန်ဆုံးလာခဲ့ရ၏။ ထိုအချိန်များအတွင်း အများအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်ခဲ့သော်လည်း သူ၏သိုင်းပညာကိုမူ မြင့်မားအောင် ကြိုး စားလေ့ကျင့်နိုင်ခဲ့ခြင်း မရှိပါ။ လောက်ချစ် သက်ပြင်းချလိုက်၏။ သူသည် အများအကျိုးဆောင်ရွက်ရင်း အသက်သေဆုံးခဲ့ပါကလည်း ဂုဏ်ယူစရာပင် မဟုတ်ပါလား။

ခွန်လွန်ဂိုဏ်းချုပ်က ...

"အရှင်ဘုရား ... မိုးမြေဂိုဏ်းချုပ်ကိစ္စမှာ ရွှေကျားရဲတိုက်ရှင် ပါဝင်ဆောင်ရွက်လာအောင် တိုက်တွန်းပါလား"

ဟု ပြောလိုက်၏။ ဆရာတော်ဝေ့ခုံးက ...

"မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ ဘုရား"

"အခုရက်ပိုင်းမှာ ရွှေကျားရဲတိုက်ရှင်ဟာ စိတ်ညစ်ညူးနေတဲ့ပုံ ရတယ်"

လောက်ချစ်က မျက်မှောင်ကုတ်သွား၏။

"ရွှေကျားရဲတိုက်ရှင် စိတ်ညစ်နေတယ် ဟုတ်လား၊ ဘာကြောင့်များလဲ ဘုရား"

ဆရာတော်ဝေ့ခုံးက ...

"သူကတော့ ဖွင့်မပြောပါဘူး။ ကျုပ်က အကဲခတ်မိရသလောက် ပြောတာပါ"



သိုင်းသမားတို့စံက ...

"အံ့ဩစရာပဲ၊ ရွှေကျားရဲတိုက်ရှင်ဟာ အစစအရာရာ ပြည့်စုံတဲ့ လူတစ်ယောက်ပဲ၊ သူ့လိုလူမျိုးက စိတ်ညစ်စရာ ဘာအကြောင်းများ ရှိမှာလဲ"

ဆရာတော်ဝေ့ခုံးက ...

"ဒါတော့ ကျုပ်လည်း မသိဘူး၊ ကျုပ် အကဲခတ်မိသလောက် သူဟာ အင်မတန်မှ စိတ်ညစ်နေတယ်ဆိုတာတော့ ကျိန်းသေပါတယ်"

လောက်ချစ်မှာ နားထောင်ရင်း စဉ်းစားမရအောင် ဖြစ်သွား၏။ သိုင်းလောကတွင် လူအပေါင်းက ရွှေကျားရဲတိုက်ရှင်အား လေးစားကြည်ညိုကြ၏။ ရွှေကျားရဲတိုက်ရှင်သည် ချမ်းသာကြွယ်ဝပြီး ဖော်ရွေသည်။

သူ့ထံရောက်လာသော ဧည့်သည်မှန်သမျှကို အဆင့်အတန်း မခွဲခြားဘဲ ကောင်းမွန်စွာ ဧည့်ခံတတ်၏။ ယခု ရွှေကျားရဲတိုက်ရှင်က စိတ်ညစ်နေသည်ဟု ဆို၏။

သူ့တွင် မည်သို့သော စိတ်ညစ်စရာအကြောင်းများ ရှိနေရပါသနည်း။ လောက်ချစ်၏ရင်ထဲ၌ စုံစမ်းလိုသောစိတ်က ဝင်ရောက်လာလေတော့သည်။

ဆရာတော်ဝေ့ခုံးက လောက်ချစ်၏ရင်ထဲမှ ဆန္ဒကို သိနေသည့်အလား ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာလေးက စုံစမ်းကြည့်ချင်နေတယ် မဟုတ်လား"

လော်ကီချစ်က ...

"ဟုတ်ပါတယ်"

ဆရာတော်က ...

"မင်း ဒီနေ့ အနားယူပါ၊ နောက်တစ်လအတွင်းမှာလည်း အတွင်းအား အသုံးပြုတဲ့ တိုက်ပွဲမျိုး ဆင်နွှဲခြင်းမှ မင်းရဲ့ဒဏ်ရာ ရှင်း ရှင်းပျောက်မယ်၊ ဒါကြောင့် ဒကာလေး စိတ်ထင်တိုင်း မလုပ်ပါနဲ့"

လောက်ချစ်က သက်ပြင်းချပြီး ...

"မှန်ပါ့ဘုရား"

ဇွဲခိုးက ...

"ဒကာလေးက သိရုံ စုံစမ်းချင်လည်း စုံစမ်းပါ၊ ဒါပေမဲ့ သူ့ ကို အနှောင့်အယှက်တော့ မဖြစ်စေနဲ့"

လောက်ချစ်က ...

"တင်ပါ့ဘုရား"

"ကဲ တို့စံ ... ဒကာလေးကို လိုက်ပို့လိုက်ပါ"

ဇွဲခိုးက မိန့်ကြားလိုက်ရာ ... သိုင်းသမား တို့စံက လောက် ချစ်အား တွဲခေါ်ကာ အခန်းထဲ မှ ထွက်သွားလေတော့၏။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏအောင်

## ဒေါင်းစိမ်းခြေရာ

(၃-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



ည ... ကောင်းကင်တွင် လကွေးကွေးသာ ရှိ၏။ ဆရာတော်ဇွေခုံးသည် အခန်းထဲမှ ထွက်လာခဲ့၏။ သူသည် ရွှေကျားရဲ့တိုက်အတွင်း ဝင်လာခဲ့ပြီး ရွှေကျားရဲ့တိုက်ရှင်၏အခန်းသို့ ဦးတည်လျှောက်လာခဲ့၏။

သူ၏စိတ်ထဲတွင် သိမ်းငှက်လောက်ချစ် ပြောလိုက်သည့်စကားကြောင့် ရွှေကျားရဲ့တိုက်ရှင်အော့ဝါးတွင် ဘေးအန္တရာယ်တစ်ခုခုနှင့် တွေ့ကြုံနေရပြီဟု ပိုမိုယုံကြည်လာသည်။

သူသည် ရွှေကျားရဲ့တိုက်အဆောင်အနီးရောက်မှ ခြေလှမ်းကို ရပ်တန့်လိုက်မိလေသည်။ သူ့အနေနှင့် ရွှေကျားရဲ့တိုက်ရှင်အော့ဝါးအား အနှောင့်အယှက်မပေးသင့်ကြောင်း စဉ်းစားမိလာပြန်၏။ မနက်ဖြန်ဆိုလျှင် ရွှေကျားရဲ့တိုက်ရှင်အော့ဝါး ဧည့်ခံပွဲကျင်းပမည့်နေ့ပင် ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ဖိတ်ကြားထားသူ ဧည့်သည်များဖြင့် စည်ကားနေလိမ့်မည် ဖြစ်သည်။ ဧည့်ခံပွဲပြီးမှ မေးမြန်းလျှင် ပို၍ကောင်းမည်ဟု တွေးလိုက်မိ၏။

ထို့ကြောင့် ဆရာတော်ဇွေခုံးသည် သက်ပြင်းတစ်ချက်ချပြီး အဆောင်အနီးမှ လှည့်ပြန်ရန် ဟန်ပြင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အခေါင်၏အပေါ် ထပ်မှ လူတစ်ယောက် သရုပ်တာကို လွှားခနဲကျော်ကာ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

ထိုသူအား သေချာကြည့်လိုက်ရာ ရွှေကျားရဲတိုက်ရှင်အော့ဝါးဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။ ရွှေကျားရဲတိုက်ရှင် အော့ဝါးသည် ဆရာတော်ဝေခုံးအား တွေ့မြင်သောကြောင့် ခုန်ဆင်းလာခြင်း ဖြစ်ပေသည်။

"အရှင်ဘုရား ... ဘာကိစ္စများ ရှိပါသလဲ"

လက်အုပ်ချီပြီး မေးမြန်းလိုက်ရာ ဝေခုံးက သက်ပြင်းချရင်း

"ကိစ္စအထွေအထူး မရှိပါဘူး။ ဒကာကြီး ကြည့်ရတာ စိတ်ညစ်စရာအကြောင်း တစ်ခုခုနဲ့များ ကြုံတွေ့နေရသလားလို့ တွေးမိပြီး ရောက်လာတာပါ"

အော့ဝါး၏မျက်နှာအရောင် ပြောင်းသွား၏။ ချက်ချင်း ဣန္ဒြေဆည်ကာ ...

"တပည့်တော်မှာ ဘာမှစိတ်ညစ်စရာမရှိပါဘူး"

ဆရာတော်ဝေခုံး ခေါင်းညိတ်လိုက်သည်။

"အင်း ... ဒါဆိုလည်း ကျုပ် အထင်မှားလို့ ဖြစ်ပါလိမ့်မယ်"

"အထဲကြွပါ ဘုရား"

"နေပါစေ ဒကာကြီး၊ ကျုပ် ဒီကနေ့ လောက်ချစ်ကို ကုသပေးထားရလို့ ပင်ပန်းနေတယ်၊ ပြန်ပြီး အနားယူလိုက်ဦးမယ်၊ ခွင့်ပြုပါဦး"



ပြောပြီး ဆရာတော်ဝေခုံး လှည့်ထွက်သွားလေသည်။ ရွှေကျားရဲတိုက်ရှင်အော့ဝါးမှာ ဆရာတော်ဝေခုံး၏နောက်ကျောကို ကြည့်ကာ ကျန်ရစ်ခဲ့လေသည်။

အခန်းတစ်ခုအတွင်း ... အခန်းတွင်း၌ မအိပ်သေးဘဲ စကားပြောနေသောလူနှစ်ယောက် ရှိ၏။ ထိုသူနှစ်ဦးမှာ လောက်ချစ်နှင့်တို့စံတို့ပင် ဖြစ်၏။ လောက်ချစ်က ...

"မိုးမြေဂိုဏ်းချုပ်ရဲ့ပညာဟာ တကယ်ကြောက်ဖို့ကောင်းတယ်ဗျ"

တို့စံက ...

"ဒါကို သိလျက်နဲ့ မင်းက ဘာကြောင့် ရင်ဆိုင်ရတာလဲ"

လောက်ချစ်က ...

"ရင်မဆိုင်ရင် မရတော့လို့ပါ"

တို့စံက ...

"ဆရာတော်ဝေခုံး အချိန်မီရောက်မလာရင် မင်း အခုလို စကားပြောနေနိုင်မှာ မဟုတ်ဘူး"

လောက်ချစ်က ခေါင်းညိတ်လိုက်၏။ ထိုအခိုက် လောက်ချစ်က တစ်စုံတစ်ယောက်အား သတိရလာ၏။ သူ့အား ဝင်ကူညီသော

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ပင် ဖြစ်၏။ လောက်ချစ်က ...

"မဟုတ်ဘူး၊ ခင်ဗျားတို့မရောက်ခင် သူက မိုးမြေဂိုဏ်းချုပ်ကို ဟန့်တားခဲ့တာဗျ"

တို့စံက ...

"ဪ ... မင်းအနားမှာရပ်နေတဲ့ လူငယ်လား"

လောက်ချစ်က ...

"ဟုတ်တယ်၊ သူက မိုးမြေဂိုဏ်းချုပ်ကို မကြောက်မရွံ့ ရင်ဆိုင်ရဲတယ်၊ သူဟာ လူငယ်ပေမယ့် ပညာတော့ အတော်ကောင်းတာဗျ"

တို့စံက ...

"ကျုပ်လည်း မသိဘူး၊ ဒါပေမဲ့ သူဟာ ဓားနှစ်လက်အာမစ်ရွာနက လူတစ်ယောက်နဲ့ စကားပြောဆိုတာတော့ တွေ့ခဲ့တယ်"

လောက်ချစ်က ...

"လာ ... ကျုပ်တို့ သူ့ကို သွားရှာရအောင်"

တို့စံက ...

"ဘာလုပ်ဖို့လဲ"

လောက်ချစ်က ...

"သူ့ကို ကျုပ်က ကျေးဇူးတင်စကား မပြောခဲ့ရသေးဘူးဗျ"

တို့စံက ပခုံးတွန့်လိုက်၏။

"မင်း မနားဘူးလား"



လောက်ချစ်က ...

"နားချိန်တန်ရင် ကျုပ် နားမှာပါပဲ၊ အခု ..."

တို့စံက ...

"ကျုပ် နားလည်ပါတယ်ဗျာ၊ ကဲ ... သွားကြစို့"

သူတို့နှစ်ယောက်သည် အခန်းတွင်းမှ ထွက်လာခဲ့လေ၏။

❂

ဝမ်လွေသည် အခန်းတွင်း လဲလျောင်းနေ၏။ ထိုအခိုက်...

'ဒေါက် .. ဒေါက် .. ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။ ဝမ့်လွေက ခေါင်းထောင်ကြည့်လိုက်ပြီး ...

"တံခါးဖွေထားတယ်၊ ဝင်ခဲ့ပါ"

ဟု ပြောလိုက်၏။ သူ့စကားအဆုံးတွင် တံခါးပွင့်သွားပြီး အခန်းတွင်းသို့ လူနှစ်ယောက် ဝင်လာလေသည်။ ဝမ်လွေမှာ ထိုလူနှစ်ယောက်အား တွေ့မြင်လိုက်သောအခါ ကမန်းကတန်း လူးလဲထကာ အရိုအသေပြုလိုက်သည်။ လောက်ချစ်နှင့် တို့စံတို့ ရောက်လာကြခြင်း မဟုတ်ပါလား။ ဝမ်လွေက နေရာထိုင်ခင်းပေးလိုက်ပြီး

"ဘာကိစ္စများရှိလို့ပါလဲ ခင်ဗျာ"

ဟု မေးလိုက်၏။ လောက်ချစ်က လက်နှစ်ဖက်ဆုပ်၍

www.burmeseclassic.com

www.burmeseclassic.com



အရိုအသေပြုလိုက်ပြီး ...

"မင်းရဲ့ကူညီမှုအတွက် ကျေးဇူးတင်ကြောင်း လာပြောတာပါ"

ဝမ်လွေမှာ လောက်ချစ်၏စကားကြောင့် မနေတတ်သလိုဖြစ်သွားပြီး ...

"ကိစ္စမရှိပါဘူးဗျာ"

လောက်ချစ်က ...

"ဒါထက် ယန့်တာဆီက ကြားခဲ့ရတယ်၊ မင်းလည်း မှုခင်းတွေကို အတော်စိတ်ဝင်စားတယ် ဟုတ်လား"

ဝမ်လွေက ...

"အစ်ကိုယန့်တာရဲ့မှုခင်းက စိတ်ဝင်စားစရာ ကောင်းလို့ပါ"

လောက်ချစ်က ...

"မင်းစုံစမ်းမှု ဘယ်လိုလဲ"

ဝမ်လွေက ...

"စုံစမ်းမှု မပြုရသေးပါဘူး။ စဉ်းစားကြည့်ရုံပဲ ရှိပါသေးတယ်"

လောက်ချစ်က ...

"မင်းရဲ့စဉ်းစားမိသမျှ ပြောပါဦး"

ဝမ်လွေမှာ မပြောရဲသလို ဖြစ်သွားသည်။ သူသည် ယခုမှ သိုင်းလောကအတွင်း ခြေချသူတစ်ယောက်ဖြစ်၍ လောက်ချစ်မှာမူ



မှုခင်းများဖြေရှင်းရာတွင် အလွန်ကျော်ကြားသူဖြစ်သည်။ လောက်ချစ်က ပြုံးလိုက်ပြီး ...

"ကျုပ်က မင်းဆီက အကူအညီ အမှန်တကယ် ရယူချင်းမှာပါ၊ မင်း စဉ်းစားမိပုံကို ပြောပြပါဦး"

ဟု ထပ်၍ တောင်းဆိုလိုက်၏။ ဝမ်လွေလည်း မတတ်သာတော့ဘဲ ယန့်တတို့အမှုတွင် သူ တွေးတောရသမျှ ဖြစ်နိုင်ချေများကို ပြောပြလိုက်သည်။ လောက်ချစ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"မင်းပြောတဲ့အချက်တွေဟာ အတော်ပဲခိုင်လုံတယ်၊ မင်း ကျုပ်ကို ကူညီပါလား"

"ခင်ဗျာ"

ဝမ်လွေ အံ့သြသွား၏။ လောက်ချစ်က ဆက်ပြောလိုက်သည်။

"ကျုပ် တကယ်ပဲ အကူအညီ လိုအပ်နေတယ်၊ ကျုပ်ဟာ ဒဏ်ရာကုသပြီးပေမယ့် ရှင်းရှင်းမပျောက်သေးဘူး"

သူသည် ဝမ်လွေအား ကူညီရန် အကြောင်းများ အမျိုးမျိုး လည့်ပတ်ပြောဆိုလိုက်လေသည်။ ဝမ်လွေက မငြင်းသာတော့ပါ။

"ဟုတ်ကဲ့၊ ကျွန်တော် တတ်နိုင်သမျှ ကူညီပါ့မယ်"

လောက်ချစ်က ...

"ကျုပ်ဆီမှာ ယန့်တ အမှုတင်မကဘူး၊ မရှေးမနှောင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်ခဲ့တဲ့ အမှုနှစ်ခု ရှိသေးတယ်”

ဝမ်လေ့က နားထောင်နေ၏။ လောက်ချစ်က သော့ဝိစ္စာ မှုန်ယု၏မှတ်တမ်းပျောက်ဆုံးပုံနှင့် သူဌေးကြီးလျူပင်း၏ရွှေငွေ ရတနာများစွာ ပျောက်ဆုံးသွားပုံတို့ကို ပြောပြလိုက်လေသည်။ ဝမ်လေ့က သေသေချာချာ နားထောင်လိုက်၏။ လောက်ချစ်က …

“မင်း ဒီအမှုသုံးခုကို ဘယ်လိုမြင်သလဲ”

ဝမ်လေ့က …

“လူတစ်ယောက်တည်းရဲ့ လက်ချက်ဖြစ်နိုင်တယ်”

လောက်ချစ်က …

“ဘာကြောင့် အဲဒီလိုထင်ရတာလဲ”

ဝမ်လေ့က …

“သူတို့ရဲ့လုပ်ဆောင်မှုဟာ ပိရိသေသပ်လွန်းတယ်လေ၊ ဉာဏ်သွားတဲ့လူတစ်ယောက်၊ ဒါမှမဟုတ် လူတစ်စုက သေသေချာ ချာ အကွက်ချစီစဉ်ထားပုံပဲ”

လောက်ချစ်က ကျေနပ်စွာ ပြုံးလိုက်၏။ သူသည် ထက် မြက်သောလူငယ်တစ်ယောက်၏ အကူ အညီရပြီ မဟုတ်ပါလော။

သူ မလှုပ်ရှားနိုင်သော်လည်း ဝမ်လေ့၏ကူညီမှုဖြင့် ထိုမှု ခင်းများကို အောင်မြင်စွာ ဖော်ထုတ်နိုင်မည်ဟု ကောင်းစွာယုံကြည် မိလေသည်။ လောက်ချစ်က …

“ဒီကနေ့ တိုက်ခိုက်ခဲ့တဲ့လူဟာ ဘယ်သူလဲဆိုတာ မင်း



သိသလား”

ဝမ်လေ့က …

“ပထမတော့ မသိဘူး၊ နောက်မှ သူဟာ မိုးမြေဂိုဏ်းချုပ် ဆိုတာ သိခဲ့ရပါတယ်”

လောက်ချစ်က …

“မင်း မိုးမြေဂိုဏ်းချုပ်အကြောင်း ဘယ်လောက်သိသလဲ”

ဝမ်လေ့က …

“အများကြီးတော့ မသိဘူး၊ ဒါပေမဲ့ သူဟာ အနက်ရောင် သိုင်းလောကရဲ့ ထိပ်တန်းခေါင်းဆောင်တစ်ဦးဆိုတာတော့ သိထား ပါတယ်”

လောက်ချစ်က တို့စံဘက်လှည့်လိုက်ပြီး …

“မိုးမြေဂိုဏ်းချုပ်ကို ခင်ဗျား ဘယ်လိုမြင်သလဲ”

သိုင်းသမားတို့စံက မဲ့လိုက်ပြီး …

“ဘယ်လိုမြင်ရမလဲ၊ သူဟာ လက်မရွံ့တဲ့ ဒုစရိုက်သမား တစ်ယောက်ပဲ”

လောက်ချစ်က သက်ပြင်းချလိုက်၏။

“သူ့ရဲ့သိုင်းပညာကတော့ အလွန်မြင့်မားတယ်ဗျ၊ လွန်ခဲ့ တဲ့ ခြောက်နှစ်က ခွန်းလွန်ဂိုဏ်းချုပ်နဲ့ နောက်ဆုံးအကြိမ် ယှဉ်ပြိုင်ခဲ့ တယ်၊ အဲဒီအချိန်က သရေပွဲဖြစ်ခဲ့တယ်ဆိုပေမယ့် ခွန်းလွန်ဂိုဏ်းချုပ် က နည်းနည်းသာတယ်လို့ ဆိုရမယ်”

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ခေါင်းညိတ်လိုက်၏။

လောက်ချစ်က စကားဆက်လိုက်သည်။

"အဲဒီယှဉ်ပြိုင်ပွဲ ပြီးတဲ့နောက် မိုးမြေဂိုဏ်းချုပ်ဟာ သိုင်းလောကမှာ သူ့နာမည် မကြားရလောက်အောင် ငြိမ်သက်ပြီး ပျောက်ကွယ်နေခဲ့တယ်၊ အခုမှ သူက ရုတ်ခြည်းပြန်ထွက်ပေါ်လာတယ်၊ ဒီခြောက်နှစ်အတွင်း သူက သိုင်းပညာတစ်မျိုး လေ့ကျင့်ပြီး ပြန်ထွက်ပေါ်လာတာဖြစ်နိုင်တယ်၊ ဒီတစ်ကြိမ် သူ့ကို ဟန့်တားနိုင်တဲ့လူ ရှိပါ့မလား"

တို့စံမှာ တွေဝေသွား၏။ ဝမ်လွေက ...

"ဒါဆို သူ့ကို ခွန်းလွန်ဂိုဏ်းချုပ်ကတောင် ယှဉ်နိုင်မှာ မဟုတ်တော့ဘူးလို့ ဆိုလိုတာလား"

ဟု ဝင်မေးလိုက်၏။ လောက်ချစ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

တို့စံက သက်ပြင်းချလိုက်သည်။

"ဒီအတိုင်းဆိုရင်တော့ မလွယ်ဘူး"

လောက်ချစ်က ...

"ကျုပ်လည်း သူ့ရဲ့လက်ဝါးထိမှန်ပြီး မသေတာ ဆရာဓွေခုံးရဲ့ ကူသပေးမှုကြောင့်ပဲ"

တို့စံက ...



"ဆရာတော်ဓွေခုံးသာ မရှိရင် မင်းသေချင်သေ မသေရင်လည်း သိုင်းလောကထဲ ခြေချနိုင်မှာမဟုတ်တော့ဘူး"

လောက်ချစ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဘာပဲဖြစ်ဖြစ် ရွှေကျားရဲ့တိုက်မှာ အဖြူရောင်သိုင်းသမားတွေရော၊ အနက်ရောင်သိုင်းသမားတွေပါ အတော်ကို စုံစုံလင်လင် ရောက်နေကြပြီဗျ"

ဝမ်လွေက ...

"အခြေအနေက တစ်မျိုးပဲ"

လောက်ချစ်က ...

"တစ်စုံတစ်ခုဖြစ်ပွားဖို့ အချိန်အခါ စောင့်နေတာမျိုးနဲ့ တူနေတယ်"

သိုင်းသမားတို့စံက ...

"မင်း ဘာကိုဆိုလိုတာလဲ"

လောက်ချစ်က ...

"ကျုပ်လည်း သေသေချာချာမသိဘူး၊ သိုင်းလောကမှာ ထူးဆန်းတဲ့မှုခင်းတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ပေါ်ထွက်လာနေတယ်၊ ဒါတွေအားလုံးဟာ ဆက်စပ်မရပေမယ့် ဆက်စပ်နေတဲ့ပုံစံမျိုးပဲ"

သိုင်းသမားတို့စံမှာ လောက်ချစ်ပြောသော စကားများကို ကောင်းစွာနားမလည်ပါ။ သို့သော် သူက ဆက်မမေးတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



လောက်ချစ်ကလည်း ဆက်မပြောတော့သည့်အတွက် အခန်းတစ်ခုလုံး တိတ်ဆိတ်သွားလေတော့သည်။

(၆)

ညှို့ခံပွဲ … ညနေဆည်းဆာအချိန် ဖြစ်သည်။ ရွှေကျားရဲ တိုက်ရှေ့မြက်ခင်းပြင်တွင် စားပွဲများ အစီအရီ ခင်းကျင်းထားပေသည်။ စားပွဲပေါင်း တစ်ရာကျော်ခန့်ရှိရာ မြက်ခင်းပြင်တစ်ခုလုံး ပြည့်လုနီးပါးပင်ဖြစ်၏။ စားပွဲတိုင်းလိုလိုတွင် လူများ ရောက်ရှိနေကြပြီဖြစ်သည်။ ညှို့သည် စုစုပေါင်း သုံးရာနီးပါးခန့်မျှ ရှိပေသည်။

ယနေ့ရောက်ရှိနေသော ညှို့သည်အားလုံးလိုလိုမှာ သိုင်းလောကတွင် ကျင်လည်ကျက်စားနေသူများ ဖြစ်ကြ၏။ ညှို့သည် သုံးပုံနှစ်ပုံခန့်သည် အဖြူရောင်သိုင်းလောကသားများဖြစ်၍ ကျန်သူများမှာ အနက်ရောင်သိုင်းလောကသားများ ဖြစ်ကြပေသည်။

မည်သို့ဆိုစေ သိုင်းလောကတွင် ကျော်ကြားသော သိုင်းသမားများ အားလုံးနီးပါးမျှ ရောက်ရှိလာကြခြင်း ဖြစ်ပေသည်။ ရွှေကျားရဲတိုက်ရှင်အနေဖြင့်ဆိုလျှင် ညှို့သည်များအား လိုလေသေးမရှိ ကျွေးမွေးပြုစုညှို့ခံနေ၏။

စားပွဲတစ်လုံးတွင် လောက်ချစ်၊ သိုင်းသမားတို့စံနှင့် ဝမ်လှေတို့က ထိုင်နေကြသည်။ သူတို့သည် အားလုံးကို မသိမသာ



အကဲခတ်နေကြလေသည်။ အားလုံးသော ညှို့သည်များမှာ ပျော်ပျော်ပါးပါးပင် စားသောက်နေကြ၏။ ဝမ်လှေက …

"ဒီတစ်ညတည်းရဲ့ ညှို့ခံစရိတ်ဟာ မနည်းဘူးကုန်ကျမှာ သေချာတယ်"

သိုင်းသမားတို့စံက …

"ရွှေကျားရဲတိုက်ရှင်ထံမှာ ညှို့သည်သိပ်မပြတ်ဘူး၊ သူကလည်း လာသမျှညှို့သည်အားလုံးကို အဆင့်အတန်းမခွဲဘဲ ကောင်းကောင်းမွန်မွန် ညှို့ခံတတ်တယ်၊ ပြီးတော့ တစ်နှစ်တစ်ကြိမ်လောက် အခုလို ညှို့ခံပွဲမျိုးလည်း လုပ်တတ်ပါတယ်"

ဝမ်လှေက …

"ဒါဆို သူ့ရဲ့ညှို့ခံကျွေးမွေးစရိတ်တင် တစ်နှစ်တစ်နှစ် မနည်းဘူး ကုန်မှာပဲ၊ အလွန်ချမ်းသာတဲ့ သူဌေးတွေတောင်မှ ဒီလိုကျင်းပနိုင်မှာမဟုတ်ဘူးဗျ"

တို့စံက …

"သူ့ရဲ့စေတနာပေါ့ဗျာ"

ဝမ်လှေက …

"ဒါထက် ရွှေကျားရဲတိုက်ရှင်မှာ ဘာလုပ်ငန်းတွေများ ရှိထားသလဲ"

တို့စံက တစ်ချက်ကြောင်သွား၏။ ပြီးမှ ခေါင်းခါသိမ်းလိုက်ပြီး …

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ စီးပွားရေးလုပ်ငန်းရှိတယ်လို့တော့ တစ်ခါမှ မကြားမိဘူးဗျ"

ဝမ်လွေ၏မျက်နှာ လေးနက်တည်ကြည်သွား၏။ လောက်ချစ်က ဝမ်လွေ၏ဆိုလိုရင်းကို ကောင်းစွာနားလည်လိုက်လေသည်။

ရွှေကျားရဲတိုက်ရှင်တွင် စီးပွားရေးလုပ်ငန်းတစ်ခုမျှမရှိဘဲ သူဌေးတစ်ယောက်ကဲ့သို့ ဧည့်ခံကျွေးမွေးနိုင်ခြင်းသည် အလွန်တွေးတောဖွယ်ရာ အချက်တစ်ခုပင် ဖြစ်၏။

ရွှေကျားရဲတိုက်ရှင်၏ တစ်နှစ်တစ်နှစ် အသုံးစရိတ်ကား မနည်းပါ။ ဝင်ငွေမရှိဘဲ ဤမျှ အကုန်ခံနိုင်ပါမည်လော။ ဝမ်လွေမှာလည်း တွေးရင်း ရွှေကျားရဲတိုက်ရှင်အား သံသယ ဝင်လာမိလေသည်။ ရွှေကျားရဲတိုက်ရှင်သည် မည်သည့်နေရာမှ ငွေကြေးများ ရနေပါသနည်း။ လူမသိသော ခုစရိုက်လုပ်ငန်းများမှ ဖြစ်ပါသလော။

သို့တည်းမဟုတ် သူဌေးကြီးလျှပြင်း ပျောက်ဆုံးသွားသော ရွှေငွေရတနာများ ရရှိထားပြီလော။ ဤသို့ဆိုလျှင် ရွှေကျားရဲတိုက်ရှင်အော့ဝါးသည် မင်းသားခေါင်းဆောင်ထားသော ဘီလူးတစ်ကောင်ပင်လော။ ဝမ်လွေ ပြုံးလိုက်သည်။ သူ့ကိုယ်သူ အတွေးခေါင်နေပြီဟု ထင်မိ၏။

ထိုစဉ် ရွှေကျားရဲတိုက်ရှင်အော့ဝါးက စားပွဲများကြားမှ လျှောက်ရင်း ဧည့်သည်များအား လိုက်လံနှုတ်ဆက်နေသည်ကို တွေ့လိုက်ရ၏။ မကြာပါချေ။ ရွှေကျားရဲတိုက်ရှင်အော့ဝါးသည် သိမ်းငှက်



လောက်ချစ်တို့ စားပွဲဆီသို့ ရောက်ရှိလာသည်။ သိမ်းငှက်လောက်ချစ်ကထ၍ အရိုအသေပြုလိုက်ပြီး ...

"ရွှေကျားရဲတိုက်ရှင်ရဲ့ဧည့်ခံပွဲ တက်ရောက်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်ဗျာ"

ဟု လေးစားစွာ ပြောလိုက်သည်။ ရွှေကျားရဲတိုက်ရှင်က အားရပါးရ ပြုံးလိုက်ပြီး ...

"ကျုပ်ရဲ့ဧည့်ခံပွဲအတွက် မင်းရဲ့တာဝန်တွေပစ်ပြီး တက်ရောက်ခဲ့တာပဲ၊ ကျုပ်က ကျေးဇူးတင်ရမှာပါ၊ ကဲ ... ကဲ ...အားရပါးရ စားသောက်ကြပါ၊ ဘာမှအားနာစရာ မရှိဘူး။ ပြီးမှ ကျုပ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ တခြားဧည့်သည်တွေကို နှုတ်ဆက်ရမှာမို့ ခွင့်ပြုပါဦး"

သူသည် လောက်ချစ်အား နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။ လောက်ချစ်က နေရာတွင် ပြန်ထိုင်လိုက်၏။ ရွှေကျားရဲတိုက်ရှင်က သူနှင့် ပြီးမှ အေးအေးဆေးဆေး စကားပြောဦးမည်ဟု ဆို၏။ အဘယ်ကြောင့်နည်း။

သူ၏ရင်ထဲ၌ ဖော်မပြတတ်သော ခံစားမှုတစ်ရပ်ကို ခံစားလိုက်ရလေသည်။ သူသည် ထူးခြားသောကိစ္စရပ်များနှင့် ရင်ဆိုင်ရတော့မည်ဆိုလျှင် ဤသို့ပင် ဖော်မပြတတ်သော ခံစားမှုမျိုးကို ခံစားတတ်ရသည် မဟုတ်ပါလော။

ဆင်မှမအာရုံဟု ဆိုရမည်လော မသိပါ။ ဝမ်လွေက ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တစ်ခုခုထူးခြားမယ်လို့ ခံစားရသလား"

ဟု ရုတ်တရက် မေးလိုက်၏။ လောက်ချစ်က ကြောင်အမ်းအမ်းဖြစ်သွားပြီး ...

"ဘာဖြစ်လို့ မေးတာလဲ"

"ကျွန်တော့်စိတ်ထဲမှာ အဲဒီလို ခံစားလိုက်ရလို့ပါ"

လောက်ချစ်၏ရင်ထဲ ထိတ်သွား၏။ ဝမ်လွေအား တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။ သို့သော် သူ မပြောဖြစ်ပါ။

ရွှေကျားရဲတိုက်ပိုင်ရှင် အော့ဝါး၏ကျယ်လောင်သော အသံထွက်ပေါ်လာ၍ပင် ဖြစ်ပါသည်။ ရွှေကျားရဲတိုက်ပိုင်ရှင်မှာ မြက်ခင်းပြင်တစ်ဖက်ထိပ်ရှိ စင်မြင့်ပေါ်တွင် ရောက်ရှိနေ၏။

"ကြွရောက်လာကြတဲ့ မိတ်ဆွေများခင်ဗျာ"

ဧည့်ပရိသတ်များ၏ ဆူညံနေသောအသံများသည် မီးကိုရေနှင့် ငြိမ်းသတ်လိုက်သည့်အလား တိတ်ဆိတ်သွားလေသည်။

ရွှေကျားရဲတိုက်ရှင် အော့ဝါးက ...

"ကျုပ်ရဲ့ဧည့်ခံပွဲကို အခုလို မိတ်ဆွေများ စုံစုံလင်လင် တက်ရောက်လာကြတဲ့အတွက် အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်"

အားလုံးက နားထောင်နေ၏။

"ဒီကနေ့ဧည့်ခံပွဲမှာ ကျုပ် သတင်းတစ်ခု ကြေညာချင်ပါတယ်"



ထိုစကားကြောင့် ပရိသတ်များအားလုံး စိတ်ဝင်စားသွားကြလေသည်။ ရွှေကျားရဲတိုက်ရှင် အော့ဝါးက ...

"ကျုပ်ဟာ အသက်ဆယ့်ခုနစ်အရွယ်က စပြီး အနှစ်လေးဆယ်ကျော် အများအကျိုး ဆောင်ရွက်ခဲ့ပါတယ်၊ အခု ကျုပ် အသက်အရွယ် ထောက်လာပြီဖြစ်တဲ့အတွက် ဒီကနေ့စပြီး သိုင်းလောကမှ အနားယူတော့မယ့်အကြောင်း အားလုံးကို အသိပေး ကြေညာလိုက်ပါတယ်"

အော့ဝါး၏စကားဆုံးသည်နှင့် ပရိသတ်များထံမှ တီးတိုးဝေဖန်သံများ ထွက်ပေါ်လာလေသည်။ ဧည့်ပရိသတ်များက တစ်ယောက်တစ်ပေါက်နှင့် ဝေဖန်ပြောဆိုနေကြသော်လည်း သူ၏ဆုံးဖြတ်ချက်အား မည်သူကမျှ ဟန့်တား၍ ရမည်မဟုတ်ပါချေ။

ရွှေကျားရဲတိုက်ရှင်က လက်ဝှေ့ယမ်းလိုက်ပြီး ...

"ကဲ ... အားလုံးကို အခုကတည်းက နှုတ်ဆက်လိုက်ပါတယ်၊ ပျော်ပျော်ပါးပါး ဆက်ပြီး စားသောက်နိုင်ကြပါပြီ"

ခေတ္တမျှ တိတ်ဆိတ်သွားသော ဧည့်ခံပွဲသည် ပြန်လည်အသက်ဝင်လာလေသည်။ လူအများသည် တစ်ယောက်တစ်ပေါက်ဝေဖန်ပြောဆိုရင်း ဆက်လက်စားသောက်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါးရွက်စိမ်းအရက်။ အရက်အမျိုးအစားများစွာတို့တွင် ဝါးရွက်စိမ်းအရက်မှာ ပထမတန်းစားအရက်ဖြစ်သည်။ နှစ်ချို့စိမ်ထားသော ဝါးရွက်စိမ်းအရက်သည် အလွန်ပင် သောက်ကောင်းရုံမက ပြင်းလည်း ပြင်းပေသည်။

အရက်သမားများပင် ထိုနှစ်ချို့ ဝါးရွက်စိမ်းအရက်အား လေးငါးခွက်ထက် ပိုမသောက်နိုင်ပါ။ ရွှေကျားရဲတိုက်ရှင်မှာ မိတ်ဆွေဧည့်သည်များအား နောက်ဆုံးအနေနှင့် လိုက်လံနှုတ်ဆက်ရင်း အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေ၏။ ဧည့်သည်များကလည်း အရက်တစ်ခွက်ပြီးတစ်ခွက် သောက်ကြ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ ညဉ့်နက်လာပြီ ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းကာ တိတ်ဆိတ်နေ၏။ ဧည့်ခံပွဲကား ပြီးဆုံးသွားပြီဖြစ်၏။

အရက်မူးနေသော ဧည့်ပရိတ်သတ်များမှာ မိမိတို့အခန်းပြန်ကာ အနားယူအိပ်စက်နေကြပြီဖြစ်၏။ အားလုံး အိပ်မော်ကျနေသဖြင့် ဝန်းကျင်တစ်ခုလုံးက အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်နေပေသည်။ ထိုစဉ်မှာပင် ...

"အား"



စူးရှကျယ်လောင်သော အသံနက်ကြီးတစ်ခု ထွက်ပေါ်လာလေတော့သည်။ အရက်မူး၍ အိပ်ပျော်နေသည်ဆိုသော်လည်း သိုင်းသမားများဖြစ်ကြ၍ ချက်ချင်းပင် လန့်နိုးလာကြ၏။

အားလုံးမှာ ဝရုန်းသုန်းကားနှင့် အသံထွက်ပေါ်လာရာသို့ မှန်းဆကာ ပြေးလာခဲ့ကြ၏။ အသံသည် ရွှေကျားရဲတိုက်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်၏။

သို့သော် ရဲတိုက်အတွင်း ရှိသူများကလည်း လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။ သို့သော် ထိုလူများထဲတွင် ရွှေကျားရဲတိုက်ရှင် အော့ဝါးအား မတွေ့ရပါချေ။

ဝမ်လွေနှင့်သိမ်းငှက်လောက်ချစ်တို့မှာလည်း ရောက်ရှိလာ၏။ အသံသည် ရွှေကျားရဲတိုက်အော့ဝါး၏အသံဖြစ်သည်ဟု သူတို့နှစ်ဦးက ယုံကြည်ထား၏။ ရွှေကျားရဲတိုက်ရှင်အား မတွေ့ပါ။

အားလုံးက တောင်ပေါ်နေရာအနှံ့ ရှာဖွေကြ၏။ နံနက်ခင်း ရောင်နီထွက်ပေါ်လာမှပင် လူအားလုံးက လက်လျှော့ကာ မိမိအခန်းသို့ ပြန်ပြီး အနားယူလိုက်ကြလေသည်။

ဝမ်လွေက အခန်းတွင်းရှိ ကုလားထိုင်တွင် ထိုင်လိုက်ပြီး...

"ဒီအသံဟာ ရွှေကျားရဲတိုက်ရှင်ရဲ့အသံပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



လောက်ချစ်က ...

"ဟုတ်တယ်၊ သူ့ကို ရှာမတွေ့တော့"

ဝမ်လွှေက ရင်ထိတ်သွား၏။

"ရွှေကျားရဲတိုက်ရှင် အော့ဝါး အန္တရာယ်ကြုံနေကြပြီလို့ ခင်ဗျား ဆိုလိုတာလား"

လောက်ချစ်က ...

"ဟုတ်တယ်"

ဝမ်လွှေက ...

"သူ့ရဲ့သိုင်းပညာဟာ အလွန်မြင့်မားတယ်၊ ပြီးတော့ သူက သိုင်းလောကကနေ အနားယူမယ်လို့လည်း ကြေညာပြီးပြီ၊ သူ့ကို ဘယ်သူက ဒုက္ခပေးတော့မှာလဲဗျ"

လောက်ချစ် ပါးစပ်ပိတ်သွား၏။ ဝမ်လွှေ ထောက်ပြချက်က မှန်နေသည် မဟုတ်ပါလော။ ဝမ်လွှေက သက်ပြင်းချလိုက်၏။

"ပြောသာ ပြောတာပါ၊ ကျွန်တော့်စိတ်ထဲမှာလည်း အော့ဝါး ဒုက္ခတွေ့နေပြီလို့ ယုံကြည်နေတယ်"

ထိုစဉ်မှာပင် ...

"အမယ်လေး"

စူးရှစွာ အထိတ်တလန့် အော်ဟစ်သံတစ်ခုက ထွက်ပေါ်လာ၏။ ဝမ်လွှေနှင့်လောက်ချစ်တို့က လျင်မြန်စွာပင် အခန်းတွင်းမှ ခုန်ထွက်လိုက်၏။



ထို့နောက် အသံလာရာသို့ ပြေးသွားလိုက်လေသည်။ အသံထွက်ပေါ်ရာကား ရွှေကျားရဲတိုက် အနောက်ဘက်မှ ဖြစ်၏။

အပြင်ဘက်တွင် အလင်းရောင် ကောင်းစွာရှိနေပြီး အခြား သိုင်းလောကသားများလည်း ပြေးလာနေကြသည်ကို တွေ့ရ၏။

အော်သံပိုင်ရှင်မှာ အော့စန်းပင် ဖြစ်၏။ အော့စန်းသည် ချောက်ကမ်းပါးအတွင်း လက်ညှိုးထိုးကာ စူးစူးဝါးဝါး အော်ဟစ်နေသည်ကို တွေ့လိုက်ရပေသည်။

(၃)

ရွှေကျားရဲတိုက်ရှင် အော့ဝါးအား တွေ့ရှိရပြီ ဖြစ်၏။ သို့သော် အသက်ရှင်လျက် မဟုတ်ပါ။ ရွှေကျားရဲတိုက်ရှင်အော့ဝါးသည် ချောက်ကမ်းပါးအတွင်း ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေ၏။

သူ၏ဝတ်စုံနှင့် သူ၏လက်ဝတ်တန်ဆာတို့ကြောင့်သာ ရွှေကျားရဲတိုက်ရှင်ဟု သတ်မှတ်ရခြင်း ဖြစ်ကြသည်။ ဤမျှ မြင့်မားသောအမြင့်မှ ကျလာသူတစ်ယောက်အဖို့ ဤမျှရုပ်ပျက်ဆင်းပျက် ဖြစ်ရမည်မှာ သေချာလှပေသည်။

ဧည့်ခံပွဲလာသော ပရိသတ်များသည် အသုဘအခမ်းအနားသို့ ဆက်လက်တက်ရောက်ရမည့်ကဲ့သို့ ဖြစ်သွား၏။ အော့စန်းက လည်း ရင်းနှီးသော မိတ်ဆွေများကို ဆက်၍ နေရန် တောင်းပန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အသုဘကိစ္စ စီစဉ်လေသည်။ ဝမ်လွှေနှင့်လောက်ချစ်တို့မှာ ဤနေရာတွင် ဆက်လက်နေထိုင်ရန် အကြောင်းမရှိတော့ပါ။ သူတို့ အနေနှင့် စုံစမ်းရဦးမည့် မှုခင်းများ ရှိနေသေး၏။

ထို့ကြောင့် သူတို့က အေဘွစန်းအား နှုတ်ဆက်ကာ ရွှေကျားရဲတိုက်မှ ပြန်လည်ထွက်လာခဲ့လေတော့သည်။

☮

လောက်ချစ်မှာ သူ၏ရုံးခန်းသို့ ပြန်လည်ရောက်ရှိလာ၏။ ထိုသတင်းကြားသောအခါ သော့ဝိဇ္ဇာမွန်ယု၊ သူဌေးကြီးလျှုပင်းနှင့်ဓားနှစ်လက်အာမခံဌာနမှလူများ ဝမ်းသာပျော်ရွှင်သွား၏။

သိမ်းငှက်လောက်ချစ် ပြန်ရောက်လာသည်နှင့် သူတို့၏ မှုခင်းများကို စတင်စုံစမ်းပေးတော့မည် မဟုတ်ပါလား။ သို့သော် သိမ်းငှက်လောက်ချစ်မှာ ဒဏ်ရာရထားပြီး လှုပ်ရှားမှု သိပ်မလုပ်နိုင်ဟု သိရသောအခါ စိတ်ဓာတ်ကျသွားသည်။

သိမ်းငှက်လောက်ချစ်အား ဝမ်လွှေက ကူညီမည်ဟု သိရသော်လည်း အားလုံးစိတ်ပျက်နေကြ၏။ ဝမ်လွှေမှာ အတွေ့အကြုံမရှိသော၊ နာမည်မရှိသော၊ နုနယ်သော လူငယ်တစ်ယောက် ဖြစ်သည် မဟုတ်ပါလော။

☮





သီးသန့်ခန်း။ လောက်ချစ်၏သီးသန့်ခန်းဖြစ်၏။ အခန်းတွင်းရှိ စားပွဲတွင် လူလေးယောက် ရှိနေ၏။ လောက်ချစ်၊ ဝမ်လွှေ၊ သံပေသီး ရှောင်ဟွာခန့်၊ တောင်ဖြူ လက်ဝါး လုတုံးယန်တို့ပင် ဖြစ်၏။ သူတို့သည် ပြောစကားများ ရှိနေ၏။ မည်သူကမျှ မစကြပါ။

လောက်ချစ်စကားစကိုသာ စောင့်နေကြ၏။ လောက်ချစ်မှာ စားပွဲတွင်ထိုင်နေသော်လည်း မျက်လုံးများက နံရံတစ်နေရာကို စိုက်ကြည့်နေ၏။ သူသည် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားတွေးတောနေဟန် ပေါ်လွင်နေလေသည်။ အတန်ကြာမှ သက်ပြင်းချလိုက်ပြီး ...

"ဒီမှုခင်းသုံးမှုထဲက ဘယ်အမှုကို ကျုပ်တို့စပြီး ဖြေရှင်းရင် ကောင်းမလဲ"

ဟု မေးလိုက်၏။ သံပေသီးရှောင်ဟွာခန့်က ...

"ဓားနှစ်လက်အာမခံဌာနရဲ့မှုခင်းက ပိုပြီးအရေးကြီးမယ် ထင်ပါတယ်"

"ဟုတ်တယ်၊ ဒီမှုခင်းက အများနဲ့ဆိုင်နေတဲ့အပြင် အချိန်ကန့်သတ်ချက်လည်း ရှိနေတယ်"

လောက်ချစ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ ဓားနှစ်လက်အာမခံဌာနမှုခင်းကို အရင်ဖြေရှင်းကြမယ်၊ ကံကောင်းရင် ကျန်တဲ့မှုခင်းနှစ်ခုပါ ဆက်နွှယ်ပြီး ဖြေရှင်းနိုင်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သံပေသီးရှောင်ဟွာခန့်က …

"ဒီမှုခင်းသုံးခု ဆက်စပ်နေလို့လား ဆရာ"

"ဟောဒီက ညီလေးရဲ့တွေးတောချက်နဲ့ ကျုပ်ရဲ့ယူဆချက်ဟာ မှန်ကန်ခဲ့ရင်တော့ ဒီမှုခင်းသုံးခုစလုံးဟာ ဆက်စပ်နေမှာ သေချာတယ်"

"ဘယ်လိုဆက်စပ်နေတာလဲ"

ဝမ်လှေက …

"ဆက်စပ်မှုကို ပြောပြဖို့တော့ မတတ်နိုင်ဘူးဗျ၊ ဓားနှစ်လက်အာမခံဌာနမှုခင်းကိုကြည့်ပါ၊ ဒီအမှုဟာ အင်မတန် ရှုပ်တယ်လို့ထင်ရတယ်၊ ဒါပေမဲ့ အဖြစ်အပျက်ကျတော့ အင်မတန်မှ ရှင်းလင်းနေတယ်၊ ကျွန်တော်တို့သာ ဒီမှုခင်းရဲ့ အခြေအနေကို သိရင် အဖြေမှန်ကို မကြာခင် ရှာနိုင်မှာပဲ"

တောင်ဖြူလက်ဝါးက လောက်ချစ်အား လှမ်းကြည့်လိုက်သည်။ လောက်ချစ်က သူ၏တပည့်နှစ်ယောက်နှင့် ဝမ်လှေအား မိတ်ဆက်ပေးလိုက်ပြီးနောက် …

"ဒီမိတ်ဆွေက ကျုပ်အကူအညီတောင်းလို့ ကျုပ်ကိုယ်စား စုံစမ်းလိမ့်မယ်၊ မင်းတို့နှစ်ယောက်က သူ့ကို ဝိုင်းဝန်းကူညီကြပါ"

ရှောင်ဟွာခန့်က ခေါင်းညိတ်လိုက်၏။

"စိတ်ချပါ ဆရာ"

"တုကျူးတို့ မှုခင်းနဲ့ပတ်သက်ပြီး မင်းတို့ ဘယ်လောက်



စုံစမ်းထားပြီးပြီလဲ"

လောက်ချစ်က မေးလိုက်ရာ … ရှောင်ဟွာခန့်က …

"တတ်နိုင်သမျှ စုံစမ်းထားပါတယ်"

"ကဲ … ဆိုပါဦး"

ရှောင်ဟွာခန့်က မှုခင်းဖြစ်ရပ်ကို ပြောပြပြီးနောက် …

"ဒီကိစ္စမှာ အဓိကပါဝင်ခဲ့တဲ့ ပွဲစားစိဝမ်ဖေး အသတ်ခံလိုက်ရတယ်"

ဝမ်လှေက …

"အင်း … စိဝမ်ဖေးဟာ ဒီကိစ္စတစ်ခုလုံး အတော်များများကို သိထားပုံရတယ်၊ ဒါကြောင့် နှုတ်ပိတ်ခံရတာ ဖြစ်မယ်"

"ဒီဓားနှစ်လက်အာမခံဌာန လုယက်ခံရမှုမှာ ပွဲစားစိဝမ်ဖေး ပါဝင်တယ်လို့ မင်း ယူဆထားလို့လား"

ဝမ်လှေ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့လဲ"

"ပွဲစားစိဝမ်ဖေးဟာ သာမန်သက်သေတစ်ယောက်ဆိုရင် သူ့အသက်ကို ဘယ်သူက ယူမှာလဲ၊ အခု သူတင်မကဘူး သူ့ရဲ့ တစ်အိမ်သားလုံး အသတ်ခံခဲ့ရတယ်၊ တရားခံဟာ ပွဲစားစိဝမ်ဖေးနဲ့ အဆက်အသွယ်ရှိတာကို ဘယ်သူမှ မသိစေချင်ဘူး၊ ပွဲစားစိဝမ်ဖေးရဲ့နှုတ်ကို မယုံကြည်ဘူး၊ ဒါကြောင့် လုပ်ကြံလိုက်တာပဲ ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



လောက်ချစ်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

ဝမ်လွေ၏ တွေးတောချက်သည် မှန်ကန်သော အချက်အလက်တစ်ခုဖြစ်သည်ဟု လောက်ချစ် ယုံကြည်လိုက်၏။

"သိသမျှ ဆက်ပြောပါဦး"

ရှောင်ဟွာခန့်က ...

"ကျုပ်တို့ဟာ ပွဲစားစီဝမ်ဖေးအကြောင်း စုံစမ်းခဲ့ပါတယ်၊ အဲဒီမှာ ထူးခြားချက်တစ်ခု တွေ့ရပါတယ်"

"ဘာများလဲ"

"ပွဲစားစီဝမ်ဖေးမှာ သက်တော်စောင့် ဓားသမားနှစ်ယောက်ရှိတယ်လို့ သိရပါတယ်၊ သေဆုံးတဲ့ အလောင်းတွေထဲမှာ သက်တော်စောင့်တစ်ယောက်ပဲ တွေ့ရတယ်၊ နောက်တစ်ယောက် မတွေ့ရပါဘူး"

"တစ်ယောက် ပျောက်နေတာပေါ့"

"ဟုတ်ပါတယ်"

လောက်ချစ်၏မျက်လုံး ဝင်းလက်သွား၏။

"ဒီကိုယ်ရံတော်ကို ကျုပ်တို့ တွေ့အောင်ရှာရမယ်၊ မင်းတို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ထားသလဲ"

ရှောင်ဟွာခန့်က ...

"ကျွန်တော်တို့ အဘောသားတွေကို နေရာအနှံ့ သတင်းပို့ပြီး လိုက်ရှာခိုင်းထားတယ်၊ မကြာခင် သတင်းကြားရမယ်ထင်တယ်"



လောက်ချစ်က သဘောကျစွာ ပြုံးလိုက်၏။ ရှောင်ဟွာခန့်သည် အားကိုးရသောသူပင်ဖြစ်၏။ လောက်ချစ် ကျော်ကြားရခြင်းမှာ ရှောင်ဟွာခန့်တို့ကဲ့သို့သော ငယ်သားများ၏ထက်မြက်မှုကြောင့်ပင် ဖြစ်ပေသည်။ လောက်ချစ်က ...

"ရှောင်ဟွာခန့် ... မင်း စီဝမ်ဖေးအိမ်ကို ရှာဖွေသေးသလား"

"ဟုတ်ကဲ့"

"ဘာထူးခြားမှုရှိသလဲ"

ရှောင်ဟွာခန့်က

"မရှိပါဘူး၊ ဒါပေမဲ့ ..."

လောက်ချစ်က ...

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ရှောင်ဟွာခန့်က ...

"မြို့တော်ဝန်ရဲ့အဖွဲ့မှာ စစ်ဆေးမှုအစရင်ကျတယ်၊ သူတို့က စီဝမ်ဖေးအိမ်က သေတ္တာတစ်လုံး ရခဲ့တယ်လို့ ကြားရတယ်"

လောက်ချစ်မှာ သူ့အား တကျူးပြသခဲ့သော စာကလေးအား သတိရလာ၏။ တစ်စုံတစ်ယောက်က ထိုသတင်းကို တမင်ပို့လိုက်ခြင်း ဖြစ်ပေမည်။ လောက်ချစ်မှာ ထိုသေတ္တာကလေးအား တွေ့လိုလာ၏။ ထိုစဉ် ဝမ်လွေ၏အသံ ထွက်ပေါ်လာ၏။

"ဒီသေတ္တာကလေးကို ကျွန်တော်တို့ ကြည့်လို့ရနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဟွာခန့်က ...

"မလွယ်ဘူးဗျ"

ဝမ်လေ့က လောက်ချစ်အားကြည့်လိုက်၏။ လောက်ချစ်က

"ဒီသေတ္တာကို မြို့တော်ဝန် သိမ်းထားတာလား"

ရှောင်ဟွာခန့်က ...

"ဟုတ်ကဲ့၊ မြို့တော်ဝန်နဲ့ အာဏာသားလူကြီးတို့က သူတို့ပဲ နှံစမ်းဖော်ထုတ်မယ်လို့ ကြေညာထားတယ်၊ သဲလွန်စကို ကျုပ်တို့ကို ပေးမှာမဟုတ်ဘူး"

လောက်ချစ်က ...

"ခက်တာပဲ၊ ဘာကြောင့်များ လုပ်ငန်းတူချင်း မပေါင်းဘဲ ပြိုင်ချင်နေရတာလည်း မသိဘူး။ ဘာပဲဖြစ်ဖြစ် ဒီသေတ္တာကလေးကို ကျုပ်တို့ ကြည့်ရမှဖြစ်မယ်"

ရှောင်ဟွာခန့်က ခေါင်းကုတ်လိုက်၏။ လောက်ချစ်က ...

"ဖြစ်နိုင်တဲ့နည်း ကျုပ်ဆီကို ယူလာခဲ့ပါ"

ဟု အမိန့်ပေးလိုက်၏။

ရှောင်ဟွာခန့်က သက်ပြင်းချလိုက်ပြီး ...

"ကောင်းပါပြီ ဆရာရှေ့ ကနေ့ည ရောက်လာစေရမယ်လို့ ကတိပေးပါတယ်"



ည ...။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ အခန်းတွင်း၌မူ မီးအိမ်တစ်လုံး ထွန်းထား၏။ မီးအိမ်မှ ဝါကျင့်ကျင့် အလင်းရောင်က အခန်းတွင်း သင့်တင့်သော အလင်းရောင် ပေးနေ၏။

အခန်းတွင်း၌ ဝမ်လေ့နှင့် သိမ်းငှက်လောက်ချစ်တို့ နှစ်ယောက် ငြိမ်သက်စွာ ထိုင်နေ၏။ သူတို့နှစ်ဦးစလုံးသည် တစ်စုံတစ်ရာကိုစောင့်ရင်း တွေးတောနေကြဟန် တူပေသည်။ ထိုစဉ် ပေါ့ပါးသော ခြေသံတစ်ချက် ထွက်ပေါ်လာ၏။

မကြာမီ အခန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာ၏။ ရှောင်ဟွာခန့်ပင် ဖြစ်ပါသည်။ ရှောင်ဟွာခန့်က သေတ္တာအား စားပွဲပေါ် တင်ပေးလိုက်သည်။

ဝမ်လေ့မှာ ရှောင်ဟွာခန့်အား ချီးကျူးသော အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်မိသည်။ ထိုသေတ္တာအား ရှောင်ဟွာခန့်က မြို့တော်ဝန်ရုံးမှ ခိုးယူလာခြင်းဖြစ်သည်ကို သူက ကောင်းစွာ နားလည်ထားသည် မဟုတ်ပါလား။

သေတ္တာမှာ သော့ခတ်ထား၏။ သော့မရှိဘဲ ဖွင့်ရမည် မဟုတ်ပေ။ မြို့တော်ဝန်မှာ သက်သေခံပစ္စည်း ပျက်စီးမှုမရှိစေရန် ဤသေတ္တာအား ဖွင့်ကြည့်ခြင်းမပြုသေးဟန် တူသည်။

ဤအချက်က ဝမ်လေ့နှင့်လောက်ချစ်တို့အား အားတက်စေသည်။ သော့သာ ဖွင့်နိုင်ခဲ့လျှင် သေတ္တာအတွင်းရှိ အရာကို သူက

www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်ထက် ဦးစွာကြည့်ရမည် မဟုတ်ပါလား။ လောက်ချစ်က ...

"ဒီသေတ္တာ မင်း ဖွင့်နိုင်သလား"

ရှောင်ဟွာခန့်က ...

"မရဘူး၊ ဒါပေမဲ့ လုတုံးယန်ကတော့ ဖွင့်နိုင်မယ် ထင်ပါတယ်"

လောက်ချစ်က ...

"မြန်မြန်ခေါ်လာခဲ့"

ရှောင်ဟွာခန့်က ချက်ချင်းပင် အခန်းတွင်းမှ ထွက်သွားသည်။ မကြာမီ လုတုံးယန်နှင့်အတူ ပြန်ရောက်လာသည်။ လောက်ချစ်က ...

"လုတုံးယန် ဒီသေတ္တာ မင်းဖွင့်နိုင်သလား"

လုတုံးယန်က သေတ္တာနှင့်သော့အား ဂရုတစိုက်ကြည့်လိုက်ပြီးမှ ...

"ဖြစ်ပါတယ်"

လောက်ချစ်က ...

"ဒီသေတ္တာကော သော့ကော ပျက်စီးပြီးမှ ဖွင့်တာမျိုးတော့ ကျုပ် မလိုချင်ဘူး"

လုတုံးယန်က ပြုံးလိုက်၏။

"ကျွန်တော် နားလည်ပါတယ်"

လောက်ချစ်က ...



"ဒါဆို စ,ပေတော့"

လုတုံးယန်က သော့ကို အတန်ကြာ ကြည့်ရှုလိုက်သည်။ ထို့နောက် အိတ်ထဲမှ သံဆူးလေးတစ်ခုကိုထုတ်ကာ သော့ပေါက်ထဲကိုကြည့်ပြီး ဟိုဘက်ဒီဘက် လှည့်နေသည်။ သော့မှာ အကောင်းစား သော့ဖြစ်သည်။ လွယ်ကူစွာ ဖွင့်၍မရပေ။

ဝမ်လှေနှင့်လောက်ချစ်တို့မှာ စိတ်မောစွာဖြင့် စောင့်ကြည့်နေသည်။ လုတုံးယန်မှာ သော့ကို ကြိုးစားဖွင့်နေသည်။ သူ၏နဖူးပေါ်တွင် ချွေးများပင် စို့လာသည်ကို တွေ့နေရသည်။ အားလုံး၏ မျက်လုံးများက လုတုံးယန်နှင့် သော့တုံ၌သာ ရှိနေသည်။ ထိုအခိုက်

'ချောက်'

ဟူသော အသံတိုးတိုးတစ်ချက် ထွက်ပေါ်လာလေသည်။ တစ်ဆက်တည်းပင် လုတုံးယန်က ဝမ်းသာအားရဖြင့် ...

"ကျုပ် ဖွင့်လို့ရပြီ"

ပြောရင်း သော့ခလောက်ကို ဖြုတ်ကာ သေတ္တာအဖုံးကို ဖွင့်လိုက်လေသည်။ ဝမ်လှေနှင့် လောက်ချစ်တို့ကလည်း သေတ္တာ အတွင်းသို့ ပြိုင်တူ ငုံ့ကြည့်လိုက်ကြသည်။ သေတ္တာထဲတွင် စာရွက် လေးတစ်ရွက်မှလွဲပြီး မည်သည့် ပစ္စည်းမျှ မရှိပါ။ ဝမ်လှေက မျက် မှောင်ကုတ်သွားသည်။

"ဒီစာရွက်က ဘာဖြစ်လို့ သော့ခတ်ထားရသလဲ"

ရှောင်ဟွာခန့်က သေတ္တာတွင်းမှ စာရွက်အား ကောက်ယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ လောက်ချစ်က ...

"သေတ္တာမှာ အံ့ဝှက် ရှိမရှိ စစ်ဆေးဦး"

လုတုံးယန်က စစ်ဆေးလိုက်သည်။ သေတ္တာအတွင်း၌ မည်သည့် အံ့ဝှက်မျှ မရှိပါ။ မည်သည့်ပစ္စည်းမှလည်း မပါရှိပါ။ ရှောင်ဟွာခန့်က စာရွက်ခေါက်အား ဖွင့်လိုက်သည်။ အထဲတွင် စာများ ရေးထား၏။ လောက်ချစ်က ...

"မင်းပဲ ဖတ်ပြပါ"

ရှောင်ဟွာခန့်က စာရွက်ပေါ်တွင် ရေးသားထားသော စာကြောင်းများကို ဖတ်ပြလိုက်၏။

**အိပ်ခန်းရှိရင် ခုတင်ရှိမယ်၊**
**လရှိရင် လရောင်ရှိမယ်**
**မြင်းနှင်းတွေဟာ ကျုပ်ခြေရင်း ရောက်ရှိလာရမယ်၊**
**ပဟေဠိဆိုတာ အဖြေညီရမယ်၊**
**အဖြေမှန်ရင် အမြန်ဝင်။**

ရှောင်ဟွာခန့်က ...

"ဘာတွေရေးထားသလဲ မသိဘူးဗျ"

လုတုံးယန်က ...

"ဒါ ... ပွဲစားစိဝမ်ဖေး ရေးသွားပုံပဲ"

လောက်ချစ်က မျက်မှောင်ကုတ်သွားသည်။ ပွဲစားစိဝမ်ဖေးသည် ပွဲစားလောကတွင် အတော်ပင် အောင်မြင်သော လူတစ်



ယောက်ဖြစ်သည်။ သူ၏တည်မှန်သောစိတ်ထားကြောင့်လည်း ပွဲစားလောက တွင် အောင်မြင်ခဲ့ခြင်း ဖြစ်ပေသည်။ စိဝမ်ဖေးက ဤစာများ ဘာကြောင့် ရေးခဲ့ရသနည်း။ ထိုစာသည် ပဟေဠိဟု ဆို၏။ ပဟေဠိဆိုလျှင် အဖြေညီရမည့်တာဝန် သူ၏တာဝန်ပင် မဟုတ်ပါလော။ လောက်ချစ်က ဝမ်လွှေဘက် လှည့်လိုက်ပြီး ...

"မင်း ... ဒီစာကို ဘယ်လိုသဘောရသလဲ"

ဝမ်လွှေက ...

"ဒီစာဟာ တစ်စုံတစ်ရာကို လျှို့ဝှက်ရည်ညွှန်းနေတယ်ဆိုတာ ထင်ရှားနေတာပဲ"

လောက်ချစ်က ...

"သူက ပဟေဠိ ဝှက်သွားတာပဲ"

ဝမ်လွှေက ...

"ဒီပဟေဠိကို ကျုပ်တို့ အဖြေထုတ်ရမှာပေါ့"

"ဟုတ်ကဲ့"

"မင်း အဖြေရှာနိုင်မလား"

ဝမ်လွှေက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ဒီပဟေဠိ အဖြေမှန် ဖော်ထုတ်မယ်ဆိုရင် ကျွန်တော်တို့ ပွဲစားစိဝမ်ဖေးရဲ့အိမ်ကို သွားကြည့်မှရမယ်"

ဟု ပြောလိုက်၏။ လောက်ချစ်က ခေါင်းညိတ်လိုက်သည်။

"မင်း ... မင်းမဆိုးဘူး၊ ကျုပ်လည်း ဒီလိုပဲ သဘောရတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှောင်ဟွာခန့်ဘက် လှည့်လိုက်ပြီး ...

"ကျုပ်တို့ ပွဲစားစီဝမ်ဖေးရဲ့အိမ်ကို တစ်ခေါက်သွားကြရအောင်"

ရှောင်ဟွာခန့်က ...

"ဖြစ်ပါ့မလား"

ပွဲစားဝမ်ဖေးကို တစ်အိမ်လုံး အသတ်ခံရသည့်အတွက် ယင်းအိမ်ကို မြို့ဝန်က ချိတ်ပိတ်ထားသည် မဟုတ်ပါလား။

လောက်ချစ်က ပြုံးလိုက်ပြီး ...

"ဖြစ်ပါ့မလားဆိုတဲ့ စကားကို ကျုပ်တို့ သွားကြည့်ပြီးမှ ပြောတာကောင်းမယ်"

ရှောင်ဟွာခန့် ပါးစပ်ပိတ်သွား၏။ လောက်ချစ်၏ဆန္ဒအား မည်သူကမျှ ချိုးနှိမ်ဟန့်တား၍ မရသည်ကို သူက ကောင်းစွာနားလည်ထားသည် မဟုတ်ပါလား။ ဝမ်လွေက ...

"ကျွန်တော်တို့ မှုခင်းဖြစ်တဲ့နေရာကို သွားကြည့်တာ မမှားပါဘူး။ တခြားလူတွေမမြင်ခဲ့တဲ့ သဲလွန်စ ရကောင်းရနိုင်ပါတယ်"

ဟု ဝင်ပြောလိုက်၏။ ရှောင်ဟွာခန့် ဘာမျှမပြောတော့ပါ။ သူက ဝမ်လွေနှင့် လောက်ချစ်တို့အား ခေါ်သွားရမည်ကို သဘောပေါက်နေပြီ မဟုတ်ပါလား။

❂



ညဉ့်နက်နေပြီ ဖြစ်၏။ ချန်ကုန်းမြို့ကလေးသည် ညအမှောင်အောက်တွင် အိပ်မောကျနေပြီ ဖြစ်သည်။ လမ်းမပေါ်တွင် လူသွားလူလာ မရှိပါ။ ခွေးလေခွေးလွင့် တစ်ကောင်တလေပင် မတွေ့ရပါချေ။

'ဒေါင် .. ဒေါင်'

အဝေးမှ တုန်းမောင်းသံနှစ်ချက် ထွက်ပေါ်လာ၏။ ထိုအချိန်တွင် မင်းလမ်းမပေါ်သို့ အရိပ်သုံးရိပ် ကျရောက်လာလေသည်။ ထို့နောက် မင်းလမ်းမအတိုင်း သွက်လက်စွာ လှုပ်ရှားလာနေသော လူသုံးယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသုံးယောက်ကား ရှောင်ဟွာခန့်၊ လောက်ချစ်နှင့် ဝမ်လွေတို့ပင် ဖြစ်ပါသည်။ ဝမ်လွေတို့သုံးယောက်မှာ လမ်းမအတိုင်း လျှောက်လာရင်း လမ်းဘေးတစ်ခုထိပ်တွင် ခေတ္တရပ်လိုက်၏။

ထို့နောက် အမှောင်ထုကို အကာအကွယ်ယူကာ လမ်းကြားအတွင်း လှမ်းဝင်သွားကြ၏။ ရှောင်ဟွာခန့်က ရှေ့မှသွားနေ၏။

လောက်ချစ်နှင့် ဝမ်လွေတို့က နောက်မှထက်ကြပ်မကွာ လိုက်လာ၏။ မကြာမီ ရှောင်ဟွာခန့်၏ဦးဆောင်မှုဖြင့် ခြံဝင်းတစ်ခု၏ အနောက်ဘက်သို့ ရောက်ရှိလာ၏။

ခြံစည်းရိုးအနီးတွင် ခေတ္တမိုကာ ပတ်ဝန်းကျင်အား တစ်ချက် အကဲခတ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြဝင်းအတွင်း လျင်မြန်စွာ ဝင်ရောက်သွားကြလေသည်။ မြဝင်းအတွင်း အစောင့်ရှိမည်ဟု ထင်ရသော်လည်း လက်တွေ့တွင်မူ မည်သည့်အစောင့်ကိုမျှ မတွေ့ရပါ။

မည်သူမျှ မရှိသည်သေချာမှ လောက်ချစ်တို့က အိမ်အနီးသို့ တရွေ့ရွေ့နှင့် ချဉ်းကပ်လာခဲ့၏။ အဆောက်အအုံတံခါးမအား သော့ဖြင့် ပိတ်ထားရုံမက ရိုက်ပါနှိပ်ထားသည်။

ပြတင်းပေါက်များကိုလည်း သစ်သားတန်းများဖြင့် အသေအချာပိတ်ထားသည်ကို တွေ့လိုက်ရလေသည်။

ဝမ်လွေက သက်ပြင်းချလိုက်၏။ အိမ်ဂေဟာအတွင်း ယခုအချိန်၌ မည်သို့မျှ လွယ်ကူစွာ ဝင်၍ ရနိုင်မည်မဟုတ်ကြောင်း နားလည်လိုက်သည်။ လောက်ချစ်က ...

"ခက်တာပဲ ... ကျုပ်တို့အထဲရောက်မှဖြစ်မယ်"

ဟု ညည်းညူလိုက်၏။ ရှောင်ဟွာခန့်က ...

"လွယ်ပါတယ်"

သူသည် ဓားကိုဆွဲထုတ်လိုက်ပြီး ပြတင်းပေါက်က ပိတ်ဆို့ထားသော သစ်သားတန်းများကို ခုတ်ချလိုက်သည်။

မကြာမီ ပြတင်းပေါက်ပိတ်ထားသော သစ်သားတန်းများ ကွာကျသွားလေတော့သည်။ ရှောင်ဟွာခန့်က ပြတင်းပေါက်တံခါးကိုပါ ဓားဦးနှင့် ကလန့်ဖွင့်လိုက်ရာ ပြတင်းပေါက်မှာ ချက်ချင်းပွင့်သွားလေသည်။



ရှောင်ဟွာခန့်က အိမ်တွင်းသို့ တစ်ချက်အကဲခတ်ပြီးမှ ...

"အထဲဝင်လို့ရပါပြီ ဆရာ"

လောက်ချစ်က ဘာမျှပြန်မပြောပါ။

ချက်ချင်းပင် ပွင့်နေသော ပြတင်းပေါက်မှတစ်ဆင့် အတွင်းသို့ ခုန်ဝင်သွားလေသည်။ သူ၏နောက်မှ ဝမ်လွေနှင့် ရှောင်ဟွာခန့်တို့လည်း ချက်ချင်းပင် လိုက်ဝင်သွားကြလေသည်။

ဝမ်လွေတို့သုံးယောက်မှာ အိမ်အတွင်းဘက် ရောက်ရှိသွားသည်နှင့် အဆောက်အအုံနေရာအနှံ့အပြား သဲလွန်စရမည်လောဟူသော သံသယစိတ်ဖြင့် ရှာဖွေကြည့်လိုက်ကြလေသည်။

❂

'ဒေါင် .. ဒေါင် .. ဒေါင်'

အဝေးမှ တုန်းမောင်းခေါက်သံသုံးချက် ထွက်ပေါ်လာသည်။ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွား၏။ ဝမ်လွေက စားပွဲတွင် အသင့်တွေ့သော မီးအိမ်ကို ထွန်းညှိလိုက်သည်။

ထို့နောက် စီဝမ်ဖေး၏အိမ်အတွင်း နှံ့နှံ့စပ်စပ် ရှာဖွေလိုက်၏။ သို့သော် မည်သည့်သဲလွန်စမျှ မရပါ။ ဝမ်လွေက ညှော်ခန်းအတွင်း ထိုင်ချလိုက်သည်။ သူသည် သေတ္တာထဲမှရသော စာရွက်ပေါ်တွင်ပါရှိသော စာကြောင်းများကို ပြန်လည်တွေးတောကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ခန်းရှိရင် ခုတင်ရှိမယ်"

သူ၏မျက်မှောင် ပိုကုတ်သွား၏။ ထူးခြားချက်က ပွဲစား စိဝမ်ဖေး၏အိပ်ခန်းမှ အစပြုနိုင်သည်ဟု အမှတ်မထင် တွေးလိုက်မိသည်။ ဝမ်လျှေက ...

"ကျုပ်တို့ စိဝမ်ဖေးရဲ့အိပ်ခန်းထဲ သွားရအောင်"

လောက်ချစ်က ...

"ဘာဖြစ်လို့လဲ"

ဝမ်လျှေက ...

"သူ့ရဲ့စာအရ ထူးခြားမှုဟာ စိဝမ်ဖေးရဲ့အိပ်ခန်းက စတာဖြစ်ရမယ်ဗျ"

လောက်ချစ်က ...

"ကောင်းပြီ၊ ကျုပ်တို့ သွားကြည့်ကြတာပေါ့"

သူတို့သုံးယောက်သည် ပွဲစားစိဝမ်ဖေး၏အိပ်ခန်းကို ရှာဖွေကာ အထဲသို့ဝင်လာခဲ့ကြသည်။ ဝမ်လျှေက အိပ်ခန်းအား သေချာစွာ အကဲခတ်ကြည့်လိုက် သည်။

အိပ်ခန်းထဲတွင် ခုတင်တစ်လုံး၊ ဗီရိုသုံးလေးလုံးခန့် ကုလားထိုင် သုံးလေးလုံးနှင့် စားပွဲတစ်ခုရှိ၏။ သာမန်အိပ်ခန်းမျှသာ ဖြစ်သည်။ လောက်ချစ်ကလည်း အခန်းတွင်း သဲလွန်စများကို စေ့စေ့စပ်စပ် ရှာဖွေနေ၏။

ဝမ်လျှေက အခန်းအလယ်တွင်ရပ်ကာ အခန်းတစ်ခုလုံးကို



မြိုကာ ကြည့်ရှုနေသည်။ သူသည် သေတ္တာထဲမှ တွေ့ရသောစာကို ပြန်လည်စဉ်းစား လိုက်သည်။

"အိပ်ခန်းရှိရင် ခုတင်ရှိရမယ်"

ဝမ်လျှေက ခုတင်ကို အထူးဂရုစိုက်ကြည့်လိုက်၏။ ခုတင်တွေ ဘာထူးခြားမှုမှ မတွေ့ရပါ။ ဝမ်လျှေ မျက်မှောင်ကုတ်သွားသည်။

"လရှိရင် လရောင်ရှိမယ်"

သူသည် ချက်ချင်းပင် အိပ်ခန်းအတွင်းရှိ ပြတင်းပေါက်ကို သွားရောက်ဖွင့်လိုက်လေသည်။ ရှောင်ဟွာခန့်က ..

"အရမ်းလျှောက်မဖွင့်နဲ့"

ဟု ဟန့်တားလိုက်၏။ ဝမ်လျှေက ဂရုမစိုက်ပါ။ ပြတင်းပေါက်ကိုသာဖွင့်ပြီး ခုတင်ဘက် ပြန်ကြည့်လိုက်၏။ ပြတင်းပေါက်ဖွင့်လိုက်သောကြောင့် အပြင်ဘက်မှ လရောင်သည် အိပ်ခန်းအတွင်းသို့ တိုးဝင်လာ၏။ ဝမ်လျှေက စာကို ဆက်လက်ရွတ်ဆိုလိုက်၏။

"မြူနှင်းတွေ ကျုပ်ခြေရင်း ရောက်ရှိလာရမယ်"

ဝမ်လျှေ မျက်မှောင်ကုတ်သွား၏။

"မြူနှင်း ... ဘယ်ကမြူနှင်းလဲ"

သူသည် အဓိပ္ပာယ်စဉ်းစားမရဘဲ ရှိနေသည်။ သူသည် တွေးတောမရသည့်အဆုံး ခုတင်ဘက်ကိုသာ စိတ်ပျက်စွာနှင့် ငေးစိုက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ လရောင်သည် တိုက်ဆိုင်စွာပင် ခုတင်ခြေရင်းဘက်သို့ ထိုးကျနေ၏။ လရောင်တန်းတွင် ဖုန်မှုန့်လေးများက မြူးနှင်းသဖွယ် ရှိနေသည်။ ဝမ်လွေ ဝမ်းသာသွား၏။

"ဟုတ်ပြီ"

သူသည် ဝမ်းသာအားရဖြင့် ရှေ့တက်ကာ ခုတင်ခြေရင်းသို့ လျှောက်သွားသည်။ လောက်ချစ်နှင့် ရှောင်ပွာခန့်တို့ကမူ ဝမ်လွေအား နားမလည်သလို ကြည့်နေကြသည်။ ဝမ်လွေက ...

"ပဟေဠိက ရှင်းသွားပြီ၊ အဖြေတွေ့ဖို့ပဲ ကျန်တယ်"

ဟု ရေရွတ်ရင်း ခုတင်ခြေရင်းဘက်အား စေ့စေ့စပ်စပ် ကြည့်ရှုအကဲခတ်လိုက်လေသည်။ ဝမ်လွေက ခုတင်ခြေရင်းကြမ်းပြင်အားကြည့်ရင်း ခုတင်ခြေရင်းတွင် ရပ်တန့်လိုက်သည်။

ထို့နောက် ထူးခြားမှုများကို စူးစမ်းကြည့်လိုက်၏။ ခုတင်တိုင်းတွင် ကြိုးကလေးတစ်ချောင်းရှိပြီး ငွေခေါင်းလောင်းလေးတစ်လုံး ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ဝမ်လွေ မျက်မှောင်ကုတ်သွားသည်။ မည်သူက ခုတင်တွင် ခေါင်းလောင်းကို ချိတ်ဆွဲထားပါမည်နည်း။ ဝမ်လွေက ထိုကြိုးကလေးအား လှမ်းဆွဲလိုက်သည်။ ကြိုးကလေး တင်းသွားသည်နှင့်

'ဂျမ်း'

ဟူသော အသံတစ်ချက် ပေါ်ထွက်လာပြီး ဝမ်လွေမှာ ပျောက်ကွယ်သွားလေတော့သည်။



လောက်ချစ်က ထိတ်လန့်သွား၏။

"ဝမ်လွေ ... ဝမ်လွေ"

ဟု အော်ရင်း ခုတင်အနောက်ဘက်သို့ ပြေးလာ၏။ ဝမ်လွေအား မတွေ့ရတော့ပါ။ လောက်ချစ် မျက်မှောင်ကုတ်သွား၏။ သူသည် ခုတင်ခြေရင်းအနီး လှည့်ပတ်ရှာဖွေလိုက်၏။

မကြာမီ သိမ်းငှက်မျက်လုံးနှယ် စူးရှသော သူ၏မျက်လုံးများက လျှို့ဝှက်ချက်ကို တွေ့မြင်သွားသည်။ လောက်ချစ်က ခုတင်တိုင်မှကြိုးကို ဆွဲကိုင်၏။

'ဂျမ်း'

အသံတစ်ချက်ထွက်ပေါ်လာပြီး သူ၏ခြေထောက်အောက်မှ ကြမ်းပြင်က နိမ့်ကျသွားသည်။ ခဏအတွင်း မှောင်မည်းသော မြေအောက်ခန်းတစ်ခုအတွင်းသို့ ရောက်ရှိသွားလေသည်။

"ဝမ်လွေ ... ဝမ်လွေ"

ဟု လှမ်းခေါ်လိုက်၏။

"ကျွန်တော် ဒီမှာရှိပါတယ်"

သူ၏ညာဘက် အမှောင်ထဲမှ ပြန်ဖြေသံ ထွက်ပေါ်လာသည်။ ထို့နောက် ...

'ရှဲ'

ဟူသော အသံတစ်ချက်နှင့်အတူ မီးတောက်တစ်ခု ပေါ်ထွက်လာသည်။ ဝမ်လွေက မီးခြစ်ဆံကိုကိုင်ကာ ရှာဖွေရာ နံရံမှ

www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်ကို တွေ့သဖြင့် ထွန်းညှိလိုက်၏။ မြေအောက်ခန်းမှာ အတော်ပင် လင်းသွားလေသည်။ ဝမ်လွေက မြေအောက်ခန်းအား အကဲခတ်ကြည့်ရှုလိုက်လေသည်။ သူတို့ရောက်နေသောအခန်းမှာ အတော်ကျယ်၏။

နံရံလေးဘက်တွင် လိုဏ်ဂူအပေါက်ကဲ့သို့သော လိုဏ်ဂူကလေးများ အများအပြားရှိနေသည်ကို တွေ့လိုက်ရလေသည်။ ဝမ်လွေမှာ အံ့အားသင့်သွားပြီး ...

"ထူးဆန်းပါလား၊ စီဝမ်ဖေးဟာ ဘယ်လိုလူစားမျိုးလဲဗျ"

ဟု မေးလိုက်၏။ လောက်ချစ်က ပခုံးတွန့်လိုက်သည်။ ထိုမေးခွန်းအား သူ မဖြေနိုင်ပါ။ သူကိုယ်တိုင်ပင် ထိုမေးခွန်းကို စိတ်တွင်းမှ မေးနေမိသည် မဟုတ်ပါလား။ ဝမ်လွေက ...

"ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ"

လောက်ချစ်က ...

"တို့ ဒီအထိရောက်ပြီးမှတော့ ရှေ့ဆက်သွားဖို့ပဲ ရှိတော့တာပေါ့"

ဝမ်လွေက ...

"ဂူပေါက်က တစ်ဆယ့်တစ်ခုတိတိ ရှိတယ်ဗျ"

လောက်ချစ်က ပြန်ပြောမည်အပြု အပေါ်မှ အသံတစ်ချက်ထွက်ပေါ်လာပြီး ရှောင်ဟွာခန့်လည်း နောက်သို့ ရောက်ရှိလာလေ၏။



ရှောင်ဟွာခန့်က ...

"ကျွန်တော်တို့ လူခွဲရှာကြရင်ကောင်းမယ်"

ဟု အကြံပေးလိုက်၏။ လောက်ချစ်က ...

"ဒါမှ အချိန်ကုန်သက်သာမယ်၊ ထူးဆန်းမှုတွေ့ရင် အသံပြုပါ၊ ဝင်ခဲ့တဲ့လိုဏ်ဂူကို အမှတ်အသားပြုပါ၊ ပြီးရင် ဒီမှာ ပြန်ဆုံကြမယ်"

သူသည် စကားဆုံးသည်နှင့် အနီးဆုံးလိုဏ်ဂူပေါက်သို့ လျှောက်သွား၏။ လိုဏ်ဂူဝတွင် အမှတ်အသားပြုလိုက်ပြီး အထဲသို့ လှမ်းဝင်သွားလေသည်။ ဝမ်လွေက ပခုံးတွန့်လိုက်သည်။

သူသည် ရှောင်ဟွာအား ပြုံးပြလိုက်ပြီး ညာဘက်ရှိလိုဏ်ဂူပေါက်အား အမှတ်အသားပြုကာ အထဲသို့ လှမ်းဝင်သွားလေသည်။ အားလုံး တစ်ယောက်တစ်လမ်းစီ ရွေးချယ်ပြီး ဝင်ရောက် သွားကြပြီဖြစ်ပါသည်။ သူတို့သည် မည်သည့်အန္တရာယ်မျိုးနှင့် ကြုံတွေ့ရင်ဆိုင်ရမည်ကို သူတို့မသိကြပါ။

သတိကြီးစွာထားရင်း အထဲသို့ တရွေ့ရွေ့နှင့် လှမ်းဝင်သွားကြလေတော့သည်။

'ရှုပ် -- ရှုပ်'

www.burmeseclassic.com

www.burmeseclassic.com



ခြေသံမှာ စည်းချက်ကျကျ ထွက်ပေါ်နေသည်။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လွန်းသည့်အတွက် မိမိ၏ပေါ့ပါးသော ခြေသံကပင် ကျယ်လောင်စွာ ထွက်ပေါ်နေ၏။ ဝမ်လေ့မှာ သတိကြီးစွာ ထားရင်း ရှေ့သို့ တစ်လှမ်းချင်း တိုးလာခဲ့လေသည်။

ယခု သူတို့သည် ပွဲစားစိဝမ်ဖေး၏လျှို့ဝှက်နေရာကို တွေ့ရှိထားပြီး ဖြစ်ပါသည်။ ဤနေရာသည် တောင်ချောက်တစ်ခုမဟုတ်ဘဲ မည် သူမှ အတပ်မပြောနိုင်ကြပါ။

ပွဲစားစိဝမ်ဖေး သေဆုံးသွားမှုကား သူကိုယ်တိုင် မတွေ့ခဲ့ပါ။ သူများပြောစကားအရ သိရပြီး စိဝမ်ဖေး၏အလောင်းမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်ဟု ဆို၏။ အဝတ်အစား အသုံးအဆောင်များကြောင့်သာ ပွဲစားစိဝမ်ဖေးဖြစ်သည်ဟု ပြောဆိုခဲ့ကြခြင်း ဖြစ်ပေသည်။

အကယ်၍ ပွဲစားစိဝမ်ဖေးက ရုပ်ဆင်းပျက်နေသော အလောင်းတစ်လောင်းအား သူ၏အဝတ်အစားနှင့် အသုံးအဆောင်များ ဝတ်ဆင်ပေးခဲ့လျှင် မည်သို့ရှိမည်နည်း။

လူအားလုံးက ပွဲစားစိဝမ်ဖေး သေသွားပြီဟုသာ ပြောဆိုကြမည်ဖြစ်၏။ ဝမ်လေ့မှာ ထိုမျှအထိ တွေးမိသော် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။ ဤမှုခင်းတွင် သူတို့မသိသော အချက်များစွာ ရှိနေသေးသည်။ ထိုမှုခင်းကို ယန့်တအား သေချာစွာ ပြန်မေးရဦးမည်ဟု တွေးလိုက်၏။



ထိုစဉ် ...

"မြန်မြန်လာကြ"

ဟူသော ရှောင်ဟွာခန့်၏အသံကို ကြားလိုက်ရလေသည်။ ဝမ်လေ့မှာ စဉ်းစားမနေတော့ဘဲ နောက်ကြောင်းပြန်လှည့် ပြေးလာခဲ့ကြလေသည်။

ဝမ်လေ့က ခြေလှမ်းရပ်တန့်လိုက်၏။ သူတို့ မူလနေရာကို ပြန်ရောက်သောအခါ ရှောင်ဟွာခန့်နှင့် လောက်ချစ်တို့လည်း ပြိုင်တူရောက်လာကြသည်။ ရှောင်ဟွာခန့်က ...

"ဆရာ ... ဒီမှာကြည့်စမ်း"

ဟု ပြောရင်း လက်ဝါးဖြန့်ပြလိုက်၏။ သူ၏လက်ဝါးပေါ်တွင် ငါးကျပ်သားခန့်ရှိသော ရွှေတုံးကလေးတစ်တုံးအား တွေ့လိုက်ရ၏။ ရွှေတုံးကလေးတွင် အမှတ်အသားတစ်ခု ပြုလုပ်ထားသည်ကိုလည်း တွေ့မြင်လိုက်ရလေသည်။ လောက်ချစ်က မျက်မှောင်ကုတ်သွားပြီး ...

"ဒါ ဘယ်ကရလာတာလဲ"

ဟု မေးလိုက်သည်။ ရှောင်ဟွာခန့်က ...

"ကျွန်တော် ဝင်သွားတဲ့ လိုဏ်ဂူမှာ အခန်းတစ်ခု ရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီက တွေ့ရတာပါ"

ဝမ်လေ့က ...

"နောက်ထပ် ဘာများတွေ့သေးသလဲ"

ဟု ဝင်မေးလိုက်၏။ ရှောင်ဟွာခန့်က ...

"ဘာမှမတွေ့ဘူး၊ အခန်းတစ်ခုလုံး ပြောင်ရှင်းနေတယ်။ ဒီရွှေတုံးကတော့ ကြမ်းပြင်ပတ်ကြားအက်ထဲ ဝင်နေလို့ ကျွန်တော် တွေ့ခဲ့ရတာ"

လောက်ချစ်က ...

"ကျုပ်တို့ နောက်တစ်ခေါက် သွားကြည့်ရအောင်"

ရှောင်ဟွာခန့်က ...

"ဟုတ်ကဲ့"

သူသည် ချက်ချင်းပင် ဝမ်လေ့နှင့်လောက်ချစ်တို့အား လမ်းပြခေါ်ဆောင်သွားကြလေသည်။ မကြာလိုက်ပါ။ လိုဏ်ဂူလမ်းဆုံးသွားပြီး အခန်းတစ်ခုသို့ ရောက်ရှိသွား၏။

ထိုအခန်းမှာ ရှောင်ဟွာခန့်ပြောသလို မည်သည့်ပရိဘောဂမှုမရှိဘဲ ပြောင်ရှင်းနေ၏။ လောက်ချစ်နှင့် ဝမ်လေ့တို့က အတန်ကြာ အကဲခတ်ပြီးနောက် ဤအခန်းတွင်း၌ ရွှေငွေရတနာများ သိမ်းဆည်းခဲ့ပုံရသည်ဟု ကောက်ချက်ချလိုက်ကြလေသည်။ လောက်ချစ်က အခန်းအား နောက်တစ်ကြိမ် စစ်ဆေးပြီးမှ ...

"ကဲ ... သွားကြစို့"



သူတို့ အခန်းထဲမှ ပြန်ထွက်လာခဲ့ကြ၏။ ထို့နောက် ကျန်လိုဏ်ဂူများအား စစ်ဆေးလိုက်ရာ လိုဏ်ဂူတစ်ခုတွင် အခန်းတစ်ခု ရှိနေသည်ကို တွေ့ရပြန်၏။

ထိုအခန်းမှာ စောစောကအခန်းထက် နှစ်ဆမျှကြီးမားလေသည်။ အခန်းတွင်း၌ ပရိဘောဂအသုံးအဆောင်အချို့ ရှိနေပြီး တစ်စုံတစ်ယောက် အတန်ကြာအောင် နေထိုင်ခဲ့ကြောင်း အထောက်အထားများ တွေ့လေသည်။ ဝမ်လေ့နှင့်လောက်ချစ်တို့ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြ၏။ မြေအောက်တွင် လျှို့ဝှက်စွာ နေထိုင်သူသည် မည်သို့သော လူစားမျိုး ဖြစ်မည်နည်း။

"ဒီမှာနေခဲ့တဲ့လူဟာ သူ့သဘောနဲ့သူနေတာ မဟုတ်ဘဲ အဖမ်းခံထားရတာ ဖြစ်နိုင်တယ်"

ဝမ်လေ့စကားကြောင့် လောက်ချစ် ခေတ္တတွေဝေသွား၏။ ဤအိမ်ဂေဟာသည် ပွဲစားစီဝမ်ဖေး၏ဂေဟာဖြစ်၏။ ပွဲစားစီဝမ်ဖေးသည် ဤနေရာတွင် မည်သူအား ဖမ်းဆီးချုပ်နှောင်ထားခဲ့ပါသနည်း။ အခြေအနေအရပ်ရပ်မှာ တွေးလေ ရှုပ်လေပင်။

လိုဏ်ဂူလမ်းမှာ အခြားလိုဏ်ဂူများထက် ပိုရှည်လျားနေသည့်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လွှေတို့လူစုက ခပ်သွက်သွက် လျှောက်လိုက်၏။ လိုဏ်ဂူလမ်းဆုံးအနီးရောက်သောအခါ အပြင်ဘက်မှလေများ ဝင်နေကြောင်း တွေ့လိုက်ရလေသည်။

လိုဏ်ဂူလမ်းအဆုံးတွင် လှေကားထစ်ကို တွေ့လိုက်ရ၏။ ထိုလှေကားထစ်အတိုင်း တက်သွားရာ အပေါ်တွင် သံပြားတံခါးတစ်ခုကို တွေ့လိုက်ရ၏။ ဝမ်လွှေက သံပြားတံခါးအား တွန်းဖွင့်လိုက်၏။

ထို့နောက် မြေပေါ်ထိုးထွက်လိုက်၏။ သူတို့ရောက်နေသောနေရာသည် ချုံနွယ်ထူထပ်သော ခြံဝင်းပျက်တစ်ခုဖြစ်သည်ကို တွေ့လိုက်ရ၏။

သူတို့က တစ်ဖက်ခြံဝင်းကို ကြည့်လိုက်ရာ မျက်လုံးပြူးသွား၏။ ခြံဝင်းပျက်နှင့်ကပ်လျက်ရှိသော ခြံဝင်းမှာ မားနစ်လက်အာမခံဌာနခြံဝင်းပင် ဖြစ်သည်မဟုတ်ပါလား။

❀ ❀ ❀



မားနစ်လက်အာမခံဌာန တံခါးပိတ်ထား၏။ အာမခံလုပ်ငန်းကိုလည်း ရပ်ဆိုင်းထား၏။

သူဌေးကြီးချူယိဖုံး၏ပျောက်ဆုံးသွားသော ပစ္စည်းများ ပြန်လည်မရမချင်း အာမခံဌာန ပြန်ဖွင့်မည်မဟုတ်ပါ။

သူတို့အာမခံကာ သယ်ဆောင်ပေးပို့သော ပစ္စည်းများ ပျောက်ဆုံးသွားသည့် သတင်းကြောင့် သူတို့၏မားနစ်လက်အာမခံဌာနအား မည်သူကမျှ ယုံကြည်ကြမည် မဟုတ်ပါ။

မားနစ်လက်အာမခံဌာန ပြန်လည်ရပ်တည်နိုင်ရန်မှာ ပျောက်ဆုံးသွားသော ပစ္စည်းများ ပြန်လည်ရရှိအောင် စွမ်းဆောင်နိုင်မှ ဖြစ်ပေမည်။ တုကျူးမှာ အခန်းတွင်း၌ထိုင်ကာ အရက်သောက်နေ၏။ သူသည် စိတ်ညစ်လွန်း၍ နေ့စဉ်ပင် အရက်ကိုသာ သောက်နေခဲ့၏။

ယနေ့လည်း သူက ထုံးစံအတိုင်း အရက်သောက်နေခြင်းဖြစ်၏။ ထိုစဉ် မားနစ်လက်အာမခံဌာနသို့ လူတစ်ယောက် ရောက်လာ၏။ ထိုလူမှာ ဝမ်လွှေဖြစ်သည်ဟု သိရသောအခါ ဆရာဟိုနည်းတူပင် တုကျူးမှာလည်း စိတ်ပျက်သွား၏။

"လောက်ချစ်က ဘယ်လိုလဲဗျ။ ဒီနှံ့မစင်သေးတဲ့လူငယ်ကို

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းနိုင်းမှတော့ ကျုပ်တို့ဘဝဆုံးပြီ ထင်ပါတယ်"

"ကျုပ်တို့ကုသိုလ်ကံပဲပေါ့၊ ဒါပေမဲ့ ခေါင်းဆောင်ကြီး ဒီသူငယ်နဲ့ တွေ့လိုက်ပါဦး"

ဆရာဟိုက ပြောလိုက်သဖြင့် တုကျူးက ...

"ကောင်းပြီလေ၊ အထဲကိုသာ လွှတ်လိုက်ပါ"

ဆရာဟိုထွက်သွားပြီး မကြာမီပင် ဝမ်လွေ ရောက်ရှိလာလေသည်။ ဝမ်လွေက တုကျူးရှေ့တွင် ဝင်ထိုင်လိုက်၏။

"ဒီမှုခင်း ဖြေရှင်းဖို့ကိစ္စမှာ ဦးရဲ့ပူးပေါင်းကူညီမှုက အရေးကြီးတယ်"

တုကျူး မျက်ခုံးပင့်လိုက်ပြီး ...

"ကျုပ် ဘာကူညီရမလဲ ပြောပါ၊ ကျုပ်ကိစ္စပဲ ကျုပ် တတ်စွမ်းသလောက် ကူညီရမှာပေါ့"

"ကောင်းပါပြီ၊ ဒါဆိုရင် ဖြစ်ပျက်ခဲ့သမျှ ကျွန်တော့်ကို တစ်ခေါက် ထပ်ပြောပြပါ"

ဝမ်လွေ၏စကားကြောင့် တုကျူးမှာ အလွန်စိတ်ပျက်သွား၏။ သူ့အနေနှင့် ဤအဖြစ်အပျက်များကို အကြိမ်ကြိမ်အခါခါ ပြောနေခဲ့ရသည် မဟုတ်ပါလော။

"ကျုပ် ဒီအကြောင်းပြောခဲ့ရတာ အပ်ကြောင်းထပ်နေပြီဗျ"

"ဟုတ်ကဲ့ ... နောက်ဆုံးတစ်ကြိမ်လောက် ထပ်ပြောပြဖို့ ကျွန်တော် တောင်းပန်ပါတယ်"



တုကျူး မသက်သာတော့ပါ။ အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက်လေသည်။ ဝမ်လွေက တစ်လုံးချင်း ဂရုတစိုက် နားထောင်နေ၏။ တုကျူး၏ စကားဆုံးမှ ...

"ဦးတို့ကို အလုပ်အပ်တာ ပွဲစားစီဝမ်ဖေးပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ သူက သူဌေးကြီးချူယီဖုံးအတွက် အစစအရာရာ စီစဉ်ပေးတဲ့သဘောမျိုးပဲ၊ သူဌေးကြီးက ဒီပစ္စည်းတွေ သယ်ဆောင်တဲ့အခါမှာ စိတ်ချရအောင် ကျုပ်တို့ အာမခံဌာနကို ငှားရမ်းပို့ဆောင်နိုင်းခဲ့တာ ဖြစ်ပါတယ်"

"အာမခံပစ္စည်း ပို့ဆောင်ပေးခဲ့တဲ့အတွက် အခကြေးငွေအဖြစ် ဘယ်လောက်ရသလဲ"

"ကျုပ်သက်တမ်းတစ်လျှောက် အမြင့်ဆုံးပို့ဆောင်ခငွေဟာ ထောင်ဂဏန်းပါပဲ၊ အခု သူဌေးကြီးချူက နှစ်သောင်းတိတိပေးပြီး သယ်ဆောင်နိုင်းခဲ့ပါတယ်"

"သူပေးတဲ့ငွေက များလှချည်လား"

"များတယ်၊ ဒါပေမဲ့ ပစ္စည်းပျောက်ဆုံးရင် ပေးလျော်ရမယ့် တန်ဖိုးကလည်း အလွန်များတယ်၊ တန်ဖိုးကြီးမားတဲ့ပစ္စည်း သယ်ပေးတဲ့အခါ အခကြေးငွေအဖြစ် မက်မောလောက်အောင် ရှာပဲ၊ ကျုပ်တို့ကလည်း ဆောင်ရွက်နိုင်မှာပါ"

ဝမ်လွေက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။ သူသည် ဆက်မမေးဘဲ ခေတ္တမျှ စဉ်းစားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ မေးခွန်းတစ်ခု မေးလိုက်ပြန်၏။

"အာမခံထားတဲ့ ပစ္စည်းကို ဦးအနေနဲ့ ဂရုတစိုက် စစ်ဆေးကြည့်ခဲ့ရဲ့လား"

"ဒါ ... ကျုပ်တာဝန်ပဲ၊ သေသေချာချာ စစ်ဆေးကြည့်ခဲ့တာပေါ့"

"ဘယ်နေရာမှာလဲ"

"ပွဲစားစိဝမ်ဖေးရဲ့ အိမ်မှာပါ"

"အဲဒီတုန်းက ခင်ဗျားနဲ့အတူ ဘယ်သူရှိသလဲ"

"ပွဲစားစိဝမ်ဖေး၊ သူဌေးကြီးချူယီဖုံးတို့ ရှိတယ်"

"ပစ္စည်းတွေကို သေတ္တာထဲ သေသေချာချာ ထည့်တဲ့အထိ စစ်ဆေးရဲ့လား"

"သေတ္တာသော့ခတ်ပြီးမှ သော့ကို ကျုပ်ကပဲ သူဌေးကြီးချူယီဖုံးလက် အပ်တာပါ"

ဝမ်လွေ့ မျက်မှောင်ပိုကုတ်သွား၏။

"လမ်းခရီးတစ်လျှောက် ဘာထူးခြားမှု ရှိသလဲ"

သူဌေးကြီးချူယီဖုံးအိမ်ရောက်တဲ့အချိန်အထိ ထူးခြားမှု တစ်ခုမှမရှိခဲ့ဘူး"

"ဒါထက် အလဲခံခဲ့ရတဲ့ပစ္စည်းအတုနှစ်မျိုး ခင်ဗျားဆီမှာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"



"အဲဒီပစ္စည်းတွေအနက် တစ်ခုကသာ အစစ်ဆိုတာ ဟုတ်သလား"

"ဟုတ်တယ်"

"အဲဒီပစ္စည်းတွေ ဘယ်မှာလဲ"

"သူဌေးကြီးချူယီဖုံးဆီမှာ အစစ်ရှိတယ်"

"ဒီပစ္စည်းတွေကို ကျုပ်ကြည့်လို့ရမလား"

"ကျုပ်ဆီမှာရှိနေတဲ့ ပစ္စည်းနှစ်မျိုးကိုတော့ ကြည့်ချင်ရင် ကြည့်လို့ရပါတယ်"

"သူဌေးကြီးချူယီဖုံးဆီက ပစ္စည်းကိုကော"

တုကျူးက သက်ပြင်းချလိုက်ပြီး ...

"ဒါတော့ ကျုပ်လည်း မပြောတတ်ဘူး၊ သူ့ပစ္စည်း သူ့သဘောအတိုင်း ဆုံးဖြတ်မှာပဲ"

"ကောင်းပြီလေ ခင်ဗျားမှာရှိတဲ့ ပစ္စည်းနှစ်မျိုးကိုပဲ ပြပါ"

တုကျူးက အခန်းဝတွင်ရှိနေသော ဆရာဟိုအား လှမ်း၍ ယူခိုင်းလိုက်၏။ ဆရာဟို ချက်ချင်းထွက်သွား၏။

တစ်ခဏအတွင်းပင် ဆရာဟို ပြန်ဝင်လာပြီး ...ကတ္တီပါစဖြင့် ထုပ်ထားသော အထုပ်နှစ်ထုပ်အား စားပွဲပေါ် တင်ပေးလိုက်၏။

တုကျူးက ကတ္တီပါအထုပ်အား ဖွင့်ပြလိုက်ပြီး ...

"မင်းကြိုက်သလို စစ်ဆေးကြည့်နိုင်တယ်၊ ကျုပ်တို့လည်း ကြည့်ရှုပြီးပါပြီ၊ ဘာသဲလွန်စမှ ရှာမတွေ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လျှောက ဘာမျှပြန်မပြောပါ။ တုကျူးပြသော ပစ္စည်းအတုနှစ်မျိုးကို အတန်ကြာအောင် ကြည့်ရှုစစ်ဆေးလိုက်၏။

အတန်ကြာမှ ကျေနပ်သွားဟန်ဖြင့် ကတ္တီပါထုပ်ကို ပြန်ပိတ်လိုက်၏။ ထို့နောက် ထိုင်ရာမှထကာ ...

"ကျွန်တော့်ကို အခုလို စစ်ဆေးခွင့်ပြုတာ ကျေးဇူးတင်ပါတယ်၊ ဒီကိစ္စကို မကြာခင် အဖြေပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ အခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဝမ်လျှောက ပြုံးစားကြီး နှုတ်ဆက်လိုက်သောကြောင့် တုကျူးမှာ အတော်ပင် အံ့အားသင့်သွားလေသည်။ သို့သော် သူက ဘာမှမပြောပါ။ ဝမ်လျှောက အားလုံးကို နှုတ်ဆက်ပြီး ထွက်ခွာသွားလေသည်။

လောက်ချစ်က ချောင်းတစ်ချက်ဆိုးလိုက်ပြီး ...

"အခြေအနေ ဘယ်လိုလဲ"

ဝမ်လျှောက ...

"ကျွန်တော်သိချင်တဲ့ အချက်တစ်ခုသာ သိရမယ်ဆိုရင် ဒီမှုခင်းကို ကောင်းကောင်းဖြေရှင်းနိုင်ပါပြီ"

ရှောင်ဟွာခန့်က ဝမ်လျှောအား မယုံသလို ကြည့်လိုက်၏။



လောက်ချစ်ကမူ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"မင်း ဘာသိချင်သလဲ"

ဝမ်လျှောက ...

"စာပေဗဟုသုတသာမက ရှေးဟောင်းပစ္စည်းတွေကိုပါ ကျွမ်းကျင်တဲ့သူတစ်ယောက်ရဲ့ အကူအညီလိုတယ်"

လောက်ချစ်က ...

"အဲဒါတော့ ကျုပ်ကူညီနိုင်မယ်"

ဝမ်လျှောက အံ့အားသင့်သွားပြီး ...

"ခင်ဗျားက ဒီပညာရပ်တွေ ကျွမ်းကျင်တယ်ဟုတ်လား"

ဟု မေးလိုက်သည်။ လောက်ချစ်က တစ်ချက်ရယ်မောလိုက်ပြီး ...

"ကျုပ်က မကျွမ်းကျင်ပါဘူး၊ ကျွမ်းကျင်တဲ့လူကို သိတာပါဗျာ"

ချန်ကုန်းမြို့တောင်ဘက် မိုင်နှစ်ဆယ်ခန့်အကွာတွင် ရွာကလေးတစ်ရွာရှိ၏။ ထိုရွာကလေးသည် သေးငယ်ပြီး အိမ်ခြေလေးဆယ်ခန့်သာ ရှိသည်။ ထိုရွာကလေးတွင် နေထိုင်သူများမှာ တောင်ယာလုပ်ငန်း လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုရွာကလေး၌ လူတစ်ယောက်မှာမူ တောင်ယာလုပ်လုပ်ခြင်း မရှိပါ။ ထို့အတူ မည်သည့်အလုပ်မှလည်းမလုပ်ဘဲ အေးချမ်းစွာ နေထိုင်သည်။ ထိုသူမှာ အဘိုးကျန်ကျူးပင် ဖြစ်ပါသည်။

အဘိုးအိုကျန်ကျူးသည် စာပေပညာရှင်တစ်ယောက်ဖြစ်သည်။ သို့သော် ဤရွာကလေးမှ လူများကမူ အဘိုးအိုအား ပညာရှိတစ်ယောက်ဟု မသိကြပါချေ။

သိမ်းငှက်လောက်ချစ်မှာ နေရာအနှံ့သွားလာခဲ့ပြီး မိတ်ဆွေအပေါင်းအသင်း အလွန်များသူဖြစ်သည်။

ထို့ကြောင့်လည်း ဤမျှခေါင်လှသော ရွာကလေး၌ ပညာရှိအဘိုးအိုကျန်ကျူး ရှိနေသည်ကို သိခဲ့ခြင်းဖြစ်၏။

သိမ်းငှက်လောက်ချစ် လေးစားသော လူများထဲမှာ အဘိုးအို ကျန်ကျူးလည်း တစ်ယောက်အပါအဝင် ဖြစ်ပါသည်။

---

'ခွပ် .. ခွပ် .. ခွပ်'

မြင်းခွာသံ ထွက်ပေါ်လာသည်။

မကြာမီ ရွာလမ်းမအတိုင်း မြင်းလှည်းတစ်စီးက အပြင်းနှင်ကာ ဝင်ရောက်လာသည်။



မြင်းစီးသမားက မြင်းကို ဒုန်းစိုင်းစီးရင်း ခြံဝင်းတစ်ခုရှေ့တွင် တဲ့ခနဲ ရပ်တန့်သွား၏။ မြင်းစီးသမား လူငယ်မှာ ဝမ်လှေပင် ဖြစ်ပါသည်။ ဝမ်လှေက အိမ်ရှေ့တံခါးအား အသာအယာခေါက်လိုက်၏။

'ဒေါက် .. ဒေါက်'

တံခါးခေါက်သံအဆုံးဝယ် ဖွတ်ဖွတ်ဖြူနေသော ခေါင်းတစ်လုံး ပေါ်ထွက်လာလေသည်။ အသက်ခုနစ်ဆယ်ခန့် အဘိုးအိုတစ်ယောက် ဖြစ်သည်။ အဘိုးအိုက ဝမ်လှေအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး ...

"ဘာကိစ္စလဲကွ"

ဝမ်လှေက ဦးညွတ်အရိုအသေ ပြုလိုက်ပြီး ...

"ကျွန်တော် ဝမ်လှေပါ၊ ဘဘကျန်ကျူးနဲ့တွေ့ဖို့ သိမ်းငှက်လောက်ချစ်က လွှတ်လိုက်ပါတယ်"

အဘိုးအို၏မျက်နှာ ဝင်းလက်သွားသည်။

"ဪ ... လာ လာ အိမ်ထဲဝင်ပါ"

သူသည် တံခါးဖွင့်ပေးပြီး ဖိတ်ခေါ်လိုက်လေသည်။ ဝမ်လှေက အိမ်ထဲဝင်ရင်း တစ်ချက်မျှ အကဲခတ်လိုက်၏။ အိမ်မှာ သစ်သားဖြင့် ဆောက်လုပ်ထားပြီး မကြီးလွန်း မငယ်လွန်းပေ။

သို့သော် စာဖတ်ခန်းမှာမူ အိမ်၏သုံးပုံတစ်ပုံမျှ နေရာယူထားသည်ကို အံ့သြစွာ တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လှေ့က ပါလာသော လက်ဆောင်အား အဘိုးအိုကျွန်ကျူးထံ ပေးလိုက်ပြီး ...

"သိမ်းငှက်လောက်ချစ် ပေးလိုက်တာပါ"

အဘိုးအိုက အထုပ်ဖွင့်ကြည့်လိုက်သည်။ နှစ်ချို့ပန်းတစ်ရာ အက်အိုးဖြစ်နေသည်ကို တွေ့လိုက်ရသောအခါ မျက်နှာတစ်ခုလုံး ဝင်းထိန်သွားသည်။

"လောက်ချစ်နဲ့ကျုပ် ဆယ်နှစ်အတွင်း နှစ်ကြိမ်ပဲ တွေ့ဖူးတယ်၊ ဒါပေမဲ့ သူ့ မမေ့သေးဘူး"

ဝမ်လှေ့က ဘာမျှမပြောပါ။ အဘိုးအိုကျွန်ကျူးက အရက်အိုးအား တယုတယပွတ်သပ် ပြီးနောက် စားပွဲပေါ် တင်လိုက်သည်။ သူသည် ဝမ်လှေ့အား အကဲခတ်သလို ကြည့်လိုက်ပြီး ...

"မင်းက လောက်ချစ်ရဲ့တပည့်တော့ မဟုတ်နိုင်ဘူး"

ဝမ်လှေ့က ...

"ဟုတ်ကဲ့ ... ကျွန်တော်က သိမ်းငှက်လောက်ချစ်နဲ့တွေ့ပြီး မှုခင်းတစ်ခုကို ဖြေရှင်းနေတာပါ"

အဘိုးအိုကျွန်ကျူးက ...

"ဒီနေရာဟာ ခေါင်လွန်းတယ်၊ လမ်းခရီးပေါ်မှာ တည်ရှိတာလည်း မဟုတ်ဘူး၊ လမ်းကြုံတာတော့ မဖြစ်နိုင်ဘူး၊ မင်း ဘာ အကူအညီလိုသလဲ"

ဟု မေးလိုက်၏။



ဝမ်လှေ့က အဘိုးအို၏ဆင်ခြင်တွေးတောမှုအား ကျိတ်၍ချီးကျူးလိုက်ပြီး ...

"ဟုတ်ကဲ့ ... ကျွန်တော်သိချင်တာလေးတွေ ရှိနေလို့ပါ"

အဘိုးအိုကျွန်ကျူးက ...

"ကျုပ် အိမ်ထဲက အပြင်မထွက်တာ ရှစ်နှစ်ကျော်ပြီ ထင်တယ်၊ မင်း သိချင်တာ ကျုပ် သိပါ့မလား"

ဝမ်လှေ့က ...

"ဟုတ်ကဲ့၊ ကျွန်တော် မေးကြည့်ပါရစေဦး"

အဘိုးအိုကျွန်ကျူးက အားရပါးရ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား၊ ကဲ ... မင်းသိချင်တာ မေးပါ"

ဝမ်လှေ့က ...

"ကျွန်တော်သိချင်တာက သိုင်းလောကရဲ့ရတနာသုံးမျိုး အကြောင်းပါပဲ"

အဘိုးအိုကျွန်ကျူးက မျက်မှောင်ကုတ်သွား၏။

"သိုင်းလောကရတနာသုံးပါး ... ဟုတ်လား"

"ဟုတ်ပါတယ်"

အဘိုးအိုက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ရှောင်ပင်းရဲ့လိပ်ပြာဓား၊ ကျားသစ်ဂူကျိန်းရဲ့ ဓားကြေးပန်းချီ၊ ဟွားလုံရဲ့ ရတနာပုဆိန်ပဲ၊ မင်းက ဘာလိုချင်တာလဲ"

ဝမ်လှေ့က ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီပစ္စည်းတွေအကြောင်း ဂယနဏ ရေရေရာရာသိချင်လို့ပါ ခင်ဗျာ"

အဘိုးအိုက ...

"အတိအကျလား"

"ဟုတ်ကဲ့"

"ဒါဆို ခဏစောင့်"

အဘိုးအိုက စာအုပ်ပုံများအတွင်း တိုးဝင်သွားသည်။ သူသည် စာအုပ်များကြားမှ လိုချင်သောစာအုပ်ကို ရှာဖွေနေဟန် တူပေသည်။ စာရွက်လှန်သံများလည်း တဖျပ်ဖျပ် ထွက်ပေါ်နေ၏။ အတန်ကြာမှ ...

"အင်း ... အခုမှ တွေ့တယ်"

အဘိုးအိုကျန်ကျူး၏အသံ ထွက်ပေါ်လာသည်။ ဝမ်လေ့က ဝမ်းသာသွားပြီး ...

"တွေ့ပြီ ဟုတ်လား"

အဘိုးအိုကျန်ကျူးက စာအုပ်ပုံကြားမှ ထ၊လာသည်။ သူ့လက်ထဲတွင် အတော်ပင် ဟောင်းနွမ်း၍ ဝါကျင့်ကျင့် အရောင်သန်းနေသော စာအုပ်တစ်အုပ် ပါလာသည်။ အဘိုးအို ကျန်ကျူးက စာအုပ်ထဲတွင် ပါရှိသော သိုင်းလောကရတနာသုံးပါးအကြောင်းကို ရှင်းပြလိုက်သည်။ ပြီးမှ ...

"ဒီပစ္စည်းတွေရဲ့သက်တမ်းဟာ အနည်းဆုံး နှစ်နှစ်ရာ



အထက် ရှိနေပြီ၊ ဒီပစ္စည်းတွေကို မင်း မြင်ဖူးသလား"

ဟု မေးလိုက်၏။ ဝမ်လေ့က ခေါင်းခါယမ်းလိုက်၏။

"မမြင်ဖူးပါဘူး"

အဘိုးအိုကျန်ကျူးက ...

"ဟောဒီမှာ ကြည့်ထား"

သူသည် စာအုပ်ကို လှန်ပြလိုက်၏။ စာရွက်ပေါ်တွင် သိုင်းလောကရတနာသုံးမျိုးအား ရေးဆွဲထားသည်ကို တွေ့လိုက်ရသည်။ အဘိုးအို ကျန်ကျူးက ...

"ဒီရတနာသုံးပါးအကြောင်း မင်း ဘာသိချင်သလဲ"

ဝမ်လေ့က ...

"ဒီပစ္စည်းတွေ ဘယ်သူ့လက်ထဲမှာ ရှိတယ်ဆိုတာ အဘိုးသိသလား"

အဘိုးအိုကျန်ကျူးက ...

"ဘယ်သိမလဲ၊ ဒီပစ္စည်းတွေဟာ လူပြောများပေမယ့် နှစ်ကြာလှပြီ၊ ဘယ်သူမှ မပိုင်ခဲ့ဘူး။ ပြီးတော့ ဒီပစ္စည်းထဲက တစ်ခုဆိုရင် ရှိကိုမရှိနိုင်တော့ဘူး"

ဝမ်လေ့က အံ့အားသင့်သွားသည်။

"ဗျာ ... မရှိနိုင်တော့ဘူး ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်ပစ္စည်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကျန်ကျူးက ...

"ရှောင်ပင်းရဲ့လိပ်ပြာဓားပဲ"

"ခင်ဗျာ"

ဝမ်လျှေမှာ အံ့သြလွန်း၍ ပါးစပ်အဟောင်းသားပင် ဖြစ်သွားသည်။ အဘိုးအိုကျန်ကျူးက ဝမ်လျှေ၏အံ့သြနေမှုကို ဂရုမထားဘဲ ဆက်၍ပြောနေသည်။

"ရှောင်ပင်းရဲ့လိပ်ပြာဓားကို နောက်ဆုံး ပိုင်တဲ့လူက ဓားသမား တင်းဝိန်ဆိုတဲ့သူပဲ၊ သူဟာ သိုင်းလောကရဲ့ရှုပ်ထွေးပွေလီမှုကို စိတ်ကုန်ပြီး တောင်ပင်လယ်ဘက် ထွက်သွားခဲ့တယ်၊ ပြီးတော့ နာမည်ကြီးလှတဲ့ လိပ်ပြာဓားကို တောင်ပင်လယ်ထဲ ပစ်ချခဲ့တယ်ကွ"

ဝမ်လျှေမှာ ယုံကြည်နိုင်လောက်အောင် အံ့သြနေ၏။ အဘိုးအိုကျန်ကျူးက ...

"ပြီးတော့ ကျားသစ်ဂူကျိန်းဟာ သူ့လက်နဲ့သူ ကြွေပန်းအိုးပြုလုပ်ပြီး ပန်းအိုးပေါ်မှာ သူ့ရဲ့ဓားပညာကို ပန်းချီပညာနဲ့ ရောစပ်ရေးခဲ့တယ်၊ ဒီပစ္စည်းလည်း ခုဆို နှစ်နှစ်ရှောင်းဆယ်အတွင်း မရှိနိုင်တော့ဘူး၊ ဘာကြောင့်လဲဆိုရင် ကွဲကြေလွယ်တဲ့ ပစ္စည်းတစ်ခုဟာ နှစ်နှစ်ရှောင်းဆယ်အတွင်း အကောင်းပကတိရှိနေဖို့ မလွယ်ကူလို့ပါပဲ"

ဝမ်လျှေက ...

"အဘိုးအိုပြောတာ သေချာတယ်နော်"



အဘိုးအို ကျန်ကျူး၏မျက်နှာ နီရဲသွားသည်။

သူသည် ဒေါသထွက်သွားပြီး ...

"ဘာလဲ ... မင်းက ကျုပ်စကားကို မယုံဘူးလား၊ ကျုပ်စကား မယုံရင် ဒီက ထွက်သွား၊ ကျုပ်ဟာ ဘယ်စကားမဆို မပိုင်ရင် မပြောဘူးကွ"

ဟု အော်ငေါက်လိုက်လေသည်။ ဝမ်လျှေမှာ သူ့မေးခွန်းက အဘိုးအိုကျန်ကျူး၏ပညာနှင့် မာနကို ထိခိုက်သွားကြောင်း နားလည်လိုက်၏။ ထို့ကြောင့် ချက်ချင်း တောင်းပန်လိုက်လေသည်။

"ကျွန်တော် မယုံနိုင်လောက်အောင် အံ့အားသင့်သွားလို့ အခုလိုမေးမိတာကို ခွင့်လွှတ်ပါခင်ဗျာ"

အဘိုးအိုကျန်ကျူးက စိတ်ချုပ်တည်းလိုက်ပြီး ...

"အင်း ... ကျုပ်ကလည်း အခုတစ်လော ဘာကြောင့်များ စိတ်တိုနေသလဲ မပြောတတ်ပါဘူး၊ ဒီမှာ ဝမ်လျှေ ... ကျုပ်ပြောတဲ့ စကားကို ယုံကြည်ပါ၊ သိုင်းလောကရတနာသုံးပါးထဲက နှစ်မျိုးဟာ ဘယ်လိုမှ မရှိတော့ပါဘူး၊ ကျုပ်ပြောတာကို မင်း နားလည်တယ် မဟုတ်လား"

ဝမ်လျှေ ပြုံးလိုက်ပြီး ...

"တကယ်လို့ ဒီပစ္စည်းတွေ ရှိနေမယ်ဆိုရင်ကော"

အဘိုးအိုကျန်ကျူးက မျက်မှောင်ကုတ်သွားပြီး ...

"ဝမ်လျှေ မင်းက တမင်သက်သက် ကျုပ်ကို အတိုက်အခံ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာလား"

ဟု ခပ်ဆတ်ဆတ် မေးလိုက်၏။ ဝမ်လွေက ...

"မဟုတ်ပါဘူး၊ ကျွန်တော် အဘိုးနဲ့ အတိုက်အခံ ဘယ်ပြောမှာလဲ အဘိုး"

အဘိုးအို ကျန်ကျူးက ...

"အခု မင်းပြောနေတဲ့စကားက ကျုပ်ကို အတိုက်အခံ လုပ်နေတာပဲ မဟုတ်ဘူးလား"

ဝမ်လွေက ...

"ဒီပန်းတွေ ရှိနေတယ်ဆိုတဲ့သတင်း ရှိပါတယ်၊ အဘိုးစိတ်ဝင်စားရင် ကျွန်တော် လိုက်ပြပါ့မယ်"

အဘိုးအိုကျန်ကျူးက ရယ်မောလိုက်၏။

"မင်းက အသက်ငယ်ရွယ်သေးတော့ အတွေ့အကြုံနည်းပုံပဲ၊ ဒါကြောင့် သူတစ်ပါးပြောတိုင်း ယုံတာကိုး၊ ကျုပ်ကတော့ ဒီပန်းကို စိတ်ဝင်စားပါဘူး"

ဝမ်လွေက ...

"ဘာဖြစ်လို့လဲ အဘိုး"

အဘိုးအိုကျန်ကျူးက ...

"ဘာဖြစ်ရမှာလဲ၊ ဒီပန်းတွေ ရှိချင်ရှိမယ်၊ ဒါပေမဲ့ အစစ်မဟုတ်ဘဲ အတုသာ ဖြစ်မှာပေါ့"

ဝမ်လွေ၏မျက်လုံးများ တောက်ပသွား၏။



သူ၏မျက်နှာပေါ်တွင် ကျေနပ်အားရသော အမူအရာများ ပေါ်ထွက်လာလေသည်။ ယခု သူ၏တွေးတောခန့်မှန်းချက်များသည် တစ်စထက် တစ်စ အမှန်သို့ ဦးတည်လာခဲ့ပြီ မဟုတ်ပါလား။

အမှန်စင်စစ် ထိုသိုင်းလောက ရတနာပန်း သုံးမျိုးလုံးမှာ သူဌေးကြီးချူယီဖုံး ဝယ်ယူစဉ်ကတည်းက အစစ်မဟုတ်ဘဲ အတုများသာ ဖြစ်ရပေမည်။

သူဌေးကြီးချူယီဖုံးသည် အဘယ်ကြောင့် ပန်းအတုများကို တန်ဖိုးကြီးမြင့်စွာ ပေး၍ ဝယ်ခဲ့ရပါသနည်း။ သူသည် ရှေးဟောင်းပန်းနှင့် ပတ်သက်ပြီး ဗဟုသုတ နည်းပါးသောကြောင့် သူတစ်ပါး၏လိမ်ညာမှုကို ခံရခြင်းလော။

အဘိုးအိုကျန်ကျူးက ရှောင်ပင်း၏လိပ်ပြာဓားသည် တောင်ပင်လယ်အတွင်း ပစ်ချခဲ့၍ မည်သို့မျှ မရှိနိုင်တော့ကြောင်း အထောက်အထားများနှင့် အခိုင်အမာ ပြောဆိုနေ၏။

သူဌေးကြီးချူယီဖုံးကမူ သူ့ထံ ရှောင်ပင်း၏လိပ်ပြာဓားတစ်ခုသာ အစစ်အမှန်ဖြစ်ပြီး ကျန်ပန်းများအား အတုဖြစ်သည်ဟု ဆို၏။ အဘယ်ကြောင့်ပါနည်း။

ဝမ်လွေက အဘိုးအိုကျန်ကျူးအား သိုင်းလောကရတနာ သုံးမျိုးအကြောင်းကို စေ့စေ့စပ်စပ် မေးမြန်းလိုက်၏။

အဘိုးအိုကျန်ကျူးက စာပေအထောက်အထားများနှင့် တကွ ဝမ်လွေ ကျေနပ်လောက်အောင် ရှင်းပြနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လေ့က ...

"အဘိုး ... ဒီရတနာသုံးပါးကို အတုအစစ်ခွဲခြားနိုင်တဲ့နည်းတွေ ရှိတာပေါ့"

အဘိုးအိုကျွန်ကျူးက ...

"သိပ်ရှိတာပေါ့"

"ဒါဆို ဒီပစ္စည်းတွေတွေ့ရင် အတုနဲ့အစစ်ကို အဘိုးခွဲခြားနိုင်ပါ့မလား"

အဘိုးအိုကျွန်ကျူးက ရင်ကော့လိုက်၏။

"သိပ်ခွဲခြားနိုင်တာပေါ့"

ဝမ်လေ့က ...

"အခု ဒီပစ္စည်းသုံးမျိုးထဲက တစ်မျိုးဟာ သူဌေးကြီးချူယီဖုံးထံမှာ ရှိပါတယ်"

သူက ဓားနှစ်လက်အာမခံဌာနနှင့် ချူယီဖုံး၏အကြောင်းများကို အကျဉ်းချုံးကာ ပြောပြလိုက်၏။ ပြီးမှ ...

"အဘိုးက ကူညီစစ်ဆေးပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်"

ဟု တောင်းပန်လိုက်၏။ အဘိုးအိုကျွန်ကျူးက ...

"ကဲ ... ဒါဆို အချိန်ဆိုင်းမနေနဲ့ မင်း ခရီးထွက်နိုင်မယ်ဆိုရင် အခုပဲ သွားကြတာပေါ့"



ဝမ်လေ့၊ လောက်ချစ်နှင့် အဘိုးအို ကျွန်ကျူးတို့မှာ သူဌေးကြီးချူယီဖုံး၏ ဂေဟာရှေ့သို့ရောက်ရှိလာ၏။ ဂေဟာ၏ခမ်းနားပုံကို ကြည့်ရုံမျှဖြင့် သူဌေးကြီးချူယီဖုံးမှာ ကြွယ်ဝချမ်းသာသောသူဖြစ်ကြောင်း သိသာ၏။ သို့သော် ဝမ်လေ့အတွက်ကား မထူးဆန်းပါ။

ဝမ်လေ့၏အိမ်ဂေဟာက သူဌေးကြီးချူယီဖုံး၏ဂေဟာထက် များစွာခမ်းနားထည်ဝါသည် မဟုတ်ပါလား။ ဝမ်လေ့၏ဖခင် ဝမ်အင်းမှာ အချမ်းသာဆုံးသော လူဆယ်ယောက်တွင် ပါဝင်သည် မဟုတ်ပါလား။

ဝမ်လေ့၊ လောက်ချစ်နှင့် အဘိုးအိုကျွန်ကျူးတို့သည် ခြံတံခါးပွင့်နေသည်ကို တွေ့ရသဖြင့် အထဲသို့ လှမ်းဝင်လိုက်၏။

"ရပ်လိုက်"

ရုတ်တရက် အော်ငေါက်သံနှင့်အတူ လှံရှည်တစ်လက်က သူတို့၏သွားရာလမ်းကို ပိတ်ဆို့လိုက်၏။

ချုံနွယ်များကြားမှ လှံရှည်ကိုင် အစောင့်နှစ်ဦးက ထွက်ပေါ်လာ၏။ အစောင့်က ...

"ဘာကိစ္စလဲ"

လောက်ချစ်က ...

"သူဌေးကြီး ချူယီဖုံးနဲ့ တွေ့ချင်လို့ပါ"

အစောင့်က ...

www.burmeseclassic.com

www.burmeseclassic.com



"ကြိုတင် တွေ့ခွင့်တောင်းထားသလား"

လောက်ချစ်က ...

"မတောင်းထားပါဘူး"

အစောင့်က ...

"ဒါဆို တွေ့ခွင့်မပြုနိုင်ဘူး။ ပြန်ထွက်သွားပါ"

ဝမ်လျှေက ရှေ့သို့တိုးလိုက်ပြီး ...

"ကျုပ်တို့က တားနစ်လက်အာမခံဌာနကပါ။ သူဌေးကြီးနဲ့ မတွေ့ရလို့ ဘယ်ဖြစ်မှာလဲဗျ"

ဟု ဝင်ပြောလိုက်၏။

အစောင့်များ တွေဝေသွား၏။

တားနစ်လက်အာမခံဌာနဆိုလျှင် ပျောက်ဆုံးသွားသော ပစ္စည်းများနှင့် ပတ်သက်နိုင်ပေသည်။ တွေ့ခွင့်မပြု၍ မဖြစ်နိုင်ပါ။ အစောင့်က ...

"ကောင်းပြီ၊ ကျုပ်နောက်က လိုက်ခဲ့ပါ"

ဟု ပြောရင်း နောက်လှည့် လျှောက်သွားလေတော့သည်။

⊛

စာကြည့်ခန်း ...

သူဌေးကြီးချူယီဖုံးက ဝမ်လျှေတို့လူစုအား စာကြည့်ခန်းတွင် လက်ခံတွေ့လိုက်လေသည်။ ချူယီဖုံးမှာ ဝမ်လျှေတို့သုံးယောက်အား တွေ့သောအခါ အံ့အားသင့်သွားလေသည်။ ဝမ်လျှေတို့သုံးယောက်အား သူ တစ်ခါမျှ မမြင်ဖူးပါ။

"မင်း ... မင်းတို့ ဘယ်သူတွေလဲ၊ တားနစ်လက်အာမခံဌာနကလည်း မဟုတ်ပါလား"

ချူယီဖုံးက မေးလိုက်၏။ ဝမ်လျှေက ပြုံးလိုက်ပြီး ...

"ဟုတ်ကဲ့ ဒါပေမဲ့ တားနစ်လက်အာမခံဌာနရဲ့ကိုယ်စားလှယ် အဖြစ် လာခဲ့တာပါ။ အလယ်ကလူက သိမ်းငှက်လောက်ချစ်ပါ ခင်ဗျာ"

သိမ်းငှက်လောက်ဟူသော အမည်ကို ကြားရလျှင် သူဌေးကြီးချူယီဖုံး၏မျက်နှာထား ပြောင်းလဲသွား၏။

"သိုင်းလောကမှာ အလွန်ကျော်ကြားတဲ့ သိမ်းငှက်လောက်ချစ်ကို၊ အခုလိုတွေ့ဆုံရတာ ကျုပ် အလွန်ပဲ ဝမ်းသာဂုဏ်ယူမိပါတယ်"

သိမ်းငှက်လောက်ချစ်က အသာအယာပြုံးကာ ...

"တားနစ်လက်အာမခံဌာနက ကျုပ်ကို အကူအညီတောင်းလို့ ဒီကိစ္စ ကျုပ် ပါဝင်လာရတာပါ"

သူဌေးကြီး ချူယီဖုံးက ...

"အာမခံထားတဲ့ပစ္စည်း ပျောက်ဆုံးတဲ့ကိစ္စကို မင်းများက ဖော်ထုတ်ပေးမယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီက ဝမ်လျှေဆိုတဲ့လူငယ်နဲ့ လက်တွဲပြီး ဖော်ထုတ်နိုင်ပါပဲ"

"ကောင်းတယ် . . . ကောင်းတယ်၊ မြန်မြန်ကလေး ဖော်ထုတ်စမ်းပါဗျာ၊ ကျုပ်ပစ္စည်းတွေ ကြာရင် ဆုံးဖို့ပဲရှိတော့တယ်ဗျ။ စားနစ်လက်အာမခံဌာနပြိုကွဲသွားတာထက် ကျုပ်ပစ္စည်းတွေက ပိုတန်ဖိုးရှိတယ်၊ ကျုပ်ကတော့ ကျုပ်ပစ္စည်းပဲ ပြန်လိုချင်ပါတယ်"

"မပူပါနဲ့ဗျာ၊ ပစ္စည်းတွေ ရှာမတွေ့လည်း နစ်လပြည့်တဲ့အခါမှာ ပစ္စည်းတန်ဖိုးထက် များတဲ့ လျော်ကြေးငွေ ခင်ဗျား ရဦးမှာပဲ ခင်ဗျားအတွက် အရှုံးမရှိပါဘူး"

ဝမ်လျှေ၏စကားကြောင့် သူဌေးကြီးချူယီဖုံးမှာ မျက်နှာတွက်ခနဲပျက်သွားလေသည်။ သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး

"ဒီလိုစကားမျိုး မပြောပါနဲ့ဗျာ၊ ငွေဆိုတာ ဘယ်လောက်များများ ရှာလို့ရနိုင်ပါတယ်၊ ဒါပေမဲ့ ရှေးဟောင်းပစ္စည်းတွေက ဘယ်လိုလုပ်ရှာနိုင်မှာလဲ၊ အခွင့်ကြုံကြိုက်လို့ ကျုပ်က ငွေကြေးအမြောက်အမြားပေးပြီး ဝယ်ယူခဲ့တာပါ၊ တန်ဖိုးချင်း မတူဘူးဗျ"

ဝမ်လျှေက ပါးစပ်ပိတ်ထားလိုက်သည်။ သူ၏စိတ်ထဲတွင် သူဌေးကြီးချူယီဖုံးအား မည်သို့မျှ သဘောမတွေ့ဘဲ ရှိနေ၏။ လောက်ချစ်က . . .

"ကျွန်တော် ရှေးဟောင်းရတနာအတုနှစ်မျိုးကို စစ်ဆေးကြည့်ပြီးပါပြီ၊ ကျန်နေတဲ့ ရတနာတစ်မျိုးကို စစ်ဆေးကြည့်ချင်ပါသေးတယ်"



ဟု ဝင်ပြောလိုက်၏။ ချူယီဖုံး၏မျက်နှာ ကွက်ခနဲ ပျက်သွားပြန်သည်။ သူသည် လောက်ချစ်အား စိုက်ကြည့်လိုက်ပြီး . . .

"ဒီပစ္စည်းဟာ ရှားပါးတဲ့ပစ္စည်းပါ၊ ကျုပ် ဘယ်သူ့ကိုမှ ယုံယုံကြည်ကြည်နဲ့ မပြနိုင်ဘူး"

ဝမ်လျှေက . . .

"အဲဒီပစ္စည်းကကော အစစ်ပဲလား"

ချူယီဖုံးက ခေါင်းကို သွက်လက်စွာ ညိတ်လိုက်ပြီး . . .

"အစစ်ပဲ၊ အစစ်မို့သာ ကျုပ်က လက်ခံတာပေါ့ဗျ ဘယ်သူက ပစ္စည်းအတု လက်ခံမှာလဲ"

လောက်ချစ်က . . .

"ဒါဆိုလည်း ကျုပ်တို့ကို စစ်ဆေးခွင့်ပြုပါ"

ချူယီဖုံးက . . .

"မဖြစ်ဘူး၊ ကျုပ် ခွင့်မပြုနိုင်ဘူး"

ဝမ်လျှေက မဲ့လိုက်၏။ သူသည် သူဌေးကြီးချူယီဖုံးနှင့် မျက်လုံးချင်းဆိုင်ကာ စိုက်ကြည့်လိုက်သည်။

"သေတ္တာတစ်ခုတည်း အတူတူထားတဲ့ ရှေးဟောင်းပစ္စည်းသုံးခုကို လူတစ်ယောက်က လဲလှယ်ခွင့်ရမှတော့ ဘာဖြစ်လို့ အကုန်မယူသွားဘဲ တစ်ခုချန်ခဲ့ရတာလဲ"

ချူယီဖုံးက ပါးစပ်ပိတ်ထား၏။

www.burmeseclassic.com



ဝမ်လေ့က ဆက်ပြောလိုက်သည်။

"တရားခံဟာ အရှုံးမဟုတ်ဘူး။ ဉာဏ်သိမ်ကောင်းတဲ့လူပဲ၊ သူက ရှေးဟောင်းရတနာပစ္စည်းတွေဟာ တန်ဖိုးကြီးမားတယ်ဆိုတာ သိလို့ ယူသွားတာပဲ၊ အဂ္ဂင့်အရေးရရဲ့သားနဲ့ ဘာကြောင့် တစ်ခုတည်းကျမှ ရွေးပြီးချန်ရစ်ခဲ့တာလဲ"

ချူယီဖုံး ဝေါသထွက်လာ၏။

"ဘာလဲ ... မင်းတို့က ကျုပ်ဆီမှာ ကျန်ရစ်ခဲ့တဲ့ပစ္စည်းကိုကော အတုလို့ ထင်နေသလား"

"ဟုတ်တယ်"

ဝမ်လေ့ ခပ်ပြတ်ပြတ် ပြောလိုက်၏။ ချူယီဖုံးက ...

"မင်းတို့ထင်သလို မဟုတ်ပါဘူး။ ကျုပ်ဆီမှာ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းက အစစ်ပဲ"

"အစစ်လို့ ခင်ဗျား ဘယ်လိုသိသလဲ"

ချူယီဖုံးက ...

"ကျုပ်တစ်ယောက်တည်းသိတဲ့ ခွဲခြားနိုင်တဲ့ နည်းလမ်းတွေ ရှိလို့ပေါ့"

"ဒါဆို ခဏလောက်ထုတ်ပြပါ။ အတုလား၊ အစစ်လား ကျုပ်တို့သိရအောင် ကြည့်ချင်တယ်"

သူဌေးကြီး ချူယီဖုံးက ...

"ကျုပ်ကို လာပြီးစွပ်စွဲနေတဲ့ လေသံပါလား၊ ခင်ဗျားတို့



စုံစမ်းရမှာက သူခိုးဗျ။ ကျုပ်လို ပစ္စည်းပိုင်ရှင်ကို လာမစွပ်စွဲနဲ့"

"ကျုပ်တို့ မစွပ်စွဲပါဘူးဗျာ၊ စုံစမ်းတာပါ"

သူဌေးကြီး ချူယီဖုံးက ...

"မင်းတို့ တခြားမှာ သွားပြီးစုံစမ်းပါ၊ ဟော့ ... အစောင့်တွေ လာစမ်း။ သူတို့ကို အပြင်ခေါ်သွားတော့"

သူသည် ဒေါသဟစ်လိုက်ပြီး စာကြည့်ခန်းတွင်းမှ ထွက်ခွာသွားလေတော့၏။ ဝမ်လေ့က လောက်ချစ်အား ကြည့်ကာ ပခုံးတွန့်ပြလိုက်သည်။ လောက်ချစ်က အဘိုးအိုကျွန်ကျူးဘက်လှည့်ကာ ...

"ပစ္စည်းစစ်ဆေးခွင့်မရတာ ခွင့်လွှတ်ပါဗျာ"

အဘိုးအိုကျွန်ကျူးက ရယ်မောလိုက်ပြီး ...

"ကျုပ်ပြောတဲ့စကားကို မင်းတို့ စိတ်ရှည်လက်ရှည် ယုံကြည်ရင် ကျေနပ်ပါတယ်"

"ကျွန်တော် နားလည်ပါပြီ၊ အခြေအနေကိုလည်း တဖြည်းဖြည်း သဘောပေါက်လာပါပြီ။ အစောင့်တွေနှင်မထုတ်ခင် ကိုယ့်ဘာသာကိုယ် ထွက်သွားတာ ပိုကောင်းမယ်ဗျ"

သူတို့သုံးယောက် ရယ်မောလိုက်ကြပြီးနောက် သူဌေးကြီး ချူယီဖုံး၏ဂေဟာထဲမှ ထွက်လာခဲ့ကြလေတော့သည်။

လောက်ချစ်နှင့်ဝမ်လေ့တို့ ဌာနချုပ်သို့ ပြန်လည်ရောက်ရှိလာသောအခါ ရှောင်ဟွာခန့်နှင့် လုတုံးယန်တို့ကိုမှ မတွေ့ရပါ။

"သူတို့ မကြာခင် ပြန်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



လောက်ချစ်က ပြောရာ ဝမ်လွေ့က ...

"ပွဲစားစီဝမ်ဖေးရဲ့သတင်း သွားစုံစမ်းတာလား"

"ဟုတ်တယ်၊ အခြေအနေ မင်း ဘယ်လိုသဘောရသလဲ"

"အတော်ရှင်းလာပြီ၊ ကွင်းဆက်ပြတ်နေတာလေးတွေကို ဆက်စပ်ပြီးရင်တော့ အားလုံးရှင်းသွားမှာပါ"

လောက်ချစ် ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။ ဝမ်လွေ့သည် သူထင်ထားသည့်ထက်ပင် မှုခင်းစုံစမ်းရာ၌ ထက်မြက်လွန်းလှသည် မဟုတ်ပါလော။ ထိုစဉ် ခြေသံများ ထွက်ပေါ်လာသည်။

အခန်းတွင်းသို့ ရှောင်ဟွာခန့်နှင့် လုတုံးယန့်တို့ ရောက်ရှိလာကြလေသည်။ လောက်ချစ်က ခရီးရောက်မဆိုက်ပင် မေးလိုက်၏။

"ရှောင်ဟွာခန့် ... ကိုယ်ရံတော်သတင်း ဘယ်လိုလဲ"

ရှောင်ဟွာခန့်နှင့် လုတုံးယန့်တို့က စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ရှောင်ဟွာခန့်က ...

"ဟုတ်ကဲ့ ... ကျွန်တော်တို့ လိုက်စုံစမ်းကြတဲ့အခါ ပွဲစားစီဝမ်ဖေးရဲ့ ကိုယ်ရံတော်အမည်ဟာ ကျန်းပေါင်လို့ သိခဲ့ရပါတယ်"

"အခု ကျန်းပေါင် ဘယ်ရောက်နေသလဲ"

ဝမ်လွေ့က ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"ပွဲစားစီဝမ်ဖေး အသတ်မခံရခင်မှာပဲ ဒီလူဟာ ပွဲစားစီဝမ်ဖေးထံက ထွက်သွားတယ်လို့ သိရတယ်"

ဝမ်လွေ့နှင့် လောက်ချစ်မှာ စိတ်ဝင်စားသွား၏။



"ကျန်းပေါင်အကြောင်း မင်း ဘယ်လောက်အထိ သိခဲ့ပြီလဲ"

"ကျန်းပေါင်ဟာ ဓားသမားတစ်ယောက်ပဲ၊ သူဟာ ပထမဆုံး ရွှေလင်းယုန်ရဲ့တိုက်မှာ သက်တော်စောင့်လုပ်ခဲ့တယ်၊ ပြီးတော့ သော့ဝီဖွာမွန်ယုထံမှာ အမှုထမ်းခဲ့တယ်၊ ပြီးမှ ပွဲစားစီဝမ်ဖေးထံကို ရောက်လာပြီး အမှုထမ်းခဲ့တာပါ"

လောက်ချစ် အံ့ဩသွား၏။ ဝမ်လွေ့မှာ မျက်မှောင်ကြုတ်ကာ ကြည့်ရင်း တစ်စုံတစ်ရာကို တွေးတောနေဟန်ရှိ၏။ အတန်ကြာမှ ..

"နောင်ကြီး ရှောင်ဟွာခန့် ... ဒီအချက် သေချာရဲ့လား"

"သေချာပါတယ်"

ဝမ်လွေ့က ...

"ကျန်းပေါင်ဟာ ဘာကြောင့် သော့ဝီဖွာမွန်ယုဆီက ထွက်လာရတာလဲဆိုတာ သိသလား"

"ဒီလောက်အထိတော့ မစုံစမ်းရသေးပါဘူး"

"မင်း ကျန်းပေါင်ကို တွေ့အောင်ရှာနိုင်ပါ့မလား"

လောက်ချစ်က မေးလိုက်၏။ ရှောင်ဟွာခန့်က သက်ပြင်းချလိုက်ပြီး ဘာမှပြန်မပြောပါချေ။ လောက်ချစ် နားလည်လိုက်သည်။

ရှောင်ဟွာခန့်အနေနှင့် ကျန်းပေါင်အား တွေ့အောင်ရှာနိုင်ခြင်း ရှိဟန်မတူပါ။ သို့အတွက်လည်း ရှောင်ဟွာခန့်အား အပြစ်မတင်ရက်ပါ။ ဝမ်လွေ့က လုတုံးယန့်အား လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလု ... သော့ဝိဇ္ဇာမွန်ယုအကြောင်း ပြောပါဦး"

လောက်ချစ်က အံ့သြသွား၏။

"မင်းက သော့ဝိဇ္ဇာမွန်ယုအကြောင်း စုံစမ်းခိုင်းခဲ့တယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာကြောင့်လဲ"

"ခဏနေ အစ်ကိုသိပါလိမ့်မယ်၊ ကဲ အစ်ကို ... မွန်ယုအကြောင်း ပြောပါဦး"

လောက်ချစ်က အံ့သြစွာဖြင့် ပါးစပ်ပိတ်ထားလိုက်၏။

လုတုံးယန်က ...

"သော့ဝိဇ္ဇာမွန်ယုဟာ စိတ်ထားဖြူစင်တဲ့ အဖြူရောင် သိုင်းသမားတစ်ယောက်ပါ၊ အားလုံးက ဒီလိုမြင်အောင်လည်း သူက ကြိုးစားနေထိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ သူ့မှာ လျှို့ဝှက်ချက်တွေ ရှိနေတယ်"

လောက်ချစ်က ...

"ဆက်ပြောပါဦး"

လုတုံးယန်က ...

"သော့ဝိဇ္ဇာမွန်ယုမှာ လူမသိတဲ့ ဝါသနာတစ်ခု ရှိတယ်၊ အဲဒါကတော့ လောင်းကစားခြင်းပါပဲ၊ သူဟာ လောင်းကစားမှုကို အလွန်နှစ်ခြိုက်စွဲလမ်းတဲ့ လူတစ်ယောက်ပဲ၊ လောင်းကစားခြင်းကြောင့်ပဲ အခုနှစ်ပိုင်းအတွင်း ဆက်တိုက်ရှုံးနိမ့်ပြီး အကြွေးပတ်လည်



ဝိုင်းနေတယ်လို့ သိရပါတယ်"

လောက်ချစ် တွေဝေသွား၏။ သူ့ငွေကြေးလျှို့ပင်း ငွေငွေ ရတနာများ ပျောက်ဆုံးစဉ်က သူသည် သော့ဝိဇ္ဇာမွန်ယုအား သံသယ ဖြစ်မိ၏။

သို့သော် မွန်ယု၏မှုခင်းကြားသော် သူ ရေလိုက်လွှဲသွားလေသည်။ ဝမ်လွေကမူ သိုင်းလောကသို့ ဝင်လာကာစဖြစ်၍ မည်သူ့အကြောင်းမျှ ဂဃနဏ မသိပါ။

ထို့ကြောင့် သံသယဖြစ်သူတိုင်းကို စုံစမ်းခဲ့ခြင်း ဖြစ်ပေသည်။

"သူဟာ လောင်းကစားကို ဝါသနာပါတယ်၊ အကြွေးတွေလည်း ပတ်လည်ဝိုင်းနေတယ်၊ ဟုတ်လား"

လုတုံးယန် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ဝမ်လွေက ...

"သူက ဘယ်သူ့ဆီမှာ အကြွေးအများဆုံး တင်နေပြီလဲ"

"သော့ဝိဇ္ဇာမွန်ယုရဲ့ အကြွေးတွေက အခုတော့ တစ်ယောက်တည်းမှာပဲ တင်နေပါတယ်"

"ဘယ်သူလဲ"

"သူဌေးကြီးချူယီဖုံးပါ"

"ဟင်"

မမျှော်လင့်သောစကားကို ကြားလိုက်ရသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လျှေမှာ အံ့အားသင့်သွား၏။ လောက်ချစ်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

"ကျွန်တော်တို့ ယူဆချက်တွေဟာ အမှန်တရားနဲ့ အတော်ကို နီးစပ်လာပြီ"

လောက်ချစ်က ခေါင်းညိတ်လိုက်၏။ သူတို့သည် သူဌေးကြီး ချူယီဖုံးအား သဘောမကျပါ။ သူဌေးကြီးချူယီဖုံးသည် မကောင်းမှုခုစရိုက်လုပ်ငန်းများ လုပ်သူတစ်ဦးဟု အထင်ရှိခဲ့၏။

ယခုသူဌေးကြီးချူယီဖုံးသည် သူတို့တွေးထင်ထားသကဲ့သို့ မကောင်းမှု နောက်ကွယ်၌ ရှိနေသည် မဟုတ်ပါလော။ ဝမ်လျှေက

"သူဌေးကြီးချူယီဖုံးပိုင်ဆိုင်တဲ့ လောင်းကစားဝိုင်းတွေကော ရှိသလား"

လုတုံးယန်က ...

"တရားဝင်ပိုင်ဆိုင်တာမျိုး ရှိမယ်မထင်ပါဘူး"

ဝမ်လျှေက ...

"သူ ချုပ်ကိုင်ထားတဲ့ လောင်းကစားဝိုင်းကော"

လုတုံးယန်က ...

"အဲဒါမျိုးတော့ ရှိနိုင်ပါတယ်၊ စုံစမ်းကြည့်ရင် သိနိုင်ပါလိမ့်မယ်"

လောက်ချစ်က ...

"ကောင်းပြီ ... စုံစမ်းပါ"



"အစ်ကိုလုကို တစ်ခုအကူအညီ တောင်းချင်သေးတယ်"

ဝမ်လျှေက ပြောရာ ...

"ဘာများလဲ"

"အစ်ကိုလု အခွင့်သာရင် သော့ပိန္နာမွှန်ယုရဲ့အိမ်ထဲကို ဝင်ကြည့်စေချင်တယ်"

လုတုံးယန်က တစ်ချက်စဉ်းစားပြီးမှ ခေါင်းညိတ်လိုက်၏။ အဘယ်ကြောင့် ဝင်နိုင်းသည်ကို မမေးပါ။ မည်သည့်ပစ္စည်း ရှာဖွေရမည်ကို မမေးပါ။

စုံစမ်းစစ်ဆေးရေးဌာနတွင် လုပ်ကိုင်ခဲ့သည့်နှစ်များ မနည်းတော့ပါ။ သူ ဘာလုပ်ရမည်ကို ကောင်းစွာ နားလည်သဘောပေါက်လေသည်။

"မင်းတို့နှစ်ယောက် အပင်ပန်းခံပြီး စုံစမ်းပေးကြတာကို ကျုပ် ကျေးဇူးတင်ပါတယ်၊ ဝမ်လျှေနဲ့လက်တွဲပြီး မကြာခင် ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်"

ရှောင်ဟွာခန့်နှင့်လုတုံးယန်တို့နှစ်ယောက်မှာ လောက်ချစ်၏ချီးမွမ်းမှုကြောင့် မျက်နှာဝင်းလက်သွားကြလေသည်။

❀

ဝမ်လျှေမှာ သူ၏နားနေခန်းသို့ ပြန်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စုတင်ပေါ် လဲလျောင်းလိုက်၏။

ဘောက်လျှောက် ခရီးနှင်ခဲ့ရ၍ တစ်ကိုယ်လုံး ညောင်းညာနေ၏။ ခေတ္တလဲလျောင်းလိုက်မှ နေသာထိုင်သာ ရှိသွား၏။

ဝမ်လွေမှာ အိပ်လျက် မျက်နှာကြက်ကိုကြည့်ရင်း တွေးတောနေမိလေသည်။ သူသည် လောက်ချစ်ထံမှ မှခင်းသုံးခု ကြားသိရပြီး စတင်စဉ်းစားစဉ်ကပင် ထိုမှုခင်းသုံးခုသည် ဆက်စပ်နေမည်။ သို့မဟုတ် တရားခံတစ်ဦးတည်းသာ ဖြစ်မည်ဟု ထင်မိခဲ့၏။

တစ်ဖန် ဓားနှစ်လက်အာမခံဌာန၊ သော့ဝိဇ္ဇာမွန်ယု၊ သူဌေးကြီးလှူမှုပင်။ ရွှေကျားရဲတိုက်ရှင် သေဆုံးမှု စသည့်ဖြစ်ရပ်များသည်လည်း ကွင်းဆက်များပမာ ဆက်စပ်နေသည်ဟု ယုံကြည်ထား၏။

ယခု စုံစမ်းတွေ့ရှိလာသမျှသည် သူ၏ယူဆချက်တို့ကို ပို၍ခိုင်မာလာစေပြီ ဖြစ်၏။ သို့သော် ထိုကိစ္စတစ်ခုလုံး ဖြေရှင်းရန်မှာမူ ကွင်းဆက်အချို့ လိုအပ်နေသေး၏။

သူသည် ပြတ်တောက်နေသော ကွင်းဆက်ကလေးများကို ရှာဖွေရပေဦးမည်။ မည်သည့်နေရာမှ စတင်ရှာဖွေမည်နည်း။

သူ၏အာရုံထဲတွင် ရွှေကျားရဲတိုက်နှင့်ဓားနှစ်လက်အာမခံဌာနတို့သာ ပေါ်ထွက်လာ၏။ ဤနှစ်နေရာကို သူက သတိကြီးစွာထား၍ ဆက်စပ်ရှာဖွေ ရမည်ဖြစ်၏။

ပထမဆုံး မည်သို့လှုပ်ရှားမည်နည်း။ ဝမ်လွေက လူတစ်ယောက်နှင့်သွားတွေ့ရန် ဆုံးဖြတ်ချက်ချလိုက်၏။



သို့သော် လူတစ်ယောက်နှင့် သွားမတွေ့မီမှာပင် လူတစ်ယောက်က သူတို့ထံသို့ ရောက်ရှိလာလေသည်။

ထိုလူမှာ ရွှေကျားရဲတိုက်သခင်လေး အော့စန်းပင် ဖြစ်ပါသည်။

☮

လောက်ချစ်မှာ ခရီးကြမ်းနှင်လိုက်သည့်အတွက် ရင်ဝတစ်ခုလုံး ပြန်လည်နာကျင်မှု ဝေဒနာကို ခံစားလိုက်ရ၏။

ထို့ကြောင့် သီးသန့်ခန်းတွင်းရှိ ခုတင်ပေါ် ဝယ် သက်သောင့်သက်သာနှင့် လဲလျောင်းနေလိုက်၏။

ထိုစဉ် ရှောင်ဟွာခန့်က ဝင်လာပြီး ...

"ရွှေကျားရဲတိုက် သခင်လေး ရောက်နေပါတယ်"

ဟု သတင်းပို့လိုက်သောအခါ အလွန်ပင် အံ့အားသင့်သွား၏။ သူသည် အခန်းတွင်း လာခွင့်ပြုလိုက်ပြီး ဝမ်လွေကိုပါ အမြန်ခေါ်ခိုင်းလိုက်လေသည်။

ဝမ်လွေရောက်ပြီး မကြာမီပင် ရွှေကျားရဲတိုက်သခင်လေး အော့စန်း ရောက်ရှိလာ၏။

အော့စန်းက လက်နှစ်ဖက်ဆုပ် ဂါရဝပြုကာ ...

''သိမ်းငှက်လောက်ချစ်ကို ဂါရဝပြုပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



လောက်ချစ်က ...

"ထိုင်ပါ ... ထိုင်ပါ၊ ကျုပ်ဆီရောက်လာတာ အကြောင်းကိစ္စတစ်ခုရှိမယ် ထင်တယ်"

အော့စန်း မျက်နှာညှိုးသွား၏။ သူသည် ဝမ်လေ့ဘက် မသိမသာ လှမ်းကြည့်လိုက်၏။ သိမ်းငှက်လောက်ချစ်က ...

"သူက ဝမ်လေ့ပါ၊ အခုချိန်မှာ ကျုပ်ကိုယ်စား သူကပဲ ပြဿနာအားလုံးကို တာဝန်ယူဖြေရှင်းပေးနေတယ်၊ ဒါကြောင့် ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

ဟု ပြောလိုက်၏။ ရွှေကျားရဲတိုက်သခင်လေး အော့စန်းက ...

"ဟုတ်ကဲ့ ... ဒီကိုလာခဲ့တာက ကျွန်တော့်ဖခင် သေဆုံးသွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရောက်လာတာပါ"

လောက်ချစ်က မျက်မှောင်ကုတ်သွား၏။

"ဒီကိစ္စမှာ ထူးခြားချက်များ ရှိနေလို့လား"

အော့စန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"

လောက်ချစ်က ..

"ဒါဆို ... ပြောပါဦး"

အော့စန်းမှာ ချက်ချင်း မပြောနိုင်သေးပါ။

အတန်ကြာအောင် ချီတုံချတုံဖြစ်နေပြီးမှ ...



"ကျွန်တော် ဒီကိုလာပြီး တိုင်ပင်တဲ့ကိစ္စကို အခြားဘယ်သူမှ မသိစေချင်ပါဘူး"

လောက်ချစ်က ...

"စိတ်ချပါ"

ဝမ်လေ့က ...

"ကျုပ်လည်း ကတိပေးပါတယ်"

လောက်ချစ်နှင့်ဝမ်လေ့တို့ ကတိပေးလိုက်ကြသည့်အတွက် အော့စန်းမှာ စိတ်သက်သာရာ ရသွား၏။

အော့စန်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ကျွန်တော့်ဖေဖေ သေဆုံးသွားတဲ့ကိစ္စဟာ ရိုးသားမှုမရှိဘူးလို့ ကျွန်တော် ထင်ပါတယ်"

ဝမ်လေ့က စိတ်ဝင်စားသွားပြီး ...

"ဘယ်လို မရိုးသားဘူးလို့ ထင်တာလဲ"

အော့စန်းက ...

"သေသေချာချာတော့ မသိပါဘူး၊ ဒါပေမဲ့ ကျွန်တော့် သံသယတွေကို ပြောပြချင်ပါတယ်"

လောက်ချစ်က ...

"ပြောပါ"

အော့စန်းက ...

"ကျွန်တော့်ဖေဖေဟာ အလွန်အဆင့်မြင့်တဲ့ ဓားပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ"

လောက်ချစ် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ မင်းဖခင်ရဲ့ သိုင်းပညာဟာ ကျုပ်တို့ထက် များစွာ သာလွန်ပါတယ်"

အောင့်စန်းက ...

"ကျွန်တော့်ဖေဖေလို အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက်ဟာ ဘယ်နည်းနဲ့မှ ချောက်ထဲပြုတ်ကျပြီး သေသွားနိုင်မှာ မဟုတ်ပါဘူး"

ဝမ်လျှောက်မျက်လုံးများ တောက်ပသွား၏။ အောင့်စန်းက ဆက်ပြောလိုက်၏။

"ပြီးတော့ ... သူ့ဟာသူလည်း ချောက်ထဲခုန်ချပြီး သေမယ် မထင်ဘူး။ ကျုပ်တို့ ဒီနေရာမှာ နေထိုင်လာခဲ့တာ နှစ်များစွာ ကြာခဲ့ပါပြီ။ မျက်စိမှိတ်ပြီး သွားလာနိုင်ကြပါတယ်၊ ဒါကြောင့် အရက်မူးပြီး ချောက်ထဲပြုတ်ကျတယ် ဆိုရအောင်လည်း ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

ဝမ်လျှောက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။ သူကိုယ်တိုင်ကလည်း ရွှေကျားရဲတိုက်ရှင် ချောက်ထဲကျ သေဆုံးခြင်းမှာ ရိုးသားမှုမရှိဟု ထင်ထားခဲ့လေသည်။

ဤသို့ဆိုလျှင် ... ရွှေကျားတိုက်ရှင်အော့ဝါးအား တစ်စုံတစ်ယောက်က တွန်းချပစ်ခဲ့သည်လော။



သို့သော် ဝမ်လျှောက သူ့ခါထင်မြင်ချက်ကို ထုတ်မပြောပါ။

သူသည် အော့စန်းထံမှသာ သိလိုသမျှ မေးမြန်းစုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။ ဝမ်လျှောက ...

"ခင်ဗျားရဲ့ဖခင်ဟာ အသတ်ခံရတာလို့ ခင်ဗျားက သံသယရှိနေသလား"

အော့စန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

လောက်ချစ်က ...

"အံ့သြစရာပဲ၊ ကျုပ် သိသလောက်တော့ မင်းရဲ့ဖခင်ဟာ လူချစ်လူခင် အလွန်ပေါပါတယ်၊ မင်းရဲ့ဖခင်နဲ့ ဘယ်သူမှ ရန်ငြိုးမရှိဘူး ထင်တယ်"

အော့စန်းက ...

"ဟုတ်ကဲ့၊ ဒါပေမဲ့ ဘယ်သူမှမသိတဲ့ ရန်ငြိုးရှိတဲ့လူတစ်ယောက် ရှိနေတယ်ဗျ"

"ဟင်"

အော့စန်း၏စကားကြောင့် ဝမ်လျှောနှင့်သိမ်းငှက်လောက်ချစ်တို့မှာ အလွန်အံ့သြသွားကြ၏။ ဝမ်လျှောက အော့စန်းအား ကြည့်လိုက်၏။ အော့စန်းက ဆက်ပြောလိုက်၏။

"ကျွန်တော့်အဖေ့ဆီကို လူတစ်ယောက်က မကြာခဏ သတိပေးတဲ့စာတွေ ပေးပို့နေတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လေ့မှာ စိတ်လှုပ်ရှားသွား၏။ မမျှော်လင့်ဘဲ ထူးခြားသောအချက်တစ်ချက်ကို ကြားသိလိုက်ရသည် မဟုတ်ပါလား။

"သတိပေးတဲ့စာ ဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီစာကို ခင်ဗျား တွေ့ဖူးသလား"

အော့စန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ . . . မြင်ဖူးပါတယ်၊ ခင်ဗျားတို့ကို ပြရအောင် ကျွန်တော် ယူလာခဲ့ပါတယ်"

သူသည် ချက်ချင်းပင် အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ယူကာ လောက်ချစ်အား ပေးလိုက်၏။

လောင်ချစ်က စာကိုလှမ်းယူကာ ဖတ်ကြည့်လိုက်၏။

*ဒီနှစ်မကုန်ခင် အားလုံးပြေလည်အောင် ဖြေရှင်းပေးပါ။*
*မဟုတ်ရင် ခင်ဗျားဘဝ ဆုံးစေရမည်။*
*ခေါင်းစိမ်း*

"စာအရဆိုရင် ခင်ဗျားရဲ့ဖခင်ကို ခေါင်းစိမ်းဆိုတဲ့လူက ခြိမ်းခြောက်နေတာပေါ့၊ အဲဒီခေါင်းစိမ်းကို ခင်ဗျား သိသလား"

ဝမ်လေ့က မေးလိုက်၏။ အော့စန်းက ခေါင်းခါယမ်းလိုက်သည်။



"မသိပါဘူး"

"ဒီအကြောင်းနဲ့ပတ်သက်ပြီး ခင်ဗျားအဖေက ခင်ဗျားကို တစ်ခါမှ မပြောခဲ့ဘူးလား"

အော့စန်းက ...

"ဟုတ်ကဲ့ မပြောခဲ့ပါဘူး၊ ဒီစာရောက်လာလို့ ဖေဖေ အလွန်စိတ်ညစ်သွားတာတော့ သေချာပါတယ်၊ အဲဒီစာရောက်တဲ့နေ့ကစပြီး တမှိုင်မှိုင်တတွေတွေဖြစ်နေတယ်၊ အစားအသောက် မမှန်တော့သလို အိပ်လည်းမအိပ်တော့ဘူး၊ သူ့ကိုကြည့်ရတာ အကျဉ်းအကျပ်ထဲ ရောက်နေတဲ့ပုံပဲ၊ ကျွန်တော်လည်း ဖေဖေ့ရဲ့ထူးခြားမှုကို သတိပြုမိလို့ အခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ပါတယ်၊ ဒါပေမဲ့ ထူးခြားမှုမရှိပါဘူး၊ ညေ့ခံပွဲနေ့ကျတော့မှပဲ"

သူ၏အသံမှာ တဖြည်းဖြည်း တိမ်ဝင်သွား၏။

ဝမ်လေ့က သက်ပြင်းချလိုက်၏။

သူသည် ခေါင်းစိမ်းဟူသောအမည်ကို စိတ်ထဲမှ အပြန်ပြန်အလှန်လှန် ရေရွတ်နေမိ၏။ ခေါင်းစိမ်းသည် မည်သူဖြစ်ပါသနည်း။

ဤစာသည် တရားခံဖော်ထုတ်ရန်အတွက် အသုံးဝင်မည့်စာ ဖြစ်ပါသလော။ သို့တည်းမဟုတ် သူတို့ မျက်စိလည်စေရန် လှည့်ဖြားသည့်စာ ဖြစ်ပါသလား။

ဤအချစ်က သူက သေသေချာချာ စဉ်းစားနိုင်မှသာ ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ်လျှင် အတွေးတစ်ချက် မှားသည်နှင့် ရှင်းလင်စပြုလာသော မှုခင်းသည် ရှုပ်ထွေးသွားမည် မဟုတ်ပါလား။

"ဒါ့အပြင် တခြားဘာများ ထူးခြားတာ ရှိသေးသလဲ"

အောင်စန်းက ...

"မရှိပါဘူး"

ဝမ်လှေက ...

"ညွှန့်ခံပွဲမကျင်းပခင်ကကော ခင်ဗျားဖခင် ခရီးထွက်တာတို့ ဘာတို့ရှိသေးသလား"

အောင်စန်း မျက်မှောင်ကုတ်သွား၏။ အတန်ကြာမှ ...

"ညွှန့်ခံပွဲမစခင် နှစ်ပတ်လောက်ကတော့ ဖေဖေ ခရီးထွက်သွားခဲ့တယ်၊ သူ ပြန်လာတော့ အတော်လေး စိတ်ချမ်းသာပုံရတယ်၊ ပြုံးပြုံးရွှင်ရွှင် တွေ့ရတယ်"

ဟု ပြောလိုက်၏။ ဝမ်လှေက ...

"ခရီးထွက်တာ သူ့ တစ်ယောက်တည်းလား"

အောင်စန်းက ...

"ဟုတ်ကဲ့၊ ဒါပေမဲ့ အပြန်ကျတော့ မိုးမြေဂိုဏ်းချုပ်လည်း အဖေနဲ့အတူ ပါလာတယ်ဗျ"

အခြေအနေသည် ထင်သည်ထက် ပို၍ ရှုပ်ထွေးလာသလို ဝမ်လှေမှာ စံစားလိုက်ရလေသည်။ ဝမ်လှေ၏အတွေးထဲ၌ ကွင်းဆက်များ တစ်ခုပြီးတစ်ခု ပီပြင်စွာ ဆက်လာနိုင်လေသည်။



ယခု သူသည် ဖြစ်ပျက်ခဲ့သမျှ အခြေအနေများအားလုံးကို မြှင့်၍ နားလည်သဘောပေါက်လာ၏။ ငြိမ်နေသော လောက်ချစ်က ဝင်မေးလိုက်၏။

"မိုးမြေဂိုဏ်းချုပ်ဟာ ညွှန့်ခံပွဲကျင်းပခါနီးမှ ရောက်လာတာ မဟုတ်ဘူးပေါ့"

"ဟုတ်ကဲ့၊ သူက ဖေဖေနဲ့အတူ ပါလာတာဆိုတော့ အားလုံးထက် ဆယ်ရက်စောရောက်ခဲ့ပါတယ်"

လောက်ချစ်က ...

"ဟုတ်ရဲ့လား၊ ကျုပ်ကတော့ သူဟာ ရွှေကျားရဲတိုက်ကို ညွှန့်ခံပွဲမတိုင်မီ နှစ်ရက်အလိုညမှ ရောက်လာတာ တွေ့မိသလားလို့"

အောင်စန်းက ...

"ခင်ဗျား တွေ့တာလည်း မလွဲပါဘူး၊ ဖေဖေနဲ့သူဟာ နှစ်ယောက်တည်း တွေ့ဆုံးဆွေးနွေးကြတယ်၊ ပြီးမှ မိုးမြေဂိုဏ်းချုပ်က တောင်အောက်ပြန်ဆင်းသွားခဲ့တယ်ဗျ"

လောက်ချစ်၏ရင်ထဲ လေးလံသွား၏။

ယခုအတိုင်းဆိုလျှင် ပြဿနာအရှုပ်အထွေးထဲတွင် မိုးမြေဂိုဏ်းချုပ် ပါဝင်ပတ်သက်နေပြီ မဟုတ်ပါလား။

သူသည် မိုးမြေဂိုဏ်းချုပ်အား မည်သို့မျှ ရင်ဆိုင်နိုင်စွမ်းမရှိပါ။ လောက်ချစ် လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အောင်စန်းအား တည်ကြည်သော မျက်နှာထားနှင့် ကြည့်လိုက်ပြီး ...

“မင်းရဲ့ဖခင် သေဆုံးရတဲ့ကိစ္စဟာ မရိုးသားဘူးဆိုတဲ့ အချက်ကို ကျုပ်လည်း ယုံကြည်ပါတယ်၊ ဒါကြောင့် မင်းက ရွှေကျား ရဲ့တိုက်ကို ပြန်သွားပြီး အခြေအနေစောင့်ကြည့်ပါ။ ထူးခြားမှုတစ်စုံ တစ်ရာတွေ့တာနဲ့ ကျုပ်ဆီကို ချက်ချင်းအကြောင်းကြားပါ”

အောင်စန်းမှာ သူ၏သိသယများကို လောက်ချစ်တို့က လက် ခံသည့်အတွက် ကျေနပ်သွားသည်။

“တကယ်လို့ ကျွန်တော့်ဖေဖေ အသတ်ခံရတာဆိုရင် ဒီကိစ္စ ကို ဖော်ထုတ်ပေးပါလို့ ကျွန်တော် တောင်းပန်ပါတယ်”

“စိတ်ချ ဘာမှမစိုးရိမ်ပါနဲ့၊ တစ်နေ့ ဒီကိစ္စအားလုံး ရှင်းသွား မှာပါ”

အောင်စန်းက ...

“အဲဒီတစ်နေ့ မြန်မြန်ရောက်ပါစေဗျာ”

“စိတ်ချ ... အဲဒီတစ်နေ့ဆိုတာ နောက်တစ်လ မကြာစေရ ပါဘူး”

အောင်စန်းက ဘာမျှမပြောတော့ဘဲ ထရပ်လိုက်၏။ ထို့ နောက် လောက်ချစ်နှင့်ဝမ်လှေ့တို့အား နှုတ်ဆက်ကာ ထွက်ခွာသွား လေတော့သည်။

☸



ခွန်းလွန်တောင် ...

ခွန်းလွန်တောင်သည် တောင်ရှစ်လုံး စီတန်းနေသော တောင်တန်းတစ်ခု ဖြစ်သည်။ သိုင်းလောကတွင် ခွန်းလွန်တောင် သည် ကျော်ကြားပြီး အရေးပါသောနေရာတစ်ခုလည်း ဖြစ်သည်။

ခွန်းလွန်တောင်တွင် တရားမျှတမှုကို လိုလားသော အဖြူ ရောင်သိုင်းသမားများ စုရုံးနေထိုင်ကြ၏။ ခွန်းလွန်ဂိုဏ်းဟု ခေါ်တွင် ပေသည်။

ခွန်းလွန်တောင်သို့ လာရာလမ်းအတိုင်း လူနှစ်ယောက် တက်လာနေကြသည်။ တောင်တစ်ဝက်အရောက်တွင် ထိုလူနှစ် ယောက်အား ခွန်းလွန်ဂိုဏ်းချုပ်ကိုယ်တိုင် ဆင်း၍ ကြိုဆိုသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ရောက်ရှိလာသူနှစ် ယောက်မှာ အရေးပါသူ၊ သို့မဟုတ် ခွန်းလွန်ဂိုဏ်းချုပ်၏အလွန် ရင်း နှီးသူတစ်ယောက်ဖြစ်ကြောင်း သိရှိနိုင်ပေသည်။

ထိုလူနှစ်ယောက်ကား အခြားသူများ မဟုတ်ပါ။ သိမ်း ငှက်လောက်ချစ်နှင့်ဝမ်လှေ့တို့ပင် ဖြစ်ပါသည်။

☸

ခွန်းလွန်ဂိုဏ်းချုပ်သည် သိုင်းလောကတွင် အလွန်ဩဇာ

www.burmeseclassic.com

www.burmeseclassic.com



အာဏာရှိသော ဂိုဏ်းကြီးလေးဂိုဏ်းအနက် တစ်ဂိုဏ်းအပါအဝင် ဖြစ်ပေသည်။ သို့သော် ခွန်းလွန်ဂိုဏ်းဌာနချုပ်သည် ကြီးကျယ်ခမ်းနားခြင်း မရှိပါချေ။

ခွန်းလွန်ဂိုဏ်းဌာနချုပ် သီးသန့်ခန်းအတွင်း ဂုဏ်ပြုပွဲကျင်းပလျက်ရှိသည်။ အားလုံးစားသောက်အပန်းဖြေပြီးမှ ခွန်းလွန်ဂိုဏ်းချုပ်က ...

"မင်း ဒဏ်ရာမသက်သာသေးဘဲနဲ့ ခရီးထွက်လာတာ အရေးကြီးတဲ့ကိစ္စ တစ်ခုခုရှိလို့ဆိုတာ ကျုပ်နားလည်ပါတယ်၊ ဘာကိစ္စလဲဆိုတာ ပြောပါ"

"အကူအညီတောင်းစရာရှိလို့ပါ"

ခွန်းလွန်ဂိုဏ်းချုပ် မျက်ခုံးပင့်သွားပြီး ...

"ဘယ်လို ... သူတစ်ပါးကိုသာ အမြဲကူညီနေတဲ့မင်းက အကူအညီတောင်းချင်လို့ ဟုတ်လား"

သိမ်းငှက်လောက်ချစ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"အင်း ... မင်းမှာ အကူအညီလိုနေပြီကိုး"

"ဟုတ်ကဲ့ ... ရှင်းရှင်းပြောရရင် ဒီအကူအညီဟာ ခင်ဗျားကူညီမှပဲ ဖြစ်မှာပါ"

ခွန်းလွန်ဂိုဏ်းချုပ်က အရေးကြီးသောကိစ္စ ဖြစ်မည်ဟု ကောင်းစွာ နားလည်လိုက်လေသည်။



"ကောင်းပြီ ... ဘယ်လိုကူညီရမလဲဆိုတာသာ ပြောပါ"

သိမ်းငှက်လောက်ချစ်က ...

"အခုတစ်လော သိုင်းလောကမှာ ထူးဆန်းတဲ့အဖြစ်အပျက်တွေ ဖြစ်ပေါ်ခဲ့တာ ဂိုဏ်းချုပ်ကြားမိမယ် ထင်ပါတယ်"

ခွန်းလွန်ဂိုဏ်းချုပ်က မျက်မှောင်ကုတ်သွားပြီး ...

"ခါးနှစ်လက်အာမခံဌာန၊ သူဌေးကြီးလျှုပင်းနဲ့ သော့ဝိစ္စာမွန်ယုတို့ ကိစ္စလား"

ဟု ပြန်မေးလိုက်၏။ သိမ်းငှက်လောက်ချစ်က ...

"ဟုတ်ကဲ့၊ ဒီကိစ္စတွေအပြင် ရွှေကျားရဲတိုက်ရှင် အော့ဝါးသေဆုံးတဲ့ကိစ္စလည်း ကျန်ပါသေးတယ်"

ခွန်းလွန်ဂိုဏ်းချုပ်က ...

"ဒီကိစ္စတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်လို့ မင်းယူဆထားသလား"

သိမ်းငှက်လောက်ချစ်က ...

"ဟုတ်ကဲ့"

ခွန်းလွန်ဂိုဏ်းချုပ်က ...

"ဘာကြောင့် ထင်ရတာလဲ"

သိမ်းငှက်လောက်ချစ်က ...

"ဒီမှုခင်းတွေကို ကျွန်တော့်ကိုယ်စား ဖြေရှင်းနေတဲ့ ဝမ်လွေ့ရှင်းပြတာ ပိုကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လှေကု ...

"ဟုတ်ကဲ့၊ သိုင်းလောကမှာ ထူးဆန်းတဲ့ ဖြစ်ရပ်တွေဟာ တစ်ခါတစ်ရံမှသာ ဖြစ်ပွားတတ်ပါတယ်၊ အခုတော့ ထူးဆန်းတဲ့ ဖြစ်ရပ်သုံးလေးခုဟာ တစ်လမပြည့်မီ ရက်များအတွင်း ဖြစ်ပွားခဲ့ပါတယ်၊ မှုခင်းတွေကို အသေအချာလေ့လာကြည့်တဲ့အခါ တရားခံဟာ တစ်ယောက်တည်း ဒါမှမဟုတ် တဖွဲ့တည်းပဲ ဖြစ်နိုင်ပါတယ်၊ သေသေချာချာ စုံစမ်းလိုက်တဲ့အခါမှာလည်း မှုခင်းတွေဟာ တစ်ခုနဲ့တစ်ခု ဆက်နွယ်နေတာကို တွေ့လာရပါတယ်"

ခွန်းလွန်ဂိုဏ်းချုပ် ခေါင်းရှုပ်သွား၏။

သူသည် ထိုမှုခင်းဖြစ်ရပ်များကို ကြားရစဉ်က စိတ်ဝင်စားမိသော်လည်း ရှုပ်ထွေးလှ၍ လက်လျှော့ခဲ့သည်။

သော့ဝိဇ္ဇာမွန်ယု၏တစ်သက်တာ ပညာမှတ်တမ်း၊ သူဌေးကြီးလျူပင်း၏ရွှေငွေရတနာများ၊ ဓားနှစ်လက်အာမခံဌာနမှ ရှေးဟောင်းရတနာပစ္စည်းများ ပျောက်ဆုံးသွားခြင်းတို့သည် အဖြေရှာမရနိုင်လောက်အောင် ထူးဆန်းနေသည် မဟုတ်ပါလား။

ခွန်းလွန်ဂိုဏ်းချုပ်က ...

"ကျုပ်ကိုတောင်းတဲ့ အကူအညီဟာ ဒီမှုခင်းတွေကို ဖြေရှင်းဖို့အတွက်ပဲလား"

ဟု မေးလိုက်၏။ ဝမ်လှေကု ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့"



ခွန်းလွန်ဂိုဏ်းချုပ်က ...

"ဒါဆို ကျုပ်က ကူညီပါ့မယ်"

ဝမ်လှေကု ဦးညွှတ်လိုက်ပြီး ...

"အခုလိုကြားရတာ ကျေးဇူးတင်ပါတယ်"

ခွန်းလွန်ဂိုဏ်းချုပ်က ...

"မလိုဘူး၊ ကျုပ်က ဘာကူညီရမယ်ဆိုတာလည်း ပြောပါဦး"

ဝမ်လှေကု လောက်ချစ်အား လှမ်းကြည့်လိုက်၏။

လောက်ချစ်က ...

"ဒီမှုခင်းကို ဖြေရှင်းတဲ့အခါမှာ မိုးမြေဂိုဏ်းချုပ်နဲ့ ရင်ဆိုင်ရမယ့်အကြောင်းတွေ ရှိလာပါတယ်၊ အဲဒီအခါမှာ မိုးမြေဂိုဏ်းချုပ်ကို ..."

ခွန်းလွန်ဂိုဏ်းချုပ်က လက်ကာပြလိုက်၏။

"ကျုပ် နားလည်ပြီ၊ မိုးမြေဂိုဏ်းချုပ် ဒုစရိုက်သမားတစ်ဦးဟာ သိုင်းလောကမှာ မရှိသင့်ပါဘူး၊ သူ့ကို မောင်းနှင်ထုတ်ဖို့ ကျုပ်က ဆုံးဖြတ်ထားပြီးသားပါ၊ ကျုပ် အခြေအနေမပြတ် အကဲခတ်နေမယ်၊ မင်းတို့ကလည်း အခြေအနေမပြတ် သတင်းပို့ပါ၊ ကျုပ် အချိန်မီ ရောက်လာမယ်လို့ ကတိပေးလိုက်ပါ့မယ်"

ထိုစကားကြားရလျှင် ဝမ်လှေကုနှင့်သိမ်းငှက်လောက်ချစ်တို့မှာ အလွန်ဝမ်းသာသွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အနေနှင့် မိုးမြေဂိုဏ်းချုပ်အား မည်သို့မျှ ယှဉ်နိုင်မည် မဟုတ်ရာ။ ယခု ခွန်းလွန်ဂိုဏ်းချုပ်က တာဝန်ယူမည်ဆိုသောအခါ စိတ်လက်ပေါ့ပါးသွားကြသောလည်း။

ထို့နောက် သူတို့သည် အချိန်အတော်ကြာအောင်ပင် ဆွေးနွေးတိုင်ပင်လိုက်ကြလေသည်။

ခွန်းလွန်ဂိုဏ်းချုပ်ထံမှလည်း အကြံဉာဏ်များ ရယူလိုက်လေသည်။ ထို့နောက် ဝမ်လျှေနှင့်သိမ်းငှက်လောက်ချစ်တို့မှာ ခွန်းလွန်တောင်မှ ပြန်လည်ထွက်ခွာလာခဲ့ကြလေတော့သည်။

❂

"အဟွပ် ... အဟွပ်"

သိမ်းငှက်လောက်ချစ်မှာ ချောင်းဆိုးရင်းမှ နှုတ်ခမ်းထောင့်တွင် သွေးများ ယိုစီးကျလာ၏။

ဝမ်လျှေက ဖေးမရင်း ...

"အစ်ကိုလောက်ချစ် ပင်ပန်းခံလို့ မရသေးဘူး"

လောက်ချစ်က ဆေးတစ်လုံး ထုတ်သောက်လိုက်၏။

ခုတင်ပေါ် အသာပြန်၍ လှဲလျောင်းလိုက်ပြီး ...

"အင်း ... ကျုပ် ခရီးပြင်းနှင်တဲ့ဒဏ်တောင် မခံနိုင်တော့ပါလား"



ရှောင်ဟွာခန့်က ...

"ဆရာ့အနေနဲ့ တစ်လတိတိ အိပ်ရာထဲမှာ အနားယူနေမှ ဒဏ်ရာက သက်သာသွားမှာ"

လောက်ချစ်က ...

"မှုခင်းတွေက အရေးကြီးတဲ့အချိန် ရောက်နေပြီ"

ဝမ်လျှေက ...

"စိတ်မပူပါနဲ့၊ ကျွန်တော်တို့ ဖြေရှင်းပါ့မယ်"

လောက်ချစ်က ...

"ညီလေးဟာ အလွန်တော်တဲ့လူပါ၊ ညီလေးကြောင့် အခုလောက် မြန်မြန် အဖြေရှာတွေ့ခဲ့တာ၊ ဒါပေမဲ့ ညီလေးက အတွေ့အကြုံနနယ်တော့ ကျုပ် စိတ်မချနိုင်တာကို အပြစ်မယူပါနဲ့"

ဝမ်လျှေက ...

"အစ်ကို့စေတနာကို ကျွန်တော် နားလည်ပါတယ်၊ အစ်ကို သက်သာအောင်သာနေပါ"

လောက်ချစ်ကက သက်ပြင်းချလိုက်၏။

"ရှောင်ဟွာခန့်"

"ပြောပါ ဆရာ"

"ညီလေး ဝမ်လျှေကို ကျုပ်ကိုယ်စား ကူညီပါ၊ ပြီးတော့ သူ့ကို အန္တရာယ်မရှိအောင် ဂရုစိုက်"

ရှောင်ဟွာခန့်က ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ဆရာ"

လောက်ချစ်က ...

"ညီလေး ... ဒီမှုခင်းကို စိတ်တိုင်းကျသာ ဖြေရှင်းပေတော့၊ ကျုပ် ညီလေးကို အစစအရာရာ လွှဲအပ်လိုက်ပြီ"

ဝမ်လှေ့က ...

"စိတ်ချ အစ်ကို၊ ကျွန်တော် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ပါ့မယ်"

လောက်ချစ်၏မျက်နှာပေါ်တွင် ကျေနပ်နှစ်သိမ့်ဟန်များ ထွက်ပေါ်လာလေတော့သည်။

❀

အခန်းတစ်ခု၊ အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ အခန်းတွင်း၌ လူသူမရှိဟု ထင်ရ၏။ စင်စစ် အခန်းတွင်း၌ လူနှစ်ယောက်ရှိနေသည်။

စားပွဲတစ်လုံးတွင် နှစ်ယောက်သား မျက်နှာချင်းဆိုင် ငြိမ်သက်စွာ ထိုင်နေကြခြင်း ဖြစ်၏။

တစ်ဦးမှာ သော့ဝိစ္စာ မွန်ယုပင် ဖြစ်ပါသည်။ မွန်ယုသည် ငေးငိုင်နေ၏။ ယခု ရက်ပိုင်းအတွင်း မွန်ယုအမူအရာများက သိသိသာသာပင် ပြောင်းလဲသွားခဲ့သည်။



ယခင်က ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း နေနိုင်ခဲ့သူမှာ ယခုအချိန်တွင် စိုးရိမ်ပူပန်ခြင်းများ၊ သောကစိတ်များဖြင့် မှိုင်တွေ ညှိုးနွမ်းနေခဲ့ပြီဖြစ်သည်။

ထို့အပြင် ယနေ့ သူ၏မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်ခြင်း၏ အရိပ်အယောင်များလည်း တစ်ချက်ပေါ်ထွက်နေ၏။

သူ၏ရှေ့တွင် ထိုင်နေသူကိုကြည့်ကာ ရင်ထဲ၌လည်း ထိတ်လန့်နေသလို ခံစားနေရ၏။

သူသည် ထိုလူငယ်၏လက်ထဲမှအရာအား မဝံ့မရဲနှင့် တစ်ချက် ကြည့်လိုက်၏။

တံဆိပ်ပြားတစ်ခု ဖြစ်သည်။ တိတိကျကျဆိုရလျှင် ဘုရင့်နေပြည်တော်မှ အထူးအာဏာ သား အမှတ်တံဆိပ်ပင် ဖြစ်ပါသည်။

ထိုအာဏာသားတံဆိပ်မှာ လေးခုသာရှိပြီး မြို့စားနယ်စားများကိုပင် စစ်ဆေးနိုင်သော အခွင့်အာဏာရှိသည်။

နေပြည်တော်မှ ရွေးချယ်ကာ အာဏာသားခေါင်းဆောင်လေးဦးကိုသာ ဤတံဆိပ်အပ်နှင်းထားခြင်း ဖြစ်၏။

ထိုတံဆိပ်ကိုင်ထားသူမှာ အခြားသူမဟုတ်ပါ။ ဝမ်လှေ့ပင် ဖြစ်ပါသည်။

သူ့အား လောက်ချစ်က တံဆိပ်ကို လွှဲပြောင်းပေးခဲ့ခြင်းပင် ဖြစ်သည်။ သို့မှသာ ဝမ်လှေ့အနေနှင့် စိတ်ကြိုက်စုံစမ်းဆောင်ရွက်ရှာပ်ရှားနိုင်မည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လွေသည် သော့ဝိစ္စာမွန်ယုရှေ့တွင် ထိုင်နေ၏။ သူလည်း သော့ဝိစ္စာမွန်ယုကဲ့သို့ပင် မလှုပ်မယှက် ထိုင်နေခြင်း ဖြစ်ပေသည်။ အတန်ကြာမှ သော့ဝိစ္စာမွန်ယုက သက်ပြင်းချရင်း ...

"မင်းက ဒီကိစ္စအားလုံး လောက်ချစ်ကိုယ်စား စုံစမ်းစစ်ဆေးရမှာပေါ့"

ဟု စတင်ပေးလိုက်၏။ ဝမ်လွေက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်"

သော့ဝိစ္စာမွန်ယုက ...

"အခု မင်းလာတာ မှုခင်းအခြေအနေ ထူးခြားလို့လား"

ဝမ်လွေက ...

"နည်းနည်းတော့ သဲလွန်စ ရလာပါပြီ"

မွန်ယုက ...

"ဘယ်လိုသဲလွန်စလဲ၊ ကျုပ်ကို ပြောပြနိုင်မလား"

ဝမ်လွေက ...

"ခင်ဗျားရဲ့ တစ်သက်တာပညာရပ်ကျမ်းစာအုပ် ပျောက်ဆုံးသွားတာ အမှန်ပဲလား"

သူသည် အမေးကိုမဖြေဘဲ ပြန်မေးလိုက်၏။

သော့ဝိစ္စာမွန်ယု၏ခန္ဓာကိုယ် ဆတ်ခနဲ တစ်ချက်တုန်ခါသွား၏။ သူ၏မျက်နှာက ရုတ်ခြည်းတင်းမာသွားပြီး ဝမ်လွေအား မကျေမနပ်နှင့် စိုက်ကြည့်လိုက်၏။



"မင်း ဘယ်လိုစကား ပြောလိုက်တာလဲ၊ ကျုပ်ရဲ့ပညာရပ်ကျမ်းစာအုပ် ပျောက်ဆုံးသွားလို့ ကျုပ်မှာ ဘယ်လောက်ပူပန်သောက ရောက်နေတယ်ဆိုတာ မင်းမသိဘူးလား"

ဝမ်လွေက အပြုံးမပျက်ပါ။

"ဟုတ်ကဲ့၊ ကျွန်တော်မေးတာသာ ဖြေစေချင်ပါတယ်၊ ဒီကျမ်းစာအုပ် တကယ်ပျောက်တယ်၊ မပျောက်ဘူးဆိုတာကို သေသေချာချာသိရမှဖြစ်မယ်"

မွန်ယုက ဒေါသထွက်လာဟန်ဖြင့် ...

"ဘာလဲ ... မင်းက ကျုပ် ကျမ်းစာအုပ်မပျောက်ဘဲ ပျောက်တယ်ဆိုပြီး လိမ်ညာပြောတယ်လို့ စွပ်စွဲတာလား"

ဝမ်လွေက ဘာမျှပြန်မပြောဘဲ ပြုံးနေ၏။ မွန်ယု၏ မျက်နှာမည်းမှောင်လာ၏။

သူသည် ဒေါသထွက်လွန်း၍ အသားများပင် တဆတ်ဆတ် တုန်ယင်နေသည်။ ဝမ်လွေအား မီးထွက်မတတ် မျက်လုံးများဖြင့် စိုက်ကြည့်လိုက်၏။

ဝမ်လွေက ဂရုမစိုက်ပါ။ မွန်ယုအား ပြုံး၍ပင် ကြည့်နေ၏။ မွန်ယုမှာ ဝမ်လွေအား တိုက်ခိုက်တော့မည့်အသွင် ပေါ်ထွက်လာ၏။ ဝမ်လွေက လက်ထဲမှ တံဆိပ်ပြားလေးကို ဟိုလှည့် ဒီလှည့် လှည့်နေသည်။ မွန်ယုမှာ အထူးအာဏာတံဆိပ်ပြားကို မြင်လည်းသတိပြုမိသွား၏။ သူသည် ဒေါသကို ပြန်လည်လျှော့ချသွား၏။

www.burmeseclassic.com



အတန်ကြာ မှ ပုံမှန်အခြေအနေသို့ ရောက်ရှိသွား၏။

သော့ဝိစ္စာမွန်ယုက ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်ပြီး လျှင် ...

"ကျုပ် စိတ်မကောင်းပါဘူး၊ ကျုပ်ရဲ့ပညာရပ်ကျမ်းစာအုပ် ပျောက်ဆုံးသွားတဲ့အတွက် ကျုပ်ရင်ထဲမှာ အလွန်ပူပန်နေပါတယ်၊ ကျုပ်စိတ်တွေလည်း အလိုလိုနေရင်း တိုနေမိတယ်၊ မင်းရဲ့မေးခွန်း ကိုလည်း မခံနိုင်လောက်အောင် ဖြစ်သွားရတာ ခွင့်လွှတ်ပါ"

ဟု ပြောလိုက်၏။ ဝမ်လျှေက တစ်ချက် ရယ်မောလိုက်၏။

လှောင်သံကင်းသော ရယ်မောသံတိုးတိုးသာ ဖြစ်၏။ ဝမ်လျှေက ...

"ကောင်းပါပြီ၊ ခင်ဗျားရဲ့ပညာရပ်ကျမ်းစာအုပ် ပျောက်ဆုံး သွားတာမှန်ရင် မကြာခင်အချိန်အတွင်း ကျွန်တော့်က ရအောင် ပြန် ရှာဖွေပေးနိုင်ပါတယ်၊ ဒါပေမဲ့ လောလောဆယ်တော့ ကျွန်တော် မေးတဲ့မေးခွန်းတွေကို အမှန်အတိုင်း ဖြေရလိမ့်မယ်"

ဟု တစ်လုံးချင်း ပြောလိုက်၏။

သော့ဝိစ္စာမွန်ယုမှာ စကားပြောမာသော သူ့ရှေ့မှ လူငယ် ဝမ်လျှေအား ဆုံးမချင်စိတ်ကို မနည်းချုပ်တည်းထားရသည်။

ဝမ်လျှေ၏အမူအရာနှင့်လေသံက သူ့အား မယုံသင်္ကာဖြစ် နေကြောင်း ပေါ်လွင်နေသည် မဟုတ်ပါလား။

မွန်ယုက ချက်ချင်း လေသံပြောင်းလိုက်၏။



သူသည် ခပ်မာမာပင် ပြန်ပြောလိုက်၏။

"မေးပါ၊ မင်းကြိုက်တာ မေး၊ ကျုပ် အမှန်အတိုင်းဖြေမယ်၊ မင်း ယုံချင်ယုံ၊ မယုံချင်နေ၊ မင်းသဘောပဲ"

ဝမ်လျှေက ...

"ကောင်းပြီ၊ ဒါဆို ကျွန်တော် စ,မေးပါရစေ"

မွန်ယုက ...

"မေးပါ"

ဝမ်လျှေက ...

"ကျန်းပေါင်ဆိုတဲ့လူတစ်ယောက် ခင်ဗျားဆီမှာ အမှုထမ်း ခဲ့ဖူးတယ် မဟုတ်လား"

မမျှော်လင့်သော မေးခွန်းကို ကြားလိုက်ရသောအခါတွင် မွန်ယုမှာ အံ့အားသင့်သွား၏။ သူသည် ဝမ်လျှေအား ပြုံး၍ကြည့် လိုက်ပြီး ...

"ဟုတ်တယ်၊ မင်းက ဘယ်လိုသိနေတာလဲ"

ဝမ်လျှေက ပြုံးလိုက်၏။ ကျန်းပေါင်ဆိုတဲ့လူအကြောင်း မေးလိုက်သောအခါ မွန်ယုမှာ အငိုက်မိသွားကြောင်း သူရိပ်မိ လိုက်၏။ ဝမ်လျှေက ...

"ဘယ်လိုသိသလဲဆိုတော့ ကျန်းပေါင်ကို ကျုပ် တွေ့ထား လို့ပါ၊ အခု သူက ပွဲစားစိဝမ်ဖေးထံမှာ သက်တော်စောင့်လုပ်နေ တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



မွန်ယုက ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ...

"ပွဲစားစိဝမ်ဖေးက သေသွားပြီလို့ ကျုပ်ကြားတာပဲ"

ဝမ်လေ့က ...

"ဟုတ်တယ်၊ တစ်အိမ်သားလုံး လုပ်ကြံခံလိုက်ရတာပဲ"

မွန်ယုက ...

"ဒါဆို ကျုန်းပေါင်ကို တွေ့တယ်ဆိုတော့ သူက လွတ်မြောက်သွားလို့လား"

ဝမ်လေ့ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

မွန်ယုက ...

"ဒါ ... ဒါဆို ကျုန်းပေါင် ဘယ်မှာလဲ"

ဟု ခပ်လောလော မေးလိုက်သည်။ ဝမ်လေ့က ...

"ရှိတယ်၊ အလွန်လုံခြုံတဲ့နေရာမှာပါ"

မွန်ယု၏မျက်နှာ ကွက်ခနဲပျက်သွား၏။ ဝမ်လေ့က မွန်ယုအား ကြည့်လိုက်ပြီး ...

"ပြီးတော့ တချို့အကြောင်းအရာတွေလည်း သူပြောပြလို့ ကျွန်တော် သိခဲ့ပြီးပါပြီ"

မွန်ယုက ...

"ဘာများလဲ"

ဝမ်လေ့က ...



"ခင်ဗျားရဲ့ ဝါသနာတစ်ခုပါ"

မွန်ယုက ...

"မင်း ဘာတွေပြောနေတာလဲ"

ဝမ်လေ့က ...

"ဥပမာပြောရရင် ခင်ဗျားဟာ လောင်းကစားခြင်းမှာ ဝါသနာထုံတယ်၊ လောင်းကစားမှုကို စွဲလမ်းနှစ်မြိုက်တယ်၊ လောင်းကစားမှုကြောင့် အကြွေးပတ်လည် ဝိုင်းနေတယ်ဆိုတာတွေပေါ့ဗျာ"

"မင်း"

မွန်ယု၏မျက်နှာ ရုတ်တရက် ဖြူဖွေးသွား၏။

သူသည် ဆတ်ခနဲ ထိုင်ရာမှ ထလိုက်သည်။

ဝမ်လေ့အား ရန်လိုသော မျက်လုံးများဖြင့် ကြည့်ပြီးလျှင်-

"မင်း ... မင်း"

ဒေါသကြောင့် စကားပင် ထစ်ငေါ့နေ၏။

ဝမ်လေ့က လက်ကာပြလိုက်ပြီး ...

"အေးအေးဆေးဆေး ထိုင်ပါဦးဗျာ၊ ကျုပ်ပြောမယ့်စကားတွေ မဆုံးသေးဘူးဗျ"

ဟု ပြုံးစစနှင့် ပြောလိုက်၏။ မွန်ယုမှာ စိတ်ကို ချုပ်တည်းနေသည်။ သူသည် ဘာဆက်လုပ်ရမည်ကို ဝေခွဲ၍ မတတ်သောကြောင့် ပြန်လည်ထိုင်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရင်ထဲတွင် အလွန်တရာမှ လှုပ်ရှားနေသည်။ ဝမ်လှေက ဆက်ပြောလိုက်၏။

"ကျုပ်သိသမျှကတော့ ခင်ဗျားရဲ့ ရှိသမျှစည်းစိမ်ဥစ္စာတွေ မှန်သမျှဟာ လောင်းကစားခြင်းကြောင့် ကုန်ခဲ့ပြီ၊ ဒါ့အပြင် အကြွေးတွေလည်း ပတ်လည်ဝိုင်းနေခဲ့ပြီ၊ ကဲ ... ဆိုစမ်းပါဦး၊ ခင်ဗျား ဘယ်မှာ လောင်းကစားခဲ့တာလဲ၊ ကျုပ်စိတ်အထင်ကို ပြောရရင်တော့ ဒီလူတွေဟာ ခင်ဗျားကို လောင်းကစားရာမှ လိမ်လည်လှည့်စားပြီး ဒီလိုဒုက္ခတွေ ပင်လယ်ဝေအောင် ဖန်တီးခဲ့ကြပုံပဲဗျ"

ဝမ်လှေမှာ ထိုစကားများကို တွေးတောမှန်းဆပြီး ပြောလိုက်ခြင်း ဖြစ်သည်။

သူ၏စကားက မွန်ယု၏ချက်ကောင်းကို တည့်တည့် ထိမှန်သွားသည်ကို တွေ့လိုက်ရသည်။

သော့ဝိစ္စာမွန်ယု၏မျက်နှာ မြင်မကောင်းအောင် ပျက်သွားလေသည်။

သော့ဝိစ္စာမွန်ယုပုံသဏ္ဍာန်မှာ စိတ်ပျက်အားငယ်သွားဟန်ရှိသည်။ ရန်လိုသောအမူအရာများလည်း မတွေ့ရပေ။

ဝမ်လှေက အခွင့်အရေးကို အသုံးချကာ ထပ်နင်း၍ ပြောလိုက်သည်။

"ဘယ်လောင်းကစားခြင်းမှာမှ ကံဆိုတာ မရှိပါဘူးဗျာ၊ လောင်းကစားခြင်းနဲ့ လိမ်ညာခြင်းဟာ အမြဲဒွန်တွဲနေတာပဲဗျ။



ဒါထက် ခင်ဗျားနဲ့ ဒေါင်းစိမ်း ဘယ်လိုပတ်သက်နေသလဲ၊ သူဌေးကြီး ချူယီဖုံးကကော"

သူ့စကားမဆုံးပါ။ သော့ဝိစ္စာမွန်ယု၏ခန္ဓာကိုယ်မှာ တုန်တုန်ယင်ယင်ဖြစ်သွားသည်။

သူသည် ဝမ်လှေအား မယုံကြည်နိုင်သောမျက်လုံးများဖြင့် ကြည့်လိုက်ပြီး ...

"မင်း ... မင်း ... ဒါတွေ အကုန်သိထားတယ် ဟုတ်လား"

ဟု အလန့်တကြား မေးလိုက်သည်။ ဝမ်လှေက ခေါင်းအသာညိတ်လိုက်၏။

"ဟုတ်ကဲ့၊ သိထားပြီးပါပြီ"

သော့ဝိစ္စာမွန်ယုက ခေါင်းအသာယမ်းလိုက်၏။

"ဒါဆို မင်းမလွယ်ဘူး"

ဝမ်လှေက ...

"ဘာဖြစ်လို့လဲ"

သော့ဝိစ္စာမွန်ယုက ...

"ဒီကိစ္စတွေ မင်းသိပြီးပြီဆိုရင် မင်းအတွက် အသက်ရှင်ဖို့ မျှော်လင့်ချက် မရှိတော့ဘူး"

ဟု အေးစက်စွာ ပြောလိုက်သည်။ သူ၏လေသံမှာ ခြိမ်းခြောက်မှုအပြည့် ပါနေသည်။

သို့သော် ဝမ်လှေက ကြောက်ရွံ့သွားခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ပကတိ တည်ငြိမ်အေးဆေးသောလေသံဖြင့် …

"ကျုပ်ကို သတ်မယ်၊ ဟုတ်လား"

မွန်ယုက …

"ဟုတ်တယ်"

ဝမ်လှေက …

"ကျုပ်ကိုသတ်လို့ မရပါဘူး"

မွန်ယုက မဲ့လိုက်သည်။

"ကျုပ်က မင်းကို မသတ်နိုင်ဘူးများ ထင်နေသလား၊ မင်းကို ကျုပ် သိုင်းကွက်တစ်ရာအတွင်း သတ်ပစ်နိုင်တယ်"

"ကျုပ်ကိုသတ်လို့ ဒီကိစ္စ ဘယ်ပြီးသွားမှာလဲ၊ ကျုပ်ကို သတ်လိုက်တာနဲ့ ခင်ဗျားလည်းပဲ ခင်ဗျားဘာသာ ကြိုးကွင်းစွပ်သလို ဖြစ်သွားလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

ဝမ်လှေက …

"ကျုပ် ဒီကိုလာတာ သိမ်းငှက်လောက်ချစ် သိတယ်၊ သူ့ရဲ့ အထူးအာဏာသားတံဆိပ်ကို ကျုပ်ကို လွှဲပေးလိုက်တာ ကြည့်ရုံနဲ့ သိသင့်တယ်၊ တကယ်လို့ ကျုပ်က အချိန်တန်လို့ သူ့ဆီ ပြန်မရောက်ရင် သိမ်းငှက်လောက်ချစ် ဘာဆက်လုပ်မယ်ဆိုတာ ခင်ဗျား တွေးစရာမလိုဘဲ သိနိုင်ပါတယ်"

သော့ဝိဇ္ဇာမွန်ယု ငိုင်ကျသွား၏။



ဝမ်လှေ၏စကား မှန်ကန်ကြောင်း သူ ကောင်းစွာ နားလည်လိုက်သည် မဟုတ်ပါလား။

ဝမ်လှေက ဆက်ပြောလိုက်၏။

"ခင်ဗျားသာ ကျုပ်စကား နားထောင်မယ်၊ ကျုပ်နဲ့ ပူးပေါင်းမယ်ဆိုရင် … ခင်ဗျားကို"

သူ့စကား မဆုံးပါ။

သော့ဝိဇ္ဇာမွန်ယု ခေါင်းသွင်သွင်ခါယမ်းလိုက်ပြီး …

"ကျုပ်က ဘာလို့ပူးပေါင်းရမှာလဲ၊ ပြီးတော့ မင်းစကားကို ဘာကြောင့် နားထောင်ရမှာလဲ၊ ကျုပ်ကို အတည်ပေါက်နဲ့ လာပြီး အစ်အောက်မနေနဲ့၊ ကျုပ်မဟုတ်တာ ဘာတစ်ခုမှ မလုပ်ခဲ့ဘူး"

ဝမ်လှေက တစ်ချက်ရယ်မောလိုက်ပြီး …

"ခင်ဗျားစကား သေချာရဲ့လား"

သော့ဝိဇ္ဇာမွန်ယု မျက်နှာနီရဲသွားသည်။

ဝမ်လှေက …

"ကျွန်းပေါင်ဟာ ကျုပ်အတွက် အတော်အသုံးဝင်ပါတယ်၊ သူ့ကို ခေါင်းစိမ်းအကြောင်း ဖော်တုတ်နိုင်းလိုက်ရင် …"

သူသည် တစ်ခုနှင့်တစ်ခု အကျိုးအကြောင်းဆက်စပ်မှုရှိသည်ဟု ယူဆပြီး တမင်ပင် ခေါင်းစိမ်းဟူသောအမည်ကို ထည့်သွင်းပြောလိုက်ခြင်းပင် ဖြစ်ပါသည်။

မွန်ယုမှာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောပဲ၊ မင်းက ဒေါင်းစိမ်းကို ဖျက်ဆီးပစ်လိုက်မယ်ဆိုရင် ကျုပ်က ပိုတောင်မှ သဘောကျသေးတယ်၊ ဒါပေမဲ့ မင်း ဒေါင်းစိမ်းကို သွားထိလိုက်တာနဲ့ မင်းကို တစ်ယောက်ပြီးတစ်ယောက် လုပ်ကြကြမှာပဲ"

ဝမ်လွေ မျက်မှောင်ကုတ်သွား၏။

မွန်ယု၏စကားအရဆိုလျှင် ဒေါင်းစိမ်းဟူသည်မှာ လူတစ်ယောက်၏အမည်ဝှက်သာ ဖြစ်နိုင်တော့သည်။

သို့တည်းမဟုတ် နေရာဌာနတစ်ခု၏ အမည်လည်း ဖြစ်နိုင်လေ၏။ ဝမ်လွေက စဉ်းစားရင်း မွန်ယုအား အဝိုက်ဖမ်းကာ မေးခွန်းတစ်ခု ရုတ်တရက် မေးလိုက်သည်။

"ဒေါင်းစိမ်းဟာ ခင်ဗျားတို့ကစားကြတဲ့ လောင်းကစားခန်းမရဲ့အမည် မဟုတ်လား"

မွန်ယုမှာ ဒေါသထွက်နေ၍ မစဉ်းစားနိုင်ဘဲ ...

"ဟုတ်တယ်"

"ဒီဒေါင်းစိမ်းလောင်းကစားဝိုင်းရဲ့ပိုင်ရှင်ဟာ သူဌေးကြီး ကျူးယီဖုံးပဲ မဟုတ်လား"

မွန်ယု ဖြေမည်ပြုပြီးမှ ပါးစပ်အမြန်ပိတ်လိုက်၏။ စောစောက မေးခွန်းကို သူ မစဉ်းစားဘဲ အဖြေပေးလိုက်မိခြင်းမှာ မှားယွင်းသွားကြောင်း သိလိုက်၏။ ထို့ကြောင့် ဘာမျှမပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်လေသည်။



ဝမ်လွေက ကျေနပ်စွာ ပြုံးလိုက်၏။

သူ၏တွေးတောမှန်းဆချက်များသည် တစ်စထက်တစ်စ ပို၍ ပီပြင်လာခဲ့ပြီဖြစ်သည်။

လစ်ဟာနေသော ကွင်းဆက်ကလေးများလည်း ဟိုတစ်စ ဒီတစ်စနှင့် ချိတ်ဆက်မိလာ၏။ ဝမ်လွေက ...

"ချူးယီဖုံးဟာ အလွန်ကောက်ကျစ်တဲ့လူပဲ၊ သူဟာ ဒေါင်းစိမ်းလောင်းကစားခန်းမကနေပြီး စနစ်တကျ အကွက်ချစီစဉ်ပေးနေတာကိုး"

မွန်ယုက သက်ပြင်းချလိုက်သည်။

သူ ဘာဆက်လုပ်ရမည်ကို ကောင်းစွာ ဆုံးဖြတ်လိုက်နိုင်ပြီ ဖြစ်သည်။

သူ့အသက်သေရမည်ဆိုလျှင်သော်မှ သူက ဝမ်လွေအား အသက်ရှင်လျက် ပြန်မလွှတ်နိုင်တော့ပါ။

မွန်ယုမှာ ဆုံးဖြတ်ချက် ချလိုက်နိုင်ပြီဖြစ်၍ လှုပ်ရှားနေသော စိတ်တို့ကို ထိန်းချုပ်လိုက်နိုင်၏။

သူ၏အမူအရာတို့သည် တည်တည်ငြိမ်ငြိမ် ပြန်လည်ဖြစ်သွားချေပြီ။

"မင်းမဆိုးဘူး၊ အသက်ငယ်ရွယ်ပေမယ့် ဉာဏ်ပညာထက်မြက်သားပဲ၊ ဒါပေမဲ့ မင်းဟာ ပြောသလောက် သိထားပုံမရပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဆက်စပ်တွေးတောရင်းကနေ ဒီပြဿနာတွေရဲ့ ဆက်နွယ်မှုကို သတိပြုလိုက်မိတယ်၊ ကျုပ် နောက်ဆုံး ခန့်မှန်းသလောက်ဆိုရင် ရွှေကျားရဲ့တိုက်ရှင်အော့ဝါးဟာလည်း မသေဘဲ တစ်နေရာရာမှာ ရှိနေဦးမယ်"

မွန်ယု ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"မင်းဟာ အင်မတန် ချီးကျူးစရာကောင်းတဲ့ လူငယ်ပါပဲ၊ ဒါပေမဲ့ ကျုပ် စိတ်မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"မင်းဟာ ဉာဏ်သိပ်ကောင်းတဲ့အတွက် လူ့လောကမှာ ကြာရှည်အသက်ရှည်သန်ခွင့် မရှိတော့တာကြောင့်ပဲ"

"ဘာလဲ ... ခင်ဗျားက ကျုပ်ကို သတ်မလို့လား"

"လောလောဆယ်တော့ မင်းကို မသတ်သေးဘဲ ထိန်းသိမ်းထားရမယ်၊ သိမ်းငှက်လောက်ချစ်ကို အရင်ရှင်းပစ်မယ်၊ သိမ်းငှက်လောက်ချစ်ကို ရှင်းပြီးရင်တော့ မင်းအလှည့် ရောက်ပြီပေါ့"

"ခင်ဗျားအပြောက အတော်လွယ်တာပဲ၊ ကျုပ်ပြန်မရောက်ရင် သိမ်းငှက်လောက်ချစ်က သူ လုပ်စရာရှိတာတွေ ဆက်လုပ်သွားမှာပဲ"

မွန်ယုက ရယ်မောလိုက်၏။

"အပြောကမှ ခက်ပါသေးတယ်၊ ကျုပ်က မင်းနဲ့ဆွေးနွေးပြီးတဲ့အနေနဲ့ သိမ်းငှက်လောက်ချစ်ကို သွားတွေ့မယ်၊ ပြီးမှ သူ့ကို



ရှင်းပစ်တာပေါ့၊ သူဟာ အခုချိန်မှာ ဘာသိုင်းပညာမှ အသုံးမချနိုင်တော့ဘူး မဟုတ်လား"

ဝမ်လွေမှာ ရင်ထိတ်သွား၏။

သူက သော့ဝိစ္စာမွန်ယုအား ခြိမ်းခြောက်အစ်အောက် ပြောဆိုနေသော်လည်း သော့ဝိစ္စာမွန်ယုက ယုံကြည်မှုမရှိသည်ကို တွေ့ရသောအခါ စိတ်ပူပင်လာမိလေသည်။

သူသည် ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားလိုစိတ်များ ပေါ်လာလေသည်။ သော့ဝိစ္စာမွန်ယုက ရယ်မောလိုက်၏။

"မင်းရဲ့ ပထမအမှားက ကျုပ်ဆီလာခဲ့တာပါပဲ၊ ဒုတိယအမှားကတော့ မင်းသိသမျှ ကျုပ်ကိုဖွင့်ပြောတာပဲ၊ ကဲ ... မင်းအမှားတွေအတွက် နောင်တယူပေဦးတော့"

သူ့စကားအဆုံးတွင် ...

'ဂျိမ်း'

ဟူသော အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဝမ်လွေမှာ ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်သွားစဉ် ကုလားထိုင်၏အောက်ခြေကြမ်းပြင်မှာ ရုတ်တရက် နိမ့်ဆင်းသွားပြီး ဝမ်လွေမှာ ကုလားထိုင်နှင့်အတူ ကြမ်းပြင်အောက်သို့ ကျကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လေ့မှာ ထိတ်လန့်တကြား အော်ဟစ်လိုက်၏။

ဝမ်လေ့မှာ မှောက်မိုက်နေသော မြေအောက်ဘွင်းနက်ကြီး တစ်ခုအတွင်းသို့ လူနှင့်ကုလားထိုင်ပါ ရောထွေးကာ ပြုတ်ကျသွားလေသည်။

သော့ဝိစ္စာမွန်ယုက ကောက်ကျစ်သော နည်းလမ်းအသုံးပြုလိုက်ပြီ မဟုတ်ပါလော။ ဝမ်လေ့ အလွန့်ထိတ်လန့်သွား၏။

သူသည် သတိကို ပြန်လည်စုစည်းလိုက်ပြီး လေထဲတွင်ပင် ကျွမ်းပစ်ကာ အပေါ်သို့ ခုန်တက်လိုက်သော်လည်း အပေါ်မရောက်တော့ပါ။

ကုလားထိုင်မှာ သူ့ထက်လျှင်မြန်သောအရှိန်ဖြင့် အောက်သို့ ပြုတ်ကျသွား၏။

'ဝုန်း'

ကုလားထိုင် ကျိုးပဲ့ကြေမွသွားသံ ထွက်ပေါ်လာ၏။ ဝမ်လေ့က အသက်ကို ပြင်းပြင်းတစ်ချက်ရှူလိုက်၏။

ထို့နောက် ကိုယ်ဖော့ကာ အောက်သို့ ကျသောအရှိန်ကို လျှော့ချလိုက်လေသည်။

သူ၏ထက်မြက်ကောင်းမွန်သော ကိုယ်ဖော့ပညာကြောင့် ခြေထောက် အနည်းငယ် ကျင်သွားသည်မှလွဲ၍ ဒဏ်ရာကြီးကျယ်စွာ မရရှိခဲ့ပါချေ။



ဝမ်လေ့မှာ အောက်ခြေတွင် ကောင်းမွန်စွာ ရပ်နိုင်သည်နှင့် အပေါ်သို့ လှမ်း၍မော့ကြည့်လိုက်၏။

အပေါက်ဝမှာ အတော်ပင် ဝေးကွာသောနေရာတွင် ရှိ၏။

သူရောက်နေသောနေရာသည် ရေတွင်းပျက်တစ်ခုပမာ ဖြစ်သော ထွက်ပေါက်တစ်ခုတည်းသာ ရှိ၏။

ထွက်ပေါက်မှာ ပေငါးဆယ်နီးပါးမြင့်သော အပေါ်မှ အပေါက်ပင် ဖြစ်သည်။

ဝမ်လေ့က သက်ပြင်းချလိုက်၏။

သူသည် ရန်သူထောင်ချောက်အတွင်း သက်ဆင်းမိပြီးနောက် လွတ်မြောက်ရန် မလွယ်ကူပါချေ။

မည်သို့ဆိုစေ ...

ရန်သူ့လက်တွင်း ခေါင်းနှင့် အသေခံမည့်အစား လွတ်မြောက်ရေးအတွက် ကြိုးစားရုန်းကန်ရမည် မဟုတ်ပါလား။

ထိုစဉ် အပေါ်ဘက်မှ သော့ဝိစ္စာမွန်ယု၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ဟား ... ဟား ... ဟား"

ဝမ်လေ့က အသာငြိမ်နေ၏။

သူသည် အမှောင်ထုအတွင်း မျက်လုံးကျင့်သားရအောင် ကြိုးစားနေရလေသည်။ မကြာပါချေ။ အပေါက်ဝမှ သော့ဝိစ္စာမွန်ယု၏ခေါင်း ပြူးထွက်လာသည် ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သော့ဝိဇ္ဇာမွန်ယုက အောက်သို့ ငုံ့ကြည့်ရင်း ...

"ဘယ်လိုလဲ ... မင်းဒဏ်ရာ ကြီးကြီးမားမား ရမယ်တော့ ကျုပ် မထင်ပါဘူး"

ဝမ်လျှေမှာ သော့ဝိဇ္ဇာမွန်ယု အကောက်ကြံမှုကြောင့် ဒေါသထွက်ရ၏။

သူသည် မကျေမနပ်ဖြင့် ပြန်လည်အော်ဟစ်ရန် ဟန်ပြင်လိုက်၏။ သို့သော် ချက်ချင်း သတိဝင်လာပြီး ပါးစပ်ပိတ်ထားလိုက်လေသည်။

သော့ဝိဇ္ဇာမွန်ယုအနေနှင့် သူ၏အခြေအနေသိလိုသောကြောင့် ယခုလို မေးမြန်းခြင်း ဖြစ်ပေသည်။

အကယ်၍ သူကသာ တုံ့ပြန်စကားပြောလျှင် သူ အသက်ရှင်လျက်ရှိပြီး အခြေအနေကောင်းမွန်ကြောင်း သိသွားမည် ဖြစ်၏။

ထိုအခါ သူ့အား ထပ်၍ယုတ်မာကောက်ကျစ်သောနည်းတို့ဖြင့် လုပ်ကြံဦးမည်မှာ သေချာပေသည်။

မွန်ယုက မျက်မှောင်ကုတ်သွား၏။

အောက်ဘက်မှ ဝမ်လျှေ၏တုံ့ပြန်သံ မကြားရသည် မဟုတ်ပါလော။ မွန်ယုက ကျယ်လောင်စွာ ထပ်ပြောလိုက်၏။

"ဝမ်လျှေ ... ကျုပ်တို့ကိစ္စမှာ ဝင်မစွက်ဘူးလို့သာ ကတိပေးပါ။ မင်းကို လွှတ်ပေးပါ့မယ်"

ဝမ်လျှေက ပါးစပ်ပိတ်မြဲ ပိတ်ထားသည်။



မွန်ယုမှာ မကျေမနပ် ဖြစ်သွားသည်။ သူသည် အောက်သို့ ငုံ့၍ ကြည့်လိုက်သည်။ တွင်းထဲ၌ မှောင်နေ၍ ဘာမျှမမြင်ရချေ။

မွန်ယုက ...

"မင်း သေပြီလား"

ဟု မေးလိုက်သည်။ ဝမ်လျှေက ကျိတ်၍ရယ်မောမိသည်။ သို့သော် အသံမထွက်အောင် ဂရုစိုက်နေရ၏။

မွန်ယုက ...

"ဝမ်လျှေ ... မင်း သေချင်ဟန်ဆောင်နေရင်လည်း အပိုပဲ၊ မင်းကို ဖော်သောတွဲအလိ ကျုပ်ဘာ ဒီထဲမှာ ပစ်ထားမှာ၊ တကယ်လို့ မင်း မသေသေးဘူးဆိုရင် အသံပြုပါ၊ မဟုတ်ရင် မင်းအတွက် စားစရာ ရမှာမဟုတ်ဘူး"

ဝမ်လျှေမှာ အံ့သြသွား၏။

သော့ဝိဇ္ဇာမွန်ယု၏စကားအရ သူ့အား ဤနေရာတွင် အတန်ကြာအောင် ဖမ်းဆီးချုပ်နှောင်ထားမည့်သဘော ရှိ၏။

သို့သော် မည်သို့ဆိုစေ နောက်ဆုံးတွင် သူ့အား သုတ်သင်ရှင်းလင်းပစ်မည်လား သံသယဖြစ်ဖွယ်မရှိချေ။ ထို့ကြောင့် သူက ဘာမျှမပြောဘဲ ငြိမ်နေလိုက်၏။

"ကောင်းပြီလေ၊ မင်းရဲ့ ခံနိုင်ရည်ကို ကြည့်ရသေးတာပေါ့"

စကားဆုံးသည်နှင့် ...

'ဂျိမ်း'

www.burmeseclassic.com

www.burmeseclassic.com



အသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ အပေါ်မှ အပေါက်မှာ ပြန်လည်ပိတ်သွား၏။ တွင်းထဲ၌ မှောင်အတိကျသွားလေသည်။

❂

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ အချိန်မည်မျှကြာသွားသည်မသိပါ။

ဝမ်လျှေမှာ အိပ်ပျော်ရာမှ နိုးလာ၏။

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုကသာ ကြီးစိုးနေရာဘာကိုမျှ မမြင်ရပေ။

သူက မထသေးဘဲ နားအရင် စွင့်လိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

မည်သည့်အသံမျှ မကြားရပါ။ ဝမ်လျှေက အသာထ,ရပ်လိုက်၏။

ထို့နောက် သူသည် အင်္ကျီအိတ်အတွင်း နှိုက်လိုက်ရာ မားတိုနှစ်လက် လက်ထဲပါလာ၏။

ဝမ်လျှေမှာ ခေသောလူငယ် မဟုတ်ပါ။

သူသည် သိုင်းပညာကို အတော်ပင် အဆင့်မြင့်စွာ တတ်ကျွမ်းသော လူငယ်တစ်ယောက်ဖြစ်၏။



သူ၏ကိုယ်ပေါ်တွင် လျှို့ဝှက်လက်နက်များလည်း ပါရှိ၏။ ဝမ်လျှေက မားတိုနှစ်လက်အား လက်တစ်ဖက်စီ ကိုင်လိုက်၏။

သူ၏အမူအရာက အေးဆေး၏။

သူသည် အသက်ငယ်ရွယ်သော်လည်း စိတ်မာတ်က နိုင်မာသည်။ သေရေးရှင်ရေး အချိန်တွင်သော်မှ သူသည် ပျာယာမခတ်ဘဲ အေးအေးဆေးဆေး ရှိပေသည်။ ဝမ်လျှေက အံကြိတ်လိုက်ပြီး

"မွန်ယု ခင်ဗျား ပြေးလို့ မလွတ်စေရဘူး"

ဟု အသံမထွက်ဘဲ ပြုံးလိုက်၏။

ထို့နောက် သူသည် ခြေတစ်ချက် ဆောင့်လိုက်ရာ သူ၏ခန္ဓာကိုယ်မှာ အပေါ်သို့ ထိုးတက်သွား၏။

ဝမ်လျှေ၏ကိုယ်ဖော့ပညာမှာ အတော်ပင် ကောင်းမွန်၏။

သူ ခုန်လိုက်ရာ ပေနှစ်ဆယ်နီးပါးမျှမြင့်သော အမြင့်အထိရောက်ရှိသွား၏။ သို့သော် အမြင့်သည် အပေါက်ဝသို့ရောက်ရန် တစ်ဝက်မကပင် လိုနေပါသည်။

ဝမ်လျှေက အပေါ်ခုန်တက်သွားပြီး နံရံအား လက်ထဲမှ မားပါးနှင့် ထိုးစိုက်လိုက်လေသည်။

'ဖွပ်'

ထို့နောက် သူသည် မားပါးနှစ်လက်အား တစ်ချက်စီ ထိုးသွင်းပြီး တစ်ထစ်စီ တစ်ထစ်စီ ထိုးလိုက်နှုတ်လိုက်ဖြင့် လက်နှစ်ဖက်အား အသုံးပြုကာ အပေါ်သို့ တရွေ့ရွေ့ တက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လှုပ်ရှားမှုမှာ နှေးကွေး၏။ ဝမ်လေ့က မမှုပါ။

သူ သိုင်းပညာ သင်ကြားစဉ်က ဒီထက် ပင်ပန်းသော အလုပ်များကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် လုပ်ကိုင်လေ့ ကျင့်ခဲ့ရသည် မဟုတ်ပါလား။

ဝမ်လေ့မှာ တရွေ့ရွေ့နှင့် တက်လာခဲ့ရာ တွင်းဝနှင့် ရှစ်ပေ ခန့်အကွာတွင် လက်အံ့သေသလို ဖြစ်လာသည်။

သူသည် ခဏနားလိုက်ပြီးနောက် မလျော့သောဇွဲဖြင့် အံကို တင်းတင်းကြိတ်ကာ ကုပ်ကပ်တက်သွားလိုက်လေတော့ သည်။ ဝမ်လေ့၏ကြိုးစားမှုကား အောင်မြင်ခဲ့ချေပြီ။

မကြာမီ ပန်းတိုင်သို့ ရောက်ရှိတော့မည် ဖြစ်၏။ သူသည် တွင်းဝထိပ်ရောက်ရန် သုံးပေမျှလောက်ပင် မကွာဝေးတော့ပါချေ။

ထိုစဉ် အပေါ်ဘက်မှ ခြေသံများ ကြားလိုက်ရ၏။ ထို့ နောက် အချီအချ စကားပြောသံများ ထွက်ပေါ်လာ၏။

သော့ပိစ္စာမွန်ယုနှင့် အခြားသူတစ်ယောက်၏စကားသံပင် ဖြစ်ပါသည်။

"ဝမ်လေ့ ဘယ်မှာလဲ"

မွန်ယုက ...

"ကျုပ် ဖမ်းထားပြီးပါပြီ"

ထိုလူက ...

"သူ သေပြီလား"



မွန်ယုက ...

"မသေသေးပါဘူး၊ ဒါပေမဲ့ ဒဏ်ရာတော့ ပြင်းပြင်းထန်ထန် ရသွားပုံရတယ်"

ထိုလူက ...

"ခင်ဗျားတို့ တိုက်ခိုက်လိုက်တာလား"

မွန်ယုက ...

"မဟုတ်ဘူးဗျ၊ မြေတွင်းထဲကို အရှိန်နဲ့ ထိုးကျသွားပြီး ထိ ခိုက်သွားပုံရတယ်"

ထိုလူက ...

"ကျုပ် သူ့ကို ကြည့်ချင်တယ်"

မွန်ယုက ...

"ကြည့်မနေပါနဲ့"

ထိုလူက ...

"ဘာဖြစ်လို့လဲ"

မွန်ယုက ...

"မြေတွင်းက အတော်နက်ရှိုင်းတယ်ဗျ၊ အောက်ခြေကို ဘယ်လိုမှ မြင်ရမှာ မဟုတ်ဘူး"

ထိုလူက ...

"လွယ်ပါတယ်၊ မီးတုတ်တွေ ပစ်ချလိုက်ရင် ကျုပ်တို့ ကောင်းကောင်းကြည့်လို့ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှ အချီအချစကားပြောသံများ ကြားရသောအခါ ဝမ်လွေမှာ ရင်ထိတ်သွားလေသည်။

သူသည် အပေါ်သို့ ရောက်လုရောက်ခင် ဖြစ်နေ၏။

ထိုအချိန်တွင် တံခါးဖွင့်လိုက်ပါက သူ့အား တွေ့မြင်သွားမည်မှာ မလွဲဧကန်ဖြစ်၏။

ယခုအချိန်ကျမှ သူက အောက်ပြန်မဆင်းနိုင်ပါ။ သူသည် မည်သို့လုပ်ရမည်ကို အလျင်အမြန် စဉ်းစားလိုက်၏။ ယခု သူ ရောက်နေသောနေရာသည် တွင်းဝနှုတ်ခမ်းအား လက်ဖြင့် ခုန်ဆွဲ၍မီနိုင်သောအကွာတွင် ဖြစ်၏။ ထိုစဉ်မှာပင် ...

'ဂျိမ်း'

တံခါးက ရုတ်တရက် ပွင့်သွား၏။ မျက်နှာတစ်ခုက အောက်သို့ ငုံ့ကြည့်လာ၏။

ဝမ်လွေနှင့် အလွန်နီးကပ်နေပါသည်။

ဝမ်လွေက ဘယ်လက်မှဓားကို နံရံတွင်စိုက်ကာ အားပြုနိုထား၏။ သူ၏ခန္ဓာကိုယ်က လေထဲတွင် ဟွဲလောင်းဖြစ်နေ၏။

သူ၏ညာလက်ထဲတွင် ဓားတိုတစ်လက်က အသင့်ရှိနေ၏။

တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက် ဝမ်လွေက ညာလက်မှ ဓားကို အပေါ်သို့ အားကုန်ပစ်လွှင့်လိုက်၏။ ဓားရောင်ဝင်းလက်သွား၏။

တစ်ဆက်တည်းမှာပင် ...



"အား"

စူးရှသောအော်သံ ထွက်ပေါ်လာ၏။

ဝမ်လွေက နံရံကို ခြေစုံကပ်ကာ တွင်းနှုတ်ခမ်းအား ညာလက်ဖြင့် လှမ်းဆုပ်လိုက်၏။

ထို့နောက် ခန္ဓာကိုယ်အား ချိန်သီးတစ်ခုပမာ လွှဲလိုက်ပြီး အံဖုံးအပေါက်မှတစ်ဆင့် အပေါ်သို့ ခုန်တက်လိုက်၏။

ထိုအဖြစ်အပျက်များသည် မျက်စိတစ်မှိတ်မျှအချိန်အတွင်း လျင်မြန်စွာ ဖြစ်သွားခြင်းဖြစ်သည်။

အပေါ်ဘက်မှ လူနှစ်ယောက်မှာ အန္တရာယ်ကို သတိမထားမိပါ။

သူတို့က အံဖုံးတံခါးကို ဆွဲဖွင့်လိုက်ပြီး အောက်သို့ငုံ့ကြည့်လိုက်စဉ် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ဓားတိုတစ်လက် ပစ်လွှင့်လာသည်ကို တွေ့လိုက်ရ၏။

အပေါ်ဘက်မှ လူနှစ်ယောက်မှာ သော့ဝိစ္စာမွန်ယုနှင့် မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်တို့ ဖြစ်ကြ၏။

ဝမ်လွေ ပစ်ပေါက်လိုက်သော ဓားတိုကလေးက သော့ဝိစ္စာမွန်ယု၏ ရင်ဝသို့ တည့်မတ်စွာ စိုက်ဝင်သွား၏။

သော့ဝိစ္စာမွန်ယုတို့မှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် မည်သို့မျှ မရှောင်လိုက်နိုင်ပါ။

မွန်ယုမှာ စူးရှနာကျင်စွာ တစ်ချက်အော်ဟစ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်လန်လဲကျသွား၏။

မျက်နှာဖုံးစွပ်နှင့်လူမှာလည်း ထိတ်လန့်သွား၏။

ချက်ချင်း နောက်ကျွမ်းပစ်ကာ အဝေးသို့ ပြေးထွက်သွားလေသည်။

ဝမ်လေ့ အပေါ်သို့ရောက်သောအခါ မျက်နှာဖုံးစွပ်လူ၏အရိပ်အယောင်မျှပင် မတွေ့ပါ။

ထိုမျက်နှာဖုံးစွပ်နှင့်လူကား ပျောက်ခြင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

❂

ဝမ်လေ့ အပေါ်သို့ခုန်တက်လာ၏။

သူသည် ကြမ်းပြင်ပေါ် ခြေချမိသည်နှင့် တိုက်ခိုက်ရန်အသင့်ပြင်ထားလိုက်၏။

သို့သော် တိုက်ခိုက်မည့်သူ မည်သူမျှ မရှိပါ။ ဝမ်လေ့က ပတ်ဝန်းကျင်အား ဝေ့ကြည့်လိုက်၏။

ကြမ်းပြင်တစ်နေရာတွင် လဲကျနေသော သော့ဝိဇ္ဇာမွန်ယုအား တွေ့လိုက်ရလေသည်။ သော့ဝိဇ္ဇာမွန်ယု၏ရင်ဝတွင် ဓားတိုကစိုက်ဝင်နေ၏။

သူ၏ရင်ဝတစ်ခုလုံး သွေးချင်းချင်းနီရဲနေ၏။



ဒဏ်ရာပြင်းထန်သည်မှာ မှန်သော်လည်း အသက်သေဆုံးနိုင်လောက်ခြင်း မရှိပါ။

သော့ဝိဇ္ဇာမွန်ယုမှာ အပေါ်သို့ရောက်ရှိလာသော ဝမ်လေ့အား တွေ့မြင်လိုက်သောအခါ အလွန်ထိတ်လန့်သွား၏။

သို့သော် ဝမ်လေ့၏လှုပ်ရှားမှုက မွန်ယုထက် လျင်မြန်လှပေသည်။

ဝမ်လေ့၏ခန္ဓာကိုယ်မှာ လျှပ်တစ်ပြက် ခုန်ထွက်သွားပြီး မွန်ယု၏ရှေ့သို့ ကျရောက်သွား၏။

သို့သော် သူ့အား ထိတ်လန့်မှုက ကြီးစိုးထားသဖြင့် တိုက်ကွက် ဗိုပြင်ခြင်းမရှိပါ။

ဝမ်လေ့က အသာပင်ရှောင်တိမ်းလိုက်ပြီး လက်ချောင်းကလေးများဖြင့် မွန်ယု၏ပခုံးမှ သွေးကြောကို ထိုးပိတ်လိုက်လေသည်။

မွန်ယုမှာ ဝမ်လေ့၏သွက်လက်လျင်မြန်သော တိုက်ခိုက်မှုအား မရှောင်နိုင်ပါ။

သွေးကြောပိတ်ခံလိုက်ရလေသည်။

အမှန်စင်စစ် မွန်ယုအနေနှင့် ဝမ်လေ့အား ဤမျှလျင်မြန်စွာ ရှုံးနိမ့်သွားစရာမရှိပါ။

သူသည် ဒဏ်ရာရထားသည်ကတစ်ကြောင်း၊ ဝမ်လေ့မှာမယုံနိုင်အောင် မြေတွင်းထဲက ထွက်လာနိုင်သည်ကတစ်ကြောင်း၊ သူကိုယ်တိုင် ထိတ်လန့်တုန်လှုပ်နေသည်က တစ်ကြောင်းတို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဤမြူလျှင်မြန်စွာ ရှုံးနိမ့်သွားခဲ့ခြင်းပင် ဖြစ်ပါသည်။

သို့မဟုတ်ပါက ...

ဝမ်လေ့အနေနှင့် မွန်ယုအား အလွယ်တကူ အနိုင်ရလိမ့်မည် မဟုတ်ပါချေ။

ဝမ်လေ့က မွန်ယုအား စိုက်ကြည့်လိုက်၏။

“ဒီတစ်ခါတော့ ခင်ဗျားအလှည့်ပဲ၊ ခင်ဗျားရဲ့ မြေတွင်းထဲ ခင်ဗျားကို ပြန်ပစ်ချရမှာပဲ”

မွန်ယုမျက်နှာ ဖြူလျော်သွား၏။

အလွန်ထိတ်လန့်တုန်လှုပ်သွား၏။

ဝမ်လေ့၏မျက်နှာထားကို ကြည့်ရသည်မှာ အမှန်တကယ်ပင် ပြောသည့်စကားအတိုင်း ပြုလုပ်လိမ့်မည် ဖြစ်ကြောင်းကို မွန်ယုက ကောင်းစွာ နားလည်လိုက်၏။

မွန်ယု၏တစ်ကိုယ်လုံး ကြောက်ရွံ့ထိတ်လန့်သော စိတ်များက ဖုံးလွှမ်းသွားလေတော့သည်။

ဝမ်လေ့မှာ မွန်ယုနှင့်စကားပြောခဲ့သူတစ်ယောက် ရှိသေးသည်ကို ကောင်းစွာ သိထား၏။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သော်လည်း ထိုလူအား လုံးဝမတွေ့မြင်ရပါချေ။

ထွက်ပြေးသွားပြီဖြစ်ကြောင်း နားလည်လိုက်၏။

ထိုသူ မည်သူများနည်း။



လွယ်ပါသည်။ ထိုလူ မည်သူဖြစ်သည်ကို မွန်ယုအား ပေးမြန်းနိုင်သည် မဟုတ်ပါလော။

ဝမ်လေ့က မွန်ယုအား အေးစက်သော မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး ...

“ခင်ဗျား မှန်မှန်ဖြေဖို့ လိုလာပြီ၊ စောစောက ခင်ဗျားရဲ့ အတူပါလာတာ ဘယ်သူလဲ”

ဟု မေးလိုက်လေသည်။

သော့ဝိဇ္ဇာမွန်ယုမှာ ဘာမျှမပြောနိုင်ဘဲ ဖြစ်နေ၏။

ထိုအခါမှ သူသွေးကြောပိတ်ခဲ့ရာတွင် စကားပြောနိုင်သော သွေးကြောကိုပါ ပိတ်မိသည်ကို သတိရမိ၏။

ထို့ကြောင့် ဝမ်လေ့က သော့ဝိဇ္ဇာမွန်ယု စကားပြောနိုင်ရန်အတွက် သွေးကြောအချို့ ဖွင့်ပေးလိုက်၏။

ပြီးမှ သူက ထပ်မေးလိုက်၏။

“ကဲ ... ပြောစမ်းပါဦး၊ စောစောက ခင်ဗျားနဲ့အတူ ပါလာတဲ့လူဟာ ဘယ်သူလဲ”

သော့ဝိဇ္ဇာမွန်ယုက ခေါင်းခါလိုက်၏။

“ကျုပ်ကိုမမေးနဲ့၊ ကျုပ်က ဖြေမှာမဟုတ်ဘူး”

ဝမ်လေ့က ပြုံးလိုက်၏။

“ခင်ဗျားကို ဟောဟိုမြေတွင်းထဲ ပစ်ချမယ် ဆိုရင်ကော”

သော့ဝိဇ္ဇာမွန်ယုက အံကြိတ်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းကြိုက်သလိုလုပ်"

ဝမ်လွှေက တစ်ချက်ရယ်မောလိုက်၏။

"ကောင်းပြီ အစက ကျုပ်အလှည့်ပဲ၊ ကျုပ်ပြုသမျှ ဒီတစ်ခါ ခင်ဗျား နရမယ်၊ ခင်ဗျားလို လူယုတ်မာတွေကိုတော့ ကျုပ်က ရက်စက်ပေးဖို့ ဝန်မလေးပါဘူး"

သူ၏စကားကြောင့် မွန်ယု မျက်နှာပျက်သွား၏။

ဝမ်လွှေက မွန်ယုအား ဆွဲထူလိုက်၏။

ထို့နောက် မြေတွင်းဝအနီးသို့ တရွတ်တိုက်၍ ဆွဲခေါ်သွားလိုက်သည်။

မွန်ယု၏မျက်နှာ ဖြူလျော်နေ၏။ နဖူးပေါ်ဝယ် ချွေးသီးချွေးပေါက်များ ထွက်နေ၏။

မြေတွင်းဝအနီးရောက်သောအခါ မွန်ယုမှာ စိတ်မတင်းနိုင်တော့ပါ။ ကြောက်လန့်တကြား အော်ဟစ်လိုက်၏။

"မ ... မလုပ် ... မလုပ်ပါနဲ့"

ဝမ်လွှေက ရယ်မောလိုက်၏။

"ခင်ဗျားက သေရမှာတော့ အတော်ကို ကြောက်တတ်ပါလားဗျာ"

မွန်ယုမျက်နှာ နီရဲသွား၏။ သူ ဘာမျှမပြောနိုင်ပါ။ ကြောက်ရွံ့၍ တစ်ကိုယ်လုံး တုန်ယင်နေ၏။

ဝမ်လွှေက ...



"ဝင်ဖို့ဆိုတာ လည်းစမြပ်ပါပဲ၊ မြေတွင်းထဲ ပြုတ်ကျတဲ့အရသာကို ခင်ဗျား မြည်းကြည့်ပါဦး"

သူသည် ပြောရင်း မွန်ယုအား မြေတွင်းထဲတွန်းချရန် ဟန်ပြင်လိုက်လေသည်။

မွန်ယုမှာ အလွန်ထိတ်လန့်သွားပြီး ...

"မလုပ်ပါနဲ့၊ ကျုပ် ... ကျုပ်ကို မသတ်ပါနဲ့ဗျာ"

ဟု တောင်းပန်လိုက်လေသည်။

ဝမ်လွှေက မွန်ယုအား စိုက်ကြည့်လိုက်၏။

"အသက်တစ်ချောင်းဆိုတာ ရဖို့အလွန်ခက်တယ်ဗျ၊ ခင်ဗျားအသက်ကို ခင်ဗျားလိုချင်ရင် ကျုပ်ဆီက ပြန်ဝယ်ရလိမ့်မယ်"

မွန်ယုက ...

"မင်း ... မင်းက ငွေလိုချင်လို့လား။ ကျုပ် ... ကျုပ်က ဘယ်လောက်ပေးရမှာလဲ"

ဝမ်လွှေက ...

"ငွေမဟုတ်ဘူး"

မွန်ယုက ...

"ဒါဆို ဘာလဲပြောပါ၊ ကျုပ်တတ်နိုင်တာဆိုရင် ပေးပါ့မယ်ဗျာ"

ဝမ်လွှေက ...

"ခင်ဗျား တကယ်ပေးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



မွန်ယုက ...

"မင်းကသာ ကျုပ်အသက်ကို ချမ်းသာပေးရင် ကျုပ်က မင်းလိုချင်တာ ပေးပါ့မယ်"

ဝမ်လှေက ...

"ကောင်းပြီ ... ဒါဆိုရင် ခင်ဗျားရဲ့တစ်သက်တာ ပညာရပ်ကျမ်းစာအုပ်ကိုပဲ ပေးပါ"

ဟု တောင်းဆိုလိုက်လေသည်။

မွန်ယုက မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ...

"မင်း ... မင်းက ဒီစာအုပ်လိုချင်တယ် ဟုတ်လား"

ဝမ်လှေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မွန်ယုက ...

"အဲဒီကျမ်းစာအုပ်ကိုပေးရင် မင်းက ကျုပ်ကို တကယ်လွှတ်မှာလား"

ဝမ်လှေက ...

"စိတ်ချ၊ ကျုပ်က ခင်ဗျားကို လက်ဖျားနဲ့တောင် မတို့ပါဘူး"

မွန်ယုက ...

"မင်း တကယ်ပြောတာနော်"

ဝမ်လှေက ...



"ကျုပ် ကတိပေးတယ်"

ဟု ပြတ်သားစွာ ပြောလိုက်၏။

မွန်ယုမှာ စိတ်သက်သာရာရသွားဟန် ပေါ်လာ၏။

မွန်ယုက ...

"ကောင်းပြီ ... ကျုပ်ပေးပါ့မယ်၊ ဒါပေမဲ့ ကျုပ်က ဒီကျမ်းစာအုပ်ကို လျှို့ဝှက်စွာသိမ်းထားပါတယ်၊ ကျုပ်ကို သွေးကြောဖြေပေးမှ ကျုပ်က သွားယူလို့ရမှာပေါ့"

ဟု ပြောလိုက်၏။ ဝမ်လှေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့၊ ကျုပ် မေ့နေတယ်"

သူသည် လက်ချောင်းသုံးချောင်းဖြင့် မွန်ယု၏ခန္ဓာကိုယ်မှ သွေးကြောအချို့အား ထိုးချလိုက်၏။

မွန်ယု၏ခန္ဓာကိုယ် ဆတ်ခနဲတွန့်သွား၏။ သူသည် ကြိုးစား လှုပ်ရှားလိုက်၏။

သို့သော် မည်သို့မျှ မရပါ။ စောစောကထက်ပင် အခြေအနေမှာ ဆိုးရွားလာ၏။

တစ်ကိုယ်လုံး ထုံထိုင်းကာ ကျောက်ရုပ်တစ်ခုပမာ ဖြစ်သွားလေသည်။ မွန်ယုက ထိတ်လန့်သွားပြီး ...

"မင်း ... မင်း ... ဘယ်လိုလုပ်တာလဲ"

ဝမ်လှေက ရယ်မောလိုက်၏။

"ခင်ဗျားကို သွေးကြောထပ်ပိတ်လိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်းက ဘာသဘောလဲ"

"ရှင်းပါတယ်ဗျာ၊ ခင်ဗျားရဲ့ကျမ်းစာအုပ်က ပျောက်ဆုံးမသွားခဲ့ပါဘူး၊ ခင်ဗျားဆီမှာပဲ ရှိနေတာပါ။ ခင်ဗျားဟာ လူယုတ်မာတစ်စုနဲ့ ပူးပေါင်းပြီး ဒုစရိုက်မှုတွေ ကျူးလွန်တယ်၊ ခင်ဗျားအပြစ်တွေ ဖုံးကွယ်ထားနိုင်အောင် ခင်ဗျားရဲ့သော့ဝိဇ္ဇာပညာတွေ ရေးမှတ်ထားတဲ့ ကျမ်းစာအုပ် ပျောက်သွားတယ်လို့ ကြေညာလိုက်တယ်၊ ပြီးတော့ သိုင်းလောကသားတွေ ယုံကြည်သွားအောင် သိမ်းငှက်လောက်ချစ်ထံမှာ အမှုကိုအပ်ပြီး အကူအညီတောင်းခဲ့တယ်၊ ဟား ... ဟား ... ဟား အခုတော့ ခင်ဗျားရဲ့လုပ်ရပ်တွေ ဘူးပေါ်သလို ပေါ်နေပါပြီ"

သော့ဝိဇ္ဇာမွန်ယု၏မျက်နှာသည် ရုတ်တရက် သွေးမရှိတော့သည့်အလား ဖြူလျော်သွား၏။

သူသည် အသက်သေရမည်ကို ကြောက်၍ပြီး သူ့ထံတွင် ကျမ်းစာအုပ် ရှိနေကြောင်း ဝန်ခံလိုက်မိပြီ မဟုတ်ပါလား။

ဝမ်လွှေက ဆက်ပြောလိုက်၏။

"အမှန်တော့ ခင်ဗျားရဲ့ကျမ်းစာအုပ် မပျောက်ဘဲနဲ့ ပျောက်တယ်ဆိုတာဟာ ခင်ဗျားအပေါ် သံသယမဝင်အောင် ရှောင်ချင်တဲ့သဘောအပြင် လောက်ချစ်စုံစမ်းတဲ့အခါ အချိန်ကုန်အောင် လမ်းလွဲပေးလိုက်တဲ့ သဘောပါပဲ၊ ဒီလို အချိန်ကုန်ခံပြီး ရေလိုက်လွှဲနေတဲ့အချိန်မှာ ခင်ဗျားတို့က ပိပိရိရိနဲ့ ကျူးလွန်တဲ့ ဒုစရိုက်မှုတွေကို



ခြေရာဖျောက်ပစ်မယ်၊ ခင်ဗျားတို့အကြံအစည်ဟာ အတော်ကို ကောင်းမွန်ပါပေတယ်"

မွန်ယုက ပါးစပ်ပိတ်ထား၏။ ဝမ်လွှေက မွန်ယုအား ကြည့်ရင်း ဒေါသထွက်လာ၏။ သူသည် မွန်ယု၏ခန္ဓာကိုယ်အား ကိုင်လှုပ်လိုက်ပြီး ...

"ကဲ ပြောစမ်း ... ခင်ဗျားတို့ သူဌေးကြီးလျူပင်းရဲ့ ရွှေငွေရတနာတွေကို ခိုးခဲ့ကြတယ် မဟုတ်လား"

မွန်ယုမှာ ဘာမျှမပြောဘဲ ဝမ်လွှေအား ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်နေလေသည်။ ဝမ်လွှေ၏စကားများကို မယုံကြည်နိုင်ဘဲ ဖြစ်နေပုံရ၏။ ဝမ်လွှေက ဆက်ပြောလိုက်၏။

"သူဌေးကြီးလျူပင်းရဲ့ရတနာတိုက်ဟာ အလွန်ကို လုံခြုံတဲ့ အခန်းတစ်ခုပဲ၊ သော့ကလည်း အထပ်ထပ်ခတ်ထားတယ်၊ ဒီလို သော့မျိုးကို ခင်ဗျားလို သော့ဝိဇ္ဇာပညာ တစ်ဖက်ကမ်းခတ် တတ်မြောက်ထားတဲ့ လူတစ်ယောက်မပါဘဲနဲ့ ခိုးဝင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒီအချက်ကို တွေးမိတာနဲ့ ခင်ဗျားဟာ သံသယဝင်စရာ လူအပြင် ကျူပ်က သတ်မှတ်ထားခဲ့တာပဲ၊ အခုတော့ ကျူပ် ထင်တဲ့ အတိုင်း ခင်ဗျားဟာ တရားခံတစ်ယောက် ဖြစ်နေပြီပဲ"

မွန်ယုက ခေါင်းငိုက်စိုက်ကျသွား၏။ ဝမ်လွှေသည် အဖြေအပျက်များ အစအဆုံး သိရှိသွားခဲ့ပြီဟု သူက ယုံကြည်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခင်ဗျား ဘာပြောင်းဦးမလဲ"

မွန်ယုက သက်ပြင်းချလိုက်ပြီး ...

"မင်းပြောတာ မှန်ပါတယ်၊ ကျုပ် ... ကျုပ်က ဘယ်လိုမှ လွဲရှောင်လို့မရလို့ ပါဝင်ခဲ့ရတာပါ"

ဝမ်လေ့က နှာခေါင်းရှုံ့လိုက်ပြီး ...

"ခင်ဗျားဟာ လောင်းကစားမှုနဲ့ အကြွေးတွေ ပိုင်းနေခဲ့တယ်၊ ဒီအကြွေးတွေ မဆပ်နိုင်တော့ အကြွေးရှင်ရဲ့ အကျပ်ကိုင်ခိုင်းတာကို ခံခဲ့ရတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ် ဘယ်လိုမှမငြင်းနိုင်ခဲ့ဘူး၊ ငြင်းပယ်ရင် ကျုပ်ဘဝပျက်ပြီ"

"ကြွေးရှင် ဘယ်သူလဲ"

"မင်း သိရက်နဲ့ ဘာလို့မေးတာလဲ"

ဝမ်လေ့က တစ်ချက်စဉ်းစားလိုက်၏။

ဤအတိုင်းဆိုလျှင် ကြွေးရှင်မှာ သူဌေးကြီးချူယီဖုံးသာ ဖြစ်ရတော့မည် မဟုတ်ပါလား။

"ချူယီဖုံးပဲ၊ သူဌေးကြီးချူယီဖုံးမှာ ဒေါင်းစိမ်းဆိုတဲ့ လောင်းကစားဝိုင်း ရှိနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားနဲ့အတူ ပါဝင်လုပ်ရှားခဲ့ကြတာ ဘယ်သူတွေလဲ၊ ကျုပ်ကို ပြောပါဦး"



မွန်ယုက ပထမတွင် အဖြေပေးရန် ဟန်ပြင်ပြီးမှ စိတ်ပြောင်းသွားဟန်တူ၏။

"ကျုပ်က ဘာကြောင့် ပြောရမှာလဲ"

"ခင်ဗျားမပြောရင် သေရမှာပေါ့"

"မင်း ... ကျုပ်ကို မသတ်ပါဘူး"

"ဘာလို့ မသတ်ရမှာလဲ"

"မင်း ကျုပ်ကို ခြိမ်းခြောက်ပြီး ကျုပ်ဆီက သတင်းနှိုက်ယူနေတာ ကျုပ်သိပါတယ်"

"ဟား ... ဟား ... ဟား ... ခင်ဗျားထင်တာ မှားသွားပြီဗျ"

မွန်ယု ပါးစပ်ပိတ်ထား၏။

ဝမ်လေ့က ရယ်မောရာမှ ရပ်တန့်လိုက်ပြီး ...

"ခင်ဗျားတို့အဖွဲ့မှာ ဘယ်သူတွေပါတယ်ဆိုတာ ကျုပ် သိပါတယ်ဗျာ"

မွန်ယုက ...

"မင်း ... မသိနိုင်ပါဘူး"

"ကောင်းပြီ ... ကျုပ်ပြောပြမယ်၊ မဟုတ်ရင် ခင်ဗျား ပြောပေါ့"

မွန်ယုက ပါးစပ်ပိတ်သွား၏။

ဝမ်လေ့က ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့အဖွဲ့ထဲမှာ သူဌေးကြီးချူယီဖုံး၊ ခင်ဗျားရယ်၊ ဓားနှစ်လက်အာမခံဌာနက တုကျူးရယ် ... ပါတယ်ဆိုတာ ကျုပ်သိတယ်၊ ပြီးတော့ ရွှေကျားရဲတိုက်ရှင် အော့ဝါးတောင်မှ ပါသေးတယ်"

မွန်ယု၏မျက်လုံးများ ပြူးကျယ်သွား၏။

သူသည် ဝမ်လျှေအား မယုံကြည်နိုင်သော အကြည့်များဖြင့် ကြည့်ကာ ...

"မင်း ... မင်း ... ဘယ်လိုသိတာလဲ"

"မခက်ပါဘူးဗျာ"

မွန်ယုမှာ စိတ်လှုပ်ရှားနေ၏။ ဝမ်လျှေက ဆက်ပြောလိုက်သည်။

"အဖြစ်အပျက်တွေကို သေသေချာချာ ဆန်းစစ်ကြည့်တဲ့အခါ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်ဆိုတာ တွေ့ရတယ်ဗျ၊ အဲဒီမှာ သူဌေးကြီးချူယီဖုံးရဲ့ အကျပ်ကိုင်မှုအောက်က ရုန်းမထွက်နိုင်တဲ့ ခင်ဗျားနဲ့ ရွှေကျားရဲတိုက်ရှင်အော့ဝါးတို့ဟာ သူဌေးကြီးချူယီဖုံးရဲ့ ဝိရိတ်ဒုစရိုက်မှုမှာ ပါဝင်ခဲ့ကြတယ်"

မွန်ယု ငြိမ်နေသည်။

ဝမ်လျှေက ဆက်ပြောလိုက်သည်။

"သူဌေးကြီး ချူယီဖုံးဟာ ကောက်ကျစ်တယ်၊ လောဘရမ္မက်ကြီးတယ်၊ သူဟာ သူ့ထက်အဆများစွာ ချမ်းသာတဲ့သူဌေးကြီး



လျူပြင်းရဲ့ ရတနာတွေကို ခိုးဖို့စီစဉ်ပြီး ခင်ဗျားတို့ကို ကြိုးကိုင်စီစဉ်ခဲ့တာပဲ"

မွန်ယု၏မျက်လုံးများ ရီဝေနေ၏။

သူ၏မျက်နှာ အတော်ပင် ငြိမ်သက်နေ၏။

သူ၏ရင်ထဲ၌ မည်သို့ခံစားနေရသည်ကို ခန့်မှန်းရ အတော်ပင် ခဲယဉ်းနေ၏။

ဝမ်လျှေက ဆက်ပြောလိုက်၏။

"သူဌေးကြီးချူယီဖုံးက ခင်ဗျားတို့ကို သူဌေးကြီးလျူပြင်းရဲ့ ရတနာတိုက်ဖွင့်ဖို့ ခိုင်းစေတယ်၊ ခင်ဗျားက အောင်မြင်အောင်ဖွင့်ပေးတော့ အလွယ်တကူခိုးယူလို့ ရသွားတာပေါ့"

မွန်ယု၏မျက်နှာသည် ငြိမ်သက်နေရာမှ တဖြည်းဖြည်း အပြုံးရိပ်များ ထွက်ပေါ်လာ၏။

သူသည် ဝမ်လျှေအား စေ့စေ့ကြည့်ရင်း ရုတ်တရက် အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား ... ဟား ... ဟား"

သူသည် မရပ်မနား ရယ်မောလေသည်။

မရပ်မနား ရယ်မောလိုက်ခြင်းကြောင့် သူ၏ရင်ဝမှာ ဒဏ်ရာမှ သွေးများ ယိုစီးကျလာသည်။

ဝမ်လျှေမှာ မွန်ယုအားကြည့်ရင်း မျက်နှာပျက်သွား၏။

"မွန်ယု ခင်ဗျား ဘယ်လို ဖြစ်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မွန်ယုက အဖြေမပေးပါ။

ဝမ်လျှေမှာ ရုတ်တရက် တစ်စုံတစ်ရာကို သတိရလာ၏။

သူ၏နောက်ကျောဘက်မှ လုံခြုံမှုမရှိသလို ခံစားလိုက်ရသောကြောင့် ဆတ်ခနဲ နောက်လှည့်လိုက်သည်။

သူက နောက်လှည့်ကြည့်လိုက်သည်နှင့် မွန်ယုက အဘယ့်ကြောင့် ဤမျှရယ်မောနေရသည် ဆိုသည်ကို သူက ကောင်းစွာနားလည်သဘောပေါက်လိုက်လေသည်။

သူ၏အနောက်ဘက်တွင် မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိသော လူသုံးယောက်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပေသည်။

❂ ❂ ❂



ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်နေ၏။

ယခုတစ်ကြိမ်တွင် အခန်းတွင်း၌ ရှိသမျှ လူအားလုံးက ရယ်မောနေကြခြင်းပင် ဖြစ်ပါသည်။

ခေါင်းစွပ်အနက် စွပ်ထားသူသုံးယောက်က ရယ်မောရင်း တရွေ့ရွေ့နှင့် ရှေ့သို့တိုးလာကြသည်။

သူတို့သည် လူစုခွဲကာ ဝမ်လျှေအား မသိမသာ ဝိုင်းရံပြီး ပြေးပေါက်မရှိအောင် ပိတ်ဆို့ထားလိုက်ကြ၏။

မျက်နှာဖုံးစွပ်သုံးယောက်အနက် အလယ်မှလူမှာ အနည်းငယ် ဝဖြိုးသောခန္ဓာကိုယ်ရှိ၏။

ထိုလူက ...

"ဝမ်လျှေ ... မင်းသိထားတာတွေ အတော်ကိုများနေပါပြီ၊ ဒီတော့ မင်းကို မသတ်ချင်လို့လည်း မရတော့ဘူး၊ ဒီကနေ့ မင်းသေရမှာပဲ"

သူ၏အသံမှာ ရှတတဖြစ်နေ၏။

ဝမ်လျှေက ပြုံးလိုက်သည်။

"ခင်ဗျား ဘယ်လိုပဲ အသံဖျက်ပြောပြော ခင်ဗျားဟာ သူဌေးကြီးချူယီဖုံးဆိုတာ ကျုပ်သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်နှာဖုံးစွပ်နှင့် လူ၏ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားသည်။ အံ့ဩသွားဟန်လည်း ရှိ၏။

ကျန်မျက်နှာဖုံးစွပ်ထားသော လူနှစ်ယောက်မှာလည်း စကားပြောရန်ပင် မဝံ့တော့သလို ဖြစ်သွား၏။

သူတို့ စကားပြောလိုက်သည်နှင့် သူတို့ မည်သူမည်ဝါဖြစ်ကြောင်း ဝမ်လျှောက သိရှိသွားမည် မဟုတ်ပါလော။

ဝမ်လျှောက ဆက်ပြောလိုက်သည်။

"ကျုပ်က ခင်ဗျားတို့တွေရဲ့အကြောင်း ကောင်းကောင်း သိခဲ့ပြီဗျ၊ ဒီလိုပဲ လောက်ချစ်က ကျုပ်ထက်ပိုပြီး အတွေ့အကြုံရင့်တဲ့လူပဲ၊ သူက ပိုပြီးတော့တောင် သိပါသေးတယ်၊ ကျုပ်ကို နှုတ်ပိတ်လိုက်ရင်လည်း လောက်ချစ်က ခင်ဗျားတို့အကြောင်းကို ထုတ်ဖော်မှာ အသေအချာပါပဲ"

သူ၏စကားကြောင့် ရှေ့သို့ တရွေ့ရွေ့နှင့် တိုးလာသော မျက်နှာဖုံးစွပ်သုံးဦးစလုံး ခြေလှမ်းရပ်တန့်သွား၏။

အားလုံး တွေဝေသွားကြသည်။

သူတို့သည် မျက်နှာဖုံးစပ်များအောက်မှ မကျေနပ်သော မျက်လုံးများဖြင့် ဝမ်လျှောအား ကြည့်နေကြ၏။

ဝမ်လျှောက ...

"ကျုပ်သိသမျှ ပြောရရင် ဒီကိစ္စထဲမှာ စားနှစ်လက်အာမခံဌာနက တကျူးကိုယ်တိုင်လည်း ပါဝင်နေတယ်၊ သူဟာ ခင်ဗျားတို့ရဲ့



လူပဲ မဟုတ်လား"

ဟု ပြောလိုက်သည်။

ခန္ဓာကိုယ် ဝဖိုင့်သောလူမှာ ဝမ်လျှောခန့်မှန်းသကဲ့သို့ သူဌေးကြီးချူယီဖုံးပင်ဖြစ်သည်။

သူဌေးကြီးချူယီဖုံးက သူ့အား ဝမ်လျှောက သိရှိနေပြီဖြစ်သောကြောင့် မျက်နှာဖုံးစွပ်အား ဆွဲချွတ်လိုက်၏။

ထို့နောက် ဝမ်လျှောအား ကြည့်ကာ ...

"ကောင်းပြီလေ၊ မင်းက အကုန်လုံးသိနေပြီဆိုတော့ ကျုပ်က ကွယ်ဝှက်မနေတော့ပါဘူး၊ ဒီကိစ္စတွေကို ကျုပ်က စီစဉ်ပြီး လုပ်ခဲ့တာပဲ၊ မင်းကသာ ကျုပ်တို့ဘက် ပူးပေါင်းမယ်ဆိုရင် မင်းအတွက် တစ်သက်စားမကုန်တဲ့ ရွှေငွေရတနာဝေစုတစ်ခု ပိုင်ဆိုင်စေရမယ်၊ ဘယ်လိုလဲ"

"ကျုပ်ကို ရွှေငွေရတနာတွေနဲ့ သိမ်းသွင်းလို့ ရမယ်များထင်သလား"

ချူယီဖုံးက မဲ့လိုက်သည်။

"ဒါ ... မင်းအတွက် အခွင့်အရေးပဲ၊ အသက်အသေခံမလား၊ ရွှေငွေရတနာယူပြီး စည်းစိမ်ခံမလား၊ ဒီနှစ်လမ်း မင်းကြိုက်ရာ ရွေးပေါ့"

ဝမ်လျှောက တွေဝေသွားသည်။

ခဏနေမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သေသည်ဖြစ်စေ၊ ငြိမ်နေသည်ဖြစ်စေ လောက်ချစ် ရှိနေသေးတယ်ဆိုတာ မမေ့ပါနဲ့"

ချူယီဖုံးက ...

"ဒီကိစ္စအတွက် မပူနဲ့၊ အခုပဲ ကျုပ်က လောက်ချစ်ကို ရှင်းနိုင်းလိုက်မယ်"

သူသည် မျက်နှာဖုံးစွပ်ထားသူ နှစ်ယောက်အနက် တစ်ဦးဘက်ကိုလှည့်လိုက်ပြီး ...

"လောက်ချစ်ကို ခင်ဗျား ရှင်းပစ်လိုက်ပါ"

ဟု ပြောလိုက်သည်။ မျက်နှာဖုံးစွပ်နှင့်လူက ဘာမျှမပြောပါ။ ချက်ချင်းပင် အခန်းထဲမှ ထွက်သွားလေ၏။

ဝမ်လွေ့ ရင်ထိတ်သွားသည်။ လောက်ချစ်အတွက် စိတ်ပူသွား၏။

လောင်ချစ်မှာ မိမိလောက် အဖြေသိထားခြင်း မရှိသေးပါချေ။

ယခု ထွက်သွားသူ၏လှုပ်ရှားပုံကိုကြည့်ခြင်းဖြင့် သိုင်းပညာ အလွန်အဆင့်မြင့်ကြောင်း သိသာ၏။

လောက်ချစ်မှာ သာမန်အချိန်ဆိုလျှင် ဝမ်လွေ့က ဤမျှစိတ်ပူမည် မဟုတ်ပါ။

ယခုအခြေအနေတွင် သိမ်းငှက်လောက်ချစ်မှာ ဒဏ်ရာရထား၏။



ကောင်းစွာအနားမယူရသေးဘဲနှင့် ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်း ရှိမည်မဟုတ်ပါ။

ဝမ်လွေ့က ...

"နေဦး"

ဟု ဟန့်တားလိုက်၏။

ချူယီဖုံးက ...

"ဘာပြောချင်လို့လဲ"

ဝမ်လွေ့က ...

"ခင်ဗျားကသာ လောက်ချစ်ကို သုတ်သင်နိုင်းမယ်ဆိုရင် ကျုပ်နဲ့ ဘယ်လိုမှ အပေးအယူလုပ်လို့ရမှာမဟုတ်ဘူး"

ဟု ပြောလိုက်၏။

သူ့စကားအဆုံးတွင် သူဌေးကြီးချူယီဖုံးက ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား"

ဝမ်လွေ့က ...

"ခင်ဗျား ဘာရယ်တာလဲ"

ချူယီဖုံးက ...

"မင်းက အပေးအယူလုပ်မယ် ထင်နေလို့လား"

ဝမ်လွေ့က ပါးစပ်ပိတ်သွား၏။

ချူယီဖုံးက ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က မင်းနဲ့ အပေးအယူမလုပ်ပါဘူး၊ မင်းလိုလူမျိုး အသက်ရှင်နေသမျှ ကျုပ်အတွက် အန္တရာယ်ရှိတယ်ဆိုတာ ကျုပ် ကောင်းကောင်း သိထားပါတယ်"

ဝမ်လွေ ရင်ထိတ်သွား၏။

ချူယီဖုံးက ...

"မင်းဟာ လူငယ်သလောက် ဉာဏ်ပညာထက်မြက်ပါတယ်၊ သိမ်းငှက်လောက်ချစ် အားကိုးမယ်ဆိုလည်း အားကိုးထိုက်တယ်၊ မင်းဟာ စဉ်းစားတွေးခေါ်နိုင်ရုံမကဘူး၊ သူတစ်ပါးရဲ့ ပျော့ကွက်ဟာကွက်ကို ရှာဖွေတတ်တဲ့ လူတစ်ယောက်ပါပဲ"

ဟု ချီးကျူးလိုက်၏။

ဝမ်လွေ၏ရင်ထဲ၌ လေးလံလာသည်။

သူ၏အခြေအနေသည် လွန်စွာမှပင် ဆိုးရွားလာပြီ ဖြစ်ကြောင်းကို ကောင်းစွာ သဘောပေါက်လိုက်လေသည်။

ဤအခန်းထဲမှ သူထွက်သွား၍ ရမည်မဟုတ်ပါ။

ထိုစဉ် မျက်နှာဖုံးစွပ်နှင့်လူကလည်း ထွက်ခွာသွားပြီ ဖြစ်လေ၏။ သူသာ အန္တရာယ်ရှိရုံ မကသေးပါ။

သိမ်းငှက်လောက်ချစ်အတွက်လည်း အန္တရာယ်ရှိနေပြီဖြစ်ကြောင်း သိရှိလိုက်သည်။

ဝမ်လွေမှာ စိုးရိမ်ထိတ်လန့်နေပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေလေသည်။



ထိုစဉ် အပြင်ဘက်မှ ဆူညံသောအသံများ ရုတ်တရက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ဆူညံသောအသံများ ထွက်ပေါ်လာ၏။

အပြင်ဘက်တွင် တစ်ယောက်နှင့်တစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်နေသောအသံများပင် ဖြစ်ပါသည်။

ဝမ်လွေက ဆုံးဖြတ်ချက် ချလိုက်၏။

သူ့အနေနှင့် တိုက်ခိုက်ရန်သာ ရှိတော့သည် မဟုတ်ပါလား။

ဝမ်လွေမှာ ရလာသောအခွင့်အရေးကို လက်လွှတ်မခံဘဲ သူဌေးကြီးချူယီဖုံးအား ခုန်အုပ်ကာ တိုက်ခိုက်လိုက်၏။

သူဌေးကြီးချူယီဖုံးမှာ ခေသူတစ်ယောက် မဟုတ်ပါ။

သူသည် ဝမ်လွေ၏တိုက်ခိုက်မှုအား ရှောင်တိမ်းကာ ဝမ်လွေအား တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

တစ်ခဏချင်းပင် သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ်ပြိုင်မိလိုက်လေ၏။

ဝမ်လွေက ချူယီဖုံးအား တိုက်ခိုက်ရင်း အခန်းတွင်းရှိသော မျက်နှာဖုံးစွပ်နှင့်လူကိုလည်း သတိထားနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မျက်နှာဖုံးစွပ်နှင့်လူမှာ နောက်ဆုတ်သွား၏။

သူသည် တိုက်ပွဲအတွင်း ဝင်မပါဘဲ ရပ်နေ၏။

ထို့ကြောင့် ဝမ်လေ့မှာ သူဌေးကြီးချူယီဖုံးအား ကောင်းစွာ ရင်ဆိုင်နိုင်ခွင့် ရရှိသွားလေတော့သည်။

တိုက်ပွဲမှာ ပြင်းထန်နေ၏။

မွန်ယုသည် ကြမ်းပြင်တစ်နေရာတွင် လဲကျနေသည်။

သူ၏ရင်ဝမှ ဒဏ်ရာက သွေးထွက်သည်မှာ အတော်ပင် လျော့နည်းသွားပြီဖြစ်သည်။

သူသည် တိုက်ပွဲကိုကြည့်ရင်း အားမလိုအားမရ ဖြစ်လာလေသည်။

ထို့ကြောင့် သူက အပိတ်ခံထားရသော သွေးကြောများကို အတွင်းအားအသုံးပြုကာ ကြိုးစားဖွင့်လိုက်၏။

သို့သော် ဝမ်လေ့၏သွေးကြောပိတ်ပညာက ထူးဆန်းသည့်အတွက် မည်သို့မျှ ဖွင့်မရပါချေ။

မွန်ယုမှာ ဒေါသထွက်သွားမိ၏။ သူသည် တိုက်ပွဲအား လှမ်းကြည့်လိုက်သည်။

ဝမ်လေ့နှင့် ချူယီဖုံးတို့က အပြင်းအထန် တိုက်ခိုက်နေသည်။

အခန်းတစ်နေရာတွင် မျက်နှာဖုံးစွပ်နှင့် လူတစ်ယောက်က ပါဝင်ကူညီခြင်းမရှိဘဲ ရပ်နေ၏။



မွန်ယုက ဒေါသပိုထွက်သွားသည်။

သူသည် ငေးကြောင်ရပ်သော မျက်နှာဖုံးစွပ်နှင့်လူအား...

"ဟေ့ ... ခင်ဗျားက ဘာငေးနေတာလဲ၊ ဝင်ပြီးတော့ တိုက်ခိုက်ပါတော့လား"

ဟု အော်ဟစ်သတိပေးလိုက်၏။

သို့သော် မျက်နှာဖုံးစွပ်နှင့်လူမှာ မွန်ယု၏အော်ဟစ်သတိပေးသံကို မကြားသည့်အလား တုတ်တုတ်မျှပင် မလှုပ်ချေ။

မွန်ယုက စိတ်တိုလာ၏။

သူသည် ထပ်မံအော်လိုက်သည်။

"မင်း ငေးမနေနဲ့၊ ဒီကောင်လေးကို အပြတ်ရှင်း"

သို့သော် မျက်နှာဖုံးစွပ်နှင့်လူက မလှုပ်ပါ။

မွန်ယုက ...

"မင်း သတ္တိမရှိရင် ကျုပ်ကို သွေးကြောလာဖွင့်ပေး၊ ကျုပ် ဒီကောင်လေးကို ဆုံးမပြမယ်"

ဟု ထပ်အော်လိုက်သည်။

သူက မည်သို့ပင် အော်ဟစ်ပြောဆိုနေသော်လည်း မျက်နှာဖုံးစွပ်နှင့်လူမှာ တွေဝေနေဆဲပင် ဖြစ်ပါသည်။

သူသည် ဘာကိုမျှမကြားသည့်အလား၊ မမြင်သည့်အလား ကျောက်ရုပ်တစ်ခုပမာ ရပ်နေ၏။

သူသည် မကျေနပ်သလိုဖြစ်လာပြီး မျက်နှာဖုံးစွပ်နှင့် လူ

www.burmeseclassic.com

www.burmeseclassic.com



အား ဆဲဆိုကြိမ်းမောင်းလိုက်လေတော့သည်။

✇

"ယား"

ဝမ်လျှေနှင့် သူဌေးကြီးချူယီဖုံးတို့၏တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာလေသည်။

ဝမ်လျှေမှာ သူဌေးသားတစ်ဦးဖြစ်သော်လည်း သိုင်းပညာကို စိတ်ဝင်စားသောကြောင့် ငယ်စဉ်ကပင် သိုင်းပညာကို သင်ကြားခဲ့၏။

ဆရာကောင်းများထံမှ စနစ်တကျသင်ယူခဲ့ခြင်းဖြစ်ရာ သူ၏သိုင်းပညာသည် အရွယ်နှင့်မလိုက်ဖက်အောင် ထက်မြက်လှပေသည်။

ထို့ကြောင့် သူသည် သူဌေးကြီးချူယီဖုံးအား သိုင်းကွက်လေးငါးဆယ်ကွက်အတွင်း အနိုင်ယူနိုင်မည်ဟု ထင်ခဲ့၏။

လက်တွေ့တွင်မူ အထင်နှင့်အမြင်သည် လွန်စွာမှ ခြားနားနေသည်။

သူဌေးကြီးချူယီဖုံးသည် ဝဖြိုးသောခန္ဓာကိုယ်နှင့် မလိုက်အောင် ပေါ့ပါးစွာ လှုပ်ရှားတိုက်ခိုက်နိုင်သည်ကို တွေ့ရ၏။

ထို့အပြင် သူဌေးကြီးချူယီဖုံးမှာလည်း သိုင်းပညာ



အတော်ပင် ထက်မြက်သည်ကို သိလာရသည်။

ထို့ကြောင့် ဝမ်လျှေမှာ သူဌေးကြီးချူယီဖုံးအား အနိုင်ရရှိစေရန် ကြိုးစား၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရလေသည်။

သူဌေးကြီးချူယီဖုံးကလည်း ဝမ်လျှေအား ရှင်းလင်းပစ်ရန် ဆုံးဖြတ်ထားပုံရလေသည်။

သူသည် ဝမ်လျှေအား တရကြမ်းပင် တိုက်ခိုက်နေလေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာ၏။

အချိန်ကြာလာသည်နှင့်အမျှ တိုက်ပွဲအရှိန်အဟုန်က ပို၍ပို၍မြင့်မားလာလေသည်။

သိုင်းကွက်တစ်ရာခန့် ရောက်ရှိလာပြီဖြစ်၏။

သူသည် သိုင်းကွက် တစ်ရာ့ငါးဆယ်မပြည့်ခင် သူဌေးကြီးချူယီဖုံးအား အနိုင်ယူနိုင်ရန်အတွက် သူ တတ်မြောက်ထားသော သိုင်းကွက်များမှ အကောင်းဆုံး သိုင်းကွက်များကို ထုတ်ဖော်တိုက်ခိုက်လိုက်လေသည်။

'ယား'

သူဌေးကြီးချူယီဖုံးမှာ သိုင်းပညာထက်မြက်သည်မှာ မှန်၏။

သို့သော် လေ့ကျင့်မှုပြတ်ကာ စည်းစိမ်ခံစားနေသူတစ်ယောက်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ယှဉ်ပြိုင်တိုက်ခိုက်သောအခါ အချိန်ကြာလာသည်နှင့်အမျှ မောဟိုက်လာ၏။

သိုင်းကွက်များလည်း လျော့ကျလာသည်။

သူသည် တဖြည်းဖြည်း တိုက်ခိုက်မှုပင် မပြုနိုင်ဘဲ ဝမ်လေ့တိုက်ခိုက်သမျှကို ခံရနေသော အနေအထားသို့ ရောက်ရှိလာလေသည်။

သူဌေးကြီးချူယီဖုံးမှာ ရင်ထိတ်လာ၏။

သူ့အခြေအနေ မဟန်တော့သည်ကို ကောင်းစွာသဘော ပေါက်သွားလေသည်။

သူသည် ထိတ်လန့်စွာဖြင့် ...

"ဟေ့ ... မင်းက ဘာလုပ်နေတာလဲ ဝင်တိုက်ပါတော့လား"

ဟု အော်ဟစ်လိုက်လေသည်။

သူဌေးကြီးချူယီဖုံး၏အသံ ထွက်ပေါ်လာသောအခါ ကျောက်ရုပ်ပမာရပ်နေသော မျက်နှာဖုံးစွပ်နှင့်လူမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သူသည် သူဌေးကြီးချူယီဖုံးအား အတော်ပင် ကြောက်ရုံ့ရသည်။

သူဌေးကြီးချူယီဖုံး အသံထွက်ပေါ်လာသည်နှင့် တုံ့ဆိုင်းမနေနိုင်တော့ပါချေ။



မျက်နှာဖုံးစွပ်နှင့်လူမှာ တိုက်ပွဲအတွင်းသို့ ချက်ချင်းပင် ပြေးဝင်လာသည်။

သူသည် ဝမ်လေ့အား ကြည့်လိုက်ပြီး ...

"ဝမ်လေ့ ... ကျုပ်ကို ခွင့်လွှတ်ပါ"

ဟု ပြောလိုက်ပြီး လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ ဝမ်လေ့အား စတင်တိုက်ခိုက်လိုက်လေသည်။

ဝမ်လေ့မှာ မျက်နှာဖုံးစွပ်နှင့်လူ၏ အသံကို ကြားလိုက်ရသောအခါ ထိတ်လန့်သွားသည်။

သူသည် မသဲမကွဲ အသံတစ်ချက်ပြုလိုက်ပြီး ရုတ်တရက် နောက်ကျွမ်းပစ်လိုက်သည်။

ဝမ်လေ့၏ခန္ဓာကိုယ်မှာ တိုက်ပွဲအတွင်းမှ လွတ်ထွက်သွားကာ အခန်းထောင့်တစ်နေရာသို့ ကျရောက်သွားသည်။

ဝမ်လေ့ တိုက်ပွဲအတွင်းမှ ခုန်ထွက်သွားသောကြောင့် သူဌေးကြီးချူယီဖုံးမှာ အကျပ်အတည်းအောက်မှ လွတ်မြောက်သွားလေသည်။

မျက်နှာဖုံးစွပ်နှင့်လူမှာလည်း တစ်ချက်မျှသာ တိုက်ခိုက်ပြီး ဆက်လက်တိုက်ခိုက်ခြင်း မရှိတော့ပါ။

ဝမ်လေ့က ထိုလူများနှင့် အတော်ဝေးဝေးရောက်အောင် နောက်သို့ဆုတ်ခွာပြီးမှ ခြေလှမ်းရပ်တန့်လိုက်သည်။

ထို့နောက် ... သူသည် မျက်နှာဖုံးစွပ်နှင့်လူအား မယုံ

www.burmeseclassic.com

www.burmeseclassic.com



ကြည်နိုင်သလို ကြည့်လိုက်လေသည်။

မျက်နှာဖုံးစွပ်ထားသူက လေသံပျော့ပျောင်းစွာဖြင့် ...

"မင်း ... အံ့ဩသွားတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

ဝမ်လွှေက သက်ပြင်းချလိုက်ပြီး ...

"ဟုတ်ပါတယ်"

မျက်နှာဖုံးစွပ်နှင့်လူက ...

"ကျုပ်လို့ ... မင်းမထင်ဘူး မဟုတ်လား"

ဝမ်လွှေက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ပထမ ဦးသေပြီဆိုတော့ ကျွန်တော် အတော်ပဲ အံ့ဩသွားပါတယ်၊ ဦးကို တစ်ယောက်ယောက်က လုပ်ကြံသတ်ဖြတ်သွားတာလို့တောင် ထင်မိခဲ့ပါတယ်၊ ဦး ဟန်ဆောင်ပစ်ချလိုက်တဲ့ အလောင်းကလည်း ကြေမွပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ် မဟုတ်လား"

"တော်ရုံတန်ရုံနဲ့ ဘယ်သူကမှ ဦးမဟုတ်ဘူးလို့ မငြင်းနိုင်ခဲ့ပါဘူး"

မျက်နှာဖုံးစွပ်ထားသူက ...

"ဟုတ်တယ်၊ ချောက်ထဲကျပြီး သေတယ်ဆိုတော့ အလောင်းဟာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားမှာပေါ့၊ ဒီအလောင်းကို ဘယ်သူက မှတ်မိတော့မှာလဲ"



ဝမ်လွှေက ...

"ဟုတ်ပါတယ်၊ ဒါပေမဲ့ စုံစမ်းရင်းနဲ့ပဲ ဦးဟာ မသေနိုင်ဘူးလို့ ထင်ခဲ့တယ်၊ အခုတော့ ကျွန်တော့်အထင် မှန်နေတာ သိရပါပြီ"

မျက်နှာဖုံးစွပ်နှင့်လူက ...

"မင်းက သိတာတွေ များနေတာ မင်းအတွက် ကံဆိုးတာပဲပေါ့"

ဝမ်လွှေက သက်ပြင်းချလိုက်သည်။

"ဦးကို ရွှေကျားရဲတိုက်ပိုင်ရှင်ဆိုပြီး သိုင်းလောကသားတွေက ဝိုင်းဝန်းပြီး လေးစားကြည်ညိုကြပါတယ်၊ ဦးဟာ သိုင်းလောကမှာ တစ်သက်လုံး သိက္ခာသမာဓိ တည်ကြည်စွာနဲ့ ရပ်တည်လာခဲ့တယ်၊ အမှားတစ်ခုအတွက်နဲ့ နောက်ထပ် အမှားတွေ ဆက်တိုက်ကျူးလွန်ရမယ်ဆိုတာ အဓိပ္ပာယ်မရှိလှပါဘူး"

မျက်နှာဖုံးစွပ်နှင့်လူမှာ ရွှေကျားရဲတိုက်ရှင် အော့ဝါးပင် ဖြစ်သည်။ အော့ဝါးမှာ ဝမ်လွှေ၏စကားကြောင့် တွေဝေနေသည်။

ဝမ်လွှေက ဆက်ပြောလိုက်သည်။

"လောကမှာ ဘယ်သူမှ အမှားနဲ့ မကင်းကြပါဘူး၊ တစ်ခါတစ်ရံ မှားယွင်းတတ်ကြပါတယ်၊ အမှားကို နောင်တရပြီး ဆင်ခြင်ကြည့်တတ်ဖို့ပဲ လိုပါတယ်"

သူ့စကားကြောင့် ရွှေကျားရဲတိုက်ရှင် အော့ဝါးမှာ ငိုင်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လေ့က အော့ဝါးအား ကြည့်လိုက်သည်။ အဖြစ်အပျက်များသည် ရှုပ်ထွေးလှသည်။

သို့သော် ဝမ်လေ့အနေနှင့် အဖြစ်အပျက်အားလုံးကို ခြုံကြည့်ပြီး သဘောပေါက်ခဲ့ပြီ ဖြစ်သည်။

သို့သော် ဖြစ်စဉ်တစ်ခုချင်းကိုမူ ကောင်းစွာ သိခြင်းမရှိပါ။

မကြာမီ သူ မရှင်းလင်းသေးသော အချက်အလက်များ ရှင်းလင်းစွာ သိရတော့မည်ဟု ယုံကြည်၏။

အော့ဝါးထံမှ သက်ပြင်းချသံ ထွက်ပေါ်လာ၏။ အော့ဝါးက မျက်နှာပေါ်မှ ဖုံးအုပ်ထားသော ခေါင်းစွပ်အနက်ကို ဆွဲချွတ်ပစ်လိုက်၏။

သူ၏မျက်နှာမှာ ညှိုးနေ၏။ သူသည် အလွန်စိတ်ထိခိုက်သောလေသံဖြင့် ပြောလိုက်၏။

"ကျုပ်ဟာ ဘဝတစ်လျှောက်လုံး အများရဲ့လေးစားကြည်ညိုမှုကို ခံခဲ့ရပါတယ်၊ အခုတော့ ကျုပ်ဘဝက မျက်နှာမဖော်ရဲတဲ့ အဖြစ်ကို ရောက်ရှိနေရတယ်"

ထိုလူသည် အမှန်တကယ်ပင် ရွှေကျားရဲတိုက်ရှင် အော့ဝါး အစစ်ပင် ဖြစ်ပါသည်။

ရွှေကျားရဲတိုက်ရှင် အော့ဝါး သေဆုံးခြင်း မရှိသေးပါ။

ဤသို့ဆိုရလျှင် ရွှေကျားရဲတိုက် အနောက်ဘက်ချောက်ကမ်းပါးထဲ ကျ၍သေဆုံးခဲ့သူသည် မည်သူဖြစ်ပါသနည်း။



စဉ်းစားစရာပင် ...

ရွှေကျားရဲတိုက်ရှင်၏နောင်တရသောလေသံကို ကြားရလျှင် သူ့ခွေးကြီးချူယီဖုံးက ရင်ထိတ်သွား၏။

သူသည် ကမန်းကတန်း လှမ်းဆော်ပေးလိုက်၏။

"အော့ဝါး ... ခင်ဗျား ဘယ်လိုဖြစ်နေတာလဲ၊ သူ့ကို ရှင်းပစ်ပြီးရင် ကျုပ်တို့ ဘာကိုမှ စိုးရိမ်သောက ရောက်နေစရာမလိုတော့ပါဘူးဗျာ"

ထိုစဉ် ...

'ရှုင်'

"ဟာ"

"အား"

အပြင်ဘက်မှ တိုက်ခိုက်နေသောအသံများ ပို၍ဆူညံစွာ ထွက်ပေါ်နေသည်ကို ကြားလိုက်ရ၏။

အဆောက်အအုံအပြင်ဘက်တွင် ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ပေါ်နေသည်မှာ ကျိန်းသေလှ၏။

ယင်းတိုက်ပွဲက အဘယ်ကြောင့် ပေါ်ပေါက်လာရပါသနည်း။

ဝမ်လေ့မှာ အနည်းငယ် စဉ်းစားလိုက်သည်နှင့် အဖြေသိလိုက်၏။

ဝမ်လေ့က ချူယီဖုံးအား ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ချူယီဖုံး ... ခင်ဗျား လွတ်လိုက်တဲ့လူက သိမ်းငှက်လောက် ချစ်ဆီ သွားလို့မရတော့ဘူး၊ ကျုပ်နောက်မှာ အင်အားတောင့်တင်းတယ်၊ ကျုပ်ကို ကူညီမယ့်လူ အများကြီးရှိတယ်ဆိုတာ ခင်ဗျား သဘောပေါက်ဖို့ ကောင်းတယ်"

သူဌေးကြီးချူယီဖုံး၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သူ၏ရင်ထဲ၌ လေးလံလာ၏။

"မင်း ... မင်း"

သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။

ဝမ်လျှေက ရွှေကျားရဲတိုက်ရှင် အော့ဝါးဘက် လှည့်လိုက်သည်။

"ဦး အပြင်မှာ သိမ်းငှက်လောက်ချစ်နဲ့ အာဏာသားတွေ ရောက်လာကြပါပြီ၊ ဦးတို့ဘက်က လူကို ဟန့်တားတိုက်ခိုက်နေတာ ကြားတယ် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ဦးအနေနဲ့ နောင်တရသင့်ပါပြီ၊ သူတစ်ပါးရဲ့ ချုပ်ကိုင်မှုအောက်မှာ ရုပ်သေးရုပ်လို နေမယ့်အစား အမှန်တရားအတွက် ရင်ဆိုင်လိုက်ပါ၊ ရပ်တည်လိုက်စမ်းပါ"

ရွှေကျားရဲတိုက်ရှင် အော့ဝါးက ...

"စောစောက ထွက်သွားတဲ့လူ ဘယ်သူလဲ မင်းသိရဲ့လား"

ဝမ်လျှေက ခေါင်းခါယမ်းလိုက်၏။

"မသိပါဘူး"

ရွှေကျားရဲတိုက်ရှင်က ...



"အဲဒီလူဟာ မိုးမြေဝိုက်ဇာဲးချုပ်ပဲ"

ဟု တစ်လုံးချင်း ပြောလိုက်၏။

ထိုစကားကြားရသောအခါ ဝမ်လျှေမှာ မျက်လုံးပြူးသွား၏။ သူ၏ရင်ထဲ လေးလံသွား၏။

ရွှေကျားရဲတိုက်ရှင် အော့ဝါးက ...

"မိုးမြေဝိုက်ဇာဲးချုပ်ကို သိမ်းငှက်လောက်ချစ်တို့က ရင်ဆိုင်နိုင်စွမ်း ရှိပါ့မလား"

ဟု မေးလိုက်ပြန်၏။

ဝမ်လျှေက အံကြိတ်လိုက်၏။

"သူ့ကို သိမ်းငှက်လောက်ချစ်က ရင်ဆိုင်နိုင်မှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်၊ ဒါပေမဲ့ သူဌေးကြီးချူယီဖုံးကတော့ သူ့ကို ဟန့်တားနိုင်လိမ့်မယ်၊ ဒီတော့ ကျုပ်က သူဌေးကြီးချူယီဖုံးကို ဖမ်းလိုက်ရုံပေါ့"

ဝမ်လျှေက စကားဆုံးသည်နှင့် သူဌေးကြီးချူယီဖုံးထံသို့ ခုန်အုပ်ကာ ဖမ်းချုပ်လိုက်လေသည်။

သူဌေးကြီးချူယီဖုံးမှာ ကြောင်အမ်းအမ်းဖြစ်နေ၏။

သို့သော် သတိမလွှတ်ပါ။

ဝမ်လျှေက သူ့ထံသို့ ခုန်အုပ်လာသောအခါ အထိတ်တလန့် ဖြစ်သွားပြီး နောက်ဆုတ်ရှောင်တိမ်းပေးလိုက်၏။

ဝမ်လျှေက အလွတ်မပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးချူယီဖုံးထံ အတင်းတိုးဝင်သွားပြီး တရကြမ်း တိုက်ခိုက်လိုက်လေသည်။

"မင်း ... မင်း"

ချူယီဖုံးမှာ စကားဆုံးအောင် မပြောနိုင်ပါ။

ဝမ်လျှေ၏ပြင်းထန်သော တိုက်ခိုက်မှုများကို အသဲအသန် ရှောင်တိမ်းရင်း နောက်သို့ ဆုတ်ပေးနေရ၏။

ဝမ်လျှေက တိုက်ခိုက်အား မလျှော့ပါ။

သူသည် ယခုတစ်ကြိမ်တွင် လက်ဦးမှု ရထားပြီ ဖြစ်၏။

ထို့ကြောင့် အပေါ်စီးမှနေ၍ သူက စိတ်တိုင်းကျ တိုက်ခိုက်နေလေတော့သည်။

တစ်ခဏအတွင်းမှာပင် ...

ဝမ်လျှေ၏တိုက်ခိုက်မှုသည် သူဌေးကြီးချူယီဖုံး၏တစ်ကိုယ်လုံးအား လွှမ်းခြုံသွားလေသည်။

သူဌေးကြီးချူယီဖုံးမှာ အလွန်ထိတ်လန့်သွား၏။

သူသည် ဝမ်လျှေ၏တိုက်ခိုက်မှုအား အသဲအသန် ကာကွယ်နေရ၏။

သူ၏နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ ထွက်ပေါ်လာ၏။

ဤအတိုင်းဆိုလျှင် သိုင်းကွက်ငါးဆယ်ပင်ပြည့်အောင် ခုခံနိုင်မည် မဟုတ်ဟု တွေးလိုက်မိ၏။



သူသည် မတတ်နိုင်သည့်အဆုံး ...

"အော့ဝါး ... ခင်ဗျား ဘာရစ်လုပ်နေတာလဲ၊ ကျုပ် ဒုက္ခရောက်ရင် ခင်ဗျားက ဝိုပြီး ဒုက္ခရောက်မယ်ဆိုတာ နည်းနည်းမှ မသိဘူးလား"

ဟု အော်ဟစ်လိုက်၏။

သို့သော် ယခုတစ်ကြိမ်တွင်မူ ရွှေကျားရဲတိုက်ရှင် အော့ဝါးက တုတ်တုတ်မျှပင် မလှုပ်ပါ။

သူသည် သူဌေးကြီးချူယီဖုံးဘက်မှ ဝင်ရောက်ကူညီခြင်း မရှိဘဲ တွေဝေငေးငိုင်နေ၏။

ချူယီဖုံးမှာ အော့ဝါးအားကြည့်ရင်း ထိတ်လန့်ဒေါသထွက်သွားပြီး ...

"အော့ဝါး ... ကျုပ်ပြော မကြားဘူးလား။ ခင်ဗျား ဒုက္ခရောက်ချင်သလား"

ဟု လှမ်း၍ငြိမ်းခြောက်လိုက်၏။

ဝမ်လျှေက နှာခေါင်းရှုံ့လိုက်ပြီး ...

"ခင်ဗျားကြောင့်သာ ရွှေကျားရဲတိုက်ရှင် ဒုက္ခရောက်ရတာ ကျုပ်က သူ့ကို ဒုက္ခမပေးဘူး၊ သူ့ကို ကျုပ် အလွန်လေးစားကြည်ညိုတယ်၊ ကျုပ်တင်မကဘူး သိမ်းငှက်လောက်ချစ်ဟာလည်း သူ့ရဲ့ မိတ်ဆွေကောင်းတစ်ယောက်ပဲ၊ ဘယ်သူကမှ ကိုယ့်ရဲ့မိတ်ဆွေကို ဒုက္ခရောက်အောင် မလုပ်ကြပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

ဝမ်လေ့ ပြောစကားများသည် ရွှေကျားရဲတိုက်ရှင်၏ အသည်းနှလုံးတည့်တည့်သို့ ထိမှန်သွားသည်။

ရွှေကျားရဲတိုက်ရှင် အော့ဝါး၏မျက်နှာ အနည်းငယ် ဖြူလျော်သွားသည်။

မှန်သည်။ ဝမ်လေ့သည် သူ့အား ဒုက္ခပေးမည် မထင်ပါ။

ထို့အတူ သိမ်းငှက်လောက်ချစ်သည် သူ၏မိတ်ဆွေကောင်းတစ်ယောက်လည်း ဖြစ်သည်။

သူ့အား တစ်ကြိမ်တစ်ခါမှ ဒုက္ခမပေးခဲ့သလို ယခုလည်း သူ့အဖြစ်ကို စာနာနားလည်ကြသည်။

သူ့အား ဒုက္ခပေးကြလိမ့်မည် မဟုတ်ပါ။

သူ့အား တကယ်တမ်း ဒုက္ခတွင်းဆွဲချခဲ့သူမှာ သူဌေးကြီးချူယီဖုံးပင် မဟုတ်ပါလား။ ရွှေကျားရဲတိုက်ရှင် အော့ဝါးက ...

"ကျုပ်ကို ဘယ်သူက ဒုက္ခပေးမယ်ဆိုတာ ကျုပ် ကောင်းကောင်းသိပါပြီ၊ ကျုပ် ဒုက္ခမရောက်ချင်တော့ဘူးဗျ"

ဟု တစ်လုံးချင်း ပြောလိုက်သည်။

ထို့နောက် သူသည် ရုတ်တရက် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာလေတော့သည်။



တိုက်ပွဲအတွင်းသို့ ရွှေကျားရဲတိုက်ရှင်အော့ဝါး ခုန်ဝင်လာပြီ ဖြစ်သည်။

အော့ဝါး ဝင်ရောက်လာသောကြောင့် ဝမ်လေ့မှာ ထိတ်လန့်သွားသည်။

သူသည် တစ်ယောက်ချင်း ရင်ဆိုင်ရန် ဝန်မလေးပါ။

သို့သော် အော့ဝါးနှင့် သူဌေးကြီးချူယီဖုံးနှစ်ယောက်ပေါင်းတိုက်ခိုက်လျှင်မူ မည်သို့မျှ ရင်ဆိုင်နိုင်လိမ့်မည် မဟုတ်ပါ။

ရွှေကျားရဲတိုက်ရှင်အော့ဝါးအား ဖိုင်းလောကသားတို့က လေးစားကြရသည့် အကြောင်းရင်းတွင် သိုင်းပညာ ထူးချွန်သော အချက်သည်လည်း အပါအဝင်ဖြစ်သည်။

ရွှေကျားရဲတိုက်ရှင်အော့ဝါး၏ သိုင်းပညာသည် မိုးမြေဂိုဏ်းချုပ်ထက်ပင် မြင့်မားသည်ဟု ဆိုကြသည်။

မိုးမြေဂိုဏ်းချုပ်၏သိုင်းပညာအဆင့်ကိုပင် ဝမ်လေ့က ရင်ဆိုင်နိုင်ရန် အတော်ကို ကြိုးစားရမည် ဖြစ်သည်။

ရွှေကျားရဲတိုက်ရှင် အော့ဝါးနှင့်ဆိုလျှင် ဆိုဖွယ်ရာပင် မရှိတော့ပါ။

ဝမ်လေ့မှာ မျက်နှာပျက်သွားသည်။

သူသည် သူဌေးကြီးချူယီဖုံးအား ဆက်လက်တိုက်ခိုက်ရန် မစဉ်းနိုင်တော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားရဲတိုက်ရှင်အော့ဝါး တိုက်ပွဲအတွင်း ဝင်လာသည်နှင့် သူက ချက်ချင်း နောက်သို့ဆုတ်ပေးလိုက်သည်။

ဝမ်လေ့ နောက်ဆုတ်သွားသဖြင့် သူဌေးကြီးချူယီဖုံးမှာ ဝမ်လေ့၏လက်မှ ဒုတိယအကြိမ် လွတ်မြောက်သွားလေသည်။

သူဌေးကြီးချူယီဖုံးက ကျေနပ်စွာ ပြုံးလိုက်သည်။

သို့သော် သူ၏အပြုံးက တာရှည်မခံပါ။

တစ်ခဏအတွင်း ပျောက်ကွယ်သွားလေသည်။

အကြောင်းမှာ ...

ရွှေကျားရဲတိုက်ရှင်သည် တိုက်ပွဲအတွင်း ရောက်ရှိလာသည်နှင့် ဝမ်လေ့အား တိုက်ခိုက်ခြင်းမရှိပါ။

သူသည် သူဌေးကြီးချူယီဖုံးအား ရုတ်တရက် တိုက်ခိုက်လိုက်သောကြောင့်ဖြစ်ပေသည်။

သူဌေးကြီးချူယီဖုံးမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ရွှေကျားရဲတိုက်ရှင်အော့ဝါးက ရန်သူဖြစ်သည့် ဝမ်လေ့အား တိုက်ခိုက်ခြင်းမပြုဘဲ သူ့အား အဘယ်ကြောင့် ယခုလို တိုက်ခိုက်လာရသည်ကို စဉ်းစားမရပါချေ။

သို့သော် သူဌေးကြီးချူယီဖုံးသည် စဉ်းစားရန် အချိန်လုံလောက်စွာ မရှိပါချေ။

သူသည် ရွှေကျားရဲတိုက်ရှင်အော့ဝါး၏တိုက်ခိုက်မှုအား ကမန်းကတန်း ရှောင်တိမ်းလိုက်သည်။



ရွှေကျားရဲတိုက်ရှင်အော့ဝါး၏သိုင်းပညာ အလွန်ထက်မြက်သည်မှာ အပြောမဟုတ်ပါ။

လက်တွေ့၌လည်း အလွန်ပင် ထက်မြက်လှကြောင်း ဝမ်လေ့တစ်ယောက် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေသည်။

ရွှေကျားရဲတိုက်ရှင်အော့ဝါက လက်ဝါးတစ်ချက် ဆန့်ထုတ်လိုက်သည်။

သူ၏လက်ဝါးသည် သူဌေးကြီးချူယီဖုံး၏ပခုံးစွန်းအား ကုပ်ဆွဲမည့်ဟန်နှင့် ဝင်ရောက်လာသည်။

ချူယီဖုံးက ပခုံးစွန်းအား နှိမ့်ချ၍ ကိုယ်တစ်ဖက်စောင်းကာ လက်ဝါးနှစ်ဖက် ပြိုင်တူ ဆန့်ထုတ်လိုက်၏။

သို့သော် ရွှေကျားရဲတိုက်ရှင် အော့ဝါး၏လက်ဝါးက ရုတ်ခြည်း ကွေ့ဝိုက်ကာ သူဌေးကြီးချူယီဖုံး၏ရင်ဝကို ရိုက်ချလိုက်လေသည်။

သူဌေးကြီးချူယီဖုံးမှာ ရင်ထိတ်သွားသည်။

သူသည် အလွန်ထိတ်လန့်သွားပြီး ရှောင်ကိမ်းရန် အလျင်အမြန် ကြိုးစားလိုက်လေသည်။

သို့သော် သူ့အတွက် အချိန်က လွန်စွာနောက်ကျသွားပြီဖြစ်သည်။

'ဝုန်း'

အသံတစ်ချက် ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးချူယီဖုံး၏ခန္ဓာကိုယ်မှာ နောက်သို့ လွင့်စဉ်ပြီး ကြမ်းပြင်ပေါ် ပြုတ်ကျသွားလေတော့သည်။

❂

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အခန်းတစ်နေရာတွင် ဝမ်လေ့မှာ ကျောက်ရုပ်တစ်ရုပ်ပမာ မလှုပ်မယှက် ရပ်နေသည်။

သူ၏မျက်လုံးအစုံက ရွှေကျားရဲတိုက်ရှင် အော့ဝါးအား စူးစိုက်၍ ကြည့်နေလေသည်။ ရွှေကျားရဲတိုက်ရှင်ကမူ ဝမ်လေ့အား မကြည့်ပါ။

သူသည် ကြမ်းပြင်တွင် လဲကျနေသော သူဌေးကြီးအား နှိမ့်ရာစက်ဆုပ်သော အကြည့်ဖြင့် ကြည့်နေ၏။

အတန်ကြာမှ ရွှေကျားရဲတိုက်ရှင်အော့ဝါးက ဝမ်လေ့ဘက် လှည့်လာ၏။

"မင်းကြည့်ရတာ အတော်အံ့သြနေတယ်ထင်တယ်"

ဝမ်လေ့ ခေါင်းညိတ်လိုက်၏။

"ဦးလိုလူမျိုးဟာ မတရားမှုကို ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူးလို့ ကျွန်တော် အမြဲယုံကြည်ခဲ့ပါတယ်၊ အခုကိစ္စမှာ ဦး ပါဝင်နေတယ်ဆိုတာ သိရတော့ ကျွန်တော် အတော်ပဲ အံ့သြတုန်



လှုပ်မိပါတယ်"

ရွှေကျားရဲတိုက်ရှင်အော့ဝါးက ...

"ကျုပ် ဘာကြောင့် ပါဝင်ခဲ့ရသလဲဆိုတာ မင်းသိသလား" ဟု မေးလိုက်၏။

ဝမ်လေ့က ...

"ကျွန်တော် ခန့်မှန်းမိသမျှ ပြောပါရစေ"

ရွှေကျားရဲတိုက်ရှင်အော့ဝါးက ...

"ပြောပါ"

ဝမ်လေ့က တစ်ချက်စဉ်းစားလိုက်၏။

ပြီးမှ ...

"ဦးဟာ ... အလွန်ကျော်ကြားတဲ့ လူတစ်ယောက်ဖြစ်တာ မှန်ပေမယ့် ဦးမှာ ဝင်ငွေကောင်းတဲ့ စီးပွားရေးလုပ်ငန်းတွေ မရှိပါဘူး၊ ပြီးတော့ ဦးရဲ့ မျိုးရိုးစဉ်ဆက်တစ်လျှောက် ကြည့်ရင်လည်း ချမ်းသာတဲ့လူတွေ မဟုတ်ကြပြန်ဘူး"

ဝမ်လေ့က စကားဆက်လိုက်၏။

"ဦးဟာ ဝင်ငွေသိပ်မရှိပေမယ့် ထွက်ငွေကတော့ အလွန်များပြားတယ်လို့ ဆိုရမယ်၊ တစ်ခါတစ်ရံ လောင်းကစားမှုများပြားတဲ့ ညှိသည်တွေ၊ ညှိခံစရိတ်၊ ခမ်းနားထည်ဝါတဲ့ ရွှေကျားရဲတိုက် ပြုပြင်ထိန်းသိမ်းဖို့စရိတ်၊ အမှုထမ်းတွေအတွက် စားစရိတ်တွေဟာ အလွန်များပါတယ်၊ ဒီစရိတ်တွေကြောင့် ဦးမှာ အကြွေးတင်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဦး အကြွေးမဆပ်နိုင်တဲ့အခါ သူဌေးကြီးချူယီဖုံးရဲ့ ချုပ်ကိုင်မှုအောက်ကို အလိုလို ရောက်ရှိသွားတာပေါ့"

အောင်ဝါးက ခေါင်းညိတ်လိုက်၏။

"မင်းပြောတဲ့အချက်တွေ တကယ့်ပဲ တစ်ချက်မှ မလွဲခဲ့ပါဘူး"

ဝမ်လျှောက် ...

"ဒါထက် ချောက်ကမ်းပါးထက် ပစ်ချခဲ့တဲ့ အလောင်းက ဘယ်သူများလဲ၊ ဦးရဲ့အဝတ်အစားတွေ ဝတ်ထားပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့ ဒီလူ ဘယ်သူဘယ်ဝါဆိုတာ ဘယ်လိုမှ ခန့်မှန်းလို့ မရဘူး"

အောင်ဝါးက ...

"အဲဒီအလောင်းက တခြားသူမဟုတ်ဘူး၊ ပွဲစားစီဝမ်ဖေးရဲ့အလောင်းပါပဲ"

"ဟောဗျာ"

ဝမ်လျှောမှာ အလွန်အံ့ဩသွား၏။

သူသည် ခေါင်းအသာယမ်းရင်း ...

"ဒီအလောင်းက ပွဲစားစီဝမ်ဖေးရဲ့အလောင်းဖြစ်မယ်လို့ ကျွန်တော် တစ်ခါမှ မတွေးမိခဲ့ဘူး"

ဟု ဝန်ခံလိုက်၏။

အောင်ဝါးက ပြုံးလိုက်၏။



"ဟုတ်ပါတယ်၊ ပွဲစားစီဝမ်ဖေးဟာလည်း သူဌေးကြီးချူယီဖုံးရဲ့အကြံအစည်မှာ ပထမက ပါဝင်ခဲ့တယ်၊ နောက်ပိုင်းကျတော့ သူဟာ ဒီလို မကောင်းမှုကို မလုပ်ရဲဘူး၊ အဖြစ်မှန်ပေါ်ခဲ့ရင်ဆိုတဲ့အတွေးက သူ့ကို အမြဲခြိမ်းခြောက်နေတဲ့အခါ သူက အဖြစ်မှန်တွေကို ဖွင့်ပြောဖို့ ကြံစည်ကြိုးစားခဲ့တယ်၊ ဒါကို သူဌေးကြီးချူယီဖုံးက ရိပ်မိသွားတော့ မိုးမြေဂိုဏ်းချုပ်ကို အမိန့်ပေးပြီး ပွဲစားစီဝမ်ဖေးကို ရှင်းပစ်လိုက်တာပဲ"

ဝမ်လျှောက ခေါင်းညိတ်လိုက်၏။

"ကျွန်တော် ဒီကိစ္စတစ်ခုလုံးကိုတော့ မြှင့်သုံးသပ်အဖြေထုတ်နိုင်ခဲ့ပါတယ်"

အောင်ဝါးက ...

"ဒါပေမဲ့ ဖြစ်ရပ်တစ်ခုချင်းစီကိုတော့ မင်းက ကောင်းကောင်း မသိသေးဘူး မဟုတ်လား"

ဝမ်လျှောက ...

"ဟုတ်ကဲ့၊ ဒီကိစ္စတွေအားလုံး ဦးက ရှင်းပြပါလို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်"

အောင်ဝါးက သက်ပြင်းချလိုက်၏။

"ကောင်းပြီလေ၊ ကျုပ် ဒီကိစ္စတွေ အစအဆုံး ရှင်းပြပါ့မယ်၊ ခင်း ဘယ်ကစပြီး သိချင်သလဲ ပြောပါ"

ဝမ်လျှောက တစ်ချက်စဉ်းစားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ...

"သူဌေးကြီးချူယီဖုံးရဲ့အကြံအစည်ကစပြီး ပြောပြပါ"

ဟု တောင်းဆိုလိုက်၏။

အော့ဝါးက ...

"ကျုပ်နဲ့မွန်ယုဟာ တစ်ခါတစ်ရံမှ လောင်းကစားကြတဲ့ သူတွေပါ။ ဒါပေမဲ့ လောင်းကစားခြင်းက သိတဲ့အတိုင်းပဲ စွဲလမ်းစေတယ်၊ ဒီတော့ ကျုပ်တို့ဟာ မကြာခဏဆိုသလို သူဌေးကြီးချူယီဖုံးရဲ့ ဒေါင်းစိမ်းလောင်းကစားခန်းမကို မကြာခဏ ရောက်ခဲ့ပါတယ်"

ဝမ်လေက ...

"ဦးတို့ ဘာကြောင့် ဒေါင်းစိမ်းလောင်း...ခန်းမတစ်ခုတည်းကိုပဲ သွားကစားရတာလဲ"

အော့ဝါးက ...

"သိုင်းလောကသားတွေက ကျုပ်တို့ကို ခြောက်ပစ်ကင်းတဲ့ လူတွေလို့ သတ်မှတ်ထားကြတော့ လောင်းကစားတာတွေကို လူတွေ မသိစေချင်ဘူးလေ၊ ဒေါင်းစိမ်းလောင်းကစားခန်းမက လျှို့ဝှက်တယ်၊ ပြီးတော့ လောင်းကစားတဲ့လူတွေက သိုင်းလောကနဲ့ မပတ်သက်တဲ့လူတွေဆိုတော့ ကျုပ်တို့ လွတ်လွတ်လပ်လပ် လောင်းကစားလို့ ရတာပေါ့"

ဝမ်လေ့က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ... ဆက်ပြောပါဦး"



အော့ဝါးက ...

"ပထမပိုင်းမှာ ကျုပ်နဲ့မွန်ယုဟာ လောင်းကစားတိုင်း မကြာခဏ အနိုင်ပေါ်ကြတယ်၊ နောက်ပိုင်းကျတော့ ကျုပ်တို့ ရှုံးလာကြတယ်၊ ရှုံးလေ ကစားလေနဲ့ပဲ ကျုပ်တို့ ရှိသမျှကုန်လာခဲ့တယ်၊ ဒီမှာ သူဌေးကြီးချူယီဖုံးက ကျုပ်တို့ကို အတိုးနဲ့ ငွေထုတ်ပေးပြီး ဆက်ကစားစေတယ်"

ဝမ်လေ့က ...

"အကြွေး ဘယ်လောက်တင်ခဲ့သလဲ"

အော့ဝါးက သက်ပြင်းချလိုက်ပြီး ...

"ပြောရင်း မင်း ယုံမှာမဟုတ်ဘူး၊ ကျုပ်တို့ဟာ တစ်ယောက်ကို ရှစ်သောင်းကျော်လောက် အကြွေးတင်ခဲ့ကြတယ်"

ဝမ်လေ့ မျက်လုံးပြူးသွား၏။

"ဒီငွေတွေ ကျုပ်တို့ ဘယ်လိုမှမဆပ်နိုင်တာကို ချူယီဖုံးက သိတော့ ကျုပ်တို့ကို သူ့လက်အောက်ထဲ မသိမသာချုပ်ကိုင်ထားခဲ့တယ်၊ နောက်တော့ မိုးမြေဂိုဏ်းချုပ်ကို သူ့ရဲ့အကြံအစည်ပြောပြပြီး ဝေစုခွဲမယ်ဆိုလို့ ကတိပြုစည်းရုံးလိုက်တယ်၊ မတော်တဆ ဒီကိစ္စထဲမှာ ထိပ်တန်းသိုင်းသမားတွေ ဝင်စွက်လာတဲ့အခါ ရှင်းပစ်ဖို့တာဝန်ကို မိုးမြေဂိုဏ်းချုပ်က ယူပေးရတယ်"

ဝမ်လေ့က ...

"ဟုတ်ကဲ့ ... ဆက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အော့ဝါးက ...

"သူဌေးကြီးကျူယီဖုံးဟာ စီးပွားရေးကောင်းတဲ့လုပ်ငန်းဆို လို့ မည်မည်ရရမရှိပါဘူး။ ဒါကြောင့် သူက သူဌေးကြီးလျှူပင်းတို့ သူဌေးကြီးဝမ်အင်းတို့ကို သိပ်အားကျမနာလိုဖြစ်ခဲ့တယ်၊ နောက်ဆုံး သူဌေးကြီးလျှူပင်းရဲ့ ရတနာကိစ္စကို စုံစမ်းသိရှိသွားခဲ့တယ်"

အော့ဝါးက မောသွားဟန်ဖြင့် ခေတ္တနားလိုက်၏။

ပြီးမှ စကားဆက်လိုက်၏။

"နောက်တော့ သူက သူဌေးကြီးလျှူပင်းအိမ်က မြင်းလှည်း အဖွဲ့ခေါင်းဆောင်ကို ရှင်းပစ်ပြီးတော့ သော့ဝိဇ္ဇာမွှန်ယုကို ရုပ်ဖျက် အစားထိုးလိုက်တယ်၊ သူဌေးကြီးလျှူပင်းရဲ့ရတနာတိုက်က လျှို့ဝှက် သော့တွေနဲ့ စီမံထားပြီး အလွန်လုံခြုံတယ် မဟုတ်လား။ ဒါကြောင့် သော့ဖွင့်ဖို့ သော့ဝိဇ္ဇာမွှန်ယုကို တာဝန်ပေးခဲ့တာပဲ"

ဝမ်လျှေ ပြုံးသွား၏။

သူ၏တွေးတောခန့်မှန်းချက်များ ဤမျှအထိ မှန်ကန်ခဲ့ သည် မဟုတ်ပါလား။

ဝမ်လျှေက ...

"ဒါထက် ဘာကြောင့် အခုကိစ္စမှာ အာမခံဌာနကို ဆွဲသွင်း ရတာလဲ"

ဟု မေးလိုက်၏။

အော့ဝါးက ...



"သူဌေးကြီးလျှူပင်းရဲ့ ရွှေငွေရတနာတွေက အလွန်များ တယ်၊ လူမသိအောင် သယ်သွားဖို့ဆိုတာ မလွယ်ဘူး။ မြင်းလှည်းကို အသုံးပြုပြီး သယ်ရမှာဖြစ်တဲ့အတွက် ခြေရာခံနိုင်ခြင်း မရှိအောင် စီစဉ်ရတယ်လေ"

ဝမ်လျှေက ...

"ဘယ်လိုစီစဉ်တာလဲ"

"သူဌေးကြီးချူယီဖုံးက သိုင်းလောကရတနာပစ္စည်းတွေ ဝယ်တယ်ဆိုပြီး သတင်းလွှင့်လိုက်တယ်၊ အမှန်တော့ ဒီပစ္စည်းတွေ ဟာ အစစ်မရှိပါဘူး၊ အားလုံးဟာ အတုတွေချည်းပါပဲ"

ဝမ်လျှေက မျက်မှောင်ကုတ်သွားသည်။

"ဒါထက် တားနှစ်လက်အာမခံဌာနခေါင်းဆောင်က ပစ္စည်း အစစ်တွေ လက်ခံရတယ်ပြောပါလား"

ရွှေကျားရဲတိုက်ရှင် အော့ဝါးက ပြုံးလိုက်ပြီး ...

"မင်းတို့က တားနှစ်လက်အာမခံဌာနခေါင်းဆောင် တုကျူး ကိုယုံတာ အမှားပဲ"

ဝမ်လျှေက မျက်မှောင်ပိုကုတ်သွား၏။

"ဘာဖြစ်လို့လဲ၊ တားနှစ်လက်အာမခံဌာန ခေါင်းဆောင် တုကျူးဟာ ဦးတို့ဘက်တော်သားဖြစ်နေလို့လား။ ကျွန်တော် စုံစမ်း ကြည့်ရသလောက် တားနှစ်လက်အာမခံဌာနခေါင်းဆောင် တုကျူး ဟာ ဦးတို့လူစုနဲ့ ဆက်စပ်မှုမရှိဘူး၊ ပြီးတော့ သူ့ကို ငွေကြေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးဖို့လည်း မလွယ်ပါဘူး"

အော့ဝါးက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ တုကျူးဟာ တကယ်ကို စည်းရုံးဖို့ မလွယ်တဲ့ လူစားမျိုးပါပဲ'

ဝမ်လေ့က ...

"ဒါဆို ဘာကြောင့် သူ့ကို ကျွန်တော်တို့ ယုံတာ မှားတယ်လို့ ပြောရတာလဲ"

အော့ဝါးက ...

"လက်ရှိအာမခံဌာနခေါင်းဆောင် တုကျူးဆိုတာ မင်းတို့ သိတဲ့ တုကျူးမှ မဟုတ်ဘဲ"

"ဗျာ"

အော့ဝါးက ရှင်းပြလိုက်၏။

"သူတို့က ဓားနှစ်လက်အာမခံဌာနခေါင်းဆောင် တုကျူးကို အလစ်မှာ ဖမ်းချုပ်လိုက်တယ်၊ ပြီးတော့ သော့ဝိဇ္ဇာမွန်ယုရဲ့ တပည့် ပွဲစားစိဝမ်ဖေးရဲ့ သက်တော်စောင့် ကျန်းပေါင်ကို ရုပ်ဖျက်ပြီး အစားထိုးလိုက်တာပဲ"

ဝမ်လေ့မှာ ယခုမှ လစ်ဟာနေသော ကွင်းဆက်တစ်ခု ဆက်မိသွား၏။ ဝမ်လေ့က ...

"ဒါဆိုရင် ဓားနှစ်လက်အာမခံဌာနခေါင်းဆောင် တုကျူး အသက်ရှင်လျက် ရှိသေးသလား"



ဟု မေးလိုက်၏။ အော့ဝါးက ခေါင်းကို ခါယမ်းလိုက်၏။

"မရှိတော့ဘူး"

ဝမ်လေ့ ရင်ထိတ်သွား၏။

အော့ဝါးက ...

"တုကျူးကိုလည်း မိုးမြေဂိုဏ်းသားတွေက သတ်ပစ်လိုက်ကြတာပဲ၊ ပထမတော့ တုကျူးကို စိဝမ်ဖေးရဲ့ မြေအောက်ခန်းမှာ ချုပ်ထားသေးတယ်"

ဝမ်လေ့က ...

"ပွဲစားစိဝမ်ဖေးက ဘယ်လိုလုပ် ..."

အော့ဝါးက ...

"ပွဲစားစိဝမ်ဖေးက မူခင်းတကာယ်ကျူးလွန်ပြီးမှ ကြောက်လန့်လာတယ်လေ၊ သူက ဓားနှစ်လက်အာမခံဌာနကို လှို့ဝှက်စာပို့တယ်၊ သဲလွန်စတွေရအောင် တတ်နိုင်သမျှ ဖန်တီးတယ်၊ သူ့အိမ်အနီးအနားမှာဆိုတော့ သူက လုပ်ချင်တိုင်း လုပ်ခွင့်ရနေခဲ့တယ်"

ဝမ်လေ့က ...

"ဒါကြောင့် သူဌေးကြီးချူယီဖုံးက စိဝမ်ဖေးကို သုတ်သင်ဖို့ အမိန့်ပေးလိုက်တယ် ဆိုပါတော့"

အော့ဝါးက ...

"ဟုတ်တယ်၊ ပွဲစားစိဝမ်ဖေး သွေးရူးသွေးတန်းနဲ့ လုပ်ပုံတွေကြောင့် မကြာခင် အဖြစ်မှန်တွေ ပေါ်ပေါက်သွားနိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ မိုးမြေဂိုဏ်းချုပ်က ပွဲစားစိဝမ်ဖေးကို ဖမ်းပြီး ကျုပ်ထံ ခေါ်လာခဲ့တယ်၊ ကျုပ်ကလည်း သူတို့ကို မလွန်ဆန်နိုင်တော့ ဝှက်ထားပေးရတယ်"

ဝမ်လှေ့က ...

"ဒါဆို စိဝမ်ဖေးအလောင်းဆိုပြီး ထားခဲ့တဲ့အလောင်းကကော ဘယ်သူ့အလောင်းလဲ"

ဟု မေးလိုက်၏။

အောဝါးက ...

"အဲဒီအလောင်းက ဓားနှစ်လက်အာမခံဌာနခေါင်းဆောင် တုကျူးရဲ့အလောင်းပါ၊ သူ့ကို စိဝမ်ဖေးရဲ့လျှို့ဝှက်မြေအောက်ခန်းမှာ ချုပ်ထားရာက အခြေအနေမဟန်လို့ ရှင်းပစ်လိုက်တယ်၊ ပြီးတော့ သဲလွန်စ ရှာမရအောင် ပွဲစားစိဝမ်ဖေးရဲ့တစ်အိမ်လုံးကို သတ်ပစ်ပြီးတော့ တုကျူးအလောင်းကို ပွဲစားစိဝမ်ဖေးရဲ့အလောင်းလို့ ထင်အောင် ဖန်တီးထားတာပဲ"

ဟု ရှင်းပြလိုက်လေသည်။

ဝမ်လှေ့က ...

"ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပြီ၊ တုကျူးအလောင်းက ပွဲစားစိဝမ်ဖေးအလောင်းအတုဖြစ်တယ်၊ ပြီးတော့ ပွဲစားစိဝမ်ဖေးအလောင်းက ဦးရဲ့အလောင်းတု ဖြစ်ခဲ့တာပေါ့"

အောဝါးက ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်"

ဝမ်လှေ့က ...

"ဒါထက် ဦးတို့ခိုးယူလာတဲ့ ရတနာကို ပွဲစားစိဝမ်ဖေးအိမ်မှာ ခွေးဝှက်ထားခဲ့ကြသေးတယ် မဟုတ်လား"

ဟု မေးလိုက်၏။

အောဝါးက အံ့ဩသွားပြီး ...

"မင်း ဘယ်လိုသိတာလဲ"

ဟု ပြန်မေးလိုက်၏။

ဝမ်လှေ့က ...

"ပွဲစားစိဝမ်ဖေးက သဲလွန်စရအောင် စာတစ်စောင်ပို့လိုက်တယ် မဟုတ်လား၊ အဲဒီစာအရ ပွဲစားစိဝမ်ဖေးအိမ်ကို ဝင်ရှာတဲ့အခါ မြေအောက်ခန်းကို ရှာတွေ့ခဲ့တယ်၊ အဲဒီမြေအောက်ခန်းထဲမှာ လူတစ်ယောက် ချည်နှောင်ခဲ့တဲ့ အထောက်အထား တွေ့ခဲ့ရတယ်၊ ပြီးတော့ ရွှေတုံးကလေးတစ်တုံးကိုလည်း မမျှော်လင့်ဘဲ တွေ့ခဲ့ရတယ်လေ"

အောဝါးက သက်ပြင်းချလိုက်၏။

"ရွှေတုံးကလေးမှာ အမှတ်အသား ပြုလုပ်ထားတယ် မဟုတ်လား"

ဝမ်လှေ့က ...

"ဟုတ်ကဲ့၊ အမှတ်တံဆိပ် တပ်ထားတဲ့ပုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



အော့ဝါးက ...

"အဲဒါ သူဌေးကြီး လှူပွင်းရဲ့ပစ္စည်းပါပဲ"

ဝမ်လျှေက ...

"ဒါထက် ကျွန်တော် တစ်ခုမေးပါရစေ"

အော့ဝါးက ...

"မေးပါ ... မေးပါ"

ဝမ်လျှေက ...

"ကျွန်းပေါင်ကို စားနစ်လက်အာမခံဌာနခေါင်းဆောင် တုကျူးနေရာမှာ ရုပ်ဖျက်အစားထိုးထားတာကို ဘယ်သူကမှ မရိပ်မိကြဘူးလား"

အော့ဝါးက ...

"ဒါက ဒီလိုရှိတယ်၊ သူဌေးကြီးချူက အစီအစဉ် စ,ဆွဲကတည်းက ကျွန်းပေါင်ကို တုကျူးနဲ့မနီးမဝေးမှာ ရှိစေပြီး အပြောအဆို အမူအရာတွေ အရင်လေ့ကျင့်ခိုင်းခဲ့တာ၊ ကျွန်းပေါင်ကလည်း တုကျူး အစစ်နီးပါး တူအောင်လုပ်နိုင်ခဲ့တယ်၊ ပြီးတော့ ရက်တရက် ပြဿနာ တက်လာတဲ့အခါ ဒီကိစ္စက အားလုံးမစဉ်းစားမိတဲ့ အသေးအဖွဲ့အချက်ထဲ ပါဝင်သွားပြီလေ"

ဝမ်လျှေက ခေါင်းညိတ်လိုက်၏။

ယခု ရှုပ်ထွေးလှသော အဖြစ်အပျက်ကို တစ်ခုပြီးတစ်ခု ရှင်းလင်းကာ အကြောင်း ပေါ်ပေါက်လာခဲ့ပြီ ဖြစ်၏။



သူဌေးကြီးချူ့ယိဖုံးမှာ ညာဏ်သွားလှ၏။

သူသည် သူ၏အစီအစဉ်များ အကွက်ကျကျ မြင်အောင် စနစ်တကျ ဆောင်ရွက်နိုင်ခဲ့၏။

သူသည် ထိုအစီအစဉ်များတွင် ပါဝင်ရမည့် သူများကို လည်း ရွေးချယ်ပြီး ကောင်းစွာကြိုးကိုင်နိုင်ခဲ့၏။

အကယ်၍သာ သိမ်းငှက်လောက်ချစ်အား မည်သူမျှ အကူ မတောင်းခဲ့လျှင် သို့တည်းမဟုတ် ...

သူနှင့် စားနစ်လက်အာမခံဌာနယန့်တာတို့ မိတ်ဆွေမဖြစ်ခဲ့လျှင် ...

သို့တည်းမဟုတ် ...

မိုးမြေဂိုဏ်းချုပ်နှင့် သိမ်းငှက်လောက်ချစ် တိုက်ခိုက်စဉ်က သူ ဝင်မစွက်ဘဲနေခဲ့၍ သိမ်းငှက်လောက်ချစ်နှင့် သူသာ မသိကျွမ်းခဲ့လျှင် ...

ထိုအဖြစ်အပျက်များသည် ယခုလိုမြန်ဆန်စွာ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပါချေ။

ဝမ်လျှေက တွေးရင်းမှ မွန်ယူက သူ၏ကျွမ်းစာအုပ်ပျောက်ကြောင်း သိမ်းငှက်လောက်ချစ်အား တိုင်ကြားပြီး အကူအညီတောင်းခိုင်းရပါသနည်းဟု တွေးလိုက်မိ၏။ ဝမ်လျှေက ...

"ဘာကိစ္စကြောင့် ဦးတို့က သိမ်းငှက်လောက်ချစ်ကို ဒီကိစ္စထဲ ဆွဲသွင်းလိုက်ရတာလဲ၊ သိမ်းငှက်လောက်ချစ်သာ ဒီအမှုတွေ

www.burmeseclassic.com

www.burmeseclassic.com



အကူအညီမတောင်းခဲ့ရင် တစ်မျိုးတစ်ဖုံ ဖြစ်လာစရာ အကြောင်းရှိပါတယ်”

ဟု မေးလိုက်၏။

အော့ဝါးက ...

“မွန်ယူအနေနဲ့ ဒီကိစ္စမျိုးမှာ သူ့ရဲ့ကျမ်းစာအုပ် ပျောက်တယ်လို့ မပြောရင် ပထမဆုံး သူဟာ တရားခံလို့ သံသယဝင်လာစရာရှိတယ်၊ သူ့ရဲ့ကျမ်းစာအုပ် ပျောက်တယ်ဆိုမှ သူ့ကျမ်းစာအုပ် အသုံးပြုသူတစ်ဦးလို့ ထင်ပြီး ရေလိုက်လွဲသွားစေချင်တယ်၊ အမှုရှုပ်ထွေးပြီး အချိန်တွေ ဝိုကြာသွားစေချင်တဲ့ သဘောကြောင့်ပဲ”

ဝမ်လှေက ...

“ဒါဆို ဓားနှစ်လက်အာမခံဌာနကို ဒီကိစ္စထဲ ထည့်သွင်းလိုက်တာကတော့”

အော့ဝါးက ...

“ဒါလည်း အတူတူပဲ၊ အမှုတွေများမှ လောက်ချစ်အနေနဲ့ ဘယ်အမှုကို ရှင်းရမှန်းမသိ ဖြစ်သွားမယ်လေ၊ ပြီးတော့ ကျုပ်တို့က ဓားနှစ်လက်အာမခံဌာနကိုလည်း အသုံးပြုရမယ့်ကိစ္စက ရှိသေးတာကိုး”

ဝမ်လှေက ...

“ရတနာ သယ်ဖို့လား”

အော့ဝါးက ...



“ဟုတ်တယ်၊ သူဌေးကြီးလျူပင်းထံက ဦး ယူလာခဲ့တဲ့ ရတနာတွေကို ပွဲစားစီဝမ်ဖေးဆီမှာ ခဏဝှက်ထားတယ်၊ အဲဒီကနေ သူဌေးကြီးကျူးယီဖုံးထံ အရောက်ပို့ပေးဖို့ရာ မြင်းလှည်းကို အသုံးပြုရတော့မယ်၊ ဒီတော့ တခြားမြင်းလှည်းကို သုံးရင် ခြေရာကျန်နိုင်တဲ့အတွက် တစ်ဖက်လှည့်နဲ့ စီစဉ်ပြီး ဓားနှစ်လက်အာမခံဌာနကို ငှားရမ်းတယ်၊ ရတနာပစ္စည်းတွေ သယ်မယ်လို့ပြောပြီး သေတ္တာအတုဆိုတာတွေမှာ ရတနာတွေထည့်ပြီး အားလုံးမျက်စိရှေ့မှောက်က သယ်လာခဲ့တယ်၊ ဒီလိုသယ်သွားတာကို ဘယ်သူမှ သံသယဝင်မှာ မဟုတ်ဘူး”

ဝမ်လှေက ...

“မှန်ပါတယ်၊ ရိုးရိုးတန်းတန်းသာ ရှေးဟောင်းပစ္စည်းတွေ လက်ခံရတယ်ဆိုခဲ့ရင် ဒီကိစ္စဟာ ပေါ်ပေါက်ဖို့ မလွယ်ဘူးဗျ”

အော့ဝါးက ...

“ဟုတ်ပါတယ်၊ ခက်တာက တုကျူးနေရာ ဟန်ဆောင်ထားတဲ့ ကျန်းပေါင်က ရှိသေးတယ်။ သူ့အတွက် အခက်အခဲတွေ ရှိလာနိုင်တယ်”

ဝမ်လှေက ...

“ဘာကြောင့်လဲ”

အော့ဝါးက ...

“ကျန်းပေါင်က တုကျူးအတုပဲ၊ သူဟာ ဘယ်လောက် တုပ

www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာလဲ၊ လှေကျှင်ထားတယ်ဆိုတာကလည်း ရက်ကြာရှည်တာ မဟုတ်ဘူး။ သူနဲ့ တုကျူးရဲ့ ကွဲပြားမှုတွေ အများကြီးရှိတယ်၊ ဒါကြောင့် မကြာခင် သူဟာ တုကျူးအတုဆိုတာ ပေါ်သွားမှာပဲ၊ တကယ်လို့ သူက ထွက်ပြေးမယ်ဆိုရင်လည်း အာမခံဌာနကလူတွေက ဘာမသိညာမသိနဲ့ လိုက်ရှာကြမယ်၊ နောက်ဆုံး ပို့ဆောင်ပေးရတဲ့ ပစ္စည်းတွေနဲ့ ပတ်သက်နေမယ်လို့ တွေးတောစရာတွေဖြစ်လာနိုင်တယ်၊ အဲဒီကစပြီး ခြေရာခံရင်းကနေ အဖြစ်မှန်တွေ ပေါ်ပေါက်သွားနိုင်တယ် မဟုတ်လား"

ဝမ်လွေ ခေါင်းညိတ်လိုက်သည်။

သူဌေးကြီးချူယီဖုံး၏ကြိုတင်တွေးတောကြံဆမှုများက ချီးကျူးဖွယ်ရာပင် မဟုတ်ပါလား။

သူ၏ဉာဏ်ရည်သည် အတော်ပင် မြင့်မားလှ၏။

အော့ဝါးက ဆက်ပြောလိုက်သည်။

"ဒါကြောင့် သူဌေးကြီးချူယီဖုံးက ပစ္စည်းအတုတွေဖြစ်နေတယ်လို့ ဖန်တီးလိုက်တယ်၊ အမှန်တော့ ပစ္စည်းတွေက အစကတည်းက အတုတွေပဲ၊ အတုတွေကို အတုလို့ ပြောတာ တကယ်ကို လွယ်ပါတယ်၊ တကယ်လို့ ပစ္စည်းပျောက်မှုအတွက် အာမခံဌာနက လူတွေက ငြိမ်ပြီး လျော်ကြေးပေးမှာမဟုတ်ဘူး၊ တတ်နိုင်သလောက် စုံစမ်းကြမယ်၊ ပြီးတော့ သိမ်းငှက်လောက်ချစ်ထံကိုသွားပြီး အကူအညီတောင်းကြမှာပဲ"



ဝမ်လွေ ခေါင်းညိတ်လိုက်၏။

"တကယ်လည်း အစ်ကိုလောက်ချစ်ထံကိုလာပြီး အကူအညီတောင်းကြတာပဲ"

အော့ဝါးက ...

"အဲဒီမှာ သဲလွန်စရှာရခက်အောင် ပစ္စည်းသုံးမျိုးထဲက တစ်ခုသာ အစစ်ဖြစ်တယ်လို့ ကြေညာလိုက်တယ်လေ၊ မှုခင်းတစ်ခုလုံး ပိုပြီးရှုပ်ထွေးသွားအောင်လို့ပေါ့"

ဝမ်လွေက ...

"ဟုတ်ကဲ့၊ သူဌေးကြီးချူယီဖုံးတွေးသမျှ မှန်ကန်ခဲ့ပြီး ဒီတစ်ချက်ကမှ လွဲသွားပါတယ်"

အော့ဝါးက ...

"ဘာဖြစ်လို့လဲ"

ဝမ်လွေက ...

"ဒီအချက်ဟာ မှုခင်းကို မရှုပ်ထွေးစေဘဲနဲ့ ပိုပြီးတော့ သံသယဝင်စရာတွေ ဖြစ်လာခဲ့တယ်၊ ဒီအချက်ပေါ်မှာ အခြေခံပြီးတော့ ဖြေရှင်းလိုက်တဲ့အခါမှာ အဖြေမှန်ရောက်အောင် စုံစမ်းနိုင်ခဲ့တာပါပဲ"

ဟု ပြောလိုက်သည်။ အော့ဝါးအား ...

"ကောင်းပြီ၊ မင်းတို့အားလုံး သိပြီးပါပြီ၊ ဒါကြောင့် ဘာ ဆက်လုပ်မယ်လို့ စိတ်ကူးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

ဝမ်လွေက …

"ဒီလူတွေဟာ ဒုစရိုက်သမားတွေပဲ၊ သူတို့ကို သက်ဆိုင်ရာလက်ထဲအပ်ပြီး တရားဥပဒေအရ အရေးယူနိုင်းရမှာပေါ့"

အော့ဝါးက …

"ကောင်းပြီ၊ ကျုပ်ကိုကော …"

ဝမ်လွေမှာ မည်သို့ပြန်ပြောရမှန်းမသိ ဖြစ်သွား၏။

ထို့ကြောင့် ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ထိုစဉ်မှာပင် …

"ခင်ဗျားကတော့ သေရမှာပေါ့"

အေးစက်သောစကားသံတစ်ချက် ထွက်ပေါ်လာ၏။

စကားသံနှင့်အတူ အလင်းရောင်တစ်ချက် လင်းသွားပြီး အော့ဝါး၏နောက်ကျောသို့ ဓားပါးကလေးတစ်လက် ပစ်လွှင့်လာသည်။

အော့ဝါးမှာ သတိမပြုမိပါ။

သူ သတိဝင်လာပြီး ရှောင်တိမ်းလိုက်သော်လည်း နောက်ကျသွားသည်။

ဓားပါးကလေးက ရွှေကျားရဲတိုက်ရှင်အော့ဝါး၏နောက်ကျောအား တည့်မတ်စွာ စိုက်ဝင်သွားလေသည်။

'အွန့်'



ရွှေကျားရဲတိုက်ရှင် အော့ဝါးက မသဲမကွဲတစ်ချက် ညည်းညူလိုက်သည်။

နာကျင်လွန်းသော ဝေဒနာကို ခံစားလိုက်ရသောကြောင့် သူ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားလေသည်။

နောက်လှည့်ကြည့်ရန် ဆုံးဖြတ်လိုက်သော်လည်း သူ၏ခွန်အားများက ရုတ်ခြည်း ယုတ်လျော့သွား၏။

ခန္ဓာကိုယ်သည် ဆတ်ခနဲ တစ်ချက်တွန့်သွား၏။

ထို့နောက် အော့ဝါး၏ခန္ဓာကိုယ်မှာ ခွေခေါက်ကာ ကြမ်းပြင်ပေါ် ပြိုလဲကျသွားလေတော့သည်။

ဝမ်လွေမှာ ထိတ်လန့်သွား၏။ အခန်းတွင်း၌ ရန်သူတစ်ယောက်ရှိနေပြီ ဖြစ်သည်။

သူသည် ဓားပါးကလေးပစ်လွှင့်လာရာဘက်သို့ လှမ်း၍ကြည့်လိုက်လေသည်။

ကြမ်းပြင်ပေါ်တွင် လဲကျနေသူ တစ်ဦးရှိသည်။

သူ သွေးကြောပိတ်ထားသော သော့ဝိဇ္ဇာမွန်ယုဖြစ်လေသည်။

ထိုမှအပ အခြားမည်သူမျှ မတွေ့ရပါ။

ဝမ်လွေ မျက်မှောင်ကုတ်သွားသည်။

ဤသို့ဆိုလျှင် မည်သူက ဓားပါးကလေးအား ပစ်လွှတ်လိုက်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



အဖြေမရှိပါ။

သို့သော် မကြာခင် အဖြေပေါ်လာ၏။

ဝမ်လေ့ သွေးကြောပိတ်ထားခဲ့သော သော့ဝိဇ္ဇာမွန်ယုသည် ကြမ်းပြင်ပေါ် လဲလျောင်းနေရာမှ တဖြည်းဖြည်း ထရပ်လာခဲ့ပြီ မဟုတ်ပါလော။

✇

အပြင်ဘက်မှ ရှည်သော တိုက်ခိုက်သံများ ယခုအထိ မစဲသေးဘဲ ထွက်ပေါ်နေသည်။

ထိုအသံများကို နားထောင်ကြည့်ရုံဖြင့် တိုက်ပွဲမှာ ပြင်းထန်ပြီး အလွန်မြင့်မားသော အရှိန်အဟုန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိသာနိုင်ပေသည်။

ဝမ်လေ့မှာ အပြင်ဘက်မှ တိုက်ခိုက်သံများကို ဂရုစိုက်နားထောင်မနေနိုင်ပါချေ။

သူသည် တဖြည်းဖြည်း ထရပ်လာသော မွန်ယုအား မျက်တောင်မခတ်ဘဲ ကြည့်နေသည်။

မွန်ယုအား သူက သူ၏မူပိုင်သွေးကြောပိတ်ပညာဖြင့် သွေးကြောများ ပိတ်ထားခဲ့သည်။

သို့သော် ယခု မွန်ယုမှာ ထိုပိတ်ထားသော သွေးကြောများ



ကို အတွင်းအား အသုံးပြုကာ ဖွင့်နိုင်ခဲ့ပြီ ဖြစ်ပေသည်။

မွန်ယုသည် အတွင်းအားပညာ အလွန်ကောင်းသော လူတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်ပေသည်။

ဝမ်လေ့က သက်ပြင်းချလိုက်၏။

"လက်စသတ်တော့ ခင်ဗျားကို ကျုပ်က တစ်ခါတည်း သတ်ပစ်လိုက်ဖို့ ကောင်းတယ်၊ အခုတော့ ခင်ဗျားကြောင့် နောင်တရလာတဲ့လူကောင်းတစ်ယောက် အသက်ဆုံးရှုံးရပြီ"

ဟု နာကြည်းစွာ ပြောလိုက်သည်။

မွန်ယုက ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... မင်းက ကျုပ်ကို သတ်နိုင်မလား၊ ကျုပ်က မင်းကို သတ်နိုင်မလား ကြည့်ကြတာပေါ့"

ဝမ်လေ့က ...

"ခင်ဗျား အသက်ကြီးပါပြီ၊ ဘာကြောင့် နောင်တမရဘဲ ဆက်ပြီးမိုက်မဲချင်ရတာလဲ"

မွန်ယုက ...

"ဘာလဲ ... ကျုပ်က မင်းစီစဉ်သလို အရှက်ကွဲခံပြီး အာဏာပိုင်တွေလက်ထဲ အရောက်ခံမယ်ထင်သလား၊ မင်းကို သတ်ပြီးမှသာ သွားချင်သွားမယ်ကွ"

ဟု ကြုံးဝါးလိုက်၏။

ဝမ်လေ့ သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူဌေးကြီးချူယီဖုံးဘက်သို့ မသိမသာ လှမ်း၍ အကဲခတ်ကြည့်လိုက်လေသည်။

သူဌေးကြီးချူယီဖုံးမှာ အော့ဝါး၏လက်ဝါးချက်ထိမှန်ကာ ဒဏ်ရာပြင်းထန်စွာရပြီး ကြမ်းပြင်ပေါ်တွင် လဲကျနေသည်။

အသက်သေဆုံးသွားခြင်း မရှိသေးသော်လည်း ထလာနိုင်မည့်ပုံဟန် မရှိတော့ပါချေ။

အော့ဝါး၏လက်ဝါး ထိမှန်သူအနေနှင့် ပြင်းထန်သော အတွင်းဒဏ်ရာရရှိသွားမည်မှာ သေချာလှပေသည်။

ဝမ်လွှေက အော့ဝါးဘက်သို့ တစ်ချက် ကြည့်လိုက်ပြန်သည်။

အော့ဝါးမှာ ကြမ်းပြင်ပေါ် လဲကျနေ၏။

သူသည် မွန်ယုလက်ချက်ဖြင့် သေဆုံးနေပြီ ဖြစ်ပါသည်။

ဝမ်လွှေက အံတင်းတင်းကြိတ်လိုက်၏။

"ကောင်းပြီ၊ ကျုပ်က ခင်ဗျားကို မသတ်ခဲ့တာ ကျုပ်အမှားပဲ၊ ဒီတစ်ကြိမ် ခင်ဗျားအတွက် အခွင့်အရေးဆိုတာ မရှိစေရဘူး"

မွန်ယုက ...

"မင်းက ကျုပ်ကို သတ်နိုင်မလား၊ ကျုပ်ကသာ မင်းကို သတ်ပြမယ်"

ဝမ်လွှေက ...

"စမ်းကြည့်ကြတာပေါ့"



သူသည် စကားဆုံးသည်နှင့် မွန်ယုထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာ၏။

ဝမ်လွှေနှင့် မွန်ယုတို့မှာ သူသေကိုယ်သေ သဲကြီးမဲကြီး တိုက်ခိုက်နေကြ၏။

မွန်ယုမှာ ဝမ်လွှေအား ရှင်းပစ်နိုင်မှသာ သူသည် ဤမှုခင်းမှ လွတ်မြောက်အောင် ရုန်းထွက်နိုင်မည်ဟု တွေးတောထားသည်။

ထို့ကြောင့် ဝမ်လွှေအား အသေသတ်ရန်သာ တရကြမ်း တိုက်ခိုက်နေခြင်း ဖြစ်ပါသည်။

ဝမ်လွှေကလည်း လက်မလျှော့ပါ။

သူသည် နောင်တရလာသော အော့ဝါးအား မွန်ယုက အလစ်လုပ်ကြံလိုက်မှုကို ဒေါသထွက်နေ၏။

မွန်ယုအား အလွန်ရွံရှာစက်ဆုပ်နေမိ၏။

သူ၏တစ်သက်တာတွင် ဤမျှမုန်းတီးစက်ဆုပ်မှုမျိုးကို တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးပါချေ။

ထို့ကြောင့် ဝမ်လွှေ၏တိုက်ခိုက်မှုများမှာလည်း အလွန်ပင် ပြင်းထန်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လှေနှင့်မွန်ယုတို့မှာ လျှင်မြန်စွာ တိုက်ခိုက်ရင်း တစ်ယောက်နှင့်တစ်ယောက် ဟာကွက်ကို ချောင်းမြောင်းနေကြသည်။

ဤသို့ဖြင့် တိုက်ခိုက်လာရာ သိုင်းကွက်ငါးဆယ်ကျော်လာခဲ့၏။

မည်သူကမျှ အသာမရကြပါ။ လက်ရည်တူညီနေသလိုရှိနေ၏။

သိုင်းလောကတွင် လက်ရည်တူသူနှစ်ယောက် ယှဉ်ပြိုင်ပါက အချိန်အလွန်ပင် ကြာမြင့်တတ်သည်။

တစ်ခါတစ်ရံ ယှဉ်ပြိုင်တိုက်ခိုက်မှုသည် နောက်တစ်နေ့သို့ပင် ကူးသွားတတ်ကြောင်း ဝမ်လှေ ကြားဖူးထား၏။

ထို့ကြောင့် ဝမ်လှေမှာ မွန်ယုအား အနိုင်ယူနိုင်ရန် ဉာဏ်ကူမှ ဖြစ်တော့မည်ကို သဘောပေါက်လာ၏။

သူက စဉ်းစားတိုက်ခိုက်ရင်းမှ ကြမ်းပြင်မှ မြေတွင်းအပေါက်ကို သတိပြုမိသွား၏။

ဝမ်လှေက စိတ်ဓာတ်တက်ကြွသွားသည်။

သူသည် ထိုအပေါက်ဘက်သို့ရောက်အောင် မွန်ယုအားမျှား၍ခေါ်လာခဲ့လေသည်။ မွန်ယုက ဝမ်လှေ၏အကြံကို မသိပါ။

သူသည် ဝမ်လှေအား သတ်ရန်သာ စိတ်ကူးနေသည်။

ထို့ကြောင့် ဝမ်လှေ၏နောက်မှ တရကြမ်း လိုက်လံတိုက်ခိုက်လိုက်သည်။



ဝမ်လှေမှာ ထိုအပေါက်အနီးအရောက်တွင် ရုတ်တရက်သော့ဝိစွာမွန်ယုအား တိုက်ခိုက်ရင်း နေရာပြောင်းလဲလိုက်သည်။

ထို့နောက် သူသည် ရှေ့သို့ ခုန်အုပ်လိုက်သည်။

ဝမ်လှေက ရိုးရိုးခုန်အုပ်ခြင်း မဟုတ်ပါ။

ကြမ်းပြင်တွင် လျှောတိုးကာ မွန်ယု၏ခြေထောက်အား တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါသည်။

တစ်ဆက်တည်းပင် ခြေနှစ်ချောင်းကလည်း ကင်းမြီးကောက်ထောင်သည့်အသွင်ဖြင့် မွန်ယု၏အပေါ်ပိုင်းကို တိုက်ခိုက်လိုက်သည်။

ဝမ်လှေ၏တိုက်ခိုက်မှုက ထူးဆန်းလှသည်။

မွန်ယုမှာ ထိတ်လန့်သွားပြီး နောက်သို့ ဆုတ်လိုက်သည်။

သူသည် ဝမ်လှေ၏တိုက်ခိုက်မှုအောက်မှ လွတ်မြောက်အောင် ရှောင်တိမ်းနိုင်လိုက်၏။

သို့သော် သူ့ ခြေချစရာ ကြမ်းပြင် မရှိပါ။

မွန်ယုမှာ ထိတ်လန့်သွား၏။

သူက ကမန်းကတန်း အပေါ်သို့ ခုန်တက်လိုက်သော်လည်း သူ၏ခန္ဓာကိုယ်က အောက်သို့သာ ထိုးစိုက်ကျသွားလေတော့သည်။

"အား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်လေ့က အပြင်ဘက်သို့ ပြေးထွက်လာ၏။

အပြင်ဘက်တွင် တိုက်ပွဲက ပြီးဆုံးနေပြီ ဖြစ်၏။

လောင်ချစ်ဦးဆောင်သော အာဏာသားများက ချူယီဖုံး၏တပည့်များကို ဖမ်းဆီးနိုင်လိုက်ပြီဖြစ်၏။

လောက်ချစ်မှာ ဝမ်လေ့အား တွေ့သောအခါ ဝမ်းသာအားရ ပြေးလာ၏။

"ညီလေး ဘာမှမဖြစ်ဘူးနော်"

ဝမ်လေ့က ...

"ဟုတ်ကဲ့၊ ဒါထက် အစ်ကိုက ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

လောက်ချစ်က ရယ်မောလိုက်၏။

"သူဌေးကြီးချူယီဖုံးရဲ့အကြံကို ကျူပ်က ကောင်းကောင်းရိပ်စားမိခဲ့ပါတယ်၊ ဒါကြောင့် ခွန်းလွန်ကိုဏ်းချုပ်နဲ့ဆရာတော်ဇွေခုံးတို့ကို အကူအညီတောင်းပြီး ဒီကို အမြန်ဆုံး လိုက်လာခဲ့တာပဲ"

ဝမ်လေ့က ...

"ဒါထက် မိုးမြေဂိုဏ်းချုပ်ကို တွေ့သလား၊ သူက အစ်ကိုတို့ကို လုပ်ကြံဖို့ ထွက်သွားတယ်"

လောက်ချစ်က ...

"တွေ့ပါတယ်၊ သူ ဒီကအထွက်မှာပဲ သူ့ကို ဟန့်တားနိုင်ခဲ့ပါတယ်"



ဝမ်လေ့ နားလည်လိုက်၏။

မိုးမြေဂိုဏ်းချုပ်အား ဆရာတော်ဇွေခုံးနှင့်ခွန်းလွန်ဂိုဏ်းချုပ်တို့က ဟန့်တားရှင်းလင်းလိုက်ခြင်း ဖြစ်သည် မဟုတ်ပါလော။

ဝမ်လေ့က အဖြစ်အပျက်များကို ရှင်းပြလိုက်၏။

လောက်ချစ်က ...

"ကဲ ... ညီလေး အနားယူလိုက်ပါဦး၊ အစ်ကိုက သူတို့တွေကို အရေးယူဖို့ စီစဉ်လိုက်ဦးမယ်"

❂

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာများအားလုံး အေးချမ်းသွားပြီ ဖြစ်ပါသည်။

အာဏာသားလောက်ချစ်မှာ သူဌေးကြီးချူယီဖုံးတို့လူစုအား ဥပဒေအောက်သို့ ပို့ဆောင်ပေးလိုက်၏။

ထို့နောက် ဓားနှစ်လက်အာမခံဌာနသို့သွားကာ တုကျုံးဟန်ဆောင်နေသော ကျွန်းပေါင်ကို ဖမ်းဆီးလိုက်၏။

သူဌေးကြီးချူယီဖုံး၏အိမ်မှ ရတနာများ ရှာဖွေရယူကာ သူဌေးကြီးလျှူပင်းကို ပြန်လည်ပေးအပ်လိုက်၏။

အာဏာသား သိမ်းငှက်၏ဂုဏ်သတင်းမှာလည်း နေပြည်တော်အဝှမ်း မွှေးပျံ့သွား၏။

ထို့အတူ ဝမ်လျှောလည်း သိုင်းလောကတစ်ခွင် ထင်ပေါ်ကျော်ကြားသွားလေတော့၏။

ဝဏ္ဏအောင်

www.burmeseclassic.com